# Totto-chan

## The Little Girl at the Window



Tetsuko Kuroyanagi

Translated by
Dorothy Britton




http://www.shwezinu.com/

shwezinu1961@gmail.com

မြန်မာအီးဘုတ်အဖြစ်

ပထမအကြိမ်

၃၀ - ၆ - ၂၀၁၁

front page design and pdf creation

by Wai Khaing Soe (waikhaingsoe09@gmail.com)

(SS Computer & Internet Access)

စာတင်ပေးသူမှ စကားလက်ဆောင်

စာချစ်သူများအတွက် ကမ္ဘာမှာ ပထမဆုံးစံပြကျောင်းထွက် ကျောင်းသူလေး Totto-chan ၏ ဘဝအကြောင်းကို ရေးထားသော ဆရာမြသိန်း၏ စာလေးကို တင်ပေးလိုက်ပါတယ်....။

မူရင်းစာရေးဆရာများ ဘာသာပြန် စာရေးဆရာကြီးများ နှင့် အခြား စာရေးသူအားလုံး ၏ ဂုဏ်ကျေးဇူးများကို ထာဝရအမှတ်ရ လျှက်.....။

စာရိုက်ပေးသော သမီး များအားလည်း ကျေးဇူးစကား ဆိုပါ တယ်...။

ရွှေစင်ဦး

http://www.shwezinu.com/



# Totto-Chan

by Dorothy Britton

တော့တိုး-ချန်

မြန်မာပြန်-မြသိန်း

This eBook is not for sale and use of
anyone anywhere at no cost.
Commercial use of this book will be
at your OWN RISK!

# တော့တိုး-ချန်

ကျနော် ဒီတခါ စုဇီဝေါင်း နေရာမှာ နောက်တအုပ် တင်ဘို့ စဥ်းစားတဲ့ အခါမှာ ကျနော် ငယ်ငယ်က စွဲလန်းခဲ့တဲ့ မြသိန်း ဘာသာပြန်တဲ့ တော့တိုးချန် ကို ရွေးဘို့ စဥ်းစား လိုက်ပါတယ်..။

ဘာကြောင့်လည်း ဆိုတော့ ကျနော့် ရဲ့ ဘလော့ စာဖတ်သူများဟာ လူရွယ်လူလတ် တွေနဲ့ အပျိုကြီး လူပျိုကြီး တွေ များတဲ့ အတွက် နောင် တချိန်မှာ သား၊ သမီး တွေများရလာရင် ကျောင်းထားဘို့ ရွေးချယ်တဲ့ အခါ ကမ္ဘာပေါ် မှာ တကျောင်းထဲ ရှိခဲ့ဘူးတဲ့ ဂျပန်နိုင်ငံ က တော့တိုး-ချန် နေခဲ့တဲ့ စံပြ ကျောင်းလေး ကိုသတိရနေ စေချင်လို့ ပါဘဲ..။

ဒုတိယ ကမ္ဘာစစ် မတိုင်ခင်က တကယ်ဘဲ ဂျပန်နိုင်ငံမှာ ဒီကျောင်းလေး ရှိခဲ့ဘူးပါတယ်။ ဒီကျောင်းကလေး (တိုမို စံပြ ကျောင်း) ကို တည်ထောင်သူကတော့ ဂျပန် လူမျိုး မစ္စတာ ဆိုဆာကိုဘာယာရှိ ဖြစ်ပါတယ်။ ဒီကျောင်း ကလေး ကနေ နိုင်ငံကျော် ရူပဗေဒ ပညာရှင်..၊ ရုပ်မြင်သံကြား မင်းသမီး..(အခု ဒီစာအုပ်ကို ရေးတဲ့ စာရေး ဆရာမလေး) နဲ့ တခြား သူတို့ ဝါသနာပါတဲ့ လုပ်ငန်းတွေမှာ ထူးချွန်တဲ့ သူ့ သူငယ်ချင်းများ ဟာ တိုမိုကျောင်း (စံပြကျောင်း) ထွက်များ ဖြစ်ပါတယ်။

ဒီစာအုပ်ကို ဘာသာပြန်သူ ၂ယောက်ရှိပါတယ်.၊ ကျနော် ကတော့ မြသိန်း ဘာသာပြန်တာဘဲ ဖတ်ဘူး ပါတယ်၊ ပထမ တအုပ်က စာပေဗိမာန် ဆုရတဲ့ စာအုပ်ဖြစ်ပါတယ်.၊ ကျနော့် ရဲ့ ထုံးစံအတိုင်းဘဲ အဲဒီစာအုပ်က ပျောက်ဆုံးသွားတာ နှစ်ပေါင်းအတော်ကြာပါပြီ..၊ အခု စာအုပ်က ဒုတိယ အကြိမ် ပြန်ဝယ်ထား တဲ့ စာအုပ်ကလေးပါ.၊ ပ စာအုပ်က အဖုံးစိမ်းလေးနဲ့ အခုစာအုပ်က ပန်းရောင်လေးနဲ့ပါ.. ဒါပေမဲ့ ဒီစာအုပ်မှာ ပုံနှိပ် ထုတ်ဝေ တဲ့ အကြိမ်က ပထမ အကြိမ် (၂၀၀၅) ခုဖြစ်နေတယ်..၊ ဘယ်လိုလည်း ကျနော် လည်း မသိတော့ဘူး..၊ ကျနော် ဖတ်ဘူးတာတော့ နှစ် ၂၀ ကျော်လောက်ပြီ ထင်တာဘဲ..။

ကျနော် မှာသာ အရည်အချင်းရှိရင် တချိန်ကြ စံပြကျောင်းလေး ဖွင့် ဖို့ ရည်ရွယ် ထားပါ တယ် ၊ ခင်ဗျားတို့ ကလေး ပိစိကလေး များ ထားချင်အောင် ပထမ အကြိမ် အဖြစ် မဲဆွယ် ထားခြင်းဖြစ်ပါတယ်..၊ သေချာ ဖတ်ကြပါခင်ဗျား..၊ သိပ်ကောင်း တဲ့ စံပြကျောင်းလေးပါ..။

⇧ http://www.shwezinu.com ⇩

ဘူတာရုံ

ဂျီယပူဂါဒိုကာ ဘူတာရုံသို့ အိုအိမာချိမီးရထား ဆိုက်ရောက်သောအခါ သူတို့သည် မီးရထားပေါ်မှ ဆင်းသက်ခဲ့ ကြသည်။ အမေသည် တော့တိုး-ချန်၏ လက်ကိုဆွဲကိုင်ရင်း လက်မှတ်သိမ်းသော အပေါက်ဝ ရှိရာသို့ ဦးဆောင်၍ သွားသည်။ တော့တိုး-ချန်သည် ရှေးယခင်က မီးရထား သိပ်မစီးဖူးချေ။ သူမ၏ လက်ထဲတွင် ဆုပ်ကိုင်ထားသော မီးရထားလက်မှတ်ကို ပေးလိုက်ရမည်ကို တွန့်ဆုတ် နေမိသည်။

"ကျွန်မ ယူထားလို့ ရမလား"
တော့တိုး-ချန်က လက်မှတ်သိမ်းသူက မေးလိုက်သည်။
"ဟင့်အင်း ယူထားလို့မရဘူး"
လက်မှတ်သိမ်းသူသည် ပြန်ဖြေရင်း သူမထံမှ လက်မှတ်ကို ယူလိုက်သည်။ သူမသည် မီးရထားလက်မှတ်များဖြင့် ပြည့်နေသည့် သူ၏ သေတ္တာကို ညွှန်ပြလိုက်သည်။

"အဲဒီထဲကဟာတွေ အားလုံးဟာ ဦးလေးကြီးရဲ့ လက်မှတ်တွေလား"
"မဟုတ်ဘူး၊ ဒီလက်မှတ်တွေ အားလုံးကို ဘူတာရုံက ပိုင်တယ်" ဟု သူသည် ဘူတာရုံ အပြင် ဘက်သို့ ထွက်ခွာသွားသူများထံမှ လက်မှတ်များကို သိမ်းယူရင်း ဖြေလိုက်သည်။
"အို့ ..."
တော့တိုး-ချန်သည် သေတ္တာကို ငေးကြည့်ရင်း ဆက်ပြောလိုက် ပြန်သည်။

"ကျွန်မ လူကြီးဖြစ်လာရင် မီးရထား လက်မှတ်ရောင်းမယ်"
လက်မှတ်သိမ်းသူသည် သူမကို ပထမဆုံးအကြိမ် စောင်းငဲ့ကြည့်လိုက်သည်။
"ငါ့သားငယ်ဟာလည်းပဲ ဘူတာရုံမှာ အလုပ်လုပ်ချင်တယ်။ အဲဒီတော့ မင်းတို့အတူတူ အလုပ်လုပ် နိုင်တာပေါ့"
တော့တိုး-ချန်သည် နံဘေးတစ်ဖက်သို့ ခြေလှမ်းတစ်လှမ်းလှမ်း၍ ကပ်လိုက်ပြီး လက်မှတ် သိမ်း သူကို အသေအချာ ကြည့်လိုက်သည်။ သူသည် လူဝတစ်ယောက် ဖြစ်သည်။ မျက်မှန်တပ်ထား၏။ သနား ကြင်နာစိတ် ရှိပုံရသည်။

"ဟမ်း"
သူမ၏ လက်နှစ်ဖက်ကို သူမ၏တင်ပါးပေါ်တင်ရင်း ထိုသူ ပြောသည့်ကိစ္စကို အသေအချာ စဉ်းစား လိုက်သည်။
"ဦးလေးကြီး သားနဲ့ အတူတူ အလုပ်လုပ်ဖို့ရာ ကျွန်မမှာ အနှောင့်အယှက် မဖြစ်ပါဘူး။ ကျွန်မ ပြန်စဉ်းစား ပါဦးမယ်။ ဒါပေမဲ့လို့ အခု လောလောဆယ်မှာတော့ ကျွန်မ အလုပ်ရှုပ် နေတယ်၊ ကျောင်းသစ် တစ်ကျောင်း ကို ကျွန်မသွားစရာ ရှိသေးတယ်"
သူမသည် အမေစောင့်နေသည့် နေရာသို့ ပြေးသွားပြီး အော်ပြောလိုက်သည်။

⇧ http://www.shwezinu.com ⇩

"ကျွန်မ လက်မှတ်ရောင်းသမား ဖြစ်ချင်တယ်"
အမေသည် အံ့သြခြင်း မဖြစ်ပေ။

"ငါကတော့ နင်ဟာ သူလျှိုတစ်ယောက် ဖြစ်လာလိမ့်မယ်လို့ ထင်တာပဲ" ဟု ပြောလိုက်သည်။
တော့တိုး-ချန်သည် အမေ၏လက်ကို ကိုင်ဆွဲ၍ လမ်းလျှောက်သွားရင်း တမြန်နေ့က သူလျှို တစ်ယောက်ဖြစ်ချင်သည်ဟု ပြောခဲ့ပုံကို ပြန်လည် သတိရနေမိသည်။
သို့သော်လည်း လက်မှတ်များ ပြည့်နေသည့် သေတ္တာကို စောင့်ရှောက်နေသော အလုပ်သည် ပျော်စရာကောင်းသည့် အလုပ် တစ်မျိုးပင် မဟုတ်ပါလော။

"သိပ်ဟုတ်တယ်"
သူမ၏ ဦးခေါင်းထိပ်၌ စိတ်ကူးကောင်းတစ်ခု ပေါ်လာသည်။ သူမသည် အမေ့ကို မော့ကြည့် လိုက်ပြီးလျှင် သူမ၏ စိတ်ကူးကို အသံ ခပ်ကျယ်ကျယ်ဖြင့် ပြောလိုက်သည်။
"ကျွန်မဟာ လက်မှတ်ရောင်းတဲ့ တကယ့်သူလျှိုတစ်ယောက် မဖြစ်နိုင်ဘူးလား"
အမေသည် ပြန်မဖြေပေ။ ပန်းပွင့်ငယ်များ ထိုးထားသည့် သူမ၏ ဦးထုတ်ပြားပြား အောက်တွင် သူမ ၏ လှပသော မျက်နှာသည်တစ်မျိုး ဖြစ်နေသည်။ အကြောင်းရင်းမှာ အမေသည် အလွန်တရာ စိတ်ပူ နေသောကြောင့် ဖြစ်သည်။

သူတို့တတွေ က တော့တိုး-ချန်ကို ကျောင်းသစ်တွင် လက်မခံကြဘူးဆိုရင် ဘယ်လို လုပ်မလဲ။ သူမ သည် တော့တိုး-ချန်ကို ကြည့်လိုက်သည်။ တော့တိုး-ချန် သည် တစ်ယောက်တည်း စကား ပြောရင်း ခုန်ဆွ ခုန်ဆွနှင့် လမ်းပေါ်၌ သွားနေသည်။ အမေစိတ်ပူနေသည်ကို သူမ မသိချေ။ ထို့ကြောင့် သူတို့ နှစ်ယောက် အကြည့်ချင်း ဆုံမိကြသောအခါ သူမသည် ရွှင်ပျစွာဖြင့် ပြောလိုက်သည်။

"ကျွန်မ စိတ်ပြောင်းသွားပြီ၊ ဈေးဆိုင်အသစ်တွေကို လိုက်လံကြော်ငြာနေကြတဲ့ လမ်းပေါ်က အတီး အမှုတ် သမား အုပ်စု တစ်စုစုထဲကို ဂင်လိုက်ရရင် ကောင်းမလားပဲ"

"မြန်မြန်လျှောက်စမ်း၊ ငါတို့နောက်ကျနေလိမ့်မယ်၊ ကျောင်းဆရာကြီးက ငါတို့ကို စောင့်နေရတယ် ဆိုတာ မကောင်းဘူး၊ နောက်ထပ် စကားမပြောနဲ့တော့၊ လမ်းသွားတာလည်း ကြည့်သွားဦးနော်"
အမေက ပြောသည်။ အမေ၏ လေသံသည် စိုးရိမ်စိတ် ဖုံးလွှမ်းနေသော လေသံ ဖြစ်သည်။

သူတို့သည် သူတို့နှင့် ရှေ့တည့်တည့် မလှမ်းမကမ်းတွင် ခပ်ငယ်ငယ် ကျောင်းတစ်ကျောင်း ၏ ခြံဝင်းတံခါး ကို မြင်တွေ့နေရပြီ ဖြစ်သည်။

⇧ http://www.shwezinu.com ⇩

## ပြတင်းပေါက်က မိန်းကလေး

အမေ စိုးရိမ်သောက ဖြစ်ရခြင်းအကြောင်းမှာ တော့တိုး-ချန်သည် ယခုမှ ကျောင်းနေခါစ ရှိသေးသည်။ ကျောင်းမှ ထုတ်ပယ်ခြင်းခံခဲ့ရသောကြောင့် ဖြစ်သည်။ သူမသည် ပထမတန်းမှ ထုတ်ပယ် ခြင်း ခံခဲ့ရသည်။

လွန်ခဲ့သော ရက်သတ္တပတ်က ဖြစ်သည်။ တော့တိုး-ချန်၏ အတန်းပိုင်ဆရာမက ခေါ်သည့်အတွက် အမေသည် ဆရာမနှင့် သွားတွေ့ရသည်။ ဆရာမက လိုရင်းကို တည့်တည့်ကြီး ပြောချလိုက်သည်။

"ရှင့်သမီးဟာ ကျွန်မအတန်းတစ်တန်းလုံးကို ပျက်စီးအောင် လုပ်တယ်၊ ရှင့်သမီးကို တခြား ကျောင်းတစ် ကျောင်း မှာ ပြောင်းထားပါတော့" ဆရာမလုလုလေးသည် သက်ပြင်းချလိုက် သည်။

"တကယ်ပါပဲ၊ ကျွန်မတော့ ဘယ်လိုမှ သည်းခံနိုင်စွမ်း မရှိတော့ဘူး"

အမေသည် အလွန်အံ့သြသွားသည်။ တစ်တန်းလုံးကို ပျက်စီးအောင် တော့တိုး-ချန်သည် ဘယ်လို များ ပြုလုပ်ပါလိမ့်။ သူမ များစွာ အံ့သြခြင်း ဖြစ်မိသည်။

ဆံပင်များကို ယောကျ်ားကလေးသဖွယ် တိုတိုဖြတ်ထားသော ဆရာမလေးသည် စိတ်လှုပ် ရှားစွာ ဖြင့် မျက်တောင်များကို ပုတ်ခတ်ပုတ်ခတ် လုပ်လိုက်ပြီးလျှင် သူမ၏ ဆံပင်ကို လက်ဖြင့် ပွတ်သပ်ရင်း အကြောင်း အရာ အပြည့်အစုံကို ပြောပြလေတော့သည်။

"ကောင်းပြီလေ၊ အစက ပြောရမယ်ဆိုရင် တော့တိုး-ချန်ဟာ သူမရဲ့ စာရေးစားပွဲငယ်ကို အကြိမ် ပေါင်းများစွာ ဖွင့်လိုက်ပိတ်လိုက် လုပ်တယ်။ ကျွန်မက ပြောတာပေါ့။ စားပွဲထဲက ပစ္စည်းတစ်ခုခုကို ယူချင်တဲ့အခါ၊ ဒါမှမဟုတ် ပြန်ထားချင်တဲ့ အခါမျိုးကလွဲရင် စားပွဲအဖုံးကို ဖွင့်လိုက်ပိတ်လိုက် မလုပ် ကြရဘူးလို့။ အဲဒီတော့ ရှင့်သမီးက တစ်ချိန်လုံး လိုလိုပဲ ပစ္စည်းတစ်ခုခု ထုတ်လိုက်၊ ပြန်ထည့်လိုက် လုပ်တော့တာပဲ၊ မှတ်စုစာအုပ်၊ ခဲတံဘူး၊ ဖတ်စာစာအုပ်နဲ့ စာရေးစားပွဲထဲမှာရှိတဲ့ ပစ္စည်းတွေကို တစ်ခု မဟုတ်တစ်ခု ထုတ်ယူလိုက်၊ ပြန်ထားလိုက် လုပ်တော့တာပဲ။ ဥပမာ အက္ခရာ စာလုံးတွေကို ရေးကြ ရအောင်လို့ ပြောလိုက်ရင် ရှင့်သမီးဟာ စာရေးစားပွဲကို ဖုန်းကနဲအသံမြည် အောင် ပိတ်လိုက်တယ်။ အဲဒီနောက် အဖုံးကို ထပ်ဖွင့်လိုက်ပြန်တယ်။

သူမရဲ့ ဦးခေါင်းကို အထဲ ထည့်ပြီး ခဲတံကို ယူထုတ်လိုက်တယ်။ ပြီးရင် အဖုံးကို ခပ်မြန်မြန်ပြန် ပိတ်လိုက် တယ်။ 'အေ' အက္ခရာ စာလုံးကို ရေးလိုက်တယ်။ သူမရေးတာ မကောင်းရင် ဒါမှမဟုတ် အမှားရေးမိရင် စာရေး စားပွဲကို ထပ်ဖွင့်ပြန်ပါလေရော၊ ခဲဖျက်ကို ယူတယ်၊ အဖုံးကို ပြန်ပိတ်တယ်၊ စာလုံးကို ဖျက်တယ်၊ ပြီးရင် ခဲဖျက်ကို ပြန်ထားဖို့ အဖုံးကို



⇧ http://www.shwezinu.com ⇩

ဖွင့်လိုက်ပိတ်လိုက် ထပ်လုပ်ပြန်ပါ လေရော၊ ကျယ်လိုက်တဲ့ အသံ။ 'အေ' ကို ထပ်ရေးပြီးတဲ့ခါ ပစ္စည်းတွေကို တစ်ခုပြီးတစ်ခု စားပွဲထဲ ပြန်ထည့်တယ်။ ခဲတံ ပြန်ထည့်တယ်၊ ထည့်ပြီးရင် အဖုံးကို ပြန်ပိတ်လိုက်တယ်။

ပြီးရင် ပြန်ဖွင့်ပြီး မှတ်စုစာအုပ် ကို ထည့်ပြီးရင် အဖုံးကို ပြန်ပိတ်လိုက်တယ်။ နောက်တစ်ခါ အခြားအက္ခရာ စာလုံးတစ်လုံးရေးဖို့ အတွက် သူမ ခပ်စောစောက လုပ်ခဲ့သလို ထပ်လုပ်ပြန်တယ်။ ပထမဦးဆုံး မှတ်စုစာအုပ်ကို ထုတ်တယ်၊ ပြီးတော့ ခဲတံ၊ နောက်ပြီးတော ခဲဖျက်၊ စားပွဲကို ဖွင့်လိုက်ပိတ်လိုက်နဲ့ ထပ်ခါ တလဲလဲ လုပ်တယ်။ ကျွန်မရဲ့ ဦးခေါင်းကို ချာချာလည်စေတယ်။ ကျွန်မအနေနဲ့ သူမကို ဆူပူကြိမ်းမောင်းလို့လည်း မဖြစ်ဘူး၊ ဘာကြောင့်ဆိုတော့ သူမ အဖွင့်အပိတ်လုပ်တာဟာ အကြောင်းပြချက် ခိုင်လုံနေ တယ် မဟုတ်လား"

သူမ မြင်တွေ့ခဲ့ရသော မြင်ကွင်းများသည် သူမ၏ မျက်စိရှေ့တွင် ပြန်လည်ပေါ် လာဘိသည့် အလား ဆရာမလေး၏ ရှည်လျားသော မျက်တောင်များသည် ပို၍ လှုပ်လှုပ်ရှားရှား ဖြစ်လာလေ သည်။ တော့တိုး-ချန်တစ်ယောက် သူမ၏ စာရေးစားပွဲကို အဘယ်ကြောင့် ခဏခဏ ဖွင့်လိုက်ပိတ်လိုက် လုပ်ရသည်ဆိုသည့် အချက်ကို အမေသည် ရုတ်တရက် နားလည်လိုက်သည်။ သူမ ပထမဆုံး ကျောင်းစ သွားသည့်နေ့က ကျောင်းမှ အိမ်သို့ ပြန်ရောက်သောအခါ တော့တိုး-ချန်သည် စိတ် လှုပ်လှုပ်ရှားရှား ဖြစ်နေသည်ကို အမေမှတ်မိသည်။

"ကျောင်းဟာ အံ့ဩစရာပဲ၊ အိမ်မှာရှိတဲ့ ကျွန်မတို့ရဲ့ စာရေးစားပွဲက အံဆွဲတွေကို အပြင်ဘက်ကို ဆွဲထုတ်ရတယ်။ ကျောင်းက စာရေးစားပွဲက အဲဒီလိုမျိုး မဟုတ်ဘူး။ အပေါ်ဘက်ကို ဖွင့်လိုက် ပြန်ပိတ်လိုက် လုပ်လို့ရတယ်။ သေတ္တာနဲ့တူတယ်၊ အထဲကို ပစ္စည်းအမျိုးမျိုးထည့်ထားလို့ ရတယ်။ သိပ်ကောင်းတဲ့ စာရေးစားပွဲ"
အမေသည် သမီးဖြစ်သူက ဂမ်းသာအားရဖြင့် စာရေးစားပွဲ အသစ်၏ အဖုံးကို ဖွင့်လိုက်ပိတ်လိုက် လုပ်နေမည့် ပုံပန်းကို မျက်စိထဲ၌ မြင်ယောင်လာသည်။ ဤကဲ့သို့ ပြုလုပ်ခြင်းသည် မိုက်မဲသည် ဟု အမေ မထင်မိ။ မည်သို့ပင်ရှိစေ အဖုံးကို ဖွင့်ခြင်းပိတ်ခြင်းသည် သူမကြာကြာ ဆက်လုပ်မည် မဟုတ်။ ရိုးသွား သောအခါ ရပ်သွားမည် ဖြစ်သည်။ သို့ပါသော်လည်း အမေသည် ဆရာမလေးအား "ဒီအကြောင်းနဲ့ ပတ်သက် ပြီး သမီးကို ကျွန်မဆုံးမပါ့မယ်" ဟု ပြောလိုက်သည်။

"အဲဒါလောက်နဲ့ဆိုရင် ကျွန်မအဖို့ အကြောင်း မဟုတ်ပါဘူး"
စကားဆက်ပြောနေသော ဆရာမ၏ လေသံသည် ပို၍ မြင့်လာသည်။ ဆရာမက ရှေ့သို့တိုးလာသဖြင့် အမေသည် နောက်သို့ ဆုတ်လိုက်သည်။

⇧ http://www.shwezinu.com ⇩

"သူမရဲ့ စာရေးစားပွဲခုံနဲ့ အသံမြည်အောင် မလုပ်တဲ့အခြား အချိန်တွေမှာ တော့တိုး-ချန်ဟာ မတ်တပ် ရပ်နေတယ်။ စာသင်ချိန် တလျှောက်လုံး မတ်တတ်ရပ်နေတယ်"
"မတ်တပ်ရပ်နေတယ်၊ ဘယ်နေရာမှာလဲ"ဟု အမေသည် တအံ့တသြ မေးလိုက်သည်။
"ပြတင်းပေါက်မှာ" ဟု ဆရာမသည် စိတ်တိုစွာဖြင့် ပြန်ဖြေလိုက်သည်။

"သမီးဟာ ပြတင်းပေါက်မှာ ဘာဖြစ်လို့ မတ်တပ်ရပ်နေရပါလိမ့်" ဟု အမေသည် စိတ်ရှုပ်စွာဖြင့် မေးလိုက် ပြန်သည်။
"လမ်းပေါ်က အတီးအမှုတ်သမားတွေကို ဖိတ်ခေါ်နိုင်အောင်လို့ပေါ့" ဟု ဆရာမသည် အော်ငေါက် လုနည်းနည်း လေသံဖြင့် ပြောလိုက်သည်။
ဆရာမ ပြောပြသော ဇာတ်လမ်း၏ အကျဉ်းချုပ်မှာ-

စာရေးစားပွဲအဖုံးကို ပုန်းကနဲ ဒိုင်းကနဲ ဖွင့်လိုက်ပိတ်လိုက်နှင့် တစ်နာရီနီးပါး အဆက်မပြတ် ပြုလုပ် ပြီးသော အခါ တော့တိုး-ချန်သည် စာရေးစားပွဲမှထသွားပြီး ပြတင်းပေါက်၌ မတ်တပ်ရပ်ကာ အပြင် ဘက်သို့ ကြည့်နေသည်။ သူမ ငြိမ်ငြိမ်သက်သက်နေမည်ဆိုလျှင် ထိုနေရာ၌ပင် ရပ်နေခြင်းက ပိုကောင်း မည်ဟု ဆရာမတွေးတောနေမိ၍မှ မဆုံးသေးမီ တော့တိုး-ချန်သည် ကျောင်းရှေ့မှ ဖြတ် သွားကာ တောက် တောက်ပြောင်ပြောင်နှင့် ဖိုးရိုးဖားရားအဂတ်များ ဂတ်ဆင်ထားကြသည့် လမ်းပေါ်မှ အတီးအမှုတ် သမား တစ်စုကို လှမ်းခေါ်လိုက်သည်။ စာသင်ခန်းသည် မြေညီထပ်တွင် တည်ရှိပြီး လမ်းမကို မျက်နှာပြု ထားလေရာ တော့တိုး-ချန်က ဂမ်းသာသလောက်၊ ဆရာမသည် ကြီးစွာသော စိတ်ဆင်းရဲခြင်း ဖြစ်မိသည်။ လမ်းနှင့် စာသင်ခန်းအကြားတွင် ခပ်နိမ့်နိမ့် ခြံစည်းရိုးပင် များသာ ရှိသည်။ ထို့ကြောင့် စာသင်ခန်းထဲတွင် ရှိနေသူ မည်သူမဆို လမ်းပေါ်မှ လမ်းသွား လမ်းလာလူများကို အလွယ်တကူဖြင့် စကားပြောနိုင်သည်။ တော့တိုး-ချန်က သူတို့ကို လှမ်းခေါ် လိုက်သောအခါ လမ်းပေါ်မှ အတီးအမှုတ်အဖွဲ့သားများသည် ပြတင်းပေါက် ရှိရာသို့ တန်းတန်း မတ်မတ် လာကြလေတော့၏။

ဤတွင် တော့တိုး-ချန်က "သူတို့ရောက်လာကြပြီ" ဟု တစ်တန်းလုံး ကို အသိပေးပြောကြားလိုက်ရာ ကလေးများ အားလုံးသည် ပြတင်းပေါက်ဆီသို့ စုပြုံ တိုးဝေ့ ရောက် လာကာ အတီးအမှုတ်သမားများကို နှုတ်ဆက် စကား ပြောကြလေ တော့သည်ဟု ဆရာမက ပြောပြ သည်။
"တစ်ခုခုတီးမှုတ်ပြပါ" ဟု တော့တိုး-ချန်က ပြောလိုက်သည်။ ယခင်က ကျောင်းရှေ့မှ တိတ်ဆိတ် ငြိမ်သက် စွာ ဖြတ်သန်းသွားလေ့ရှိသော ထိုအတီးအမှုတ်အဖွဲ့ငယ်သည် တော့တိုး-ချန်က ထိုကဲ့သို့ ပြောလိုက် သည်နှင့် တပြိုင်နက် သူတို့၏ ဗုံများ၊ ဗျပ်စောင်းများ၊ မောင်းများနှင့် လေမှုတ်ကိရိယာ များကို ဆူညံစွာ တီးမှုတ် ကြလေတော့သည်။



⇦ http://www.shwezinu.com ⇨

သနားစရာကောင်းသော ဆရာခမျာမှာမူ ဘာမျှ မတတ်နိုင်တော့ဘဲ ဆူသံညံ သံများ ရပ်ဆိုင်းသွားမည့်အချိန်ကိုသာ သည်းခံပြီး စောင့်နေရရှာလေ တော့၏။

နောက်ဆုံး၌ တီးသံမှုတ်သံများ ရပ်ဆိုင်းသွားသည်။ အတီးအမှုတ်သမားများ ထွက်ခွာသွားကြလေပြီ။ ကျောင်းသား များအားလုံး တော့တိုး-ချန်မှတပါး သူတို့၏ မူလနေရာများဆီသို့ ပြန်သွားကြလေ ပြီ။

"နင်ဘာဖြစ်လို့ ပြတင်းပေါက်မှာ ခုထက်ထိ ရပ်နေရတာလဲ" ဟု ဆရာမက မေးလိုက်သည်။

"အခြားတီးပိုင်းအဖွဲ့တစ်ဖွဲ့လာရင် လာဦးမှာပါ။ လာလို့ ကျွန်မတို့နဲ့ မတွေ့လိုက်ရဘဲ လွဲသွား ရင် သိပ်ရှက် စရာ ကောင်းပါလိမ့်မယ်" ဟု တော့တိုး-ချန်သည် မျက်နှာထား ခပ်တည်တည်ဖြင့် ပြော လိုက်သည်။

"ဒီအပြုအမူဟာ တစ်တန်းလုံးကို ဖျက်ဆီးတဲ့ အပြုအမူပေါ့ မဟုတ်ဘူးလား" ဟု ဆရာမသည် ခံစားချက် အပြည့်အဝဖြင့် ပြောလိုက်သည်။

"ဒါ့အပြင် ရှိသေးတယ်"ဟု ဆရာမသည် ပို၍စူးရှသော အသံဖြင့် ထပ်ပြောသောအခါ အမေသည် သူမ အပေါ် သနားကရုဏာ သက်မိလေတော့သည်။

"နောက်ထပ် ဘာများ ပြုလုပ်ပြန်ပါလိမ့်"ဟု အမေသည် စိတ်ဓာတ်ကျစွာဖြင့် မေးလိုက်ပြန်သည်။

"နောက်ထပ်ဘာလုပ်သလဲ ဟုတ်လား၊ သူမလုပ်တာတွေကိုသာ ကျွန်မရေတွက်ပြနိုင်မယ် ဆိုရင် ရှင့်သမီးကို ကျောင်းလာ နှုတ်ပါတော့လို့ ရှင့်ကို ကျွန်မအခုလို ခေါ်မပြောဘူး သိလား" ဟု ဆရာမ ပြောလိုက်သည်။ ဆရာမ သည် သူမ၏စိတ်ကို အနည်းငယ် ငြိမ်သက်သွားအောင် ပြန်ထိန်းရင်း အမေ့ကို စူးစူးစိုက်စိုက် ကြည့်လိုက် သည်။

"မနေ့ကလည်း တော့တိုး-ချန်ဟာ ထုံးစံအတိုင်းပဲ ပြတင်းပေါက်မှာ မတ်တပ်ရပ်နေပြန်တယ်။ ကျွန်မလည်း ကျောင်းသင်ခန်းစာ ပို့ချရင်းနဲ့ ဒီကလေးမတော့ လမ်းပေါ်က အတီးအမှုတ်သမားတွေ ကို စောင့်နေတာပဲလို့ စဉ်းစား မိနေတုန်း ရုတ်တရက်သူမက "နင်ဘာလုပ်နေတာလဲ" လို့ တစ်စုံ တစ်ယောက်ကို နှုတ်ဆက်လိုက် ပါလေရော၊ အဲဒီ အချိန်မှာ ကျွန်မရောက်နေတဲ့နေရာက ကြည့်မယ် ဆိုရင် သူမလှမ်းစကား ပြောလိုက်တဲ့ သူကို ကျွန်မ မမြင်နိုင်ပါဘူး။ အဲဒီနောက် သူမထပ်မံ နှုတ်ဆက် လိုက်ပြန်တယ်။

"နင်ဘာ လုပ် နေတာလဲ"တဲ့။ တော့တိုး-ချန်ဟာ လမ်းပေါ်က တစ်ယောက် ယောက်ကို စကားပြော နေခြင်းတော့ မဟုတ်ဘူး၊ အမြင့်ပိုင်းတစ်နေရာရာမှာ ရှိနေတဲ့ တစ်ဦး တစ်ယောက်ကို ပြောနေခြင်းသာ ဖြစ်တယ်။ ကျွန်မဖြင့် သိပ်အံ့သြသွားတာပဲ၊ ပြန်ဖြေသံကို ကျွန်မကရုစိုက် နားထောင်ပေမယ့်လို့ ပြန်ဖြေသံကို မကြားရ ပါဘူး၊ ရှင့်သမီးကတော့



⇩ http://www.shwezinu.com ⇧

"နင်ဘာလုပ် နေတာလဲ"လို့ ထပ်ခါတလဲလဲသာ မေးနေလေတော့ ကျွန်မ စာဆက် သင်လို့ မရတော့ဘူး။

"ဒါကြောင့် ပြတင်းပေါက်ရှိရာကို သွားပြီး ရှင့်သမီး ဘယ်သူနဲ့ စကားပြောနေပါလိမ့်လို့ သွားကြည့်မိတယ်။ ကျွန်မရဲ့ ဦးခေါင်းကို ပြတင်းပေါက်အပြင်ဘက် ထုတ်ပြီးတော့ အပေါ်ကို မော့ကြည့်လိုက်တဲ့ အခါမှာ စာသင် ခန်းရဲ့ တံစက်မြိတ်တစ်နေရာမှာ အသိုက်ဆောက်လုပ်နေတဲ့ ပျံလွှားငှက်နှစ်ကောင် ကို တွေ့လိုက် ရတယ်။ လက်စသတ်တော့ ရှင့်သမီးဟာ ပျံလွှားငှက်တွေနဲ့ စကားပြောနေတာကိုး၊ ကလေးတွေရဲ့ အကြောင်းကို ကျွန်မ နားလည်ပါတယ်။ ဒါကြောင့် ပျံလွှားငှက်ကို စကားပြောခြင်း ဟာ အဓိပ္ပာယ် မရှိဘူးလို့တော့ ကျွန်မ မဆိုလိုပါဘူး၊ သို့ပေမဲ့လို့ စာသင်နေတဲ့အချိန်မှာ ပျံလွှားငှက်တွေကို "နင်တို့ ဘာလုပ် နေကြတာလဲ" လို့ မေးမြန်းတာမျိုးကတော့ဖြင့် လုံးဝမလိုလားအပ်တဲ့ အပြု အမူမျိုးလို့ ကျွန်မ ယူဆမိပါတယ်။

အမေသည် ဆရာမကို တောင်းပန်ရန် ပါးစပ်မဟမီ ဆရာမကပင် ဆက်ပြောပြန်သည်။ "ပြီးတော့ တစ်ခါ ပုံဆွဲချိန်မှာ ဖြစ်ပျက်တဲ့ အဖြစ်အပျက် တစ်ခု ရှိသေးတယ်၊ ကလေးတွေ အားလုံး ကို ဂျပန်အလံ ရေးဆွဲပါလို့ ကျွန်မရေး ဆွဲခိုင်းတယ်၊ အခြားကလေးတွေ အားလုံးက အလံပုံကို မှန်မှန် ကန်ကန် ရေးဆွဲကြတယ်၊ ဒါပေမဲ့လို့ ရှင့်သမီးဘာပုံဆွဲတယ်ဆိုတာ ရှင်သိလား၊ ရေတပ်အလံ ပုံဆွဲ တယ်၊ ရောင်ခြည်တန်း တွေပါတဲ့ အလံပေါ့၊ ဘာမှ မမှားနိုင်ပါဘူးလို့ ကျွန်မ ထင်မိတယ်"

"ဒါပေမဲ့လို့ တော့တိုး-ချန်ဟာ ရုတ်တရက်ဆိုသလိုပဲ ပုံရဲ့ပတ်ပတ်လည်မှာ အကွပ်တွေ ရေးဆွဲ ထည့်တော့ တာပဲ၊ အကွပ်တွေပေါ့၊

လူငယ်အဖွဲ့အလံများမှာ ပါရှိတဲ့ အကွပ်မျိုးတွေပေါ့၊ သူမဟာ အဲဒီအလံမျိုးကို တစ်နေရာရာမှာ မြင်ခဲ့ဟန် တူတယ်၊ ဒီကလေးမ ဘာများ လုပ်နေပါလိမ့်လို့ စဉ်းစားလို့မှ မပြီးသေးဘူး၊ သူမဟာ အဝါရောင် အနားကွပ် တစ်ခုကို စာရွက်အဆုံးထိ ရေးဆွဲပြီး အဲဒီကမှတစ်ဆင့် စာရေးစားပွဲပေါ်အထိ ဆက်ဆွဲတော့တာပဲ၊ သူမရဲ့ အလံဟာ စာရွက်တစ်ခုလုံး မျက်နှာပြည့်နီးပါး ဖြစ်နေလေတော့ အကွပ်ရေးဆွဲဖို့ရာ နေရာမရှိ ဖြစ်နေတယ်။ တော့တိုး-ချန်ဟာ အဝါရောင်ပုံဆွဲခဲ့တံနဲ့ သူမရဲ့ အလံပုံ ပတ်ပတ်လည်မှာ အစင်းကြောင်းကြီးတွေ အများကြီး ရေးခြစ် တော့တာပဲ၊ စာရွက်အစွန်းက လွန်ပြီးတော့ ခုံပေါ်မှာလည်း အဝါစင်းတွေ ဖြစ်နေတယ်၊ စာရွက်ကို ဆွဲမလိုက်တဲ့အခါ ခုံပေါ်မှာ အဝါစင်းတွေဟာ မြင်မကောင်းအောင် ဖြစ်နေတယ်။ ဒီအဝါစင်း တွေကို ဘယ်လိုပဲဖျက်ဖျက် ပျက်ကို မပျက်ဘူး၊ ကံအားလျော်စွာပဲ ဒီအဝါဆင်းတွေဟာ အနားသုံးဘက်မှာ ပဲ ရှိတယ်"

"ရှင် ဘာကို ဆိုလိုတာလဲ၊ အနားသုံးဘက်မှာပဲ ရှိတယ်ဆိုတာ"



⇦ http://www.shwezinu.com ⇨

အမေသည် ဆရာမ ဆိုလိုချက်ကို သဘောမပေါက်သဖြင့် လျင်မြန်စွာ မေးလိုက်သည်။ ပင်ပန်းနွမ်းနယ်ပုံရသော်လည်း ဆရာမသည် ထပ်မံရှင်းပြလိုက်သည်။
"လက်ဂဲဘက်အစွန်းမှာ အလံတိုင်ပုံ ရေးဆွဲထားတော့ အကွပ်တွေများက ကျန်သုံးဘက်မှာပဲ ရှိရ တာပေါ့"
အမေသည် သက်ပြင်းချလိုက်ရင်း "ဒီလိုကိုး၊ သုံးဘက်တည်းကိုး" ဟု ပြောလိုက်သည်။

"ဒါပေမဲ့လို့ အလံတိုင်ဆွဲတာ စက္ကူနဲ့မဆံ့တော့ စက္ကူအပြင်ကို ထွက်သွားပြီး စာရေးစားပွဲမှာ အရာ ထင်ကျန်နေရစ်ခဲ့သေးတယ်" ဆရာမက တစ်လုံးချင်း ဖြည်းညင်းစွာ ပြောလိုက် သည်။
ထို့နောက် ဆရာမသည် ထိုင်ရာမှ ထလိုက်ပြီး အဆုံးသတ်စကား ပြောလိုက်သည်။
"အနှောင့်အယှက်နဲ့ ကြုံတွေ့ရတာ ကျွန်မတစ်ယောက်တည်း မဟုတ်သေးဘူး။ ကျွန်မတို့အတန်း နှင့် ကပ်လျက် ရှိတဲ့ အခြားအတန်းက ဆရာမလည်း အနှောင့်အယှက်နဲ့ ကြုံရတာပေါ့"
ဤအကြောင်းအရာနှင့် စပ်လျဉ်းပြီး အမေသည် တစ်စုံတစ်ရာ ဆောင်ရွက်မှ ဖြစ်တော့မည်။ ထိုသို့မှ မလုပ်လျှင် အခြားတပည့်များ အပေါ် မတရားပြုလုပ်ရာ ကျပေမည်။ သူမသည် အခြား ကျောင်းတစ် ကျောင်း ကို ရှာရမည်။ ထိုကျောင်းသည် သမီးငယ်အကြောင်းကို နားလည်သည့် ကျောင်းမျိုး ဖြစ်ရမည်။ သူမအား အခြားသူများနှင့် အဆင်ပြေပြေနေတတ်အောင် သွန်သင်နိုင်မည့် ကျောင်းမျိုး ဖြစ်ရမည်။

သူတို့ ယခုရှေးရှုသွားနေသော ကျောင်းသည် အမေက ပင်ပင်ပန်းပန်းလိုက်လံ ရှာဖွေပြီးမှ တွေ့ရှိ ခဲ့သော ကျောင်းတစ်ကျောင်း ဖြစ်သည်။
အမေသည် တော့တိုး-ချန်အား သူမကို ကျောင်းမှ နှတ်ပယ်လိုက်ပြီ ဆိုသည့်အကြောင်းကို မပြောချေ။ သူမ အမှားများ ပြုလုပ်ခဲ့သည်ဆိုသည့်အကြောင်းကို ပြောပြလျှင်လည်း သူမနားလည်လိမ့် မည် မဟုတ်ဟု အမေထင်သည်။
သမီးငယ်စိတ်ရှုပ်ထွေးသွားမှာကိုလည်း အမေမလိုလား။ ထို့ကြောင့် အမေသည် တော့တိုး-ချန် အရွယ်မရောက်မချင်း ဤအကြောင်းအရာများကို မပြောဟု ဆုံးဖြတ်ချက်ချလိုက် လေသည်။ သမီးငယ် ကို အမေပြောသည့်စကားများမှာ-

"ကျောင်းအသစ် တစ်ကျောင်းကို သမီးပြောင်းမနေချင်ဘူးလား၊ ကျောင်းကောင်းကောင်း တစ်ကျောင်း ရှိတယ်လို့ အမေသတင်းကြားထားတယ်"
တော့တိုး-ချန်သည် အနည်းငယ် စဉ်းစားလိုက်သည်။
"ကောင်းပါပြီ၊ ဒါပေမဲ့လို့ ..."
"ဘာများပါလိမ့်၊ ကျောင်းအနှတ်ခံရတာ သမီးသိသွားပြီလား"
အမေသည် ထိတ်ကနဲ တွေးလိုက်မိသည်။



⇧ http://www.shwezinu.com ⇩

သို့သော်လည်း ခဏ အကြာတွင် တော့တိုး-ချန်သည် ရွှင်လန်းမြူးထူးစွာဖြင့် "အဲဒီကျောင်းအသစ် ရှိရာကို လမ်းပေါ်က အတီးသမား အမှုတ်သမားတွေ လာမယ်လို့ရော အမေထင်သလား" လို့ မေးလိုက်လေ တော့၏။

## ကျောင်းသစ်

ကျောင်းသစ်၏ ခြံဂင်းတံခါးကို တွေ့လိုက်သောအခါ တော့တိုး-ချန်သည် ရုတ်တရက် ရပ်လိုက် သည်။ သူမသွားနေကျ ကျောင်း၏ အဂင်ဂတွင် လုပသောကွန်ကရစ်တိုင်များ ရှိပြီးလျှင် ကျောင်း၏ အမည် ကိုလည်း စာလုံးကြီးများဖြင့် ရေးထားသည်။ သို့သော်လည်း ဤကျောင်းသစ်၏ အဂင်ဂ၌မူ သစ်ရွက်များ ရှိသော ခပ်တိုတို တိုင်နှစ်တိုင်သာ ရှိသည်။
"ဒီအဂင်ဂမှာ အပင်ပေါက်နေတယ်၊ တယ်လီဖုန်းတိုင်တွေထက် ပိုပြီးမြင့်အောင် ဆက်ပေါက်လိမ့်မယ်လို့ ထင်တယ်"
တော့တိုး-ချန်က ပြောလိုက်သည်။

ကျောင်းဂင်းဂရှိ တိုင်နှစ်တိုင်မှာ အမြစ်များပါရှိသော သစ်ပင်များသာ ဖြစ်သည်။ သူမသည် ပို၍ နီးကပ်သော နေရာသို့ ရောက်လာသောအခါ ကျောင်း၏ အမည်ကို ဖတ်ရန်သူမ၏ ခေါင်းကို တစ်ဘက်သို့ ငဲ့စောင်းလိုက်သည်။ အဘယ့်ကြောင့်ဆိုသော် ကျောင်းအမည် ရေးထားသော ဆိုင်းဘုတ်မှာ လေဒဏ် ကြောင့် စောင်းရွဲ့နေသောကြောင့် ဖြစ်သည်။
"တို-မို-ဂါ-ကူး-အန်"

တော့တိုး-ချန်သည် အမေ့အား တိုမို၏အဓိပ္ပာယ်ကိုမေးရန် ဟန်ပြင်လိုက်စဉ် သူမ အိပ်မက်မက်နေ တာဖြစ်ရမည်ကို အထင်ရောက်စေမည့် တစ်စုံတစ်ရာကို ဖြတ်ကနဲ မြင်တွေ့ လိုက်ရလေ တော့သည်။ သူမသည် ဆောင့်ကြောင့် ထိုင်ချလိုက်ပြီးလျှင် ချုံဖုတ်များကို ဖြဲ၍ ချောင်းကြည့်လိုက် သည်။ သူမသည် မယုံကြည် နိုင်လောက်အောင် အံ့သြခြင်း ဖြစ်သွားလေတော့သည်။
"အမေ ဟိုဟာ တကယ့်မီးရထားလား၊ ဟိုကျောင်းဂင်းထဲမှာ"

ဤကျောင်းသည် စွန့်ပစ်ထားသော မီးရထားတွဲခြောက်တွဲကို စာသင်ခန်းများအဖြစ်ဖြင့် အသုံးပြု ထားလေသည်။ တော့တိုး-ချန်အဖို့ အိပ်မက် မက်သလို ဖြစ်မည်ဆိုက ဖြစ်စရာပင်။ မီးရထားတွဲထဲ က စာသင်ကျောင်း။

နံနက်ခင်း နေရောင်ခြည်အောက်၌ မီးရထားတွဲ၏ ပြတင်းပေါက်များသည် အရောင် တောက်ပလျက် ရှိနေပါ၏။ သို့သော်လည်း မီးရထားတွဲများကို ချုံဖုတ်ကြားထဲမှ ချောင်းကြည့်နေသော နှင်းဆီရောင် ပါးမို့မို့ ၏ ပိုင်ရှင် မိန်းကလေးငယ်၏ မျက်လုံးများမှာမူ ပို၍ပင် အရောင်များ တောက်နေပါတော့၏။

⇧ http://www.shwezinu.com ⇩

ဒီကျောင်းကို ကျွန်မကြိုက်တယ် ခဏအကြာတွင် တော့တိုး-ချန်သည် 'မီးရထားတွဲ ကျောင်း' ရှိရာသို့ ပျော်မြူးစွာဖြင့် ပြေး သွားလေ တော့သည်။ ဤသို့ ပြေးရင်းသူမ၏ ဦးခေါင်းကို ငဲ့စောင်းကာ ပခုံးပေါ်မှ ကျော်၍ "လာပါ မြန်မြန် လာပါ၊ ရပ်ထား တဲ့ မီးရထားတွဲပေါ်ကို တက်ကြမယ်"ဟု အမေ့ကို အော်ပြောလိုက်သည်။

အမေသည် ရုတ်တရက် ကြောက်အမ်းအမ်း ဖြစ်နေမိသည်။ ပြီးတော့မှ သမီးနောက်သို့ အပြေး လိုက်သည်။ အမေသည် ဘတ်စကတ်ဘောအသင်းတစ်သင်းတွင် တစ်ချိန်တုန်းက ပါဝင်ကစားခဲ့ ဖူးသည်။ ထို့ကြောင့် သူမသည် တော့တိုး-ချန်ထက်ပို၍ လျင်မြန်စွာ ပြေးသွားပြီး ရထားတွဲတံခါးဝ သို့ သမီးရောက်ချိန်၌ သူမ၏ အင်္ကျီ ကို ဖမ်းယူဆုပ်ကိုင် ထားနိုင်လေသည်။
"သမီး အခုသွားလို့ မရသေးဘူး"
အမေ သည် သမီးကို နောက်သို့ ဆွဲရင်း ပြောလိုက်သည်။

"ဒီတွဲတွေဟာ စာသင်တဲ့အခန်းတွေ၊ သမီးကို ဒီကျောင်းက လက်မှမခံရသေးတာ၊ ဒီမီးရထားတွဲ တွေပေါ်ကို တက်ချင်ရင် သမီးဟာ ကျောင်းအုပ်ဆရာကြီးကို ရိုရိုသေသေနဲ့ ယဉ်ယဉ်ကျေးကျေး ဆက်ဆံရမယ်၊ အမေတို့ သူ့ထံကို အခုသွားကြမယ်၊ အားလုံး အဆင်ပြေပြီး ချောချောမောမော ဖြစ်မယ်ဆိုရင် သမီး ဒီကျောင်း မှာ နေခွင့်ရမယ်၊ အမေပြောတာ နားလည်ရဲ့လား"

'မီးရထားတွဲ' ပေါ်သို့ တန်းတန်းမတ်မတ် မတက်လိုက်ရသောကြောင့် တော့တိုး-ချန်သည် မကျေ မနပ် ဖြစ်မိ၏။ သို့သော်လည်း အမေ့ပြောစကားလိုက်နာရန် သူမ ဆုံးဖြတ် လိုက်သည်။
"ဟုတ်ကဲ့"

သူမက ပြောလိုက်သည်။ ထို့နောက် ဆက်လက်၍ "ဒီကျောင်းကို ကျွန်မ သိပ်ကြိုက်တယ်" ဟု ပြောလိုက်ပြန်သည်။
"ဒီကျောင်း ကို သမီးကြိုက်ဖို့က အကြောင်းမဟုတ်ဘူး၊ ကျောင်းအုပ်ဆရာကြီးက သမီးကို သဘောကျ ဖို့သာ အရေးကြီးတယ်" ဟု အမေသည် အသံထွက်ပြီးတော့သာ ပြောလိုက် သည်။ သို့သော် လည်း သူမ သည် တော့တိုး-ချန်၏ အင်္ကျီစကို လွှတ်လိုက်ပြီး လက်ကို ကိုင်ဆွဲကာ ကျောင်းအုပ် ဆရာကြီး၏ ရုံးခန်း ရှိရာ သို့ လျှောက်သွားသည်။

မီးရထားတွဲများအားလုံး တိတ်ဆိတ်လျက် ရှိသည်။ အဘယ်ကြောင့်ဆိုသော် တစ်နေ့တာ၏ ပထမ ဦးဆုံး စာသင်ချိန်သည် စတင်ပြီဖြစ်သောကြောင့် ဖြစ်သည်။ သိပ်ကျယ်ဂ်ါးခြင်း မရှိသော ကျောင်းပိုင်းမြေကို ခြံစည်းရိုး နံရံများအစား သစ်ပင်များဖြင့်သာ

⇧ http://www.shwezinu.com ⇩

ပိုင်းရံထားလေသည်။ ကျောင်းဝင် ထဲရှိ ပန်းခင်းများ၌ အနီရောင် နှင့် အဝါရောင်ပန်းပွင့်များ ပြည့်နက်လျက် ရှိသည်။

ကျောင်းအုပ်ဆရာကြီး၏ ရုံးခန်းသည် မီးရထားတွဲထဲ၌ မရှိပေ။ ကျောင်းတွင်းသို့ ဝင်ရာ အပေါက်ဝ နှင့် ဆန့်ကျင်ဘက် နေရာရှိ လခြမ်းပုံသဏ္ဍာန်နှင့် ခပ်ဆင်ဆင်တူသော အုတ်ခုံလှေကား ထစ်ခုနစ် ထစ်ခန့်၏ ထိပ်ဘက် တစ်ထပ်အဆောက်အအုံ၏ လက်ယာဘက်အခြမ်း၌ တည်ရှိသည်။

တော့တိုး-ချန်သည် အမေ့လက်အတွင်းမှ ရုန်းထွက်ကာ လှေကားထစ်များပေါ်သို့ ပြေးတက်သွား သည်။ ထို့နောက် ရုတ်တရက် ရပ်လိုက်ပြီး နောက်ဘက်သို့ လှည့်ကြည့်လိုက်ရာ သူမနောက်မှ ကပ်လိုက်လာသော အမေနှင့် တိုက်မိတော့မလို ဖြစ်သွားသည်။

"ဘာဖြစ်တာလဲ" ဟု အမေက မေးလိုက်သည်။ ယခုကျောင်းနှင့် ပတ်သက်၍ တော့တိုး-ချန် စိတ်ပြောင်း သွားမှာကို အမေစိုးရိမ်မိသည်။
အမေ၏ အပေါ်ဘက်လှေကားထစ်ပေါ်၌ မတ်တပ်ရပ်ရင်း တော့တိုး-ချန်သ်ည အမေ့ကို တိုးတိုး ကလေး ပြောလိုက်သည်။
"ကျွန်မတို့ အခုသွားတွေ့ရမယ့် လူကြီးဟာ မီးရထားရုံပိုင်ကြီး ဖြစ်ရမယ်"

အမေ၌ သည်းခံစိတ်ရှိသလို ပျော်ပျော်နေတတ်သော စိတ်လည်း ရှိသည်။ သူမသည် သမီး၏ မျက်နှာနားသို့ ကပ်၍ တိုးတိုးကလေး မေးလိုက်သည်။
"ဘာဖြစ်လို့လဲ"

"အမေပြောခဲ့တယ် မဟုတ်လား၊ သူဟာ ကျောင်းအုပ်ဆရာကြီးလို့၊ ဒါပေမဲ့လို့ သူဟာ မီးရထားတွဲ တွေ အများကြီး ပိုင်တော့ သူဟာ မီးရထားရုံပိုင်ကြီးသာ ဖြစ်ရမှာပေါ့" တော့တိုး-ချန်က တိုးတိုးကလေး ပြန်ပြောလိုက်သည်။

မီးရထားတွဲဟောင်းများကို အသုံးပြုထားသော ကျောင်းသည် အခြားကျောင်းများနှင့် မတူဘဲ တမူ ထူးခြားသည်ကို အမေဂန်ခံရမည် ဖြစ်သည်။ သို့သော်လည်း ဤအကြောင်းကို ရှင်းပြရန် အချိန်မရှိ၊ ထို့ကြောင့် သူမက

"သမီးဘာသာ သမီးသူ့ကို မေးပေါ့။ ဒီလိုရှိတယ် သမီးရဲ့၊ သမီး ဖေဖေ့ကိုရော ဘယ်လိုပြောမလဲ၊ ဖေဖေက တယော ထိုးတယ်၊ သူ့မှာ တယောတွေ အများကြီး ရှိတယ်၊ ဒါပေမဲ့လို့ အမေတို့အိမ်ဟာ တယော ရောင်းတဲ့ ဆိုင် ဖြစ်လာသလား"ဟု ပြောလိုက်သည်။

⇧ http://www.shwezinu.com ⇩

"ဟင့်အင်း ဖြစ်မလာပါဘူး" ဟု တော့တိုး-ချန်သည် အမေ့လက်ကို ဆွဲရင်း ဂန်ခံစကား ပြောလိုက် လေသည်။

## ကျောင်းအုပ်ဆရာကြီး

အမေနှင့် တော့တိုး-ချန်တို့ ဂင်သွားသောအခါ ရုံးခန်းထဲရှိ လူကြီးသည် ကုလားထိုင်ပေါ် မှ ထလိုက်သည်။

သူ၏ဆံပင်သည် ထပ်အပေါ်ပိုင်း၌ ပါးပါးကလေးသာ ရှိသည်။ သူ၏ သွားအချို့မှာ မရှိတော့။ သို့သော် လည်း သူ၏ မျက်နှာမှာ ကျန်းမာသော အသွေးအရောင် ရှိသည်။ သူသည် အရပ်မမြင့် သော်လည်း ကြံ့ခိုင်သော ပခုံးနှင့် လက်မောင်းများ ရှိသည်။ သူသည် အနက်ရောင်ဂတ်စုံကို သပ်သပ်ရပ်ရပ် ဂတ်ဆင် ထားသည်။

တော့တိုး-ချန်သည် ခပ်သွက်သွက်ကလေး ဦးညွှတ်အရိုအသေ ပြုလိုက်ပြီး "ဦးလေးကြီး ဘာအလုပ် လုပ်ပါသလဲ၊ ကျောင်းဆရာလား၊ မီးရထားရုံပိုင်ကြီးလား" ဟု မေးလိုက်သည်။ အမေသည် စိတ်အနှောင့်အယှက် ဖြစ်သွားသည်။ သို့သော်လည်း သူမက ဆရာကြီးကို အကျိုး အကြောင်း ရှင်းပြရန် ဟန်ပြင်လိုက်စဉ်မှာပင် ဆရာကြီးသည် ရယ်မောရင်း ... "ဦးလေးကြီး ကတော့ ဒီကျောင်းက ကျောင်းအုပ်ဆရာကြီးပဲ"ဟု ပြန်ပြောလိုက်သည်။

တော့တိုး-ချန် ဂမ်းမြောက်ဂမ်းသာ ဖြစ်သွားသည်။ "အိုး ကျွန်မ သိပ်ဂမ်းသာတာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ ဆရာကြီးထံက တစ်ခု တောင်းဆို ချင်ပါတယ်၊ ဆရာကြီး ကျောင်းမှာ ကျွန်မ ကျောင်းလာနေချင်ပါတယ်"

ဆရာကြီးသည် သူမကို ကုလားထိုင်တစ်လုံး ထိုးပေးရင်း အမေ့ဘက်သို့ လှည့်ပြော လိုက်သည်။

"ခင်ဗျား အခုအိမ်ကို ပြန်နိုင်ပါပြီ၊ ကျွန်တော် ကတော့ တော့တိုး-ချန်နဲ့ စကား ပြောချင်တယ်"

တော့တိုး-ချန်သည် ရုတ်တရက် မနေတတ်မထိုင်တတ် ဖြစ်သွားသည်။ သို့သော်လည်း ဆရာကြီး နှင့် အဆင်ပြေလိမ့်မည်ဟု သူမထင်သည်။

"ကောင်းပါပြီ ဆရာကြီး၊ သမီးကို ဆရာကြီးထံ ထားခဲ့ပါ့မယ်"

အမေသည် ထိုသို့ပြောဆိုပြီးနောက် အခန်းထဲမှ ထွက်ခွာပြီး အခန်းတံခါးကို ပြန်ပိတ်ထားခဲ့သည်။

ကျောင်းအုပ်ဆရာကြီးသည် အခြားကုလားထိုင်တစ်လုံးကို ဆွဲယူ၍ တော့တိုး-ချန်နှင့် မျက်နှာချင်း ဆိုင် ထိုင်လိုက်သည်။ တစ်ယောက်နှင့် တစ်ယောက် နီးကပ်စွာ



⇧ http://www.shwezinu.com ⇩

ထိုင်မိသောအခါ
"အခုအချိန်ကစပြီး ဆရာကြီးကို မင်းရဲ့အကြောင်းတွေအားလုံး ပြောပြစမ်းပါ။
မင်းပြောချင်တာတွေ အားလုံး ဆရာကြီးကို ပြောပြပါ"ဟု ပြောလိုက်သည်။
"ကျွန်မပြောချင်တာ ဘာပဲဖြစ်ဖြစ်လား"

တော့တိုး-ချန်က မျှော်လင့်ထားသည်မှာ ဆရာကြီးက မေးခွန်းများ မေးသည်။ မိမိက ဆရာကြီးမေး သမျှကို ပြန်ဖြေရမည်။ ဤမျှသာဖြစ်သည်။ ယခုတော့ ထိုသို့မဟုတ်ဘဲ မိမိပြောချင်တာ မှန်သမျှကို အားလုံး ပြောနိုင်သည်ဟု သိလာရသောအခါ သူမသည် အလွန်ပျော်သွားပြီး မရပ်မနား တတွတ်တွတ် ပြောလေ တော့သည်။

သူမသည် ဆရာကြီးအား သူတို့စီးလာသော မီးရထားအလွန်မြန်ကြောင်း၊ မီးရထား လက်မှတ် သိမ်း သူကို မိမိကမေးမြန်းခဲ့ပုံ၊ သူမ၏ မီးရထားလက်မှတ်ကို သိမ်းထား လိုသော်လည်း သိမ်းထားခွင့်မရ ပုံ၊ အခြား ကျောင်းရှိ သူမ၏ အတန်းပိုင်ဆရာမသည် အလွန်ရုပ်ချောသူ ဖြစ်ကြောင်း၊ ပျံလွှားငှက် များ၏ အသိုက်များ အကြောင်း၊ ကစားနည်း အမျိုးမျိုး ကစားတတ်သော ရော့ကီအမည်ရှိ သူမ၏ ခွေးညိုအကြောင်း၊ သူမ မူကြို ကျောင်းသွားစဉ်က ကတ်ကြေးငယ်ကို ပါးစပ်ထဲထည့်ပြီး ကစားရာ ဆရာမက ထိုသို့ မကစား ဖို့ပြောကြောင်း၊ လျှာပြတ်သွားနိုင်သည်ဟု ပြောကြောင်း၊ သို့သော်လည်း ဘာမျှမဖြစ်ကြောင်း မိမိသည် နှာခေါင်းကို တရှုပ်ရှုပ်လုပ်တတ်ကြောင်း၊ အမေက ထိုသို့မလုပ်ရန် ဆူပူပြောလေ့ရှိကြောင်း၊ ဖေဖေသည် ရေကူး တော်သူ တစ်ယောက် ဖြစ်ကြောင်း၊ ဒိုင်ဗင်ထိုးရာ၌ လည်း အလွန်တော်ကြောင်း စသည်ဖြင့် အဆက် မပြတ် ပြောဆိုသည်။

ဆရာကြီးသည် ရယ်လိုက်သည့်အခါ ရယ်လိုက်၊ ဦးခေါင်းညိတ်သည့်အခါ ညိတ်လိုက်၊ 'ပြီးတော့ ကော' ဟူ၍ ပြောသည့်အခါ ပြောလိုက်နှင့် သူမကို အားပေးလျက် ရှိသည်။ တော့တိုး-ချန်သည် အလွန်ပျော်ရွှင်လျက် ရှိပြီး သူမပြောလိုသည်များကို ဆက်တိုက် ပြောသွား သည်။ သို့သော် နောက်ဆုံးတွင် ပြောစရာစကားများ ကုန်သွားသည်။ သူမသည် နောက်ထပ် ပြောစရာများကို စဉ်းစားရင်း ပါးစပ်ပိတ်၍ ထိုင်နေမိသည်။

"ဆရာကြီးကို နောက်ထပ်ဘာမှ ပြောမပြနိုင်တော့ဘူးလား"
ဆရာကြီးက မေးလိုက်သည်။
"အခုလို ဆက်မပြောနိုင်ခြင်းဟာ ဘယ်လောက်ရှက်စရာကောင်းသလဲ"ဟု တော့တိုး-ချန် စဉ်းစား မိသည်။ ဤလိုအခွင့်အရေးမျိုးသည် အံ့သြစရာကောင်းသော အခွင့်အရေးမျိုး မဟုတ်ပါလား၊ သူမ သည် ဦးနှောက်ကို အလုပ်ပေးလိုက်သည်။ နောက်ထပ်ဘာများ ပြောရပါ့မလဲ။ ဟုတ်ပြီ သူမ စဉ်းစားမိလေပြီ။



⇧ http://www.shwezinu.com ⇩

ဆရာကြီးကို သူမ၏ အင်္ကျီအဝတ်အစားများ အကြောင်းကို ပြောပြမည်။ သူမအတွက် အင်္ကျီများကို အမေက အများဆုံး ချုပ်ပေးသည်။ သို့သော် ယခုသူမ ဝတ်ထားသော အင်္ကျီမှာ ဆိုင်မှ ဝယ်ယူခဲ့ သော အင်္ကျီ ဖြစ်သည်။

ကျောင်းဆင်း၍ ညနေပိုင်း၌ သူမ အိမ်ပြန်ရောက်သောအခါ သူမ၏ အဝတ်များမှာ အစဉ်သဖြင့် စုတ်ပြဲလာသည်။ အချို့အစုတ်အပြဲများမှာ အလွန်ကြီးသည်။ ဘာကြောင့် ဤကဲ့သို့ စုတ်ပြဲရသည် ကို အမေသည် မစဉ်းစားတတ်အောင် ဖြစ်မိသည်။ သူမ၏ အဖြူရောင် အတွင်းခံချည်ဘောင်းဘီ များပင်လျှင် တစ်ခါ တစ်ရံ၌ စုတ်ပြဲလာသည်။ ဆရာကြီးအား သူမက ပြောပြသည်မှာ ...

သူမသည် အခြားသူများ၏ ပန်းခြံထဲသို့ သံဆူးကြိုးများအောက်မှ အတင်းတိုးဝင်သော ကြောင့် ယခုကဲ့သို့ စုတ်ပြဲရခြင်းဖြစ်ကြောင်း၊ ယနေ့နံနက်တွင် ဤကျောင်းသို့လာရန် အဝတ်လဲသည့်အခါ အမချုပ်ပေး ထားသော အင်္ကျီများအားလုံးမှာ အစုတ်အပြဲများဖြင့် ပြည့်နေကြောင်း၊ ထို့ကြောင့် အမေဝယ်ထားသည့် ယခု အင်္ကျီ ကို ဝတ်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုအင်္ကျီသည် အသားကောင်းသော အင်္ကျီဖြစ်ကြောင်း၊ သို့သော် လည်း အင်္ကျီ ကော်လာ တွင် ပုံဖော်ထားသော အနီရောင်ပန်းပွင့်များ သည် သိပ်မလှကြောင်း၊ "အမေ ဒီကော်လာ ကို မကြိုက်ဘူး" ဟု တော့တိုး-ချန်သည် ဆရာကြီး မြင်နိုင်ရန် အလို့ငှာ သူမ၏ အင်္ကျီ ကော်လာ ကို လက်ဖြင့် ကိုင်တွယ်ပြသရင်း ပြောလိုက်သည်။

၎င်းနောက် သူမတွင် ပြောစရာ စကားများ မရှိတော့။ မည်မျှပင် ကြိုးစား အားထုတ်သော်လည်း ဆက်ပြော ရန် စကားများ စဉ်းစား၍ မရတော့ချေ။ သူမအလွန် စိတ်မကောင်း ဖြစ်သွားသည်။ ထိုအခိုက် ဆရာကြီး သည် ထိုင်ရာမှထလိုက်ပြီး သူ၏ ကြီးမားပူနွေးသော လက်ဖဝါးကို သူမ၏ ခေါင်းပေါ်သို့ တင်လိုက်ရင်း......"ကောင်းပြီ အခု အချိန် ကစပြီးတော့ မင်းဟာ ဒီကျောင်းရဲ့ ကျောင်းသူတစ်ဦးဖြစ်သွားပြီ" ဟု ပြော လိုက်လေ တော့သည်။

ထိုခဏ၌ တော့တိုး-ချန်သည် သူမဘဝတွင် ပထမဆုံးအကြိမ်အဖြစ် သူမတကယ့်ကို နှစ်ခြိုက် သဘော ကျသော သူတစ်ယောက်နှင့် တွေ့ဆုံမိပြီဆိုသည်ကို သူမရင်ထဲကြာ သိရှိခံစားလိုက်မိ တော့သည်။ သူမ ပြောသမျှ စကားများကို ဤမျှကြာကြာ နားထောင်သူသည် ဟိုယခင်က မရှိခဲ့ချေ။ သူမစကားပြောနေသည့် အချိန် တလျှောက်လုံး ၌ ကျောင်းအုပ်ဆရာကြီးသည် တစ်ကြိမ်တစ်ခါမျှပင် မသမ်းခဲ့။ ငြီးငွေ့သော အမူအရာ ကိုလည်း မပြခဲ့။ သူမက စိတ်ပါဝင်စားစွာ ပြောသကဲ့သို့ သူကလည်း စိတ်ပါဝင်စားသော အသွင်ဖြင့် နားထောင်ခဲ့သည်။

တော့တိုး-ချန်သည် အချိန်နာရီအကြောင်းကို နားမလည်သေးပေ။ သို့သော်လည်း သူမစကားပြော သည်မှာ အချိန်ကြာသည်ဆိုသည်ကိုတော့ သူမ သိ၏။ အကယ်၍



⇧ http://www.shwezinu.com ⇩

သူမသည်သာ နာရီကို ကြည့် တတ်ပြီး အချိန်ကို တွက်တတ်လျှင် သူမသည်ပို၍ပင် အံ့အားသင့်သွားမည်ဖြစ်ပြီး ဆရာကြီးကို ပို၍ပင် ကျေးဇူးတင်မိမည် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ...
အမေနှင့် တော့တိုး-ချန်သည် နံနက်ရှစ်နာရီတွင် ကျောင်းသို့ ရောက်လာခဲ့ကြ၏။ သူမစကားပြော ပြီး၍ ဆရာကြီး က သူမကို ဤကျောင်း၌ လက်ခံလိုက်ပြီဟု ပြောပြီးနောက် သူ၏ အိတ်ဆောင် နာရီကို ထုတ်ကြည့်ရင်း ...

"ဟော နေ့လယ်စာ စားချိန်ရောက်ပြီ" ဟု ပြောလိုက်သည်။ ထို့ကြောင့် ဆရာကြီးသည် တော့တိုး-ချန် စကား ပြောခြင်းကို လေးနာရီလုံးလုံး နားထောင်ခဲ့ခြင်း ဖြစ်လေသည်။ တော့တိုး-ချန် စကားပြောခြင်းကို မည်သည့်လူကြီးကမျှ ဤမျှကြာကြာ နားထောင်ခဲ့ခြင်း မရှိချေ။ ဟိုတုန်း ကလည်း မရှိခဲ့။ နောင်တွင်လည်း မရှိချေ။ ထို့ပြင် အသက်ခုနစ်နှစ်အရွယ် မိန်းကလေး တစ်ယောက်က လေးနာရီလုံးလုံး မရပ်မနား တောက်လျှောက်စကား ပြောသွားပါသည် ဆိုခြင်းကို အမေသည်လည်း ကောင်း၊ ယခင်ကျောင်းက သူမ၏အတန်းပိုင်ဆရာမသည် လည်းကောင်း မယုံ ကြည်နိုင်လောက်အောင် အံ့သြခြင်း ဖြစ်မိကြပေမည်။

ထိုအချိန်ထိုအခါက တော့တိုး-ချန်သည် ကျောင်းမှ နှုတ်ပယ်ခြင်းခံရသည်ကို လုံးဝမသိရှိ၊ နားမလည်ချေ။ မိမိသည်အခြားကလေးများနှင့် မတူဘဲ တမူထူးခြားသော အခြေအနေတွင် ရှိသည် ဆိုသော အချက်ကိုမူ သူမရင်ထဲ၌ သိရှိခံစားနေရသည်ကတော့ အမှန်ပင်။ ကျောင်းအုပ်ဆရာကြီး သည် အခြားလူကြီး များနှင့်မတူဘဲ သူမကို စိတ်ချမ်းသာမှုပေး၏။ ပျော်ရွှင်ချမ်းမြေ့မှုကို ပေး၏။ သူမသည် သူနှင့်အတူတူ အမြဲ ထာဝစဉ် နေချင်၏။

ဤသည်မှာ ကျောင်းအုပ်ဆရာကြီး ဆိုဆာကူး ကိုဘာယာရှီနှင့် စတင်တွေ့သည့် ပထမနေ့တွင် ခံစားလိုက်ရသော တော့တိုး-ချန်၏ ခံစားချက် ဖြစ်သည်။ ထိုနည်းအတိုင်းပင် ကျောင်းအုပ် ဆရာကြီး က သူမ အပေါ်ထားရှိသည့် သဘောထားမှာလည်း သူမအတိုင်းပင် ဖြစ်တော့၏။

## <u>နေ့လယ်စာ စားချိန်</u>

ကျောင်းအုပ်ဆရာကြီးသည် တော့တိုး-ချန်ကို ကျောင်းသားများ နေ့လယ်စာ စားသည့် နေရာကို ပြရန် ခေါ်သွားသည်။
"မီးရထားတွဲထဲမှာ ငါတို့နေ့လယ်စာ မစားကြဘူး၊ စုဝေးခန်းမကြီးထဲမှာပဲ စားကြတယ်" ဟု ဆရာကြီးက ရှင်းပြလိုက်၏။

⇧ http://www.shwezinu.com ⇩

စုပေးခန်းမကြီးသည် ခပ်စောစောက တော့တိုး-ချန်တို့ တက်လာသော ကျောက်လှေကား ထစ်များ၏ ထိပ်တွင် တည်ရှိသည်။ ၎င်းနေရာသို့ သူတို့ရောက်လာသောအခါ ကျောင်းသား များသည် စာရေးစားပွဲ များနှင့် ကုလားထိုင်များကို စက်ဝိုင်းပုံသဏ္ဍာန်ဖြစ်အောင် ဆူညံစွာ ရွှေ့နေကြသည်ကို မြင်တွေ့ကြရသည်။ သူတို့သည် စုပေးခန်းမကြီး၏ ထောင့်စွန်းတစ်နေရာ၌ ရပ်ပြီး ကျောင်းသားများ လုပ်ပုံကိုင်ပုံကို ကြည့်နေခိုက် တော့တိုး-ချန်သည် ဆရာကြီး၏ အပေါ်အင်္ကျီကိုဆွဲ၍ "တခြား ကျောင်းသားတွေရော" ဟု မေးလိုက်သည်။
"ဒါကျောင်းသား အားလုံးပဲ" ဟု ဆရာကြီးက ဖြေလိုက်သည်။

"ဒါအကုန်လုံးပဲ" တော့တိုး-ချန်သည် မယုံကြည်နိုင်အောင်ပဲ ဖြစ်သွားသည်။ ဤကျောင်းမှ ကျောင်းသား အားလုံးသည် အခြားကျောင်းမှ အတန်းတစ်တန်းစာမျှသော အရေအတွက်သာ ရှိ သည်။
"တစ်ကျောင်းလုံးမှ ကျောင်းသားငါးဆယ်လောက်ပဲ ရှိသလား"
"ဟုတ်တယ်၊ ဒါအားလုံးပဲ" ဟု ဆရာကြီးက ပြောလိုက်သည်။

ဤကျောင်းသည် သူမအရင်က နေခဲ့သော ကျောင်းနှင့်မတူဘဲ အစစအရာရာ ကွဲပြားခြားနား ကြောင်းကို တော့တိုး-ချန် စဉ်းစားမိသည်။ ကျောင်းသားအားလုံး သူတို့၏ နေရာအသီးသီးတွင် ထိုင်မိကြသောအခါ ဆရာကြီးသည် သူ၏ တပည့်များအား "မင်းတို့အားလုံး ပင်လယ်သမုဒ္ဒရာထဲက တစ်မျိုးမျိုး၊ တောင်ကုန်းတွေပေါ်က တစ်မျိုးမျိုး ယူခဲ့ကြ သလား" ဟု မေးလိုက်သည်။

"ဟုတ်ကဲ့" ဟု သူ၏တပည့်များအားလုံး သံပြိုင် ပြောလိုက်ကြပြီး သူတို့၏ နေ့လယ်စာ အစား အသောက် ဗူး များကို ဖွင့်လိုက်ကြသည်။
"မင်းတို့ ဘာတွေယူလာခဲ့ကြတယ်ဆိုတာ ကြည့်ရအောင်"
ဆရာကြီးသည် ထိုသို့ပြောရင်း တပည့်တိုင်း၏ ဗူးများကို လှည့်ပတ်ကြည့်ရှုလေရာ သူ၏ တပည့် များထံမှ ဂမ်းမြောက်သောအသံများ ထွက်ပေါ်လာလေသည်။
"သိပ်ရယ်ဖို့ကောင်းတယ်၊ ပင်လယ်သမုဒ္ဒရာထဲက တစ်မျိုးမျိုး၊ တောင်ကုန်းပေါ်က တစ်မျိုးမျိုးဆို တာ ဘာကို ဆိုလိုပါလိမ့်၊ အံ့ဩစရာပါပဲ" ဟု တော့တိုး-ချန် စဉ်းစားလိုက်သည်။
ဤကျောင်းသည် တစ်မျိုးထူးခြား၏။ ရယ်ဖို့ကောင်း၏။ အခြားကျောင်းများ၌ နေ့လယ်စာ စားသောက်ပုံမျိုးသည် ဤကျောင်းက နေ့လယ်စာစားသောက်ပုံမျိုးလောက် ပျော်စရာ ကောင်း လိမ့်မည်ဟု သူမမထင်မိ။

မနက်ဖြန်ကျရင် သူမသည်လည်း ဤထိုင်ခုံများရှိ ထိုင်ခုံတစ်လုံးလုံးတွင် ထိုင်ရင်း ဆရာကြီးအား သူမ၏ နေ့လယ်စာ အစားအသောက်ဗူးများကို ဖွင့်၍

⇧ http://www.shwezinu.com ⇩

"ပင်လယ်သမုဒ္ဒရာထဲက တစ်မျိုးမျိုး၊ တောင်ကုန်းတွေပေါ်က တစ်မျိုးမျိုး"ကို ဖွင့်ပြရတော့မှာပါလားဟု စဉ်းစားမိသောအခါ တော့တိုး-ချန်သည် ထခုန်လိုက်မိမတတ် ပျော်ရွှင်မိလေသည်။
နေ့လယ်စာ အစားအသောက်ပူးများကို လိုက်လံကြည့်ရှုနေသော ဆရာကြီး၏ ပခုံးများသည် မွန်းတည့် နေရောင်ခြည်၏ အနွေးဓာတ်ကို တွေ့ထိခံစားနေရလေသည်။

**<u>တော့တိုး-ချန် ကျောင်းစတက်ပြီ</u>**

"မင်းစာ အခုချိန်ကစပြီး ဒီကျောင်းရဲ့ ကျောင်းသူတစ်ယောက် ဖြစ်သွားပြီ" ဟု ဆရာကြီးက ပြောပြီး နောက်ပိုင်း တွင် တော့တိုး-ချန်သည် မနက်ဖြန်နံနက် မိုးသောက်ချိန်မြန်မြန် ရောက်ရေးကို သာ စိတ်စော နေသည်။ ရှေးအခါကဆိုလျှင် သူမသည် နောက်တစ်နေ့ကို ဘယ်တော့မှ မျှော်ခဲ့သူ မဟုတ်၊ နံနက်ခင်းတွင် သူမအိပ်ရာမှ စောစောထရေးအတွက် အမေသည် အမြဲတမ်းလိုလိုပင် အလုပ်ရှုပ်ခဲ့ရသည်။ သို့သော်လည်း ထိုနေ့က သူမသည် အခြားသူများ အိပ်ရာမှ မထသေးမီ အိပ် ရာမှ အစောဆုံး ထခဲ့သည်။

အင်္ကျီအဂတ်အစားများကို ဂတ်ဆင်ပြီးနောက် ကျောင်းလွယ်အိတ်ကို ကျောတွင် ပိုးထားကာ ကျောင်းသွား ရန် အဆင်သင့် ဖြစ်နေလေပြီ။ အိမ်တွင်ရှိသူများအနက် အချိန်အမှန်ဆုံး အိမ်သားစုဂင် ဖြစ်သည့် ရော့ကီအမည်ရှိ ဂျာမန်ခွေး သည် တော့တိုး-ချန်၏ ထုံးစံမဟုတ်သော အပြုအမူကို သံသယမျက်လုံးများဖြင့် ကြည့်နေပြီး၊ တစ်ခုခု ထူးခြား ဖြစ်ပေါ်လာမည့် အခြေအနေကို စောင့်မျှော်ရင်း သူမအနီး၌ ကပ်နေသည်။

အမေ့တွင် လုပ်စရာအလုပ်များ များစွာ ရှိသည်။ အမေသည် တော့တိုး-ချန်ကို နံနက်စာကျွေးရင်း နေ့လယ်စာ အစားအသောက်ပူးဒထဲသို့ ပင်လယ်သမုဒ္ဒရာထဲက တစ်မျိုးမျိုး၊ တောင်ကုန်းများပေါ်က တစ်မျိုးမျိုး ကို ထည့်ပေးသည်။ ၎င်းနောက်အမေသည် တော့တိုး-ချန်၏ မီးရထားစီးခွင့် လက်မှတ်ကို ပလတ်စတစ် အိတ်ထဲ၌ ထည့်ပြီးနောက် မပျောက်စေရန် ကြိုးချည်ဖြင့် လည်ပင်းတွင် ဆွဲပေးလိုက်သည်။
"သမီး မဆိုးနဲ့နော်" ဟု အဖေက ပြောသည်။ သူ၏ ဆံပင်များမှာ ကြဲပွနေသည်။

"ဟုတ်ကဲ့"
တော့တိုး-ချန်သည် ဖိနပ်စီးပြီးသောအခါ အိမ်ရှေ့တံခါးကို ဖွင့်လိုက်သည်။ ထို့နောက် နောက်သို့ ပြန်လှည့်ပြီး ယဉ်ကျေးစွာဖြင့် ဦးခေါင်းညွှတ်ရင်း "အားလုံးကို နှုတ်ဆက်ပါတယ်" ဟု ပြောလိုက် သည်။ တော့တိုး-ချန် ထွက်ခွာသွားသည်ကို ကြည့်ရင်း အမေ့မျက်လုံးအိမ်များထဲ၌ မျက်ရည်များ ရစ်ဂဲ လာသည်။ သွက်သွက် လက်လက်နှင့် ဖျတ်ဖျတ်လတ်လတ်ရှိလှသော ဤမိန်းကလေးငယ်၊ ကျောင်းသို့ ပျော်ပျော် ရွှင်ရွှင် ထွက်ခွာသွားသော ဤမိန်းကလေးငယ်သည် ကျောင်းမှ အနုတ်ခံရ ပါသည်ဆိုခြင်းမှာ

⇧ http://www.shwezinu.com ⇩

မယုံကြည် နိုင်အောင် ရှိလှချေ၏တကား။ ယခုကျောင်းတွင် ယခင်ကလို မဖြစ်ပါစေနှင့်ဟု အမေသည် ဆုတောင်း လိုက်၏။

ထိုခဏ၌ အမေသည် တော့တိုး-ချန်က သူမ၏လည်ပင်းမှ ကြိုးကို ဖြုတ်ယူပြီး ရော့ကီ၏ လည်ပင်း တွင် စွပ်ပေးလိုက် သည်ကို မြင်ရသောအခါ အံ့အားသင့်သွားလေသည်။
"ဟဲ့ သမီး"
အမေသည် ဟန့်တားလိုက်မည်ဟု စိတ်ကူးပြီးမှ တော့တိုး-ချန် ဘာဆက်လုပ်မည်ကို အဆုံးတွင် စောင့်ကြည့် ရန် ဆုံးဖြတ်လိုက်သည်။ ရော့ကီ၏ လည်ပင်းတွင် ကြိုးကိုစွပ်ပြီးသောအခါ တော့တိုး-ချန်သည် ခွေးနားတွင် ဆောင့်ကြောင့် ထိုင်ချ လိုက်ရင်း "နင် တွေ့တယ်မဟုတ်လား၊ ဒီဥစ္စဟာ နင်နဲ့မတော်ဘူး"ဟု ပြောလိုက်သည်။

မီးရထားစီးခွင့် လက်မှတ်ကို တွဲချည်ထားသော ကြိုးသည် ရှည်နေသည့်အတွက် လက်မှတ်ထည့် ထားသော ပလတ်စတစ်အိတ်သည် မြေကြီးပေါ် ရောက်နေသည်။
"နင် နားလည်တယ်မဟုတ်လား၊ ဒီဥစ္စာဟာ ငါ့လက်မှတ်၊ နင့်လက်မှတ် မဟုတ်ဘူး၊ နင် မီးရထား စီးလို့ မရဘူး၊ ဆရာကြီးကို ငါမေးဦးမယ်၊ မီးရထားရုံပိုင်ကိုလည်း မေးရဦးမယ်၊ နင့်ကို ကျောင်းကို ခေါ်လို့ ရမလားလို့"

အစပထမ၌ ရော့ကီသည် တော့တိုး-ချန် ပြော စကားကို ခေတ္တ နားစိုက်ထောင်လိုက်သည်။ ထို့နောက် လက်မှတ်ထည့်ထားသော ပလတ်စတစ်ကို ၎င်း၏လျှာဖြင့် အနည်းငယ်လျက်လိုက်ပြီး ဦးခေါင်းမော့ကာ သမ်းလိုက်သည်။ တော့တိုး-ချန်သည် စကားကို ဆက်ပြော၏။
"စာသင်ခန်းလုပ်ထားသော မီးရထားတွဲဟာ လှုပ်လှုပ်ရှားရှား မရှိပါဘူး၊ ဒါကြောင့် အဲဒီအပေါ်ကို တက်ရင် လက်မှတ်မလိုဘူးလို့ ငါထင်တယ်၊ ဘယ်လိုပဲဖြစ်ဖြစ်လေ ကနေ့အဖို့ရာတော့ နင်အိမ်မှာပဲ နေပြီး ငါ့ကိုစောင့်နေဦး"

ရော့ကီသည် တော့တိုး-ချန်နှင့်အတူ ယခင်ကျောင်း၏ ကျောင်းဝင်းတံခါးဝအထိ လိုက်သွားလေ့ရှိ ပြီး တော့တိုး-ချန် ကျောင်းဝင်းထဲ ဝင်သွားသောအခါတွင်မှ အိမ်သို့ ပြန်လာသည်။ ယနေ့တွင်လည်း ရော့ကီသည် သူပြုလုပ်နေကျအတိုင်း ပြုလုပ်ရန် မျှော်လင့်ထားသည်။
တော့တိုး-ချန်သည် ရော့ကီ၏လည်ပင်းမှ ကြိုးကို ဖြုတ်ယူလိုက်ပြီး သူမ၏ လည်ပင်းတွင် ဂရု တစိုက် စွပ်လိုက်သည်။ ထို့နောက် သူမသည် အမေနှင့်အဖေကို "ဂွဒ်ဘိုင်"ဟု နောက်တစ်ကြိမ် နှုတ်ဆက် လိုက်သည်။

ထို့သို့ နှုတ်ဆက်ပြီးသည်နှင့် သူမသည် နောက်ဘက်သို့ နောက်တစ်ကြိမ်ပြန် မကြည့်တော့ဘဲ အပြေး ထွက်သွားလေတော့ရာ၊ သူမ၏ ကျောတွင် ပိုးထားသော

⇧ http://www.shwezinu.com ⇩

ကျောပိုးအိတ်သည် တဖတ်ဖတ် နှင့် သူမ ကျောပြင်ကို ရိုက်ခတ်လျက် ရှိသည်။ ရှော့ကီသည် သူမ၏နံဘေးမှ ပျော်မြူးစွာ ခုန်ပေါက် ရင်း လိုက်ပါသွား လေတော့၏။

ဘူတာရုံသို့ ရောက်သောအခါ တော့တိုး-ချန်သည် ယခင်တွေ့နေကျဖြစ်သော လက်ဂဲဘက်သို့ ကွေ့ရမည့် အစား၊ လက်ယာဘက်သို့ ကွေ့လိုက်သည့်အတွက် သနားစရာကောင်းသော ရှော့ကီ သည် ရုတ်တရက် ရပ်လိုက်ပြီး ပတ်ဝန်းကျင်ကို စိုးရိမ်သောအသွင်ဖြင့် ကြည့်လိုက်သည်။ တော့တိုး-ချန်သည် မီးရထား လက်မှတ်သိမ်း သော အပေါက်ဝသို့ ရောက်နှင့်လေပြီ။ သူမသည် ရှေ့ဆက်မသွားဘဲ ဟိုဟို သည်သည် ရပ်ကြည့်နေသော ရှော့ကီရှိရာသို့ တဖန်ပြန်လာပြီး ...

"ငါအရင်ကျောင်းကို နောက်ထပ် ဘယ်တော့မှ မသွားတော့ဘူး၊ ငါအခု ကျောင်းသစ်ကို သွားမယ်" ဟု ပြောလိုက်သည်။ တော့တိုး-ချန်သည် သူမ၏မျက်နှာကို ရှော့ကီ၏မျက်နှာ အနားသို့ ကပ်လိုက်သည်။ ရှော့ကီ၏ နားရွက် အနံ့ သည် နံနေသော်လည်း တော့တိုး-ချန်အဖို့ ထိုအနံ့ကို နံသည်ဟုမထင်။

"ဘိုင် ဘိုင်"

သူမသည် ရှော့ကီကို နှုတ်ဆက်လိုက်ပြီး အပေါက်ဝရှိ လူကြီးကို လက်မှတ်ပြကာ မတ်စောက်သော ဘူတာရုံလှေကားထစ်များပေါ်သို့ တက်သွားလေတော့သည်။ ရှော့ကီသည် ခပ်တိုးတိုးကလေး ညည်းသံ ပြုရင်း သူ၏မြင်ကွင်းမှ တော့တိုး-ချန်ပျောက်ကွယ်သွားသည်အထိ စောင့်ကြည့်နေလိုက် သည်။

<u>**မီးရထားတွဲထဲမှ စာသင်ခန်း**</u>

ဆရာကြီးက "မင်းစာသင်ရမည့် စာသင်ခန်းဟာ ဒီအခန်းပဲ" ဟု ပြောထားသော မီးရထားတွဲ၏ တံခါးဝသို့ တော့တိုး-ချန် ရောက်ရှိချိန်တွင် အခြားကျောင်းသားများ ရောက်မလာကြသေးပေ။ ထိုရထားတွဲသစ်သည် ရှေးပုံစံဟောင်း ရထားတွဲတစ်တွဲ ဖြစ်သည်။ တံခါးကို ဖွင့်ပိတ်ရသည့် လက်ကိုင်ကို တံခါးအပြင်ဘက်သို့ ထုတ်ထားသည်။ တော့တိုး-ချန်သည် လက်နှစ်ဖက်ဖြင့် တံခါးလက်ကိုင်ကို ဆွဲလှည့်၍ တံခါးကို ညာဘက်သို့ တွန်းဖွင့် လိုက်သည်။ ထို့နောက် သူမသည် စိတ်လှုပ်ရှားစွာဖြင့် အတွင်းသို့ ချောင်းကြည့်လိုက် သည်။

"အူး ..."

ဤနေရာမျိုး၌ စာသင်ရခြင်းသည် ခရီးရှည်သွားနေရခြင်းနှင့် တူလွန်းလှပါဘိ။ ပြတင်းပေါက်များ ပေါ်တွင် ပစ္စည်းများတင်ရန် စင်များ ရှိသည်။ ခြားနားသည့်အချက်မှာ ရထားတွဲ၏ ရှေ့ပိုင်းတွင် ကျောက်သင်ပုန်းကြီး ရှိပြီး၊ ခုံတန်းရှည်များ၏ နေရာတွင်

⇧ http://www.shwezinu.com ⇩

ကျောင်းသားများအတွက် စာရေးစားပွဲ ငယ်နှင့် ထိုင်ခုံများက အစားထိုး ရောက်ရှိနေကာ ၎င်းပစ္စည်းများအားလုံးသည် ရှေ့ပိုင်းကို မျက်နှာ ပြုထားလေသည်။

တော့တိုး-ချန်သည် အထဲကို ဝင်သွားပြီး ကျောင်းသားတစ်ယောက်ယောက်၏ စာရေးစားပွဲတွင် ဝင်ထိုင်လိုက်သည်။ သစ်သားထိုင်ခုံများမှာ ယခင်ကျောင်းမှ ထိုင်ခုံများနှင့်တူသော်လည်း ယခု ထိုင်ခုံ ပေါ်တွင် ထိုင်ရသည်မှာ သက်သောင့်သက်သာ ရှိလှသဖြင့် တစ်နေ့လုံးထိုင်နေနိုင်သည်။ တော့တိုး-ချန်သည် အလွန်ပျော်လျက် ရှိပြီး၊ ကျောင်းကို အလွန်နှစ်သက်မိသည်။ ကျောင်းမှန်မှန် လာမည်။ ကျောင်းပိတ်ရက် များတွင်လည်း ကျောင်းသို့ လာမည်ဟု နိုင်မာစွာ ဆုံးဖြတ်ချက်ချလိုက် သည်။

တော့တိုး-ချန်သည် ပြတင်းပေါက်မှ ကြည့်လိုက်သည်။ ရထားတွဲ မလှုပ်မယှက်ရှိနေသည်ကို သူမ သိ၏။ သို့သော်လည်း ကျောင်းဝင်းထဲရှိ သစ်ပင်ပန်းပင်များနှင့် ပန်းပွင့်များသည် လေပြည်လေညင်း နှင့်အတူ လှုပ်ရှားနေလေရာ၊ မီးရထားတွဲမှာလည်း တရွေ့ရွေ့သွားနေသယောင် သူမစိတ်ထဲ ထင်မှတ်နေသည်။
"ငါသိပ်ပျော်တာပဲ"

နောက်ဆုံး၌ သူမ၏ပါးစပ်မှ အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ထို့နောက် သူမသည် မျက်နှာကို ပြတင်းပေါက်ဘောင်တွင် ကပ်ထားရင်း သူမ စိတ်ပျော်ရွှင်သည့်အခါ ပြုလုပ်နေကျ အတိုင်း သီချင်း သီဆို လိုက်သည်။

ငါသိပ်ပျော်တယ်
သိပ်ပျော်တယ်
ဘာဖြစ်လို့ ငါပျော်ရတယ်
ဘာဖြစ်လို့လဲ ဆိုရင် ...
ထိုအခိုက် စာသင်ခန်းတွဲထဲသို့ တစ်ဦးတစ်ယောက် ဝင်လာသည်။
မိန်းကလေးငယ်တစ်ယောက် ဖြစ်သည်။ သူမသည် သူမ၏ လွယ်အိတ်ထဲမှ မှတ်စုစာအုပ်နှင့် ခဲတံဘူးကို ထုတ်ယူပြီး စာရေးစားပွဲ ငယ်ပေါ်တွင် တင်ထား လိုက်သည်။ ထို့နောက် ခြေဖျားများထောက်ကာ သူမ၏ လွယ်အိတ်ကို စင်ပေါ်သို့ တင်လိုက် သည်။ သူမ၏ ဖိနပ်ထည့်အိတ်ကိုလည်း ထိုနေရာ၌ပင် တင်ထားလိုက်ပြန် သည်။

တော့တိုး-ချန်သည် သီချင်းဆိုခြင်းကို ရပ်လိုက်ပြီး ထိုကျောင်းသူကလေး ပြုလုပ်သည့်အတိုင်း ပြုလုပ် လိုက်သည်။ ၎င်းနောက်ကျောင်းသားကလေးတစ်ယောက် ရောက်လာပြန်သည်။ သူသည် တံခါးဝတွင် ရပ်ပြီး လွယ်အိတ်ကို ဘတ်စကကတ် ဘောကစားသည့် ဟန်မျိုးဖြင့် စင်ပေါ်သို့ ပစ်တင် လိုက်သည်။ လွယ်အိတ်သည် လိုရာသို့မရောက်ဘဲ ကြမ်းပြင်ပေါ်သို့ ကျသွားသည်။



⇦ http://www.shwezinu.com ⇧

"အပစ်မတော်ဘူး"
သူငယ်လေးက ပြောလိုက်သည်။ ထိုသို့ပြောပြီးနောက် လွယ်အိတ်ကို ပြန်ကောက်ယူပြီး ပထမ အကြိမ်ပစ်သည့်နေရာမှပင် လွယ်အိတ်ကို ဒုတိယအကြိမ် ထပ်မံပစ်တင်ပြန်သည်။ လွယ်အိတ် သည် စင်ပေါ် သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားသည်။
"အပစ်တော်သွားပြီ"

သူငယ်လေးသည် ထိုသို့အော်ပြောပြီးလျှင် သူ၏စာရေးစားပွဲ ရှိရာသို့လာသော လွယ်အိတ်ကို ဆွဲယူ လိုက်ပြီး မှတ်စုစာအုပ်နှင့် ခဲတံဗူးကို ထုတ်ယူလိုက်သည်။ မီးရထားတွဲထဲ၌ တပည့်ကိုးယောက် ရှိလေသည်။ သူတို့သည် တိုမိုဂါကူးအန်၌ ပထမတန်းတွင် ပညာ ဆည်းပူးနေကြသူများ ဖြစ်သည်။
သူတို့သည် မီးရထားတစ်စင်းတည်း၌ အတူတကွ ခရီးသွားကြမည့်သူများပင် ဖြစ်တော့သည်။

<u>**တိုမိုဲ မှ ကျောင်းသင်ခန်းစာများ**</u>

မီးရထားတွဲထဲ၌ စာသင်ရခြင်းသည် တမူထူးခြားသလို ထိုင်ခုံများ နေရာချထားပုံမှာလည်း အခြား ကျောင်းနှင့်မတူဘဲ ဆန်းဆန်းပြားပြား ဖြစ်နေသည်။ အခြားကျောင်းတွင် ကျောင်းသားတိုင်း အတွက် စာရေးစားပွဲနှင့် ထိုင်ခုံကို သတ်မှတ်ပေးထားသော်လည်း ဤကျောင်း၌မူ ကျောင်းသား များကို မည်သည့် အချိန်အခါ၌ဖြစ်စေ၊ မိမိတို့ ထိုင်ချင်သည့် နေရာတွင် ထိုင်ရန် ခွင့်ပြုထားလေ သည်။
တော့တိုး-ချန်သည် အချိန်ကြာကြာ စဉ်းစား၍ ပတ်ဝန်းကျင်ကို အကဲခတ်ပြီးတော့မှ ယနေ့နံနက် တွင် ကျောင်းသို့ သူမရောက်ပြီး ခဏအကြာ ရောက်လာသည့် ကျောင်းသူကလေးနားတွင် ထိုင်ရန် ဆုံးဖြတ်ချက် ချလိုက်သည်။ အဘယ်ကြောင့်ဆိုသော် ထိုမိန်းကလေးငယ်သည် နားရွက်ရှည်ရှည် ယုန်ရုပ် ပါသည့် ဂါဝန်လှလှကလေးကို ဝတ်ထားသောကြောင့် ဖြစ်သည်။

ဤကျောင်း၏ ထူးခြားမှုများအနက် အထူးခြားဆုံးမှာ ကျောင်းသင်ခန်းစာများ သင်ကြားမှု၌ပင် ဖြစ် သည်။
ကျောင်းများတွင် သာမန်အားဖြင့် ပထမအချိန်၌ ဂျပန်စာကို သင်ကြားကြသည်။ ထိုအချိန်တွင် ဂျပန်စာ ကိုသာ ဖတ်ကြ၊ မှတ်ကြ၊ ရေးကြ၊ စာအံကြရမည် ဖြစ်သည်။ ထို့နောက် ဒုတိယအချိန်သို့ ရောက်သောအခါ အခြားဘာသာရပ်တစ်ခုခုကို ပြောင်းလဲသင်ကြရမည် ဖြစ်သည်။ ဥပမာအားဖြင့် ဒုတိယအချိန်တွင် ဂဏန်းသင်္ချာကို သင်ရန် သတ်မှတ်ထားပါက တပည့်များသည် ထိုအချိန်၌ ဂဏန်းသင်္ချာကိုသာ တွက်ကြရမည်၊ လေ့လာကြရမည်၊ မှတ်သားကြရမည် ဖြစ်သည်။

⇧ http://www.shwezinu.com ⇩

သို့သော်လည်း ဤကျောင်း၌မူ ထိုကဲ့သို့ မဟုတ်ဘဲ ကွဲပြားခြားနားမှု ရှိသည်။ ပထမအချိန်စတင် သောအခါ ဆရာမသည် ထိုနေ့အတွက် သင်ရန် မှတ်ထားသည့် ဘာသာရပ်များအားလုံး၏ သင်ခန်းစာများအကြောင်း၊ မေးခွန်းပုစ္ဆာများနှင့် ပြဿနာများကို စာရင်းပြုလုပ်ကိုင်သည်။ ၎င်းနောက် ဆရာမက ...

"ကဲ တပည့်တို့၊ အခုအချိန်ကစပြီး မင်းတို့နှစ်သက်တဲ့ ဘာသာရပ်ကို စတင်ပေတော့" ဟု ပြောလိုက်လေသည်။

ထိုအခါ တပည့်တစ်ဦးဦးသည် ဂျပန်စာ၊ သို့မဟုတ် ဂဏန်းသင်္ချာ သို့မဟုတ် အခြားဘာသာတစ်ခု ကို စတင် လေ့လာလိုက ကြိုက်သလို လေ့လာဆည်းပူးနိုင်လေ ည်။ ကျောင်းသားတစ်ယောက် က စာစီစာကုံး ရေးသားနေစဉ် သူ၏နောက်ခုံမှ ကျောင်းသားသည် သိပ္ပံဘာသာရပ်ကို လက်တွေ့ လေ့လာကောင်း လေ့လာ နေပေမည်။ လက်တွေ့လုပ်သဖြင့် ကွဲသံ၊ ရှသံ၊ ပေါက်ကွဲသံများ ထွက် ပေါ်လာကောင်း ထွက်ပေါ်လာပေမည်။

ဤသင်ကြားနည်းစနစ်က ဆရာဆရာမများကို သူတို့၏ တပည့်များအကြောင်း ပိုမိုသိရှိနိုင်အောင် အထောက် အကူ ပေးလေသည်။ ကလေးသူငယ်များသည် တဖြည်းဖြည်းနှင့် အတန်းကြီးများသို့ တစ်ဆင့်ပြီး တစ်ဆင့် တက်သွားရမည်ဖြစ်လေရာ မည်သည့်တပည့်သည် မည်သည့်ဘာသာရပ်၌ ပိုမိုအားသန်သည်၊ စိတ်ဝင်စား မှုရှိသည်၊ မည်သည့်အကျင့်စာရိတ္တမျိုး ရှိသည်၊ မည်သို့ တွေးခေါ် တတ်သည်ဆိုသည်များကို ဆရာ၊ ဆရာများ ပိုမိုသိရှိနိုင်၏။ ဤသင်ကြားရေးနည်းစနစ်သည် ဆရာများက မိမိတပည့်များ အကြောင်း ပိုမို၍ အတွင်းကျကျ သိရှိစေနိုင်သော နည်းစနစ် ဖြစ်သည်။

ကျောင်းသားများအနေဖြင့် သူတို့ စိတ်အဝင်စားဆုံး ဘာသာရပ်ကို ပထမဆုံးစတင်လေ့လာမည် မှာ အမှန်ပင် ဖြစ်သည်။ စာသင်ရာ၌ လွတ်လပ်မှု ရှိ၏။ လိုအပ်ပါက တပည့်များသည် ဆရာ့ထံ အချိန်မရွေး သွားရောက်ကာ မရှင်းသည့် အချက်များကို မေးနိုင်၏။ ဆွေးနွေးနိုင်၏။ ဆရာ ကလည်း တပည့်များထံသို့ လာရောက်ပြီး အခက်အခဲများနှင့် ပြဿနာများရှိက ရှင်းပြရန် ဝန်မ လေးပေ။ တပည့်များ နားလည် သဘောပေါက်သည်အထိ ဆရာက ရှင်းပြသည်။ ထို့နောက် တပည့် များသည် သူတို့၏ ကျောင်းသင်ခန်း စာများကို ဆရာ၏ အကူအညီမပါဘဲ ကိုယ်ပိုင်ဉာဏ်ဖြင့် ဆက်လက်ပြုလုပ်ကြသည်။ ဆရာက စာသင်နေစဉ် တပည့်များသည် စိတ်ပါသည်ဖြစ်စေ၊ စိတ်မပါသည်ဖြစ်စေ ထိုင်၍ နားထောင်ရသည့် အဖြစ်မျိုး ဤကျောင်း၌ မရှိပေ။

ဤကျောင်းမှ ပထမတန်း ကျောင်းသားများအနေဖြင့် အတန်းကြီးများမှ ကျောင်းသားများကဲ့သို့ လွတ်လွတ်လပ်လပ် စာသင်ကြားခွင့် မရရှိသော်လည်း သူတို့အနေဖြင့် သူတို့သင်ကြားလိုသည့် ဘာသာရပ်မှ စတင်သင်ကြားခွင့်ကိုမူ ရရှိကြလေသည်။



⇧ http://www.shwezinu.com ⇩

အချို့ကျောင်းသားများသည် အက္ခရာများကို ကူးရေးနေကြ၏။ အချို့က ပုံဆွဲနေကြသည်။ အချို့ မှာမူ ဖတ်စာအုပ်ကို ဖတ်နေကြသည်။ တော့တိုး-ချန်အနီးတွင် ထိုင်နေသော မိန်းကလေးသည် အက္ခရာ အားလုံးကို သိသည်။ သူမ၏ မှတ်စုစာအုပ်ထဲ၌ အက္ခရာများကို ရေးနေသည်။ အစိမ်း သက်သက် ဖြစ်နေ သေးသော တော့တိုး-ချန်သည် စိတ်လှုပ်ရှားမှု အနည်းငယ်ဖြစ်နေပြီး ဘာလုပ် ရမှန်းမသိ ဖြစ်နေသည်။

ထိုအခိုက်သူမ၏ အနောက်ဘက်ရှိခုံတွင် ထိုင်နေသော ကျောင်းသားကလေးသည် ထိုင်ရာမှ ထပြီး သူ၏မှတ်စုစာအုပ်ကို ယူ၍ ကျောက်သင်ပုန်းကြီးဘက်ဆီသို့ သွားသည်။ သူသည် ဆရာမထံသို့ စာမေးရန် သွားခြင်း ဖြစ်သည်။ ဆရာမသည် ကျောက်သင်ပုန်းကြီးအနီးရှိ စားပွဲတွင် ထိုင်ရင်း အခြားတပည့်တစ်ဦးကို သင်ဖို့စာနှင့် ပတ်သက်၍ ရှင်းပြလျက် ရှိသည်။ တော့တိုး-ချန်သည် အခန်း ဂန့်ကျင်တစ်ခုလုံးကို ကြည့်ရှုအကဲခတ်မှု မပြုတော့ဘဲ သူမ၏ လက်ဖဝါးနှစ်ဖက်ပေါ်တွင် မေးစေ့ ကို ထောက်ရင်း လမ်းလျှောက် သွားနေသော ထိုကျောင်းသား၏နောက်ကျောကို စိုက်ကြည့်နေမိသည်။ ထိုကျောင်းသား လမ်းလျှောက် သည့်အခါ ခြေထောက်များဆွဲနေပြီး သူ၏ခန္ဓာကိုယ်တစ်ခုလုံး မှာလည်း ကြောက်စရာ ကောင်းလောက် အောင် ယိုင်ထိုးသွားသည်။ အစပထမတွင် တော့တိုး-ချန် ၏ စိတ်ထဲ၌ ထိုကျောင်းသား သည် နောက်ပြောင် သည့်သဘောဖြင့် ဤကဲ့သို့ လမ်းလျှောက်သည် ဟု ထင်မိသည်။

သို့သော်လည်း သူသည် နောက်ပြောင်နေခြင်း မဟုတ်ကြောင်းကို များမကြာမီ သူမ သိရှိသွားသည်။

ထိုကျောင်းသား သူ၏စာရေးစားပွဲရှိရာသို့ ပြန်လာသည်ကို တော့တိုး-ချန် စောင့်ကြည့်နေမိသည်။ သူတို့ နှစ်ယောက် အကြည့်ချင်းဆုံ သွားကြသည်။ ကျောင်းသားကလေးက ဦးစွာ ပြုံးပြလိုက်သည်။ ထို့ကြောင့် တော့တိုး-ချန် သည် ခပ်မြန်မြန်ပြုံးပြလိုက်သည်။ သူမ၏နောက်တွင်ရှိသော သူ၏ ထိုင်ခုံ ပေါ်တွင် နေရာတကျ ပြန်ထိုင်နိုင်ဖို့အတွက် သူသည် အချိန်များများ ပိုယူရသည်။

တော့တိုး-ချန် သည် နောက်သို့ လှည့်လိုက်ပြီး "နင်ဘာဖြစ်လို့ပ အဲဒီလို လမ်းလျှောက်ရတာလဲ"ဟု မေးမြန်း လိုက်သည်။

"ငါ့မှာ ပိုလီယိုရောဂါ ရခဲ့လို့" ဟု သူသည် တည်ငြိမ်စွာ ပြန်ဖြေလိုက်သည်။ သူ၏လေသံမှာ သိမ်မွေ့ ၏။

"ပိုလီယို ဟုတ်လား"

တော့တိုး-ချန်၏ နှုတ်မှ အသံထွက်သွားသည်။ ထိုစကားလုံးကို သူမ ယခင်က မကြားဖူးဘူး။

"ဟုတ်တယ် ပိုလီယို"

သူသည် လေသံတိုးတိုးဖြင့် ပြောလိုက်လေသည်။

"ငါ့ခြေထောက်မှာသာ မဟုတ်ဘူး၊ လက်မှာလဲ အဲဒီအတိုင်းပဲ"



⇧ http://www.shwezinu.com ⇩

သူသည် လက်ကိုဆန့်တန်းပြလိုက်သည်။ တော့တိုး-ချန်သည် သူ၏ ဘယ်ဘက်လက်ကို ကြည့် လိုက်သည်။ သူ၏ ရှည်လျားသော လက်ချောင်းများမှာ ကွေးကောက်နေပြီး ၎င်းတို့အားလုံး ပူးကပ် နေသည်ဟု ထင်မှတ်ရသည်။

"ဒါနဲ့ ပတ်သက်လို့ ပျောက်ကင်းအောင် သူတို့လုပ်မပေးနိုင်ကြဘူးလား"ဟု သူမက မေးလိုက် သည်။ သူပြန် မဖြေချေ။ တော့တိုး-ချန်သည် စိတ်မကောင်းဖြစ်သွားပြီး ထိုမေးခွန်းကို မမေးမိလျှင် အကောင်းသားဟု နောင်တရလိုက်သည်။ သို့သော်လည်း ထိုကျောင်းသားက ...

"ငါ့နာမည် ယာဆူအာကီ ယာမာမိုတို၊ နင့်နာမည်ရော" ဟု မေးလိုက်သည်။ သူ၏ ရွှင်ရွှင် လန်းလန်းရှိသော အသံကို နားထောင်လိုက်ရသောအခါ သူမ ဝမ်းမြောက်သွားသည်။

"ငါ့နာမည် တော့တိုး-ချန်"

ဤသို့အားဖြင့် ယာဆူအာကီ ယာမာမိုတိုနှင့် တော့တိုး-ချန်တို့သည် သူငယ်ချင်းဘဝသို့ ရောက်ရှိ သွားကြလေတော့သည်။

နေရောင်ခြည်ကြောင့် မီးရထား၏ အတွင်းတွင် ပူအိုက်လာသည်။ ကျောင်းသားတစ်ယောက်က ပြတင်း ပေါက်ကို ဖွင့်လိုက်သည်။ နွေဦးရာသီ၏ သန့်ရှင်းလတ်ဆတ်သော လေပြည်လေညင်းသည် မီးရထား တွဲထဲသို့ တိုးဝင်လာပြီး ကလေးများ၏ ဆံပင်များကို တိုက်ခတ်သွားလေတော့၏။

ဤကဲ့သို့ တိုမိုဥ တော့တိုး-ချန်၏ ပထမနေ့သည် စတင်ခဲ့လေသည်။

## <u>ပင်လယ်မှ အစားအစာနှင့် ကုန်းပေါ်မှ အစားအစာ</u>

တော့တိုး-ချန် အထူးမျှော်လင့်စောင့်စားနေသော နေ့လယ်စာစားရန် အချိန်ဖြစ်သည့် "ပင်လယ် သမုဒ္ဒရာထဲက တစ်မျိုးမျိုး၊ တောင်ကုန်းတွေပေါ်က တစ်မျိုးမျိုး" အချိန်သည် ကျရောက်၍ လာလေ ပြီ။

ကျောင်းအုပ်ဆရာကြီးသည် သူ၏တပည့်များအား နေ့လယ်စာအတွက် ထမင်းအပြင် ဟင်းကို ပင်လယ်မှ ရသော အစားအစာနှင့် ကုန်းမြေပေါ်မှရသော အစားအစာများဖြင့် မျှမျှတတ ယူလာစေ လိုသော ရည်ရွယ်ချက် ရှိလေသည်။ ဆရာကြီးသည် မိဘအုပ်ထိန်းသူများအား "သင်တို့ကလေး များအား မည်သည့်အစားအစာကိုမဆို စားတတ်အောင်နှင့် စားနိုင်အောင် လေ့ကျင့်ပေးပါ။ သူတို့ ၏ နေ့လယ်စာ အတွက် ဘာဟာရဖြစ်စေမည့် အစားအစာများ ထည့်ပေးပါ"ဟု မပြောတော့ဘဲ၊ "ပင်လယ် သမုဒ္ဒရာထဲက တစ်မျိုးမျိုး၊ တောင်ကုန်းတွေပေါ်က တစ်မျိုးမျိုး"ဟုသော အသုံးအနှုန်း ကို သုံးလိုက်ခြင်း ဖြစ်သည်။

"ပင်လယ်သမုဒ္ဒရာထဲက တစ်မျိုးမျိုး"၏ အဓိပ္ပာယ်မှာ ငါးပုစွန်၊ ကဏန်းစသော ပင်လယ်မှ



⇧ http://www.shwezinu.com ⇩

အစား အစာများကို ဆိုလိုခြင်းဖြစ်ပြီး၊ "တောင်ကုန်းများပေါ်မှ တစ်မျိုးမျိုး" ဆိုသည်မှာ ဟင်းသီးဟင်းရွက် များ၊ အမဲသား၊ ဂဏ်သား၊ ကြက်သားစသော အစားအစာများကို ဆိုလိုခြင်း ဖြစ်သည်။

အမေသည် ဆရာကြီး၏ စကားလုံးအသုံးအနှုန်းကို အလွန်သဘောကျသည်။ ဆရာကြီး၏ အစီ အစဉ်သည် ရိုးရိုး ရှင်းရှင်းနှင့် ထိရောက်မှု ရှိလေသည်။

ထို့အပြင် ဆရာကြီးသည် သူ၏တပည့်များအား နေ့လယ်စာအတွက် ဈေးကြီးကြီးပေး၀ယ်ရသော အစားအစာ များကိုသာ ယူလာရမည်ဟု မဆိုလိုကြောင်း၊ ဈေးနှုန်းချိုသာသော အစားအစာများ၊ ဥပမာ ပင်လယ် သမုဒ္ဒရာမှရသော နိရီ (ကျောက်ပွင့်တစ်မျိုး)နှင့် ကုန်းပေါ်မှရသော ဆီးသီးများကို လည်း ထည့်ယူ လာနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

ကျောင်းအုပ်ဆရာကြီးက နေ့လယ်စာ အစားအစာဗူးများကို လိုက်လံကြည့်ရှုနေသည်ကို တော့တိုး-ချန်သည် ယမန်နေ့ကအတိုင်းပင် စိတ်လှုပ်ရှားစွာ စောင့်ကြည့်နေမိသည်။ "မင်းဆီမှာ ပင်လယ်သမုဒ္ဒရာထဲက တစ်မျိုးမျိုးနဲ့ တောင်ကုန်းတွေပေါ်က တစ်မျိုးမျိုးပါရဲ့လား"

ဆရာကြီးသည် ဗူးတိုင်းကို ကြည့်ရှုရင်း မေးလိုက်သည်။ ကျောင်းသားများ မည်ကဲ့သို့သော ပင်လယ် အစားအစာနှင့် ကုန်းပေါ်မှ အစားအစာများ ည့်ယူလာကြပါလိမ့်မည်ဆိုသည်ကို ကြည့်ရှုရခြင်းသည် အလွန် စိတ်ဝင်စားဖွယ်ရာ ကောင်းလှပေသည်။

အမေသည် တစ်ခါတစ်လေ အလွန်အလုပ်များတတ်သည်။ ထိုအခါမျိုး၌ သူမ၏ကလေး ည် တောင်ကုန်းများပေါ်မှ အစားအစာတစ်မျိုးမျိုး၊ သို့မဟုတ် ပင်လယ်ထဲမှ အစားအစာ တစ်မျိုးမျိုးကို သာ ယူလာ နိုင်လေသည်။ သို့သော်လည်း ကိစ္စ မရှိပါ။ ကျောင်းအုပ်ဆရာကြီး လှည့်ပတ်ကြည့်ရှုမှု ပြုလုပ်သောအခါ ဆရာကြီး၏ ဇနီးသည် ထမင်းချက်များဝတ်သော အဝတ်ဖြူကိုဝတ်၍ သူမ၏ လက်တစ်ဖက် စီတွင် ဟင်းခွက်တစ်ခွက်စီကိုင်ကာ နောက်မှလိုက်သည်။ ဆရာကြီးက တပည့် တစ်ယောက် ယောက်၏ ရှေ့တွင်ရပ်ပြီး "ပင်လယ်သမုဒ္ဒရာ"ဟု ပြောလိုက်ပါက သူမသည် "ပင်လယ် သမုဒ္ဒရာ" ဟင်းခွက်ထဲမှ ငါးဟင်းနှစ်ဖက်ကို ခပ်၍ ထည့်ပေးလိုက်မည် ဖြစ်သည်။ အကယ်၍ ဆရာကြီးက "တောင်ကုန်းများ" ဟု ပြောလိုက်ပါမူ၊ သူမသည် "တောင်ကုန်းများ" ဟင်းခွက်ထဲမှ အာလူးဟင်းကို ခပ်ထည့် ပေးလိုက်မည် ဖြစ်သည်။

မည်သည့်ကျောင်းသားကမျှ "ငါးဟင်းမကြိုက်ပါဘူး" ဟူ၍ မပြော။ "ကျွန်တော့်အိမ်က ဟင်းက ကောင်းတယ်" ကျွန်မအိမ်က ဟင်းက မကောင်းဘူး" ဟူ၍ မပြောကြ။ သူတို့သိထားကြသည့် အချက်မှာ ပင်လယ်ထဲက အစားအစာနှင့် တောင်ကုန်းများပေါ်က အစားအစာနှစ်မျိုးကို စားကြဖို့ ပင် ဖြစ်သည်။ နေ့လယ်စာ စားပြီးသောအခါ အစားအစာနှစ်မျိုးကို စားကြဖို့ပင် ဖြစ်သည်။ နေ့လယ် စာစားပြီးသောအခါ သူတို့၏

⇧ http://www.shwezinu.com ⇩

အာသီသပြည့်ဝသွားလေပြီ။ သူတို့၏ စိတ်ဓာတ်သည် တက်ကြွလာ ၏။ လန်းဆန်းလာ၏။

အမေသည် တော့တိုး-ချန်အတွက် နေ့လယ်စာကို ခပ်သွက်သွက် ချက်ပြုတ်ပြီး ထည့်ပေးလိုက် သည်။ နေ့လယ်စာစားချိန်၌ သူမ၏ ဗူးများကို ဖွင့်လိုက်သောအခါ ဟင်းမျိုးစုံကို တွေ့ရသည့် အတွက် "အိုးကောင်းလိုက်တာ၊ ကောင်းလိုက်တာ" ဟု တော့တိုး-ချန်၏ နှုတ်မှ အသံထွက်သွား သည်။ တော့တိုး-ချန်၏ ဗူးထဲ၌ ကြက်ဥကြော်၊ ပဲသီးကြော်၊ 'ဒင်ဘူး'နှင့် ငါးဥကြော်များ ပါဝင်သည်။ ဟင်းလျာများ၏ အရောင်များမှာ အစိမ်းရောင်၊ ပန်းရောင်၊ အညိုရောင်၊ အဝါရောင် စသည်ဖြင့် ပန်းဥယျာဉ် သဖွယ် ရောင်မျိုးစုံလင်လှပေသည်။

"သိပ်စုံတာပဲ"
ဆရာကြီး က ပြောလိုက်သည်။ တော့တိုး-ချန် တစ်ကိုယ်လုံး လှုပ်ရှားသွားသည်။ "အမေဟာ အချက် အပြုတ် သိပ်တော်ပါတယ်" ဟု ပြောလိုက်သည်။
"ဟုတ်လား"
ဆရာကြီးသည် ထိုသို့ပြောပြီးနောက် ဗူးထဲမှ အညိုရောင်ဒင်ဘူး ဟင်းလျာကို လက်ညှိုးထိုးကာ "ကောင်းပြီ၊ အဲဒါဘာလဲ၊ အဲဒီဟင်းဟာ ပင်လယ်သမုဒ္ဒရာထဲကလား၊ တောင်ကုန်းတွေပေါ်ကလား" ဟု မေးလိုက် လေ တော့သည်။

တော့တိုး-ချန်သည် ဒင်ဘူးဟင်းကို ကြည့်လိုက်သည်။ ပင်လယ်သမုဒ္ဒရာထဲက ရသလား၊ တောင် ကုန်းတွေပေါ်က ရသလားဆိုသည်ကို မှန်အောင်မပြောနိုင်။ အရောင်မှာ မြေကြီးရောင် ဖြစ်သည့် အတွက် တောင်ကုန်းတွေပေါ်ကရတာ ဖြစ်နိုင်သည်။ သို့သော် သူမသည် တိတိကျကျ မပြောနိုင် ချေ။ ထို့ကြောင့် ...
"ကျွန်မ မသိပါဘူး" ဟု ပြောလိုက်သည်။
ထိုအခါ ဆရာကြီးက ကျောင်းသားအားလုံးကို မေးလိုက်သည်။

"ဒင်ဘူးကို ဘယ်ကရသလဲ သိကြသလား၊ ပင်လယ်သမုဒ္ဒရာထဲကလား၊ တောင်ကုန်းတွေ ပေါ်ကလား"
သူတို့အားလုံး ခေတ္တခဏမျှ စဉ်းစားလိုက်ကြသည်။ ခဏအကြာတွင် အချို့က "ပင်လယ် သမုဒ္ဒရာထဲက" ဟူ၍လည်းကောင်း၊ အချို့က "တောင်ကုန်းတွေပေါ်က" ဟူ၍ လည်းကောင်း ဖြေ ကြသည်။ မည်သူမျှ တိတိကျကျ သိကြဟန်မတူ။
"ကောင်းပြီ၊ မင်းတို့ကို ဆရာကြီး ပြောပြမယ်၊ နားထောင်ကြ၊ ဒင်ဘူးဟာ၊ ပင်လယ်သမုဒ္ဒရာထဲက ရတယ်"
"ဘာဖြစ်လို့"

ခပ်ဂဂကျောင်းသားတစ်ယောက်က မေးလိုက်သည်။



⇧ http://www.shwezinu.com ⇩

စက်ပိုင်းပုံသဏ္ဍာန် ခင်းကျင်းထားသော စာရေးစားပွဲများ၏ အလယ်တွင် မတ်တတ်ရပ်ရင်း ဆရာကြီးက ...

"ဒင်ဘူးကို ဘယ်လိုလုပ် ရသလဲဆိုရင် ငါးကို ပထမပြုတ်လိုက်ရတယ်၊ ပြီးတော့ အရိုးတခြား အသား တခြားဖြစ်သွားအောင် ခြစ်ထုတ်ရတယ်။ အသားတွေကို ပေါင်းအိုးနဲ့ပ ထပ်ပေါင်းပြီးရင် ကြေသွားအောင် ကြိတ်၊ ဟင်းခတ်ပစ္စည်းတွေနဲ့ရောပြီးတော့ အခြောက် လှမ်းလိုက်။ ဒင်ဘူးဖြစ်လာ ရော" ဟု ရှင်းပြ လိုက်သည်။

"အိုး"

ကလေးများအားလုံး၏ နှုတ်ဖျားမှ စိတ်ဝင်စားစွာဖြင့် အသံထွက်သွားလေသည်။ ထို့နောက် ကျောင်းသားတစ်ယောက်က တော့တိုး-ချန်၏ ဒင်ဘူးကို ကြည့်နိုင်ပါသလားဟု မေး လိုက်သည်။

"ကြည့်နိုင်တာပေါ့" ဟု ဆရာကြီးက ထိုသို့ပြောလိုက်သောအခါ ကျောင်းသားအားလုံး သည် တော့တိုး-ချန် ဒင်ဘူးဟင်းကို လာကြည့်ကြလေတော့သည်။

အချို့ကျောင်းသားကျောင်းသူများ သည် ဒင်ဘူးဟင်းကို မြင်ဖူး စားဖူးကြသော်လည်း သူတို့မြင်ဖူး စားဖူးသော ဒင်ဘူးနှင့် တော့တိုး-ချန်၏ ဒင်ဘူးမည်သို့ ကွာခြားမှု ရှိသည် ဆိုသည်ကို လေ့လာစူးစမ်းလိုသောကြောင့် လာကြည့်ကြ ခြင်း ဖြစ်ပြီး၊ အချို့မှာမူ သူများကြည့်၍ လိုက်ကြည့်ကြခြင်း ဖြစ်သည်။ ကျောင်းသားခပ်များများ သည် ဒင်ဘူးဟင်းကို နမ်းကြည့်ကြသည့်အတွက် တော့တိုး-ချန်သည် သူမ၏ဟင်းမှ အဖတ်အချို့ လွင့်စဉ်သွားမှာကို စိုးရိမ်မကင်း ဖြစ်သွားမိသည်။

ထိုပထမနေ့ နေ့လယ်စာစားချိန်က တော့တိုး-ချန်၏ စိတ်သည် အနည်းငယ် လှုပ်လှုပ်ရှားရှား ဖြစ် မိသည်။ သို့သော် လည်း ပျော်ဖို့တော့ ကောင်းပါသည်။ မည်သည့်အစားအစာသည် ပင်လယ် သမုဒ္ဒရာထဲက ရသော အစားအစာ ဖြစ်သည်။ မည်သည့်အစားအစာသည် ကုန်းမြေပေါ်ကရသော အစားအစာ ဖြစ်သည် ဆိုသည်ကို စဉ်းစားရသော အလုပ်မှာ ပျော်စရာတစ်မျိုးပင် ဖြစ်တော့၏။

ဒင်ဘူးသည် ငါး၏အသားဖြင့် ပြုလုပ်ထားသော အစားအစာ တစ်မျိုးဖြစ်ကြောင်းကို တော့တိုး-ချန် သိရှိ လိုက်ရလေပြီ။ အမေသည် သမီးအတွက် ပင်လယ်သမုဒ္ဒရာတစ်မျိုးမျိုး၊ တောင်ကုန်းတွေပေါ် က တစ်မျိုး မျိုး ကို ချက်ပြုတ်ပေးရန် မမေ့ခဲ့။ အားလုံးအဆင်ပြေ သည်။ ချောချောမောမော ရှိသည်။ ထို့ကြောင့် တော့တိုး-ချန် သည် ကျေနပ်နှစ်သိမ့်မှုကို ရရှိလိုက်သည်။

သူမအား နောက်ထပ်ကျေနပ်နှစ်သိမ့်မှု ပေးသည့်အချက် တစ်ချက် ရှိသေး၏။ အမေချက်ပြုတ် ပေးသည့် နေ့လယ်စာကို စားလိုက်ရသောအခါ အရသာအလွန် ရှိလှပါဘိ။ စားဖို့ကောင်းလှပါဘိ။

⇧ http://www.shwezinu.com ⇩

<u>ညက်ညက်ဂါးဂါး</u>

သာမန်အားဖြင့် အစားအစာကိုစတင် စားသောက်သည်နှင့် "ဒီတာဒါကီမာဆု" (ကျွန်ုပ်သည် ကျေးဇူးတင်စွာဖြင့် ပါဂင်စားသောက်ပါသည်)ဟု ပြောဆိုလေ့ရှိသော်လည်း တိုမိုဂါကူအန်၌မူ ခြားနားမှု ရှိလေသည်။ အစားအစာမစားမီ ကျောင်းသားတိုင်း သီချင်းဆိုရသည်။ ကျောင်းအုပ် ဆရာကြီးသည် တေးဂီတ သမားတစ်ယောက် ဖြစ်သည်။ သူသည် နေ့လယ်စာမစားမီ သီဆိုရန် သီချင်းတစ်ပုဒ်ကို အထူး ရေးစပ်ထားသည်။ "လော့် လော့် လော့ကိုလော့်" ဟူသော ထင်ရှားသည့် တေး၏ တေးသွားအလိုက်အတိုင်း ရေးဖွဲ့ထားသော သီချင်းဖြစ်သည်။
ဆရာကြီး၏ သီချင်းပါ စာသားများမှာ

"ဂါးပါ ဂါးပါ ညက်ညက်ဂါးပါ သင်စားမည့် အစားအစာတိုင်းကိုသာ ဂါးပါ ဂါးပါ ညက်ညက်ဂါးပါ ညက်ညက်ဂါးပါ သင်စားမည့်ထမင်း ငါးဟင်းနှင့် အသားဟင်းတွေကိုသာ ..." ဟူ၍ ဖြစ်သည်။

ထိုသီချင်းကို သီဆိုပြီးသောအခါမှ ကျောင်းသားအားလုံးသည် "ဒီတာဒါကီမာဆု" ဟု ပြောကြရ လေသည်။

"လော့် လော့် လော့ကိုလော့်"
တေးသွားအလိုက်အတိုင်း ရေးဖွဲ့ထားသည့် ၎င်းသီချင်းကို နောင်နှစ်ပေါင်းများစွာ ကြာသောအခါ တွင်လည်း များစွာသော တပည့်များသည် အစားအစာမစားမီအမြဲ သီဆိုရမည့် သီချင်းဖြစ်သည်ကို စွဲမြဲစွာ မှတ်ယူထားကြလေသည်။

ဆရာကြီး၌ သွားအချို့မရှိတော့သည့်အတွက် ထိုသီချင်းကို ရေးခဲ့ခြင်း ဖြစ်သည်ဟု ယူဆမည် ဆိုက ယူဆနိုင်၏။ သို့သော်လည်း သူသည် သူ၏တပည့်များအား အစားအစာကို စားလျှင် ဖြည်းဖြည်းစားပါ။ အချိန်များများ ယူပြီး စားပါ။ စိတ်ကြည်နူးဖွယ်ရာ စကားများပြောရင်း စားကြပါ ဟု ပြောလေ့ရှိသည်။ ဆရာကြီးသည် တပည့်များအား သူပြောလေ့ရှိသည့်အထက်ပါ စကားများကို အစဉ်သတိရစေလိုသောဌာ" ညက်ညက်ဂါးပါ" သီချင်းကို စပ်ဆိုထားဟန် ရှိလေသည်။

ကျောင်းသားများအားလုံး အသံကုန်ဟစ်၍ သီချင်းဆိုပြီးသောအခါ "ဒီတာဒါကီမာဆု" ဟု ပြောပြီး ထိုင်ခုံများပေါ်တွင် ထိုင်ရင်း "ပင်လယ်သမုဒ္ဒရာထဲက တစ်မျိုးမျိုးနှင့် တောင်ကုန်းတွေပေါ်က တစ်မျိုးမျိုး" ကို စားကြလေတော့သည်။



⇧ http://www.shwezinu.com ⇩

ကျောင်းမှ လမ်းလျှောက်ထွက်ခြင်း

နေ့လယ်စာ စားပြီးသောအခါ တော့တိုး-ချန်သည် ကျောင်းဝင်းထဲရှိ မြေကွက်လပ်၌ အခြား ကျောင်းသား များနှင့်အတူ ကစားသည်။ ကစားပြီးသောအခါ သူတို့သည် စာသင်ခန်းသို့ ပြန်ဝင်လာ ကြသည်။ ဆရာမ သည် သူတို့ကို စောင့်နေသည်။

"ဒီနေ့မနက်မှာ မင်းတို့အားလုံး အလုပ်ကို ကြိုးစားလုပ်ခဲ့ကြတယ်၊ ဒါကြောင့် ဒီနေ့မွန်းလွဲပိုင်းမှာ မင်းတို့ဘာလုပ်ချင်ကြသလဲ"ဟု ဆရာမက မေးလိုက်သည်။ တော့တိုး-ချန်တစ်ယောက် သူမ ဘာလုပ်ချင်သည်ကို စဉ်းစားရန် အချိန်ပင် မရလိုက်မီ ကျန်ကျောင်းသား များထံမှ အသံသည် တညီတညွတ်တည်း ပေါ်ထွက်လာသည်။
"လမ်းလျှောက်ချင်တယ်"
"ကောင်းပြီ"

ဆရာမက ထိုသို့ပြောလိုက်သည်နှင့် ကလေးများအားလုံးတံခါးပေါက်များ ရှိရာသို့ အလုအယက် တိုးဝှေ့ထားကြလေတော့သည်။ တော့တိုး-ချန်သည် အဖေ၊ ရော့ကီတို့နှင့်အတူ လမ်းလျှောက်လေ့ ရှိသော်လည်း ကျောင်း၌ လမ်းလျှောက်ထွက်ရ သည်ဆိုသည်ကို သူမ မကြားဖူးချေ။ ထို့ကြောင့် အံ့ဩခြင်း ဖြစ်မိသည်။ သူမသည် လမ်းလျှောက်ခြင်းကို နှစ်သက်၏။ ထို့ကြောင့် ကြာကြာစောင့် ဆိုင်းမနေတော့။

နောင်သောအခါ တော့တိုး-ချန် သိရှိရသည်မှာ ကျောင်းသားများသည် နံနက်ပိုင်းအချိန်၌ ကြိုးကြိုး စားစား အလုပ်လုပ်ကြပြီး ကျောက်သင်ပုန်းကြီးပေါ်တွင် ဆရာမရေးသားထား သည့် အလုပ်များ အားလုံးကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါက မွန်းလွဲပိုင်းတွင် သူတို့အားလုံး လမ်းလျှောက်ခွင့်ရကြလေသည်။ ဤအခွင့်အရေးကို ပထမတန်းမှ ကျောင်းသား များဖြစ်ဖြစ်၊ ဆဋ္ဌမတန်းမှ ကျောင်းသားများဖြစ်ဖြစ် မည်သည့် အတန်းမှ ကျောင်းသားများ မဆို ရရှိကြလေသည်။

သူတို့အားလုံး ကျောင်းဝင်းတံခါးဝမှ ထွက်လာကြသည်။ ဆရာမနှင့် သူမ၏ တပည့်ကိုးယောက်။ သူတို့သည် စမ်းချောင်းကလေးနံဘေးမှ လမ်းလျှောက်သွားကြ လေသည်။ စမ်းချောင်းဘေး တဘက် တချက်စီတွင် ချယ်ရီပင်များ တန်းစီ ပေါက်ရောက်နေကြ၏။ ချယ်ရီပွင့်များမှာလည်း မကြာမီ ရက်ပိုင်း အတွင်းကပင် အစွမ်းကုန်ပွင့်ပြီးကြလေပြီ။ အဂါရောင် မုန်ညင်းပန်းပွင့်များမှာလည်း ကွင်းပြင်များ ထဲ၌ ပွင့်နေသည်ကို မျက်စိတဆုံး မြင်တွေ့နိုင်လေသည်။

"ငါတို့ ကူဟွန်းဘုတ်စု ဘုရားကျောင်းအထိ သွားကြရအောင်"



⇧ http://www.shwezinu.com ⇩

ယုန်အရုပ်ပါသည့် ဂါဂန်ကို ဂတ်ဆင်ထားသော မိန်းကလေးက ပြောလိုက်သည်။ သူမ၏ အမည်မှာ စက်ကိုး-ချန် ဖြစ်သည်။
"ငါတို့ ဟိုအရင်တစ်ခါသွားကြတုန်းက ရေကန်ထဲမှာ မြွေတစ်ကောင် တွေ့ခဲ့တယ်။ နောက်ပြီးတော့ ဘုရားကျောင်းဝင်းထဲမှာ ရေတွင်းဟောင်းကြီးတစ်ခု ရှိတယ်။ အဲဒီရေတွင်းဟာဆိုရင် ဟိုးရှေးရှေးတုန်းက မိုးပေါ်က ကျလာတဲ့ ကြယ်ပျံကြီးကြောင့် ဖြစ်ပေါ်နေတဲ့ ရေတွင်းလို့ ပြောကြ တာပဲ"ဟု စက်ကိုး-ချန်က ပြောလိုက်ပြန်သည်။

ကလေးများသည် လမ်းလျှောက်သွားရင်း သူတို့ပြောလိုသည့် အကြောင်းအရာများကို ပြောဆိုသွား ကြလေသည်။ မိုးကောင်းကင်မှာ အပြာရောင်သမ်းနေ၏။ လေထဲတွင် အတောင်ပံများကို တဖျပ်ဖျပ်ခတ်၍ ပျံသန်း သွားလာ နေ ကြသော လိပ်ပြာများ၏ အရေအတွက်မှာလည်း မနည်းလှပေ။ ဆယ်မိနစ်ခန့်လမ်းလျှောက် ပြီးသောအခါ ဆရာမသည် ရပ်လိုက်သည်။ သူမသည် အဝါရောင် ပန်းပွင့်များ ကို လက်ညှိုးထိုးပြီး "အဲဒီမုန်ညင်းပွင့်တွေကို ကြည့်ကြစမ်း၊ ပန်းတွေဘာဖြစ်လို့ ပွင့် တယ်ဆိုတာ မင်းတို့ သိကြရဲ့လား" ဟု မေးလိုက်သည်။

ဆရာမက ဂက်ဆံမများနှင့် ဂက်ဆံဖိုများအကြောင်းကို ရှင်းပြရာ ကျောင်းသားကလေး များသည် လမ်းနံဘေးသို့ ဆင်း၍ ဆောင့်ကြောင့်ထိုင်ကာ ပန်းပွင့်များကို လေ့လာကြလေ တော့သည်။ ပန်းများ ပွင့်နိုင်ရန် လိပ်ပြာများက အကူအညီပေးပုံအကြောင်းကိုလည်း ဆရာမက ဆက်လက် ရှင်း ပြသည်။ မှန်ပါ၏။ လိပ်ပြာများသည် ပန်းများပွင့်နိုင်ရန် အလုပ်များနေကြသည်မှာ မှန်ပါ၏။ ထို့နောက် ဆရာမသည် ဆက်လက်ထွက်ခွာပြန်ရာ ကလေးများသည် ပန်းများကို လေ့လာရခြင်း ကို ရပ်နား၍ မတ်တတ်ရပ်လိုက်ကြပြီး ဆရာမနောက်သို့ ဆက်လိုက်ကြသည်။ "သူတို့ရဲ့ ပုံသဏ္ဌာန်ဟာ ပစ္စတိုသေနတ်နဲ့ မတူဘူးနော်" ကျောင်းသားတစ်ယောက်က ပြောလိုက်လေသည်။

ထိုကျောင်းသား ပြောသည့်အတိုင်းပင် တော့တိုး-ချန်ကလည်း တူသည်ဟု မထင်ချေ။ သို့သော် လည်း အခြား ကျောင်းသားများနည်းတူ ဂက်ဆံနှင့် ဂက်ဆံဖိုများ၏ အရေးကြီးနေပုံကို သူမ သေသေချာချာ သိရှိခဲ့လေပြီ။ နောက်ထပ် ဆယ်မိနစ်ခဲ့ လမ်းလျှောက်မိကြပြန်သောအခါ သစ်ပင်ကြီးများ ထူထပ်စွာ ပေါက်နေသည့် ဥယျာဉ်ကြီးတစ်ခုက တွေ့လိုက်ရသည်။ ၎င်းဥယျာဉ်ကြီးသည် ကူဟွန်းဘုတ်စုဟုခေါ်တွင် သော ဘုရားကျောင်းကို ဂန်းရံထားသော ဥယျာဉ်ကြီး ဖြစ်လေသည်။ ဘုရားကျောင်းဂင်ထဲသို့ ဂင်ရောက်မိ ကြသော အခါ ကျောင်းသားများသည် အုပ်စုကွဲသွားကြပြီး မိမိတို့ကြည့်လိုသည်များကို သွားကြည့်ကြ လေတော့၏။

"ကြယ်ပျံရေတွင်းကို ကြည့်မလား" ဟု စက်ကိုး-ချန်က မေးလိုက်သည့်အခါ တော့တိုး-ချန်သည် ကြည့်ရန် သဘောတူလိုက်ပြီး၊ သူမနောက်မှ ပြေးလိုက်သွားလေသည်။



⇧ http://www.shwezinu.com ⇩

ရေတွင်းကို ကြည့်ရသည်မှာ ကျောက်တုံးများနှင့် ပြုလုပ်ထားပုံရသည်။ ရေတွင်းဘောင်သည် သူတို့၏ ရင်ဘတ်နားအထိရောက်နေသည်။ ရေတွင်း၌ သစ်သားအဖုံး ရှိသည်။ သူတို့သည် အဖုံး ကို မပြီး အတွင်းသို့ ငုံ့ကြည့်ကြသည်။ ရေတွင်းထဲ၌ မှောင်မည်းနေသော်လည်း တော့တိုး-ချန်သည် ကွန်ကရစ် သို့မဟုတ် ကျောက်တုံးပုံးနှင့်တူသော အရာသတ္တုကို ခပ်ရေးရေး မြင်တွေ့ရသည်။ သို့သော်လည်း သူမထင်မှတ် ထားသလို တလက်လက်တောက်ပနေသော ကြယ်နှင့်တော့ မတူချေ။ ရေတွင်းထဲသို့ အချိန် ခပ်ကြာကြာ ငုံ့ကြည့်ပြီး သောအခါ တော့တိုး-ချန်က "ဒီအထဲက ကြယ်ကို နင်မြင်ဖူးသလား" ဟု မေးလိုက်သည်။

"ဟင့်အင်း မမြင်ဖူးဘူး"
စက်ကိုး-ချန်သည် သူမ၏ဦးခေါင်းကို ယမ်းရင်း ဖြေလိုက်သည်။ ၎င်းသည် အဘယ့်ကြောင့် မတောက်ပဘဲ ဖြစ်နေရသည်ကို တော့တိုး-ချန်သည် စဉ်းစား၍မရ။ သူမသည် ခေတ္တမျှ စဉ်းစားလိုက်ပြီး "အိပ်နေတာဖြစ်ရမယ်" ဟု ပြောလိုက်သည်။
"ကြယ်တွေအိပ်တယ် ဟုတ်လား"
စက်ကိုး-ချန်သည် မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် မေးလိုက်သည်။

"ကြယ်တွေ နေ့အချိန်မှာ အိပ်ကြပြီး၊ ညဘက်ရောက်ရင် အိပ်ရာက နိုးလာပြီးတော့ အရောင် တောက်တယ် လို့ ငါထင်တာပဲ"
တော့တိုး-ချန်သည် သေသေချာချာ မသိသဖြင့် ခပ်မြန်မြန် ပြောလိုက်လေသည်။ ထို့နောက် ကလေးများအားလုံး ပြန်စုမိကြပြီး ဘုရားကျောင်းဝင်း လှည့်ပတ်သွားကြသည်။ သူတို့ သည် ဘုရားကျောင်း၏ တံခါးဝတဘက်တချက်တွင် ဘုရားကျောင်းကို စောင့်ရှောက်နေသော ဒေဝနတ်ရုပ်ကြီး နှစ်ရုပ်၏ ဝမ်းဗိုက်သားများကို ကြည့်ပြီး ရယ်ကြသည်။

၎င်းနောက် ခန်းမကြီး၏ ခပ်မှိန်မှိန်အလင်းရောင်ထဲ၌ တည်ရှိသော ဗုဒ္ဓဆင်းတုတော်ကြီးကို အံ့သြစွာဖြင့် ငေးမောကြည့်နေ မိပြန်သည်။ ထိုမှတဖန် သူတို့သည် ရေကန်ကို ပတ်၍ လမ်းလျှောက်ကြသည်။ ရေကန်ထဲ၌ လှေလှော်နေသူများကို "ဟဲလို" ဟု နှုတ်ဆက် ကြသည်။ တော့တိုး-ချန်အဖို့ သူမမြင်တွေ့ ရသမျှ အားလုံးသည် အသစ်အဆန်းများ ဖြစ်နေသည်။ အသစ်အဆန်း တစ်ခုခုကို မြင်တွေ့တိုင်း သူမ၏ နှုတ်မှ အံ့သြသံသည် ထွက်ပေါ်သွားသည်။

"ကျောင်းကိုပြန်ဖို့ အချိန်ရောက်ပြီ"
ဆရာမက ပြောလိုက်သည်။ နေမှာ စောင်းနေပြီ ဖြစ်သည်။ ကျောင်းသားများသည် မုန်ညင်းပန်းများနှင့် ချယ်ရီပင်များ အကြားရှိ လမ်းအတိုင်း ကျောင်းသို့ ပြန်လာ ကြသည်။ ဤလမ်းလျှောက်ခရီးသည် တကယ့်တကယ်အားဖြင့် သူတို့အတွက် တန်ဖိုးရှိ သော သိပ္ပံ၊



⇧ http://www.shwezinu.com ⇩

သမိုင်းနှင့် ဇီဝဗေဒဘာသာရပ်များ မသိရှိကြ။ သူတို့သိသည်မှာ ဤလမ်းခရီးသည် သူတို့အတွက် အားလပ်ချိန် ခရီးနှင့် ကစားရန် အချိန်သာ ဖြစ်သည်ဟု သိထားကြလေသည်။
တော့တိုး-ချန် သည် သူမ၏အတန်းသား အားလုံးနှင့် ရင်းရင်းနှီးနှီး ဖြစ်သွားလေပြီ။

"မနက်ဖြန်ကျရင် ငါတို့ လမ်းထပ်လျှောက်ကြရအောင်"
အပြန် ခရီး၌ သူမက ကျောင်းသားများအားလုံးကို အော်ပြောလိုက်သည်။
"ဟုတ်တယ် ငါတို့ လမ်းလျှောက်ကြဦးမယ်"
သူတို့သည် ခုန်ပေါက်၍ သွားနေရင်းမှ ပြန်လှန်အော်ပြောလိုက်ကြသည်။ လိပ်ပြာများသည် သူတို့အလုပ်နှင့် သူတို့ ရှုပ်နေကြဆဲပင်။ ငှက်များ၏ တေးဆိုသံများသည် လေထဲ တွင် ပျံ့လွင့်လျက် ရှိကြသည်။ တော့တိုး-ချန်၏ နှလုံးသားမှာလည်း ပျော်ရွှင်မှုနှင့်အတူ ခုန်လျက် ရှိနေပါ တော့သည်။

## ကျောင်းသီချင်း

တော့တိုး-ချန်သည် တိုမိုဂါကူးအန်၌ အံ့ဩဖွယ်ရာများကို တစ်နေ့တစ်မျိုး ကြုံတွေ့ခဲ့ရသည်။ သူမသည် ကျောင်းသို့ သွားရန်ကိုသာ အမြဲတစေ စိတ်စောလျက် ရှိ၏။ နံနက်မိုးသောက်ယံများ သည် အရောက် နှေးသည် ဟု အမြဲထင်မှတ်မိသည်။ ကျောင်းမှ အိမ်သို့ ပြန်ရောက်သည့်အခါတွင်လည်း သူမသည် မရပ်မနား စကားပြော၏။ ရော့ကီကို ဖြစ်ဖြစ်၊ အမေ့ကိုဖြစ်ဖြစ်၊ အဖေ့ကိုဖြစ်ဖြစ် ထိုနေ့ကကျောင်း၌ သူမတွေ့ကြုံရသည့် အဖြစ်အပျက် များ၊ ပျော်စရာ ကောင်းပုံများနှင့် ထူးဆန်းအံ့ဩဖွယ်ရာများကို ပြောပြလေသည်။ နောက်ဆုံးတွင် အမေက "တော်ပါတော့ သမီး ရယ်၊ စကားပြောရပ်ပြီး စားစရာရှိတာကို စားလိုက်ပါဦး" ဟု တားမြစ်လိုက်ရလေသည်။

တော့တိုး-ချန်သည် ကျောင်းသစ်တွင် အသားကျသွားသော်လည်း ပြောစရာစကားများမှာမူ နေ့စဉ်ပင် တောင်ပုံရာပုံ ရှိနေသည်။ တစ်နေ့တွင် ကျောင်းသို့အသွား မီးရထားပေါ်၌ တော့တိုး-ချန်သည် တိုမိုကျောင်း၌ ကျောင်းသီချင်း ရှိရဲ့လားဟု ရုတ်တရက် စဉ်းစားမိသည်။ ဤကိစ္စကို သူမအမြန်ဆုံး သိချင်၏။ ထို့ကြောင့် ကျောင်းသို့ အမြန်ဆုံး ရောက်ချင်သည်။ ကျောင်းသို့ရောက်ရန် နောက်ထပ်နှစ်ဘူတာလိုသေး သော်လည်း သူမသည် ရထားတံခါးဝအနီး၌ ရပ်ပြီး ဂျီယူဂါအိုကာ ဘူတာရုံသို့ ရထားဆိုက်သည်နှင့် ခုန်ဆင်းရန် အသင့် ပြင်ထား လိုက်လေတော့သည်။ ဘူတာရုံတစ်ရုံ၌ မီးရထားပေါ်သို့ တက်လာသော မိန်းမလိုက်သည့်အခါ ဤဘူတာ၌ ဆင်းမည့် မိန်းကလေးဟု အစပထမတွင် မှတ်ယူလိုက်မိ သည်။ သို့သော်လည်း ထိုမိန်းကလေး သည် အပြေးသမား တစ်ယောက်က ပြေးရန်အသင့်ပြင် အနေ အထားရှိနေသည့် ပုံစံမျိုးဖြင့် မလှုပ်မယှက်

⇧ http://www.shwezinu.com ⇩

ရပ်နေသည်ဟု သတိပြုမိသည့်အခါ "ငါ့နယ်နော် ဒီမိန်းကလေး ဘာများဖြစ်နေပါလိမ့်" ဟု နှုတ်မှ ခပ်တိုးတိုးကလေးရေး ရွတ်လိုက်မိလေတော့ သည်။

'ဂျီယူဂါဒိုကာ'သို့ မီးရထားထိုးဆိုက်လိုက်သည်နှင့် တော့တိုး-ချန်သည် တွဲပေါ်မှ အမြန်ဆုံး ခုန် ဆင်းလိုက်လေတော့သည်။ မီးရထားလက်မှတ်စစ်က 'ဂျီယူဂါဒိုကာ'ဟု အော်၍ မီးရထားစကြံပေါ် သို့ ဆင်းလိုက်ချိန်တွင်မူ တော့တိုး-ချန်သည် ဘူတာရုံထွက်ပေါက်မှ ထွက်ခွာကာ အဝေးသို့ပင် ရောက်နေပြီ ဖြစ်သည်။ မီးရထားတွဲ စာသင်ခန်းထဲသို့ ရောက်လျှင် ရောက်ချင်း တော့တိုး-ချန်သည် စာသင်ခန်းထဲသို့ ရောက်နှင့် နေပြီဖြစ်သော တာအိဂျိယာမာနိအုချိအား "တာအိ-ချန်၊ ဒီကျောင်းမှာ သီချင်းရှိသလား" ဟု မေးလိုက် သည်။

ရူပဗေဒ ဘာသာရပ်တွင် စိတ်ဝင်စားသော တာအိ-ချန်သည် အတန်ကြာ စဉ်းစားလိုက်ပြီးမှ "ရှိတယ် လို့ ငါမထင်ဘူး"ဟု ပြန်ပြောလိုက်သည်။
"အိုး ငါ့အထင်ကတော့ ရှိသင့်တယ်လို့ ထင်တယ်၊ ငါနေခဲ့တဲ့ အရင်ကျောင်းမှာတော့ ကျောင်းသီချင်း ရှိတယ်"ဟု ပြောလိုက်သည်။
ထို့နောက် တော့တိုး-ချန်သည် အသံကုန်ဟစ်၍ ယခင်ကျောင်းမှ ကျောင်းသီချင်းကို ဆိုလိုက် သည်။

"ဆန်ဇိုကူးရေအိုင်မှ ရေများ တိမ်ပါသော်လည်း ကျွန်ုပ်တို့၏ ပညာသင်ကြားမှုသည် နက်ရှိုင်းလွန်း လှပါ၏" တော့တိုး-ချန်သည် ယခင်ကျောင်းတွင် ကြာကြာမနေခဲ့ရပေ။ ကျောင်း၏သီချင်း စာသား များမှာ သူမ အတွက် ခက်ခဲသော စာလုံးများ ဖြစ်သော်လည်း သူမသည် ထိုကျောင်းသီချင်းကို မမေ့ပေ။ အထူးသဖြင့် အထက်ပါစာပိုဒ်ကို မမေ့ချေ။ တာအိ-ချန်သည်လည်း သီချင်းကို သဘောကျပုံရသည်။ ထိုအချိန်တွင် အခြားကျောင်းသားများမှာ လည်း ရောက်လာကြပြီဖြစ်ရာ။ သူတို့သည်လည်း တော့တိုး-ချန် သီဆိုသွားသည့် သီချင်းကို စိတ်ဝင်စားပုံရသည်။

"ကျောင်းသီချင်းတစ်ပုဒ် ရေးစပ်ဖို့ ကျောင်းအုပ်ဆရာကြီးကို ငါတို့ သွားတွေ့ကြအောင်" တော့တိုး-ချန်က ပြောလိုက်သည်။
"ဟုတ်တယ် ငါတို့သွားတွေ့ကြမယ်"
အခြား ကျောင်းသားများကလည်း သဘောတူကြသည်။ ထို့ကြောင့် သူတို့အားလုံး ဆရာကြီး၏ ရုံးခန်းသို့ တစုတဝေးတည်း သွားကြလေတော့သည်။ တော့တိုး-ချန် သီဆိုပြသော အခြားကျောင်းမှ သီချင်းကို နားထောင်ပြီး ကျောင်းသားကလေးများ၏ တင်ပြချက်အပေါ် စဉ်းစားပြီးသောအခါ ဆရာကြီးက "ကောင်းပြီ မနက်ဖြန် မနက်မှာ မင်းတို့ အတွက် ကျောင်းသီချင်း တစ်ပုဒ်ရစေ့မယ်" ဟု ပြောလိုက်သည်။

⇧ http://www.shwezinu.com ⇩

"ဆရာကြီး ကတိအတိုင်းပဲနော်"
ကလေးများအားလုံးသည် ပြိုင်တူပြောလိုက်ကြပြီး သူတို့၏ စာသင်ခန်းရှိရာသို့ တန်းစီ၍ ပြန်လာ ကြသည်။ နောက်တစ်နေ့နံနက်တွင် ကျောင်းသားများအားလုံး ကျောင်းဝင်းမြေ ထဲရှိ မြေကွက်လပ်ပေါ်တွင် စုဝေး ကြရန် အတန်းတိုင်း၏ ကြော်ငြာသင်ပုန်း၌ ကြေညာချက်ထွက်လာသည်။ တော့တိုး-ချန်သည် ကျောင်းသား များ စုဝေးနေရာသို့ သွားသည်။ အားလုံးမှာ စိတ်ဝင်စားသော အသွင်ကို ဆောင်နေ ကြသည်။ ဆရာကြီးသည် ကျောက်သင်ပုန်းကြီး တစ်ချပ်ယူ၍ မြေကွက်လပ်အလယ်သို့ ရောက်ရှိ လာပြီး "အခု အချိန်ကစပြီး မင်းတို့ရဲ့ တိုမိုကျောင်းအတွက် သီချင်းတစ်ပုဒ်ရပြီ"ဟု ပြောရင်း သင်ပုန်းကြီးပေါ်တွင် မျဉ်းကြောင်း ငါးကြောင်းရေးဆွဲကာ သီချင်းစာသားများကို ရေးချလိုက်သည်။

၎င်းနောက်ဆရာကြီးသည် တီးဝိုင်းခေါင်းဆောင်သဖွယ် သူ၏ လက်များကို မြှောက်၍ "အခုအချိန် ကစပြီး ငါတို့သီချင်းဆိုကြရအောင်၊ အားလုံး ကြိုးစားဆိုကြပါ"ဟု ပြောလိုက်သည်။ ဆရာကြီးသည် လက်များ မြှောက်၍ ဂီတသံစဉ်အတိုင်း အနိမ့်အမြင့် ပြုလုပ်ကာ သီချင်းဆိုလေရာ အရေအတွက် အားဖြင့် ငါးဆယ် ရှိသော ကျောင်းသားများအားလုံးက လိုက်ဆိုကြလေသည်။
တို-မို-အီ၊ တို-မို-အီ၊ တို-မို-အီ
"ဒါ သီချင်းစာသား အားလုံးပဲလား"
သီချင်းဆိုခြင်းကို ခေတ္တရပ်လိုက်ချိန်တွင် တော့တိုး-ချန်က မေးလိုက်သည်။

"ဟုတ်တယ်၊ ဒါအားလုံးပဲ"
ဆရာကြီးက ဂုဏ်ယူစွာဖြင့် ပြောလိုက်သည်။
"ဆွဲဆောင်မှုရှိတဲ့ စကားလုံးတွေ ထပ်ဖြည့်ရင်ကောင်းမယ်၊ ဆန်ဇုကူးရေအိုင်က ရေများ တိမ်သော်လည်း ဆိုတဲ့ စာသားမျိုးတွေ ထပ်ဖြည့်ရင်ကောင်းမယ်"
တော့တိုး-ချန် သည် မကျေနပ်သော လေသံဖြင့် ပြောလိုက်သည်။

"မင်းသဘောမကျဘူးလား၊ ငါ့အထင်ကတော့ ငါတို့ကျောင်း သီချင်းဟာ တော်တော် ကလေး ကောင်းတယ် လို့ ထင်တာပဲ"
ဆရာကြီးက ပြောလိုက်သည်။ သူ၏မျက်နှာသည် အနည်းငယ်နီနေ၏။ သို့သော် ပြုံးနေ၏။ သီချင်းကို မည်သူမျှ မကြိုက်ကြ။ ရိုးလွန်းသော သီချင်း ဖြစ်သည်။
"ဒီလောက်ရိုးတဲ့ ကျောင်းသီချင်းကိုထားမဲ့အစား လုံးဝမထားတာက ပိုကောင်းတယ်" ဟု ပြောကြ သည်။

ဆရာကြီးသည် စိတ်မကောင်း ဖြစ်သွားပုံရသည်။ သို့သော် သူသည် စိတ်မဆိုးချေ။ သင်ပုန်းကြီး ပေါ်မှ စာသား များကို ဖျက်လိုက်သည်။ သူတို့ပြောစကားများက ဆရာကြီးကို



⇧ http://www.shwezinu.com ⇩

စိတ်မကောင်းဖြစ်စေ သည်ဟု တော့တိုး-ချန် နားလည်လိုက်သည်။ ဆရာကြီးသည် သူ၏တပည့် ကျောင်းသားများနှင့် ကျောင်းအပေါ် မေတ္တာစေတနာထားသူ ဖြစ် သည်။ သို့သော် တပည့်ကျောင်းသားများသည် ငယ်ရွယ်နုနယ်သေးသူများ ဖြစ်သည့်အတွက် ဆရာကြီး၏ မေတ္တာ စေတနာကို ကောင်းစွာနားမလည်ကြသေးချေ။

မကြာမီ အချိန်အတွင်း၌ပင် သူတို့သည် ကျောင်းသီချင်းအကြောင်းကို မေ့သွားကြသည်။ ဆရာကြီး ကလည်း နောက်ထပ် ကျောင်းသီချင်း အသစ်တစ်ပုဒ်ကို မစဉ်းစားတော့။ ဆရာကြီးကား သင်ပုန်းကြီးပေါ်မှ သီချင်းစာသားများကို ဖျက်လိုက်သည့်အချိန်မှစ၍ ကျောင်းသီချင်းကိစ္စသည် အဆုံးသို့ ရောက်ရှိ သွားလေပြီ။ တိုမိုဂါကူးအန်တွင် ကျောင်းသီချင်းဟူ၍ လုံးမဂရှိမလာတော့။

<u>အားလုံးကို ပြန်ထည့်ပါ</u>

တော့တိုး-ချန်သည် ဤမျှ ပင်ပန်းသည့် အလုပ်မျိုးကို ရှေးယခင်က မလုပ်ခဲ့ဖူးချေ။ ထိုနေ့မှာ သူမ နှစ်သက် သော ပိုက်ဆံအိတ် အိမ်သာကျင်းထဲသို့ ကျသွားသည့်နေ့ ဖြစ်သည်။ ပိုက်ဆံအိတ်ထဲတွင် ပိုက်ဆံများ မရှိပေ။ သို့သော်လည်း ထိုအိတ်မှာလှပသော အိတ်ကလေးဖြစ်သောကြောင့် တော့တိုး-ချန်သည် အိမ်သာသွားရင်း ယူသွားမိလေသည်။ ပိုက်ဆံအိတ်၌ အနီရောင်၊ အဝါရောင် နှင့် အစိမ်းရောင် များ ပါရှိသည်။ အမှန်တကယ်ပင် လှပသော အိတ်ကလေး ဖြစ်သည်။

တော့တိုး-ချန်၌ ထူးခြားသော အလေ့အထတစ်မျိုး ရှိခဲ့သည်။ သူမသည် ငယ်စဉ်ကပင် အိမ်သာကို အသုံးပြုပြီးလျှင် အိမ်သာပေါက်မှ နေ၍ အောက်ဘက်ရှိ တွင်းထဲသို့ ငုံ့ကြည့်လေ့ ရှိသည်။ သူမ သည် မူလတန်းကျောင်းသို့ စသွားစဉ်ကလည်း ဤသို့ငုံ့ကြည့်မိသည့်အတွက် ဦးထုပ်များ အိမ်သာတွင်း ထဲသို့ကျကာ ဆုံးရှုံးခဲ့ရသည့် အကြိမ်ပေါင်းမှာ မနည်းလှပေ။ ထိုအချိန်ထိုအခါက အိမ်သာများမှာ ရေဆွဲအိမ်သာ များ မဟုတ်ဘဲ တွင်းအိမ်သာများသာ ဖြစ်သည်။ သူမ၏ လှပသော ဦးထုပ်များသည် အိမ်သာတွင်း ထဲရှိ ရေများထဲ၌ ပေါလောမျောနေတတ်သည်။ အမေသည် သမီး ဖြစ်သူအား အိမ်သာကို အသုံးပြုပြီး လျှင် တွင်းထဲသို့ ငုံ့မကြည့်ဖို့ အမြဲမပြတ် ဆုံးမစကားပြောလေ့ ရှိသည်။

ထိုနေ့က တော့တိုး-ချန်သည် ကျောင်းမတတ်မီ အိမ်သာသို့ သွားသည်။ အမေ၏ သတိပေးစကား ကို သူမမေ့သွားသောကြောင့် အိမ်သာတွင်းထဲသို့ ငုံ့ကြည့်လိုက်စဉ် သူမကိုင်ထားသော ပိုက်ဆံ အိတ်သည် လက်ထဲမှ လွတ်ထွက်ကာ တွင်းထဲသို့ ကျသွားလေတော့သည်။ သူမ၏ နှုတ်မှ အော်မြည်သံ ထွက်သွားချိန်တွင် ပိုက်ဆံအိတ်သည် မှောင်နေသော တွင်းထဲ၌ ကွယ်ပျောက်သွား လေပြီ။

⇧ http://www.shwezinu.com ⇩

သို့သော်လည်း တော့တိုး-ချန်သည် မျက်ရည်များ မကျမိ။ ပိုက်ဆံအိတ်ကို ပြန်ဆယ်ယူရန် အား ထုတ်လေတော့သည်။ သူမသည် ကျောင်းစောင့်၏ အခန်းသို့သွား၍ သစ်ပင်များကို ရေလောင်း ရာ၌ အသုံးပြုသော ရှည်လျားသည့် သစ်သားလက်ကိုင်ရိုးတပ်ထားသည့် သစ်သားခွက်ကို ဆွဲယူ လာသည်။ လက်ကိုင်ရိုးသည် သူမ၏အရပ်ထက် နှစ်ဆ ရှည်လျားသည်။ သူမသည် ထိုသစ်သား ခွက်ကို ဆွဲယူပြီး ကျောင်း၏ နောက်ဘက်သို့ သွားသည်။ အိမ်သာတွင်းထဲမှ အညစ်အကြေးများ ကို ခပ်ထုတ်ရာ အပေါက်ကို လိုက်ရှာသည်။ ၎င်းအပေါက်သည် အိမ်သာနံရံ၏ အနောက်ဘက် တွင် ရှိမည်ဟု သူမ ထင်မိသည်။ အချိန်အတန်ကြာ ရှာဖွေပြီးသောအခါတွင်မှ သူမနှင့် သုံးပေခန့် အကွာတွင် အဖုံးဝိုင်းတစ်ခုကို တွေ့သည်။ တော့တိုး-ချန်သည် ခက်ခဲစွာဖြင့် အဖုံးကို ဖွင့်လိုက် သည်။ အဖုံးပွင့်သွားလေပြီ။ သူမရှာနေသော တွင်းကို တွေ့လေပြီ။ တွင်းထဲသို့ ငုံ့ကြည့်လိုက်သည်။

"အမေလေး ကူဟွန်းဘတ်စုက ရေကန်နီးနီးကြီးတဲ့ တွင်းကြီးပါလား"ဟု တော့တိုး-ချန်၏ နှုတ်မှ အသံ ထွက်သွား သည်။ ၎င်းနောက် တော့တိုး-ချန်သည် သူမ၏လုပ်ငန်းကို စတင်လေတော့သည်။ တွင်းထဲမှ အညစ်အကြေးများကို သစ်သားခွက်ကြီးဖြင့် ခပ်ထုတ်သည်။ အစပထမတွင် သူမ၏ ပိုက်ဆံအိတ် ကျရာ နေရာတဝိုက်မှ အညစ် အကြေးများကို ခပ်ထုတ်သည်။ သို့သော်လည်း တွင်းမှာ နက်လည်း နက်၊ ကျယ်လည်းကျယ်ပြီး မှောင်နေသည်။ အိမ်သာသုံးလုံးမှ လာသော အညစ်အကြေးများ အားလုံးကို သိုလှောင်ထားရာ တွင်းကြီး ဖြစ်သည်။ သူမသည် တွင်းထဲသို့ လိမ့်မကျသွားရေးကို လည်း ဂရုစိုက်နေရသည်။ ထို့ကြောင့် သူမသည် တွင်းဂနားသိပ်မကပ်ဘဲ မလှမ်းမကမ်းမှနေ၍ သစ်သားခွက်ဖြင့် ခပ်ထုတ်ကာ အညစ်အကြေးများကို တွင်းဂတဝိုက်၌ သွန်ချလိုက်သည်။ တစ်ခွက်ခပ်ပြီးသည့်အခါတိုင်း သူမ ပိုက်ဆံအိတ်ပါလာခြင်း ရှိမရှိကို စစ်ဆေးသည်။ ပိုက်ဆံအိတ် ကို အလွယ်တကူ ပြန်တွေ့လိမ့်မည်ဟူ၍လည်း သူမ မှတ်ယူထားသည်။ သို့သော် ပိုက်ဆံအိတ်၏ အရိပ်အရောင်ကိုမျှပင် မတွေ့ရ။ ဘယ်များရောက်နေပါလိမ့်။ ကျောင်းတက် ခေါင်းလောင်းသံမှာ လည်း မြည်နေလေပြီ။

ဘာဆက်လုပ်ရပါမလဲဟု တော့တိုး-ချန် စဉ်းစားလိုက်သည်။ ဤမျှအချိန်ကြာကြာ ရှာဖွေပြီးမှ တော့ဖြင့် မထူးတော့ပါဘူး။ ဆက်ရှာလိုက်ဦးမယ်ဟု ဆုံးဖြတ်လိုက်သည်။ သူမသည် အားသစ် လောင်း၍ အညစ် အကြေး များကို ဆက်လက်ခပ်ထုတ်ပြန်သည်။ ထိုနေရာသို့ ကျောင်းအုပ်ဆရာကြီး အမှတ်မထင် ရောက်လာချိန်တွင် အညစ်အကြေးပုံသည် အတော် အသင့် မြင့်နေလေပြီ။ "မင်း ဘာလုပ်နေတာလဲ"ဟု ဆရာကြီးက မေးလိုက်သည်။

"ကျွန်မရဲ့ ပိုက်ဆံအိတ် ကျသွားလို့ပါ"



⇧ http://www.shwezinu.com ⇩

သူမသည် အညစ်အကြေးများကို ခပ်ထုတ်နေရင်းမှ ဖြေလိုက်ခြင်း ဖြစ်သည်။ သူမအနေဖြင့် အချိန် ကို အနည်းငယ်မျှမဖြုန်းလိုပေ။

"ဪ ဒီလိုလား"

ဆရာကြီးသည် ထိုမျှသာ ပြောပြီးနောက် လမ်းဆက်လျှောက်သည်။ သူသည် လက်နှစ်ဘက်ကို နောက်သို့ ပစ်ရင်း လမ်းလျှောက်သည့် အကျင့်ရှိသူ ဖြစ်သည်။ အချိန်များ တဖြည်းဖြည်း ကုန်ဆုံးလျက် ရှိသည်။ ပိုက်ဆံအိတ်ကို ပြန်မတွေ့သေး။ အညစ်အကြေး ပုံမှ ထွက်လာသော အနံ့များသည် ပို၍ ပို၍ ပြင်းထန်လာသည်။ ဆရာကြီးနောက်တစ်ကြိမ် ရောက် လာပြန်သည်။

"မင်းရဲ့ ပိုက်ဆံအိတ် ကို တွေ့ပြီလား"ဟု မေးလိုက်ပြန်သည်။

"မတွေ့သေးပါဘူး" တော့တိုး-ချန်က ဖြေလိုက်သည်။ သူမတစ်ကိုယ်လုံး ချွေးများဖြင့် စိုရွှဲလျက် ရှိ သည်။ မျက်နှာလည်း နီရဲနေ၏။

ထိုအခိုက်ဆရာကြီးသည် သူမအနီးသို့ ကပ်လာပြီး ချိုသာသော လေသံဖြင့် "မင်း အခုလုပ်နေတာ တွေ ပြီးသွားရင် ဒီအညစ်အကြေးတွေ အားလုံးကို ကန်ထဲ ပြန်ထည့်ရမယ်နော်၊ ပြန်ထည့်မယ် မဟုတ်လား"ဟု ပြောလိုက်သည်။ ထိုသို့ပြောပြီးနောက် ဆရာကြီးသည် ယခင်ကအတိုင်း ပြန်လည် ထွက်ခွာသွားသည်။

"ဟုတ်ကဲ့ ဟုတ်ကဲ့"

တော့တိုး-ချန်သည် ရွှင်ရွှင်ပျပျ လေသံဖြင့် ပြန်ပြောလိုက်သည်။ ၎င်းနောက် သူမ၏အလုပ်ကို ဆက်လုပ်သည်။ ဤသို့ဆက်လုပ်နေရင်းမှာပင် ခေါင်းထဲသို့ အတွေးတစ်ခု ဝင်လာသည်။ သူမသည် အညစ်အကြေး ပုံကြီးကို ကြည့်လိုက်သည်။ "ငါလုပ်စရာရှိတာ လုပ်ပြီးရင် ဒီအပုံကြီးထဲက မာတဲ့အရာဝတ္ထုတွေကိုတော့ ပြန်ထည့်လို့ရမယ်။ အရည် တွေကို ဘယ်လိုပြန်ထည့်မလဲ" အရည်များ သည် မြေကြီးထဲသို့ စီးဝင်ပျောက်ကွယ်သွားကြကုန်လေပြီ။

တော့တိုး-ချန်သည် အလုပ်လုပ်နေခြင်းကို ရပ်လိုက်သည်။ အညစ်အကြေးများကို ကန်ထဲသို့ မည်သို့မည်ပုံ ပြန်ထည့် ရမယ်ကို စဉ်းစားလိုက်သည်။ နောက်ဆုံး၌ သူမသည် ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ စိုနေသော မြေကြီးတချို့ကိုပါ ပြန်ထည့်လိုက်မည်။

အညစ်အကြေးပုံကြီးမှာ အတော့်ကို ကြီးလာပြီ။ ကန်ထဲ၌လည်း အညစ်အကြေး ကုန်သလောက် နီးနီး ဖြစ်နေသည်။ သို့သော်လည်း ပိုက်ဆံအိတ်ကို မတွေ့ရသေး။ ပိုက်ဆံအိတ်သည် အညစ် အကြေးကန်၏ နှုတ်ခမ်းတစ်နေရာတွင် ကပ်နေကောင်း ကပ်နေမည်။ သို့မဟုတ် ကန်၏ အောက်ခြေသို့ ရောက်နေကောင်း ရောက်နေမည်။ တော့တိုး-ချန်သည် ဘာကိုမျှ ဂရုမစိုက်တော့။ သူမအနေဖြင့် သူမလုပ်နိုင်သရွေ့ကို လုပ်ပြီးပြီ ဖြစ်သောကြောင့် ကျေနပ်သွားလေပြီ။ တော့တိုး-ချန် ၏ ကျေနပ်မှုတွင်

⇧ http://www.shwezinu.com ⇩

ဆရာကြီးက မိမိကိုမဆူဘဲ၊ ယုံကြည်စွာဖြင့် တာဝန်ပြန်ပေးသွားသည့် အချက် လည်း ပါဝင်သည်။
များစွာသော လူကြီးများသည် တော့တိုး-ချန် ယခုလို လုပ်ပုံကိုင်ပုံကို မြင်တွေ့လိုက်ပါက "ဟဲ့ နင်ဘာလုပ် နေတာလဲ" သို့မဟုတ် "မလုပ်နဲ့လေ ဘေးအန္တရာယ်ရှိတယ်" ဟူ၍ ဆူပူကြပေလိမ့်မည်။ သို့မဟုတ် သူမကို ဝိုင်းဝန်း ကူညီကြပေလိမ့်မည်။

ဆရာကြီးအနေဖြင့် အများနှင့်မတူဘဲ "မင်းရဲ့အလုပ်တွေ ပြီးရင် အားလုံးကို ပြန်ထည့်ပါ။ ပြန်ထည့် မယ် မဟုတ်လား" ဟူ၍သာ ပြောသည်။ "စိတ်ထား သဘောထား ပြည့်ဝတဲ့ ဆရာကြီးပါပဲ" ဟု တော့တိုး-ချန်၏ အမေသည် သမီးပြန်ပြောသော ဇာတ်လမ်းကို ကြားရသောအခါ ဆရာကြီးကို ချီးကျူးမိလေသည်။ ထိုအဖြစ်အပျက်ဖြစ်ပြီးနောက် နောက်ပိုင်းတွင် တော့တိုး-ချန်သည် အိမ်သာကို အသုံးပြုပြီးသည့် အခါ အိမ်သာကျင်းထဲသို့ ငုံ့ကြည့်သည့်အလေ့ကို လုံးဝစွန့်လွှတ်လိုက်လေတော့သည်။ ၎င်းအပြင် သူမသည် ဆရာကြီးကိုလည်း ရှေးကထက်ပို၍ ချစ်ခင်မိပြီး ဆရာကြီးသည် သူမလုံးလုံးလျားလျား ယုံကြည်ရမည့် လူကြီး တစ်ယောက်ဖြစ်သည်ဟူ၍လည်း မှတ်ယူထားလိုက်လေတော့သည်။

တော့တိုး-ချန်သည် သူမ၏ ကတိအတိုင်း အညစ်အကြေးများအားလုံးကို ကန်ထဲသို့ ပြန်ထည့် သည်။ အညစ်အကြေးများကို ထုတ်ယူခြင်း အလုပ်သည် ပင်ပန်းပြီး အချိန်ကြာသည်။ ပြန်ထည့် ရာ၌မူ လျင်မြန်သည်။ သူမသည် ရေစိုနေသော မြေကြီးအချို့ကိုလည်း ကော်ထည့်လိုက်သည်။ ထို့နောက် မြေကြီးကို ညီသွားအောင် ညှိလိုက်သည်။ အဖုံးကိုလည်း ဖုံးလိုက်သည်။ ပြီးတော့မှ သစ်သားခွက် ကို ကျောင်းစောင့်၏ အခန်း၌ ပြန်ထားလိုက်သည်။

ထိုည အိပ်ရာသို့ မဝင်မီ တော့တိုး-ချန်သည် မှောင်မည်းနေသော အိမ်သာတွင်းထဲသို့ ကျသွား သည့် သူမ၏လှပသော ပိုက်ဆံအိတ်ကို ပြန်လည် သတိရမိသည်။ ပိုက်ဆံအိတ်ဆုံးရှုံးသွားသဖြင့် သူမသည် စိတ်မကောင်း ဖြစ်မိသည်။ သို့သော်လည်း ပင်ပင်ပန်းပန်းအလုပ်က သူမကို ပင်ပန်း နွမ်းနယ် စေသည့် အတွက် များမကြာမီ အိပ်ပျော်သွားလေတော့သည်။
ထိုအချိန်၌ပင် သူမ ပင်ပင်ပန်းပန်း အလုပ်လုပ်ခဲ့သော နေရာကို ပြန်ကြည့်ပါက မြေကြီးသည် လရောင် အောက်တွင် အရောင်တလက်လက်ဖြစ်နေရာ လှပသော အရာဝတ္ထုပစ္စည်း တစ်မျိုးမျိုးနှင့် ပုံသဏ္ဍာန်တူ နေပေသည်။ တော့တိုး-ချန်၏ ပိုက်ဆံအိတ်ကလေးမှာလည်း တစ်နေရာရာ၌ ငြိမ်သက်စွာဖြင့် အနားယူနေမည် ဖြစ်သည်။

⇦ http://www.shwezinu.com ⇨

## တော့တိုး-ချန်၏ နာမည်

တော့တိုး-ချန်၏ နာမည်အမှန်မှာ တက်ဆူးကိုး ဖြစ်သည်။ သူမကို ကိုယ်ဝန်ဆောင်ထားစဉ်က အမေနှင့် အဖေတို့၏ မိတ်ဆွေများနှင့် ဆွေမျိုးများက ယောကျ်ားကလေး မွေးလိမ့်မည်ဟု အသေ အချာ ပြောကြသည်။ မွေးလာမည့်ကလေးမှာ သူတို့၏ ပထမကလေးဖြစ်ရာ ယောကျ်ားကလေး မွေးမှာ သေချာ သည်ဟု သူတို့ကလည်း ယုံကြည်မိသည်။ ကလေးကို 'တိုရိုု'ဟု ခေါ်တွင်ရန် ဆုံး ဖြတ်ထားကြသည်။ သို့သော်လည်း မိန်းကလေးမွေးလာသည့်အတွက် သူတို့သည် စိတ်အနှောင့် အယှက် အနည်းငယ် ဖြစ်မိသည်။

သမီး၏နာမည်ကို "ဆက်ဆူးကိုး" ဟု မှည့်လိုက်ကြသည်။ ထို့ကြောင့် လူတိုင်းက သူမကို "တက်ဆူး ကိုး-ချန်" ဟု ခေါ်ကြသည်။ (ချန်ကို "ဆန်"ကဲ့သို့ပင် လူနာမည်၏ နောက်၌တွဲသုံးလေ့ရှိ ကြသည်။)
သို့သော်လည်း သူမသည် တက်ဆူးကို-ချန်ဟူသော အသံထွက်ကို သိပ်မကြိုက်။ ထို့ကြောင့် တစ်ဦး တစ်ယောက်က မင်းနာမည်ဘယ်လိုခေါ်သလဲဟု မေးသည့်အခါ "တော့တိုး-ချန်"ဟု ပြန်ဖြေ လေ့ရှိ သည်။
အဖေသည် သူမကို သားအမှတ်ဖြင့် "တော့စကီ"ဟု တစ်ခါတစ်ရံ ခေါ်လေ့ရှိသည်။ အဖေက "တော့စကီ၊ အဖေ့ကို ကူညီပါဦး"ဟု ပြောတတ်သည်။ အဖေနှင့် ရော့ဂကီမှလွဲလျှင် လူတိုင်းက သူမ ကို တော့တိုး-ချန်ဟူ၍သာ ခေါ်လေ့ရှိကြသည်။ သူမသည် သူမ၏ကျောင်းစာအုပ်များပေါ်တွင် တက်ဆူးကိုးဟု နာမည်ထိုး ထားသော် လည်း သူမကိုယ်ကိုသူမ တော့တိုး-ချန် ဟူ၍သာ မှတ်ယူ ထားလေသည်။

## ရေဒီယို လူရွှင်တော်များ

တော့တိုး-ချန်သည် ယမန်နေ့က စိတ်အနှောင့်အယှက် ဖြစ်ခဲ့သည်။ အမေက "ရေဒီယိုက လွှင့်တဲ့ လူရွှင်တော် တွေရဲ့ ပြက်လုံးတွေကို သမီးဘယ်တော့မှ နားမထောင်ရတော့ဘူး" ဟု ပြောခဲ့သော ကြောင့် ဖြစ်သည်။ တော့တိုး-ချန်တို့ ငယ်စဉ်က ရေဒီယိုများမှာ ကြီးမားပြီး သစ်သားဖြင့် ပြုလုပ်ထားသည်။ ခန့်ခန့် ညားညား ရှိသော ရေဒီယိုများ ဖြစ်သည်။ သူမ တို့အိမ်မှ ရေဒီယို ပုံသဏ္ဍာန်မှာ စတုရန်းပုံသဏ္ဍာန်ဖြစ်ပြီး ထိပ်ပိုင်းမှာ ခပ်ခုံးခုံးကလေး ဖြစ် သည်။ အသံချဲ့စက် မှာလည်း ကြီးမားသည်။ ၎င်းကို ပန်းနုရောင် ပိုးသားဖြင့် အုပ်ထားသည်။ ရေဒီယိုတွင် ခလုတ် နှစ်ခု ပါရှိသည်။

တော့တိုး-ချန်သည် ကျောင်းမသွားမီ အရွယ်ကတည်းက ရာကူးဂိုးလူရွှင်တော်များ၏ ဟာသများနှင့် ပြက်လုံး များကို နားထောင်ရန် နှစ်သက်ခဲ့သည်။ သူမသည် သူ၏ နားရွက်ကို ပန်းနုရောင် ပိုးသား နားအထိ ကပ်ပြီး နားထောင်လေ့ရှိသည်။ ဟာသများသည်



⇧ http://www.shwezinu.com ⇩

စိတ်ပျော်ရွှင်ချမ်းမြေ့မှုကို များစွာပေး သည်ဟု သူမထင်မှတ်သည်။ အမေသည် ယမန်နေ့ နံနက်ပိုင်းအထိ ရေဒီယိုမှ လူရွှင်တော်များ၏ ပြက်လုံးကို သူမ နားထောင်ခြင်းကို ခွင့်ပြုခဲ့သည်။

သို့သော်လည်း လွန်ခဲ့သော ညက အဖေ၏ ဂီတမိတ်ဆွေများသည် တေးဂီတများကို တီးမှုတ် လေ့ကျင့်ရန် အိမ်သို့ ရောက်လာကြသည်။ သူတို့သည် ဧည့်ခန်းကို အသုံးပြုကြသည်။

"ဆယ်လိုတီးတဲ့ မစ္စတာဆူနီဆာဒါတာချီဘားနားက သမီး အတွက် ငှက်ပျောသီးတွေ ယူလာ တယ်" ဟု အမေက ပြောလိုက်သည်။ တော့တိုး-ချန်သည် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

သူမသည် မစ္စတာ တာချီဘားနားကို ယဉ်ကျေးသိမ်မွေ့စွာဖြင့် ဦးညွှတ်လိုက်ပြီးနောက် သူမ၏ အမေဘက်သို့ လှည့်၍ "အမေ ငှက်ပျော်သီးဟာ သိပ်လှသိပ်ကောင်းတာပဲ" ဟု ပြောလိုက်သည်။

နောက်ပိုင်းတွင် တော့တိုး-ချန်သည် အမေနှင့်အဖေတို့အိမ် အပြင်ဘက်သို့ ထွက်သည့်အခါတွင်မှ ရေဒီယိုကို တိတ်တဆိတ် နားထောင်ရသည်။

လူရွှင်တော်များ၏ ပြက်လုံးများ ကောင်းသည့်အခါ သူမသည် ဟားတိုက်၍ ရယ်မိသည်။ အကယ်၍သာ လူကြီးများ သူမအနား၌ ရှိနေမည်ဆိုလျှင် ဤမျှအသက်ငယ်သော မိန်းကလေးက ပြက်လုံးများကို နားထောင်ပြီး ဘာများနားလည်လို့ ရယ်ပါ လိမ့်ဟု အံ့သြခြင်းဖြစ်မိကောင်း ဖြစ်မိကြလိမ့်မည်။ ကလေးသူငယ်များ၌ မွေးကတည်းက ဟာသ ဉာဏ်ပါလာသည်ဆိုသည်မှာ သံသယဖြစ်ဖွယ်ရာ မရှိပါ။ သူတို့မည်မျှပင် အသက်ငယ်ပါစေ၊ သူတို့ သည် ရယ်စရာကောင်း၏ မကောင်း၏ ဆိုသည်ကို မစဉ်းအမြဲခွဲခြား သိရှိကြသည်သာတည်း။

**<u>မီးရထားတွဲတစ်တွဲ ရောက်လာခြင်း</u>**

"ကနေ့ညမှာ မီးရထားတွဲသစ်တစ်တွဲ ရောက်လာဖို့ ရှိတယ်"

နေ့လယ်စာ စားရန် အားလပ်ခွင့်ပေးချိန်၌ မိရိုး-ချန်က ပြောသည်။ မိရိုး-ချန်သည် ဆရာကြီး၏ တတိယ သမီး ဖြစ်သည်။ သူမသ်ည တော့တိုး-ချန်နှင့် အတန်းတူ ဖြစ်သ်ည။ စာသင်ခန်းများအဖြစ် အသုံးပြုထားပြီဖြစ်သော မီးရထားတွဲ အရေအတွက်မှာ ခြောက်တွဲ ဖြစ်သည်။ နောက်ထပ် တစ်တွဲရောက်လာဦးမည်။ နောက်ရောက်လာမည့် တွဲကို စာကြည့်ဆောင် တွဲအဖြစ် အသုံး ပြုမည်ဟု မိရိုး-ချန်က ပြောသည်။

"ကျောင်းထဲကို ရောက်လာဖို့ ဘယ်လမ်းကများ လာမယ်ဆိုတာ ငါတော့



⇧ http://www.shwezinu.com ⇩

စဉ်းစားလို့မရဘူး"
ကျောင်းသား တစ်ယောက်က ပြောသည်။
ဤအကြောင်းကိစ္စသည် အငြင်းအခုံဖြစ်နိုင်သော ကိစ္စ ဖြစ်သည်။ ထင်မြင်ချက်အမျိုးမျိုး ပြောကြ သည်။
"ရထားတွဲကို အိုအိမာချိ လမ်းအတိုင်း ဆွဲယူလာမယ်၊ ပြီးတော့မှ ဒီဘက်ကိုလာမယ့် လမ်းခွဲက တစ်ဆင့် ယူလာမယ်လို့ ငါထင်တယ်"
ကျောင်းသားတစ်ယောက်က ပြောလိုက်သည်။

"အဲဒီလိုဆိုရင် ဒီထဲကို လာဖို့ရာ ရထားလမ်းရှိမှာ မဟုတ်ဘူး"
ကျောင်းသားတစ်ယောက်က သူ၏ထင်မြင်ချက်ကို ပြောလိုက်ပြန်သည်။
ထိုအခါ အခြားတစ်ယောက်ကလည်း အားကျမခံဘဲ ...
"လှည်းတစီးစီးပေါ်မှာ တင်ယူလာမယ်လို့ ငါထင်တယ်"ဟု ပြောလိုက်လေရာ အခြားကျောင်းသား တစ်ယောက် က ...
"ဟာ မဖြစ်နိုင်တာဘဲ၊ ရထားတွဲတင်ဖို့ ဒီလောက်ကြီးတဲ့ လှည်းမျိုး မရှိပါဘူး"ဟု တမုဟုတ်ချင်း ပြန် ပြောလိုက် သည်။
"ငါလည်း မထင်ပါဘူး"
ကျောင်းသားတစ်ယောက်၏ အသံ ဖြစ်သည်။
ထင်မြင်ချက် အမျိုးမျိုး ထွက်လာသည်။ ကလေးများအနေဖြင့် မီးရထားတွဲကို လှည်းပေါ်တွင် လည်းကောင်း၊ ကုန်တင်ကားပေါ်တွင်လည်းကောင်း တင်ယူပြီး သယ်ဆောင်၍ မရပါဆိုသည့် အချက်ကိုမူ သဘောပေါက်နားလည်ထားလေသည်။

"မီးရထားလမ်းလိုတယ် မီးရထားလမ်း၊ ဒီကျောင်းထဲကို ရောက်အောင် မီးရထားလမ်းခင်းမယ်လို့ ငါထင် တယ်"
တော့တိုး-ချန်သည် အတန်ကြာ စဉ်းစားပြီးသောအခါမှ သူမ၏ ထင်မြင်ချက်ကို ပြောလိုက်သည်။ "ဘယ်နေရာက စပြီး မီးရထားလမ်းကို ခင်းမှာလဲ" တော့တိုး-ချန်က ပြန်ပြောလိုက်သည်။ ထိုသို့ ပြန်ပြောပြီးသောအခါမှ သူမ၏စိတ်ကူးသည် သိပ် မဟန် ကြောင်းကို သူမနားလည်လိုက်သည်။ မီးရထားတွဲ ဘယ်နေရာမှ လာမည်ကို သူမ မသိချေ။

ကျောင်းဝင်းထဲသို့ ရောက်အောင် မီးရထားလမ်းကို တည့်မတ်စွာ ဖောက်ရေးအတွက် အိမ်များနှင့် အခြား အရာဝတ္ထု ပစ္စည်းများကို ရှင်းလင်းမှာ မဟုတ်ဆိုသည့်အချက်ကို သူမ စဉ်းစားလိုက်သည်။
သူတို့သည် အချိန်အတန်ကြာပြောဆို ဆွေးနွေးကြပြီးနောက် ထိုနေ့မွန်းလွဲပိုင်း ကျောင်းလွှတ်ချိန် တွင် အိမ်သို့မပြန်ကြဘဲ မီးရထားတွဲ ရောက်ရှိလာသည်အထိ ကျောင်း၌ပင် ဆက်နေကြရန် ဆုံး ဖြတ်လိုက် ကြသည်။ ညဘက်တွင် ကျောင်း၌



⇧ http://www.shwezinu.com ⇩

နေခွင့်ရရေးအတွက် ဆရာကြီးထံ သွားရောက် ခွင့်ပန်ဖို့ အတွက် မိရိုး-ချန်ကို ရွေးချယ်တာဝန်ပေးလိုက်ကြသည်။
ခဏအကြာတွင် မိရိုး-ချန် ပြန်ရောက်လာသည်။

"ရထားတွဲဟာ ညဥ့်နက်မှ ရောက်လာလိမ့်မယ်။ ပြေးဆွဲခုတ်မောင်းနေတဲ့ ရထားတွဲတွေ ရပ်နားတော့မှ သယ်ယူလာလို့ရမှာ၊ ရထားတွဲ သယ်ယူလာတာကို ကြည့်ချင်ရင် အိမ်ကို ပထမပြန် ပြီး ခွင့်ပြုချက် တောင်းခံ ရမယ်တဲ့၊ ပြီးတော့မှ ဒီကိုပြန်လာရမယ်၊ ညအိပ်အင်္ကျီရယ်၊ စောင်ရယ် ယူခဲ့ရမယ်၊ နောက်ပြီး တော့ ညစာကို စားခဲ့ရမယ်တဲ့" မိရိုး-ချန်က ထိုသို့ပြောလိုက်သောအခါ ကလေးများအားလုံး ပျော်မြူးသွားကြသည်။

"ဟေး ..."
"ဆရာကြီးက ညအိပ်အင်္ကျီ ယူခဲ့ရမယ်တဲ့"
"စောင်တွေပါတဲ့"
ထိုမွန်းလွဲပိုင်း၌ ကျောင်းသားများသည် ကျောင်းသင်ခန်းစာများကို စိတ်မဝင်စား ကြတော့ချေ။ ကျောင်းလွှတ်သည့်အခါ တော့တိုး-ချန်၏ အတန်းမှ ကျောင်းသားများ အားလုံးအိမ်သို့ အမြန်ဆုံး ပြန်သွားကြသည်။ အိမ်သို့ ပြန်ရောက်ရောက်ချင်း တော့တိုး-ချန်သည် အမေ့ကို ပြောပြလေတော့သည်။ "ရထားတွဲ တစ်တွဲ ရောက်လာမယ်အမေ၊ ဘယ်လိုရောက်မယ်ဆိုတာ ကျွန်မတို့မသိဘူး၊ ညအိပ် အင်္ကျီနဲ့ စောင်တစ်ထည် ရယ်၊ ကျွန်မ သွားမယ်နော်" တော့တိုး-ချန် ဘာကိုဆိုလိုသည်ကို အမေ မသိသဖြင့် ပါးစပ်အဟောင်းသား ဖြစ်နေမိသည်။ သို့သော်လည်း သမီး၏ မျက်နှာအမူအရာကို ကြည့်ခြင်းအားဖြင့် တစ်ခုခုတော့ ထူးထူးခြားခြား ရှိ လာသည်ကို သူမ မှန်းဆ ၍ ရသည်။

အမေသည် တော့တိုး-ချန်ကို မေးခွန်းအမျိုးမျိုး မေးသည်။ နောက်ဆုံးတွင်မူ သူမ၏ သမီး ပြောလို သည့် အချက်များနှင့် ပေါ်ပေါက်မည့်အခြေအနေကို သူမ သိရှိလေသည်။ ရထားတွဲကို သယ်ယူ လာပုံကို သွားကြည့်ခွင့် ပေးသင့်သည်ဟု အမေ ထင်သည်။ ဤလိုအခွင့်အရေးမျိုး တော်ရုံတန်ရုံနှင့် မကြုံကြိုက်နိုင်။ အမေ သည်ပင်လျှင် သွားကြည့်ချင်သေးသည်။

အမေသည် ညစာစားပြီးချိန်တွင် တော့တိုး-ချန်၏ ညအိပ်အင်္ကျီနှင့် စောင်တစ်ထည်ကိုယူ၍ သမီးကို ကျောင်းသို့ ခေါ်သွားသည်။ ကလေးဆယ်ယောက်ခန့် ရောက်ရှိနေကြလေပြီ။ သူတို့အထဲတွင် ကျောင်းသား ခပ်ကြီးကြီးများလည်း ပါဝင်သည်။ သူတို့သည် မီးရထားတွဲယနေ့ည ရောက်လာမည်ဟု တစ်ဆင့် စကား ကြား၍ လာကြခြင်း ဖြစ်သည်။ အချို့မိခင်များသည်လည်း သူတို့၏ ကလေး များနှင့်အတူ ကျောင်းသို့ ရောက်လာ ကြသည်။ သူတို့ကို ကြည့်ရသည်မှာ ကလေးများနှင့်အတူ ကျောင်း၌ ရှိနေချင်ပုံရသည်။ သို့သော် ကလေးများကို ဆရာကြီးထံ အပ်နှံပြီးသောအခါတွင် အိမ်သို့

⇧ http://www.shwezinu.com ⇩

ပြန်သွားကြလေတော့သည်။

"မီးရထားတွဲရောက်လာရင် မင်းတို့ကို ဆရာကြီးနှိုးမယ်"
ဆရာကြီးသည် သူ၏တပည့်များကို စုဝေးခန်းမကြီးထဲ၌ အိပ်ရန် နေရာချထားပေးရင်း ပြောလိုက် သည်။ သူသည် သူ၏တပည့်များကို စောင်များဖြင့် နွေးနွေးထွေးထွေး အိပ်စေသည်။
မီးရထားတွဲ ဘယ်လိုနည်းနဲ့ ရောက်လာမလဲဆိုသည်ကို ကလေးများသည် စဉ်းစားနေကြသဖြင့် ရုတ်တရက် အိပ်မပျော်ကြ။ သို့သော်လည်း များမကြာမီ သူတို့သည် အိပ်ငိုက်လာကြသည်။ တစ်နေ့လုံး ဆော့ကစား ထားသဖြင့် မောပန်းနေပြီ ဖြစ်သည်။

"ငါ့ကို နှိုးဖို့မမေ့နဲ့နော်"ဟု တစ်ယောက်ကို တစ်ယောက်ပြောနေချိန်တွင် အချို့ကလေး များမှာ အိပ်မောကျ နေပြီ ဖြစ်သည်။
"ရောက်လာပြီဟေ့၊ ရောက်လာပြီ"
ဆူဆူညံညံအသံများကြောင့် တော့တိုး-ချန်သည် အိပ်ပျော်နေရာမှ နိုးလာလေတော့သည်။ တော့တိုး-ချန်သည် အမြန်ဆုံး ထရပ်လိုက်ပြီးနောက် ကျောင်းတွင်းရှိ မြေကွက်လပ်ကို ဖြတ်ကျော်ကာ ကျောင်းဝင်း တံခါးသို့ ပြေးသွားသည်။ နံနက်ခင်း၏ မှုန်မွှားမွှားအလင်း ရောင်အောက်၌ မီးရထားတွဲကြီးကို မြင်တွေ့ လိုက်ရသည်။ အိပ်မက်မက်နေသည်ဟု ထင်မှတ်ရသည်။ မီးရထား လမ်းလည်းမရှိ။ အသံလည်းမမြည်ဘဲ လမ်းအတိုင်း တရွေ့ရွေ့လာနေသော မီးရထားတွဲတစ်တွဲ။ ၎င်းတွဲကို အိုအိမာချိမီးရထားလိုင်းမှ ဂန်လေး ဆွဲယာဉ် က ဆွဲယူလာခြင်း ဖြစ်သည်။ တော့တိုး-ချန် နှင့် အခြားကျောင်းသားငယ် များသည် ယခင်က သူတို့မတွေ့ဖူးသည်များကို ယခုတွေ့မြင်ရလေပြီ။ လှည်းတစ်စီးထက်ပို၍ ကြီးသော ဂန်တင် နောက်တွဲ ယာဉ်ကို ဂန်လေးဆွဲယာဉ်တစ်စီးက ဆွဲယူ သွားပုံကို ယခုသူတို့မျက်မြင်တွေ့ရသဖြင့် အတောမသတ် အောင် အံ့ဩခြင်း ဖြစ်မိသည်။

လူသွားလူလာကင်းမဲ့ပြီး ရှင်းလင်းနေသော နံနက်ခင်းတွင် လမ်းမကြီးပေါ်၌ ဂန်လေးဆွဲယာဉ်သည် မီးရထား တွဲတင်ထားသော နောက်တွဲယာဉ်ကို တဖြည်းဖြည်းချင်း ဆွဲယူလာသည်။
လူသွားလာကင်းမဲ့ပြီး ရှင်းလင်းနေသော နံနက်ခင်းတွင် လမ်းမကြီးပေါ်၌ ဂန်လေးဆွဲယာဉ် သည် မီးရထား တွဲတင်ထားသော နောက်တွဲယာဉ်ကို ဂန်လေးဆွဲယာဉ်ကို တဖြည်းဖြည်းချင်း ဆွဲယူလာသည်။ များမကြာမီ ဆူဆူညံညံအသံများက တိတ်ဆိတ်ခြင်းကို ဖြိုခွဲလိုက်သည်။ ထိုအချိန်ထိုအခါက လေးလံသော ပစ္စည်း များကို သယ်ပိုးသည့် ဂန်ချိန်စက်ကြီးများ မရှိသေးချေ။ ထို့ကြောင့် ရထားတွဲကို နောက်တွဲယာဉ် ပေါ်မှချပြီး ကျောင်းဝင်းအတွင်းရှိ မြေကွက်လပ်ပေါ်ရှိ နေရာချထားဖို့အလုပ်မှာ အလွန်ကြီးမားသော အလုပ် တစ်မျိုးပင် ဖြစ်သည်။ ရထားတွဲကို သယ်ယူလာ

⇧ http://www.shwezinu.com ⇩

ကြသူများသည် သစ်လုံးအများအပြားကို ရထားတွဲ အောက်သို့ ထိုးသွင်းကြပြီးနောက် ရထားတွဲကို နောက်တွဲယာဉ် ပေါ်မှ မြေကြီး ပေါ်သို့ ရောက်အောင် တဖြည်းဖြည်း ဆွဲချယူရသည်။

"သေသေချာချာ ကြည့်ကြနော်၊ သစ်လုံးတွေကို တလိမ့်တုံးတွေလို့လဲ ခေါ်ကြတယ်။ အဲဒီ ရထားတွဲ ကြီး ရွှေ့ဖို့ အတွက် တလိမ့်တုံးတွေရဲ့ လိမ့်အားကို အသုံးပြုရသည်။ ဆရာကြီးက တပည့်များကို ရှင်းပြသည်။

ကလေးများအားလုံးသည် စိတ်ဝင်စားစွာဖြင့် ကြည့်နေကြသည်။

"ဟေး ဟိုး၊ ဟေး ဟိုး"

အလုပ်သမားများသည် အလုပ်လုပ်ရင်း နှုတ်ဖျားမှလည်း ရေရွတ်နေကြသည်။ သူတို့၏ ညီညီညာညာရေရွတ်သံများနှင့်အတူ နေမင်းကြီးမှာလည်း တဖြည်းဖြည်း ထွက်ပေါ်လာ သည်။

ကျောင်းသို့ ရောက်နှင့်နေပြီဖြစ်သော အခြားတွဲခြောက်တွဲကဲ့သို့ပင် ခရီးသည်များစွာကို သယ်ဆောင် ခဲ့သော ဤရထားတွဲ၌လည်း ဘီးများ မရှိတော့။ ဘီးများကို ဖြုတ်ထားလိုက်ပြီ ဖြစ် သည်။ ၎င်း၏ ခရီးသွား သက်တမ်းမှာ ကုန်ဆုံးသွားလေပြီ။ ယခုအချိန်မှစ၍ ဤရထားတွဲသည် ကလေးသူငယ်များ၏ ရယ်မောသံ များကိုသာ သယ်ယူရပေတော့မည်။ နံနက်ခင်း၏ နေရောင်ခြည်အောက်တွင် ညအိပ်အင်္ကျီများကို ဝတ်ဆင်ပြီး ရပ်ကြည့်နေကြသော ယောက်ျား ကလေးများနှင့် မိန်းကလေးများသည် ပျော်လွန်းသောကြောင့် လက်ခုပ်လက်ဝါးတီးကာ ခုန်ပေါက် ကြသည်။ အချို့က ဆရာကြီး၏ လည်ပင်းမှ လက်မောင်းများကို တွဲလဲခိုစီးကြလေတော့ သည်။

ကိုယ်ခန္ဓာ ယိုင်ထိုးနေသော ဆရာကြီး၏ မျက်နှာမှာ ပြုံးပြုံးရွှင်ရွှင် ဖြစ်နေသည်။ ဆရာကြီး၏ ပြုံးရွှင် သော မျက်နှာကို မြင်ကြရသောအခါ ကလေးများကလည်း လိုက်ပြုံးကြလေသည်။

ထိုကလေး များအားလုံးသည် ထိုနေ့က ပျော်ရွှင်ခဲ့ကြပုံများကို အစဉ်အမြဲ သတိရနေကြလေသည်။

## ရေကူးကန်

တော့တိုး-ချန် သည် ထိုနေ့ကို ဘယ်သောအခါမှ မေ့၍ရမည်မဟုတ်။ ထိုနေ့မှာ ရေကူးကန် ထဲတွင် ပထမဆုံး အကြိမ် ရေကူးရသော နေ့ဖြစ်သည်။ နံနက်စောစောအချိန်တွင် ဖြစ်သည်။ ဆရာကြီးက "ရာသီဥတု ပူလာပြီ ၊ ရေးကူးကန်ထဲကို ရေဖြည့်ဖို့ ဆရာကြီး စဉ်းစားထားတယ်" ဟု ပြောလိုက်သည်။

"ဟေး ဟေး ဟေး ..........."

⇧ http://www.shwezinu.com ⇩

ကျောင်းသားတိုင်း ပျော်ရွှင်သွားကြပြီး၊ ခုန်ပေါက်လိုက်ကြသည်။ တော့တိုး-ချန်နှင့် ပထမတန်းမှ ကျောင်းသား များမှာလည်း "ဟေး ဟေး ဟေး"ဟု အော်ရင်း ခုန်ပေါက်ကြသည်။ သူတို့ထက်အသက် ကြီးသော ကျောင်းသားများထက်ပင် ပိုပျော်ကြသည်။

တိုမိုကျောင်းမှ ရေးကူးကန်၏ ပုံသဏ္ဍန်မှာ အခြားရေကူးကန်များကဲ့သို့ စတုရန်းပုံသဏ္ဍန် မဟုတ်ချေ။ ၎င်း၏ ပုံသဏ္ဍန်မှာ လှေ၏ပုံသဏ္ဍန်နှင့်တူသည်။ လှလှပပရှိသည်။ မြေကြီးအခြေအနေကို လိုက်၍ ဤကဲ့သို့ တူးထား ရ ခြင်းဖြစ်သည်။ သို့သော်လည်း ရေကန်မှာ ကြီးမားပြီး ခန့်ညား လှပသော ကန်တစ်ကန်ဖြစ်သည်။ ၎င်းသည် စာသင်ခန်းများနှင့် စုဝေးခန်းမကြီးအကြား၌ တည်ရှိလေသည်။ တော့တိုး-ချန်နှင့် အခြားကျောင်းသားများသည် မိမိတို့၏ စာသင်ခန်းများထဲ၌ စာအံနေရသည့် ကြားထဲက ပြတင်းပေါက်များမှနေ၍ ရေကူးကန်ကို မကြာမကြာကြည့်နေမိကြသည်။ နေ့လယ်စာစားချိန်သို့ရောက်လာလေပြီ။ ကလေးများအားလုံး ရေးကူးကန်၌ စုဝေးမိကြ သောအခါ ဆရာကြီးက .......... "ငါတို့အားလုံး လေ့ကျင့်ခန်းနည်းနည်းလုပ်ကြမယ် ၊ ပြီးရင် ရေကူးကြမယ်" ဟုပြော လိုက်သည်။

" ရေကူးရင် ရေကူးဝတ်စုံမလိုဘူးလား " ဟု တော့တိုး-ချန်စဉ်းစားလိုက်သည်။ အမေ၊ အဖေ တို့နှင့်အတူ ကာမာကူးရာသို့သွားစဉ်က သူမသည် ရေးကူးဝတ်စုံ၊ ရော်ဘာဖော စသည်တို့ကို ယူသွားခဲ့သည်။ ရေကူး ဝတ်စုံကိုယူခဲ့ ဆရာမက မှာမမှာသူမ ပြန်စဉ်းစားလိုက်သည်။ ထိုသို့ ပြန်စဉ်း စားနေခိုက်မှာပင် ဆရာကြီးက " ရေကူး ဝတ်စုံအတွက် စိတ်မပူကြနဲ့၊ စုဝေးခန်းမကြီးထဲမှာသွား ကြည့်ကြ" ဟုပြောလိုက်သည်။

တော့တိုး-ချန်နှင့် ပထမတန်းကျောင်းသားများ စုဝေးခန်းမကြီးထဲသို့ ရောက်ရှိလာချိန်တွင် သူတို့ထက် အသက် ကြီးသော ကလေးကြီးများသည် ပျော်ရွှင်မြူးထူးစွာ သူတို့ဝတ်ထား သော အဝတ်များအားလုံးကို ချွတ်ပစ် နေကြလေပြီ။ ထို့နောက်သူတို့သည် ကိုယ်တုံးလုံးများဖြင့် ကျောင်းကစားကွင်းသို့ တစ်ယောက်ပြီး တစ်ယောက် ပြေးထွက်သွားကြသည်။

တော့တိုး-ချန်နှင့် သူမ၏ သူငယ်ချင်းများမှာလည်း သူတို့၏ ပုံစံအတိုင်း သူတို့နောက်မှ ပြေးလိုက် သွားကြ သည်။ ပူနွေးသော လေထဲတွင် အဝတ်လုံးဝမပါဘဲ နေရသည်မှာ တမျိုး အံ့သြစရာ ကောင်းလှ ပေသည်။ တော့တိုး-ချန်တို့ စုဝေးခန်းမကြီး၏ အပြင်ဘက်လှေကားထိပ်သို့ ရောက်ရှိ လာချိန်၌ အခြား ကျောင်း သားများမှာ သွေးပူလေ့ကျင့်ခန်းများကိုပင် ပြုလုပ်နေကြလေပြီ။ တော့တိုး-ချန် နှင့် သူမ၏ အတန်းသား များသည် ဖိနပ်များမပါဘဲ လှေကားထစ်အတိုင်း ပြေးဆင်း သွားကြ လေတော့ သည်။

⇧ http://www.shwezinu.com ⇩

ရေကူးနည်းပြဆရာမှာ ကျောင်းအုပ်ဆရာကြီး၏ သားမိရိုး-ချန်၏ အစ်ကိုကြီးဖြစ်သည်။ သူသည် ကာယ ပညာ၌ ကျွမ်းကျင်သူဖြစ်သည်။ သူသည်တိုမိုကျောင်းမှ ကျောင်းဆရာ တစ်ယောက်တော့ မဟုတ်ပါ။ သို့သော် သူသည် တက္ကသိုလ်ကျောင်းတစ်ကျောင်းမှ ရေကူးအသင်းသားတစ်ယောက် ဖြစ်သည်။ သူ၏ နာမည်မှာ ကျောင်း၏အမည်အတိုင်း တိုမိုဖြစ်သည်။ တိုမို-စန်မှာမူ ရေကူးဝတ်စုံကို ဝတ်ထားသည်။ သွေးပူလေ့ကျင့်ခန်းများ ပြုလုပ်ပြီးသောအခါ ကလေးများပေါ်သို့ ရေအေးများကျလာသည်။ ကလေးများ ဆူဆူ ညံညံဖြစ်သွားကြပြီးနောက် ရေကန်ထဲသို့ ခုန်ချလိုက်ကြသည်။ တော့တိုး-ချန်သည် အခြား ကျောင်းသား များ၏ အခြေအနေကိုကြည့်ပြီးမှ ရေကန်ထဲသို့ ဆင်းလိုက်သည်။ ရေသည်မပူပါ။ သို့သော် ရေကူးကန်ထဲမှ ရေသည် အိမ်ရှိ ရေချိုးခွက်ထဲက ရေထက်ပိုများပြီး ရေပြင်မှာလည်း ပိုကျယ်သည်။ ခြေလက် များကို ဆန့်ချင်သလို ဆန့်နိုင်သည်။ လှုပ်ရှားချင်သလို လှုပ်ရှားနိုင်သည်။ ပတ်ဝန်းကျင် တစ်ခု လုံး၌ ရေများသာရှိသည်။

ပိန်သော ကလေးများ၊ ဝသောကလေးများ၊ ယောကျ်ားလေးများ၊ မိန်းကလေးများ သူတို့ အားလုံးသည် မိမွေး ဖမွေးတိုင်း ရယ်ကာမောကာ အော်ကာဟစ်ကာနှင့် တစ်ယောက်နှင့် တစ် ယောက်ရေများဖြင့် ပတ်ဖျန်း ကြရင်း ပျော်ပျော်ပါးပါး ရေကူးနေကြ၏။ သိပ်ပျော်စရာ ကောင်းတာပဲ၊ ပျော်စရာ အတွေ့ အကြုံတစ်မျိုးပါပဲ။ တော့တိုး- ချန်စဉ်းစားမိသည်။ ရော့ကီ သည် ကျောင်းသို့ လိုက်ပါခွင့်မရသည်ကို သူမစိတ်မကောင်းပေ။ ရေကူးဝတ်စုံမပါဘဲ ရေကူးခွင့်ရှိသည် ဆိုသည်ကို ရော့ကီသာသိလျှင် ၎င်းသည်လည်း ရေကူးကန်ထဲ ရောက်နေမည်မှာ သေချာသည်။

ကျောင်းအုပ်ဆရာကြီးသည် သူ၏တပည့်များကို အဝတ်မပါ ကိုယ်တုံးလုံးများဖြင့် ရေကူးခွင့် ပြုသည် ကို စဉ်းစား ကြည့်လျှင် အံ့သြမည်ဆိုက အံ့သြနိုင်လောက်ပေသည်။ ဤကိစ္စနှင့်ပတ်သက်၍ စည်းကမ်း သတ်မှတ်ချက် မရှိချေ။ ရေကူးဝတ်စုံဝတ်၍ ရေကူးမည်ဆိုက ကူးနိုင်သည်။ဤသို့မှ မဟုတ်လျှင်လည်း ယခု လို နေ့မျိုး ရုတ်တစ်ရက်စိတ်ကူးရပြီး ရေကူးဖို့ အကြောင်းဖြစ်ပေါ်လာပါက ရေကူးဝတ်စုံမပါဘဲ ရေကူး နိုင်ပေသည်။ဆရာကြီးသည် သူ၏တပည့်များကို ကိုယ်တုံးလုံးဖြင့် အဘယ့်ကြောင့် ရေကူးစေသနည်း။ သူ၏ စိတ်ကူး မှာ ယောကျ်ားကလေးများနှင့် မိန်းကလေး များအားမိမိတို့၏ ခန္ဓာကိုယ်များသည် ကွဲပြား ခြားနားမှု ရှိလွန်းကြပါသည်ဟု တလွဲတွေး ပြီး အံ့သြခြင်းမဖြစ်စေလိုပေ။ သူ၏ စိတ်ကူးမှာ လူတွေအနေဖြင့် သူတို့၏ ခန္ဓာကိုယ်များကို အခြား သူများမမြင်အောင် အထူး ဂရုတစိုက် ဖုံးကွယ်မှု ပြုလွန်းခြင်းသည် သဘာဝ မကျသော အလုပ်ဖြစ် သည်ဟု သူကထင်သည်။

သူသည် ကလေးများအား ကိုယ်ခန္ဓာများအားလုံးသည် လှပကြပါသည်ဟု သင်ကြားပြသလိုသည်။ တိုမိုကျောင်း ရှိ သူ၏တပည့်များထဲတွင် ပိုလီယိုရောဂါကို

⇧ http://www.shwezinu.com ⇩

ခံစားခဲ့ဖူးသူများပါဝင်သည်။ ဥပမာ ယာဆူအာကီ-ချန် ကဲ့သို့သော ကျောင်းသားမျိုး၊ အချို့မှာခန္ဓာကိုယ် ကြံ့ခိုင်လှသူများဖြစ်သည်။ အချို့မှာ ကိုယ်လက် အင်္ဂါချွတ်ယွင်းနေကြသည်။ ဆရာကြီး၏ စိတ်ကူးမှာ ကလေးများအားလုံးကို အဝတ်အစား ကင်းမဲ့စွာဖြင့် အတူတူကစားစေခြင်းအားဖြင့် ရှက်စိတ်ကြောက်စိတ်နှင့် အားငယ်စိတ် များပျောက်သွား စေမည်ဖြစ်ပြီး မတူမတန်စိတ်များ မကပ်ငြိအောင် တားဆီးနိုင်မည်ဖြစ်သည်။ ဆရာကြီး ထင်မှတ်ခဲ့သည့် အတိုင်းပင် ကိုယ်အင်္ဂါချွတ်ယွင်း နေသော ကလေးများသည် အခြားက လေးများနှင့် အတူတူ ကစားခါစ၌ ရှက်သလိုလို ရွံ့သလိုလိုဖြစ်နေကြသည်။ သို့သော် များမကြာမီ သူတို့ပျော်သွားပြီး သူတို့၏ အားငယ်စိတ် များနှင့် ရှက်စိတ်များမှာ လုံးဝမရှိတော့ချေ။

အချို့ကျောင်းသားများ မိဘများသည် ကိုယ်တုံးလုံးဖြင့် ရေကူးခြင်းကို မလိုလားကြပေ။ ထို့ကြောင့် သူတို့၏ သားသမီး များအား ရေကူးဝတ်စုံဝတ်၍ ရေကူးကြရန် တိုက်တွန်းသည်။ သို့သော်လည်း သူတို့၏ သားငယ် သမီးငယ် များသည် ရေကူးဝတ်စုံကို အသုံးပြုမှု နည်းပါးကြသည်ဆိုသည်ကိုမူ သူတို့မသိကြချေ။ တော့တိုး-ချန် ကဲ့သို့သော အချို့ကလေးငယ်များသည် ရေစကူးကတည်းက ရေကူးဝတ်စုံမပါဘဲ ရေကူးခြင်း ကို နှစ်သက်ကြသည်။အချို့မှာမူ ရေကူးဝတ်စုံမယူခဲ့မိသဖြင့် ကိုယ်တုံးလုံးဖြင့်သာ ရေကူးလိုက်ကြရသည်။ ကျောင်းသားအများစုသည် ရေကူးဝတ်စုံမပါဘဲ ရေကန်ထဲ၌ ရေ ကူးကြသည်သာများသည်။

အချို့ကျောင်းသားငယ်များမှာမူ ရေကူးဝတ်စုံကို ကျောင်းသို့ယူလာကြပြီး ရေကူးသောအခါ ၎င်း ဝတ်စုံကို မဝတ် ဘဲ ရေကူးကြသည်။ ကျောင်းဆင်း၍ အိမ်သို့ပြန်သောအခါ ရေကူးဝတ်စုံကို ရေထဲနှစ်ပြီး ယူသွား လေသည်။ ဟိုမိုကျောင်းရှိ ကျောင်းသားများ အားလုံးလိုလိုပင် ရေကူးကန်ထဲ၌ ရေကူးကြသဖြင့် သူတို့၏ ခန္ဓာကိုယ်များမှာ အညိုရောင် သမ်းလျက်ရှိသည်။ သူတို့၏ အညိုရောင် သမ်းနေသော ကိုယ်ခန္ဓာကို အသေ အချာ ကြည့်မည်ဆိုပါက ရေကူးဝတ်စုံဝတ်ချိုးထားသည့် အရာ များကို တွေ့ရမည်မဟုတ်ချေ။

<u>ပညာရည်တိုးတက်မှု့မှတ်တမ်း</u>

တော့တိုး-ချန်သည် ဘေးဘယ်ညာကို လုံးဝမကြည့်ဘဲ ဘူတာရုံမှအိမ်သို့ တစ်လမ်းလုံးပြေးသွား သည်။ သူမ၏ ကျောပိုးအိတ်သည် သူမ၏ကျောကုန်းကို တဖတ်ဖတ်ရိုက်ခတ်လျက်ရှိသည်။ သူမကို မြင်တွေ့ လိုက်သူများက သူမတစ်ခုခုဖြစ်လာ ပြီဟုထင်မှတ်မည်မှာမလွဲပေ။ သူမသည် ကျောင်းဝင်းတံခါးမှ စထွက် ကတည်း က ပြေးလာခဲ့ခြင်းဖြစ်သည်။
အိမ်ပြန်ရောက်သည်နှင့် သူမသည် အိမ်ရှေ့တံခါးကို ဖွင့်လိုက်ပြီးနောက် "ကျွန်မပြန်ရောက်ပြီ" ဟု အသံပြုလိုက်သည်။ ထို့နောက်သူမသည် ရော့ကီကို

⇧ http://www.shwezinu.com ⇩

လိုက်ရှာသည်။ ရော့ကီသည် အိမ်ရှေ့ဂရံတာတွင် မှောက်လျက်ကလေးရှိနေသည်။ တော့တိုး-ချန်သည် စကားတစ်လုံးမျှမပြော ချေ။ သူမသည် ရော့ကီ ရှေ့တည့်တည့်တွင် ထိုင်ချလိုက်သည်။ ၎င်းနောက် သူမ၏ ကျောပိုးအိတ် ကို ဆွဲယူပြီး အိတ်ကိုဖွင့်၍ အိတ်ထဲမှ ပညာရည်တိုးတက်မှု မှတ်တမ်းကပ်ပြားကို ထုတ်ယူလိုက် သည်။ ကတ်ပြားထဲမှ အမှတ်များကို ရော့ကီ မြင်နိုင်ရန် သူမက ကတ်ပြားကို လှစ်ပြလိုက်သည်။ ၎င်းသည် သူမ၏ ပထမဆုံး ပညာရည် တိုးတက်မှု့ မှတ်တမ်းဖြစ်သည်။

"ကြည့်စမ်း"

သူမက လေသံခပ်မာမာဖြင့် ပြောလိုက်သည်။ ကတ်ပြားထဲ၌ 'အေ' 'ဘီ' နှင့်အခြား စာလုံးများ ရေးသား ထားသည်။ 'အေ' သည် 'ဘီ'ထက် သာသလား၊'ဘီ' က 'အေ'ထက်သာသလား ဆိုသည်ကို တော့တိုး-ချန် မသိချေ။ ထို့ကြောင့် ရော့ကီမှာလည်း ဘာဆိုဘာမျှ သိမည်မဟုတ်။ သို့သော်လည်း တော့တိုး-ချန်သည် သူမ၏ ပထမဦးဆုံး ပညာရည်တိုးတက်မှုမှတ်တမ်းကို အခြားမည်သူ့ကိုမျှ မပြရသေးမီ ရော့ကီကို ပြချင် သည်။ ရော့ကီ ဂမ်းမြောက်ဂမ်းသာဖြစ်လိမ့်မည်ဟု သူမယုံကြည်မိသည်။ ရော့ကီ သည် သူမ၏မျက်နှာစာရှေ့မှ စာရွက်ကို တွေ့သောအခါ အနံ့ခံကြည့်လိုက်သည်။ ၎င်းနောက် သူသည် တော့တိုး-ချန်ကို ငေးကြည့်နေမိသည်။ "နင်စိတ်ဂင်စားတယ် မဟုတ်လား၊ ဒါပေမဲ့ အထဲမှာ ရေးထားတာတွေဟာ သိပ်ခက်တဲ့ စာလုံးတွေ နင်ဖတ်လို့ရမှာ မဟုတ်ပါဘူး"
တော့တိုး-ချန်က ပြောလိုက်သည်။

ရော့ကီသည် သူ၏ဦးခေါင်းကို စောင်းငဲ့ကာ ကတ်ပြားကို ထပ်မံကြည့်လိုက်ပြန်သည်။ ထို့နောက် သူမ လျှာဖြင့် တော့တိုး-ချန်၏ လက်ကို လျက်လိုက်သည်။ "ကောင်းတယ်" သူမသည် ကျေနပ်သော လေသံဖြင့် ပြောပြီး ထိုင်ရာမှ ထလိုက်သည်။
"အခု ငါအမေ့ကို သွားပြမယ်"
တော့တိုး-ချန် ထွက်သွားသောအခါ ရော့ကီသည်လည်း ထလိုက်ပြီး ပို၍ အေးသော နေရာ တစ်နေရာ ကိုရှာ၍ ဖြည်းညင်းစွာ သူ၏ကိုယ်ကို လှဲချလိုက်သည်။ မျက်စိများကိုလည်း မှိတ်ထားလိုက်သည်။ သူ၏ အခြေအနေကို တော့တိုး-ချန်တွေ့လိုက်လျှင် သူသည် သူမ၏ ပညာရည်တိုးတက်မှုမှတ်တမ်းကို စဉ်းစား နေသည် ဟု ပြောမည်မှာ မလွဲပါ။

**<u>နွေရာသီ ကျောင်းအားရက် စတင်ပြီ</u>**

"ကျွန်ုပ်တို့သည် မနက်ဖြန်တွင် စခန်းဂန်ဖို့ရှိသည်။ ကျေးဇူးပြု၍ မနက်ဖြန် ညနေပိုင်းတွင် စောင်များ၊ ညဂတ် အင်္ကျီများနှင့်အတူ ကျောင်းသို့အရောက် ရောက်လာကြပါရန်" ကျောင်းဆရာကြီး လက်မှတ်ရေးထိုးထားသော စာရွက်ကို တော့တိုး-ချန်သည
်အိမ်သို့ယူဆောင် လာပြီး အမေ့ ကိုပြသည်။ နွေရာသီ ကျောင်းအားရက်သည် သန်ဘက်ခါ

⇧ http://www.shwezinu.com ⇩

စတင်ပေတော့မည်။
"စခန်းဂင်တယ်ဆိုတာ ဘာပါလဲ"
တော့တိုး-ချန်က မေးလိုက်သည်။

အမေသည် စဉ်းစားနေမိသည်။ သို့သော်လည်းသူမက......... "အဲဒီ အဓိပ္ပာယ်ကတော့ အဆောက်အအုံအပြင်ဘက်မှာ တဲတွေထိုးပြီး အဲဒီတဲထဲမှာဘဲ အိပ်တာကို ခေါ်တယ် လို့ ထင်တာပဲ၊ တဲထဲမှာအိပ်ရင် ကြယ်တွေနဲ့လကို မြင်ရတာပေါ့၊တဲကို ဘယ်နေရာမှာ ထိုးမယ် ဆိုတာကိုတော့ စဉ်းစားလို့ မရဘူး၊ ငွေကြေးကိစ္စကို လဲ မဖော်ပြထားတော့ ကျောင်းအနီး တစ်နေရာမှာ ဖြစ်လိမ့်မယ် ထင်တာပဲ" ဟု ပြောလိုက်သည်။ ထိုညက တောတိုး-ချန်သည် ရုတ်တရက် အိပ်မပျော်ဘဲ ဖြစ်နေသည်။ စခန်းဂန်ရမယ်ဆိုတော့ ကြီး ကျယ်တဲ့ စွန့်စားခြင်း တစ်မျိုးဖြစ်မှာဘဲ။သူမ၏ ရန်ခုန်သံသည် မြန်နေ၏။ နောက်တစ်နေ့နံနက် အိပ်ရာမှ နိုးသည်နှင့် တော့တိုး-ချန်သည် သူမယူသွားရမည့် ပစ္စည်းများကို ထုပ်ပိုးထားလိုက်သည်။ သို့သော်လည်း ညနေပိုင်း တွင် စောင်နှင့် ညအိပ်အကျ ထည့်ထားသော ကျောပိုးအိတ်ကိုပိုး၍ လူကြီးများကို နှုတ်ဆက်ပြီး ထွက်ခွာသော အခါ၌မူ သူမသည် စိတ်အားငယ်ကာ ကြောက် သလိုလို ရှံ့သလိုလိုဖြစ်နေမိသည်။

ကလေးများ အားလုံး စုံသောအခါ ဆရာကြီးက သူတို့ကို စုဝေးစေပြီး......... "မင်းတို့ အားလုံး အခုချိန်ကစပြီး စုဝေးခန်းမကြီးထဲကို သွားကြ"ဟု ပြောလိုက်သည်။ ခန်းမကြီး ထဲသို့ ကျောင်းသားများအားလုံး ရောက်ရှိကြသောအခါ ဆရာကြီးသည် စင်မြင့်ငယ်ပေါ်သို့ အထုပ် တစ်ထုပ်ကို သယ်ယူ၍ တက်သွာသည်။ အစိမ်းရောင် တဲတစ်တဲ ဖြစ်သည်. "တဲတစ်တဲ ကို ဘယ်လို ထိုးရတယ်ဆိုတာ ဆရာကြီးပြမယ်" ထိုသို့ ပြောရင်း ဆရာကြီးသည် တဲကို ဖြန့်လိုက်သည်။ "သေသေချာချာ ကြည့်ကြနော်" ဆရာကြီးသည် အခြားသူများ၏ အကူအညီမပါဘဲ တဲထိုးလိုက်ရာ ခဏအကြာတွင် လှပသော တဲတစ်တဲ ထိုးပြီး ဖြစ်သွားသည်။ "ကဲ မင်းတို့ အလှည့်ပဲ၊ ဒီခန်းမကြီးထဲမှာပဲ တဲတွေထိုးကြပေတော့"ဟု ဆရာကြီးက ပြော လိုက်သည်။

တဲများကို အဆောက်အအုံ၏ အပြင်ဘက်တွင် ထိုးလိမ့်မည်ဟု အခြားသူများတွေးသလို အမေကလည်း တွေးသည်။ သို့သော်လည်း ကျောင်းအုပ်ဆရာကြီး၏ စိတ်ကူးမှာ တစ်မျိုးဖြစ်သည်။ စုဝေး ခန်းမကြီး ထဲ၌ဆိုလျှင် ညဘက် မိုးရွာသည်ဖြစ်စေ၊ ရာသီဥတု အေးမြသည်ဖြစ်စေ ကလေးများအတွက် အဆင်ပြေ၏။ "ငါတို့ စခန်းချတော့မ ရှင်မြူးစွာ အော်ဟစ်လိုက်ကြသည်။ သူတို့ကိုအစုများဖွဲ့ ပေးလိုက်သည်။ ထို့နောက် သူတို့သည် ဆရာများ၏ အကူအညီဖြင့် တဲများကို ထိုးကြသည်။ တဲတစ်တဲတွင် ကျောင်းသား သုံးယောက်အိပ်နိုင်လေသည်။ တော့တိုး-ချန်သည်သူမ၏ ညဂတ်အကျၤကို လျင်မြန်စွာဂတ်လိုက်သည်။ များမကြာမီ ကလေးများ အားလုံးသည် တဲများထဲသို့



⇧ http://www.shwezinu.com ⇩

ကုန်းကုန်းကွကွနှင့် ဂင်လိုက် ထွက်လိုက် ပြုလုပ် ကြသည်။ ထိုမတစ်ဖန် သူတို့သည် ဟိုတဲထဲဂင်လိုက် ၊ အဲဒီတဲမှထွက်လိုက်နှင့် သွားလာလှုပ်ရှားနေ တော့၏။

ကျောင်းသား များအားလုံး ညအိပ်အကျႌကို ဂတ်ပြီးကြသောအခါ ကျောင်းအုပ်ဆရာကြီး သည် သူ၏ တပည့်များ အားလုံးက သူ့ကိုမြင်နိုင်သည့် အလယ်ကောင်တွင် ထိုင်ချ လိုက်ကာ သူ၏ နိုင်ငံခြား ခရီးသွား ဗဟုသုတ အတွေ့အကြုံများကို ပြောပြလေတော့သည်။
အချို့ကလေးများသည် သူတို့၏ ဦးခေါင်းပိုင်းကို တဲ၏အပြင်သို့ထုတ်၍ လည်းကောင်း၊ အချို့မှာ သေအချာထိုင်၍ လည်းကောင်း၊ အချို့မှာ သူတို့ထက် အသက်ပိုကြီးသော ကျောင်းသားများ၏ ပေါင်ကို ခေါင်အုံး သဖွယ် အသုံးပြု၍ လည်းကောင်း၊ သူတို့မကြားဖူး မမြင်ဘူးသော ဒေသမှ အကြောင်းအရာများကို စိတ်ဂင်စားစွာ နာထောင်ကြသည်။ ဆရာကြီး ၏ ဇာတ်လမ်းများမှာ ဆွဲဆောင်မှုရှိသည်။ ဆရာကြီး၏ ဇာတ်လမ်းများကို နားထောင်ရင်း တစ်ခါတစ်လေ သူတို့၏ စိတ်ထဲများ၌ ရေခြားမြေခြားမှ အခြား ကလေး များကို သူတို့၏ မိတ်ဆွေများဟူ၍ အထင်ရောက်မိကြလေသည်။

သာမန်အားဖြင့်ဆိုလျှင် စုဂေးခန်းမကြီးထဲ၌ တဲထိုးပြီးအိပ်စက် ခြင်းသည် ဘာမျှ မထူးဆန်းပေ။ သို့သော် လည်း ကလေးသူငယ်များအဖို့ ဤရိုးရိုး နှင့် သာမန်အဖြစ်အပျက်သည် မမေ့နိုင်သော အဖြစ် အပျက် ဖြစ်သည်။ ပျော်စရာကောင်းပြီး တန်ဖိုးရှိသော အတွေ့အကြုံ ဖြစ်သည်။ ကျောင်းအုပ် ဆရာကြီး သည် သူ၏ တပည့်များ ပျော်ရွှင်အောင် မည်သို့ပြုလုပ်ရ မည်ကို သိရှိသူဖြစ်သည်။ ဆရာကြီး စကားပြောခြင်း ပြီးဆုံးသောအခါ စုဂေးခန်းမကြီးထဲမှ မီးရောင်များ ငြိမ်းသွား သည်။ ကလေးများ အားလုံး သူတို့ အတွက် သတ်မှတ်ထားသော တဲများထဲသို့ ဂင်ရောက်သွားကြလေပြီ။ အချို့တဲများမှ ရယ်မောသံ များ ထွက်ပေါ်လာ၏။ အချို့တဲများ တွင်းမှ တီးတိုးစကားများကို ကြားနိုင်ပါသည်။ ခန်းမကြီး၏ ထောင့်စွန်း တစ်နေရာရှိ တဲတစ် တဲအတွင်းမှ ထိုးကြိုကြိတ်ကြသော အသံများ ထွက်ပေါ်လာသည်။ သို့သော်လည်း တိတ်ဆိတ်ငြိမ်သက်ခြင်းသည် တဖြည်းဖြည်း လွှမ်းခြုံ၍ လာလေသည်။

ယခု စခန်းချခြင်းသည် ကြယ်များမပါ၊ လကိုမမြင်ရသော စခန်းချခြင်းတစ်မျိုးဖြစ်သည်။ သို့သော်လည်း ကလေးများ အားလုံး စိတ်ပျော်ရွှင်မှု အပြည့်အဂကို ခံစားခဲ့ကြရသည်။သူတို့ အဖို့ ထိုစုဂေး ခန်းမကြီးသည် စခန်း ချရာ တကယ့်မြေပြင်ကြီးသဖွယ် ဖြစ်နေသည်။ ထိုညက စခန်းချခဲ့ရသော အဖြစ်အပျက်သည် သူတို့၏ နှလုံးသားများကို ကြယ်ရောင်၊လရောင် သဖွယ်အမြဲ ထာဂရရစ်ပတ်၍ ရှိနေလေတော့၏။

⇧ http://www.shwezinu.com ⇩

**စွန့်စားခန်းကြီးတစ်ခု**

စပေးခန်းမကြီး၌ သူတို့စခန်းချပြီး နစ်ရက်အကြာတွင် တော့တိုး-ချန်၏ စွန့်စားခန်းကြီး တစ်ခု ဆင်နွှဲရာနေ့ သို့ ရောက်လာ လေတော့သည်။ ထိုနေ့မှာ သူမနှင့် ယာဆူအာကီ-ချန်တို့ ချိန်းထားသော နေ့ ဖြစ်သည်။ သူတို့နှစ်ယောက် ချိန်ထားခြင်းကို အမေလည်းမသိ၊ အဖေလည်းမသိ၊ ယာဆူအာကီ-ချန်၏ မိဘများ လည်းမသိပေ။ သူမသည် ယာဆူအာကီ-ချန်ကို သူမ၏ သစ်ပင်သို့လာရန် ဖိတ်ခေါ် ထားခြင်း ဖြစ်သည်။

တိုမိုကျောင်းရှိ ကျောင်းသားတိုင်းတွင် ကျောင်းဝင်းအတွင်း၌ သူတို့ဖာသာသူတို့ သတ်မှတ်ထားကြသည့် သူတို့ တက်ရောက်ဆော့ကစားရာ သစ်ပင်တစ်ပင်စီရှိကြသည်။ တော့တိုး-ချန်၏ သစ်ပင်သည် ကူဟွန်း ဘက်စု သို့ သွားရာလမ်းကြား၏နံဘေး ခြံစည်းရိုးနှင့် ကပ်လျက် ရှိသော ကျောင်းဝင်း ထောင့်စွန်း တစ်နေရာ၌ ရှိလေသည်။ ၎င်းသည် အပင်ကြီးတစ်ပင်ဖြစ် သည်။ အပင်ပေါ် သို့တက်လျှင် ချောနိုင် လေသည်။ သို့သော်လည်း သစ်ပင်တက် ကျွမ်းကျင်ပါက မြေကြီးနှင့် ခြောက်ပေကွာအမြင့်၌ တည်ရှိသည့် သစ်ပင် ခွကြား သို့ ရောက်နိုင် လေသည်။ ကျောင်းအားလပ်ချိန်များနှင့် ကျောင်းဆင်းချိန်များ၌ တော့တိုး-ချန်သည် ထိုသစ်ပင်ပေါ် သို့ တက်၍ သစ်ပင် ခွကြား၌ ထိုင်ပြီး မလှမ်းမကမ်းရှိ မြင်းကွင်းများကိုလည်းကောင်း၊ သို့မဟုတ် မိုးကောင်းကင် ကို လည်းကောင်း၊ သို့မဟုတ် သစ်ပင်အောက်ရှိ လူများကိုလည်းကောင်း ကြည့်နေလေ့ရှိသည်။

ကလေး သူငယ်များသည် "သူတို့၏" သစ်ပင်များကို သူတို့၏ ကိုယ်ပိုင်ပစ္စည်းအဖြစ် သတ်မှတ် ထားကြသည်။ မိမိ၏ သစ်ပင်မဟုတ်ဘဲ အခြားသူ တစ်ယောက်ယောက်၏ သစ်ပင်ပေါ် သို့ တက်လိုလျှင် ပိုင်ရှင် ထံသွားပြီး ယဉ်ကျေးစွာဖြင့်"ကျွန်တော် ကျွန်မကို သစ်ပင်တက်ခွင့်ပြုပါ" ဟု ခွင့်ပန်ရလေသည်။ ယာဆူအာကီ-ချန်သည် ပိုလီယိုဝေဒနာ သည် တစ်ယောက်ဖြစ်သောကြောင့် သစ်ပင် ပေါ် သို့ တစ်ခါဖူးမျှ မတက် ဖူးချေ။ ထို့ကြောင့် သူတွင် ကိုယ်ပိုင်သစ်ပင်ဆို၍ တစ်ပင် မျှမရှိ။ သို့အတွက်ကြောင့် တော့တိုး-ချန်သည် သူမ၏သစ်ပင်သို့ သူ့ကို ဖိတ်ခေါ် ခြင်း ဖြစ်လေသည်။ ဤကိစ္စကို သူတို့လျှို့ဝှက်ထားကြသည်။ အဘယ့်ကြောင့်ဆို သော် အခြားသူများသိသွားပါက သူတို့ကို တားမြစ်မှာသေချာသည်။ အိမ်မှထွက်ခဲ့စဉ်က တော့တိုး-ချန်သည် အမေ့အား ဒီနန်ချိုဖူးရှိ ယာဆူအာကီ-ချန်တို့၏ အိမ်သို့အလည် သွားမည်ဟု ပြောခဲ့သည်။ သူမသည် လိမ်ညာပြောခြင်းဖြစ်သည့်အတွက် အမေ့မျက်နှာကို စေ့စေ့မကြည့်ဘဲ မျက်နှာကို အောက်စိုက်ပြီး သူမ၏ ဖိနပ်ကြိုးများကို ကြည့်၍ပြောသည်။ သို့သော်လည်း ရော့ကီသည် ဘူတာရုံအထိ သူမနောက်မှ လိုက် ခဲ့သည်။ ဘူတာရုံသို့ရောက်၍ သူတို့ခွဲခါနီးတွင် သူမသည် အမှန်ကို ပြောလိုက်သည်။

"ငါ့သစ်ပင်ပေါ် ယာဆူအာကီ-ချန်ကို တက်ခွင့်ပေးမလို့"



⇧ http://www.shwezinu.com ⇩

လည်ပင်း၌ ဆွဲထားသည့် တဖျပ်ဖျပ် လှုပ်ရှားနေသော မီးရထားစီးခွင့် ကဒ်ပြားနှင့်အတူ တော့တိုး-ချန် ကျောင်းသို့ ရောက်ရှိသောအခါ ယာဆူအာကီ-ချန်သည် သူမကိုတွေ့လိုက်ရသည်။ ယာဆူအာကီ-ချန်သည် နွေရာသီ ကျောင်းပိတ်ရက်ကြောင့် ကျောင်းများ၏ ဆူညံသံများ ကင်းမဲ့ကာ တိတ်ဆိတ် လျက်ရှိသည့် ကျောင်းဝင်းကွက်လပ်နံဘေးရှိ ပန်းခင်းများအနီးတွင် စောင့်နေခြင်းဖြစ်သည်။ သူသည် တော့တိုး-ချန် ထက် အသက်တစ်နှစ်သာ ပိုကြီးသော်လည်း သူသည်အရွယ်နှင့်မမျှအောင် စကားကြီး စကားကျယ် ပြောသူဖြစ်သည်။ ယာဆူအာကီ-ချန်သည် တော့တိုး-ချန်ကို တွေ့လိုက်သောအခါ သူမရှိရာသို့ ခပ်သုတ်သုတ်လာခဲ့သည်။ ခြေထောက်ကို တရွတ်တိုက်ဆွဲ၍ လမ်းလျှောက်ရာ၌ သူ၏ကိုယ်ခန္ဓာကို ထိန်းသည့်အနေဖြင့် သူ၏ လက်မောင်းကို ရှေ့သို့ တန်းထုတ်ပြီးလျှောက်သည် ။သူတို့သည်လျှို့ဝှက်ကိစ္စတစ်ခုခုကို ပြုလုပ် ကြတော့မည်ဟု စဉ်းစားမိသဖြင့် တော့တိုး-ချန်သည် စိတ်လှုပ်လှုပ်ရှားရှားဖြစ်နေမိပြီး တခိခိ ရယ်လိုက်သည်။ ယာဆူအာကီ-ချန်ကလည်း သူမနည်းတူ လိုက်ရယ်သည်။

တော့တိုး-ချန်သည် ယာဆူအာကီ-ချန်ကို သူမ၏ သစ်ပင်ရှိရာသို့ ခေါ်သွားသည်။ ၎င်းနောက် သူမသည် ညကတည်းက သူမစဉ်းစားထားသည့်အတိုင်း ကျောင်းစောင့်၏အခန်းသို့ပြေးသွား၍ လှေကားကို ဆွဲယူ လာခဲ့သည်။ လှေကားထိပ် သည် သစ်ပင်ခွကြားနှင့် ထိနေသည်ကို တွေ့ရသည်။ သူမသည် လှေကားမှ တဆင့် သစ်ပင်ပေါ် သို့ လျှန်မြန်စွာတက်သွားပြီးနောက် လှေကာထိပ်ကို ကိုင်ထားရင်း .......
"ကောင်းပြီ ကြိုးစားတက်ခဲ့ပေတော့"ဟု အောက်သို့ငုံ့ကြည့်ပြီး ပြောလိုက်သည်။

ယာဆူအာကီ-ချန်၏ လက်မောင်းများနှင့် ခြေထောက်များမှာ ချည့်နဲ့လွန်းသောကြောင့် အကူအညီ မပါဘဲနှင့် လှေကား၏ ပထမဆုံး အထစ်ပေါ်သို့တက်ရန်ပင် ခဲယဉ်းလှပေသည်။ ထို့ကြောင့် တော့တိုး-ချန်သည် ကသုတ်ကရက်နှင့် လှေကားမှ နောက်ပြန်ဆင်းသွားပြီး ယာဆူအာကီ-ချန်ကို နောက်ကျောမှ တွန်းတင်ပေးသည်။သို့သော်လည်း တော့တိုး-ချန် သည် ငယ်ကလည်းငယ်၊ပိန်ကလည်းပိန်သေးရာ၊ ယာဆူအာကီ-ချန်ကို တွန်းတင်ပေးရင်း လှေကားလဲကျမသွားအောင် ထိန်းပေးနေရသောကြောင့် ယာဆူအာကီ-ချန်လှေ ကားထစ်တစ်ထစ်ပေါ်သို့ ရောက်ရေးမှာ အလွန့်အလွန် နေးကွေးလျက်ရှိသည်။ ယာဆူအာကီ-ချန်သည် သူ၏ခြေတစ်ဖက်ကို ပထမလှေကားထစ်ပေါ်မှ ရုပ်လိုက်ပြီး နောက် လှေကား နံဘေးတွင် ဦးခေါင်းငိုက်စိုက်ဖြင့် ရပ်နေသည်။ သူမ ပြုလုပ်ရမည့် အလုပ်သည် ထင်သလောက် မလွယ် ကူမှန်းကို တော့တိုး-ချန်သည် ပထမဆုံးအကြိမ်အဖြစ် နားလည်းလိုက်လေပြီ၊ သူမ ဘာလုပ် ရ မည်နည်း။

သူမ၏ သစ်ပင်ပေါ်သို့ ယာဆူအာကီ-ချန်ကို တက်ရောက်စေလိုသော သူမ၏ စိတ်ဆန္ဒမှာ အလွန် ပြင်းထန်လျက်ရှိသည်။ ယာဆူအာကီ-ချန်ကလည်း သစ်ပင်ပေါ်သို့သိပ် တက် ချင်သည်။ သူမသည် သူ၏ ရှေ့သို့ သွား၍ သူ့ကိုကြည့်လိုက်သည်။ သူသည် စိတ် ပျက်



⇩ http://www.shwezinu.com ⇧

အားငယ်နေရ ပုံရသည်။သူမသည် သူ့ကို အားပေး စကားပြောရင်း"နေဦး ငါ စိတ်ကူး တစ်ခုရပြီ" ဟုပြောလိုက်ပြီးလျှင် ကျောင်းစောင့် ပစ္စည်းထားရာ အဖီသို့ပြေးသွား သည်။ ထိုနေရာရှိ ပစ္စည်းများထဲမှ သူမအတွက် အသုံးဝင်မည့် ပစ္စည်းရှိမရှိ မွှေနှောက်၍ ရှာသည်။ နောက်ဆုံး၌ ခေါက်လှေကားတစ်ခုကို သူမတွေ့ရှိသည်။ ထိုခေါက်လှေကားကို မနိုင့်တနိုင်နှင့် ဆွဲယူလာသည်။ လှေကားထိပ်သည် သူမ၏ သစ်ပင်ခွကြားနှင့် ထိလုနီးပါး ဖြစ်နေရာ သူမ အလွန် ဝမ်းသာ သွားသည်။ "အခုမစိုးရိမ်နဲ့တော့ ၊ ဒီလှေကားဟာ ယိမ်းထိုးပြီး လဲမကျနိုင်ဘူး" အစ်မကြီးတစ်ယောက်၏ လေသံမျိုးဖြင့် သူမက ပြောလိုက်သည်။

ယာဆူအာကီ-ချန်သည် စိတ်တထင့်ထင့်ဖြင့် ခေါက်လှေကားကို ကြည့်လိုက်သည်။ ထို့နောက် တော့တိုး-ချန်ကို ကြည့်လိုက်ပြန်သည်။ သူမတစ်ကိုယ်လုံးမှာ ချွေးများ ရွှဲရွှဲစိုနေ သည်။ သူ့မှာလည်း ချွေးတွေနှင့် ပင်။ သူသည်သစ်ပင်ကို မော့ကြည့်လိုက်သည်။ထို့နောက် သူသည်စိတ်တင်းပြီး သူ၏ခြေထောက်တစ်ဖက်ကို ပထမ လှေကား ထစ်ပေါ်သို့ တင်လိုက်သည်။

ခေါက်လှေကားထိပ်ပေါ်သို့ ယာဆူအာကီ-ချန်ရောက်သွားအောင်ကြိုးစားခဲ့ရသည့် အချိန် အတိုင်း အတာကို တော့တိုး-ချန်သည်လည်းကောင်း၊ ကာရကံရှင်ဖြစ်သူ ယာဆူအာကီ-ချန် သည်လည်းကောင်း မှတ်သားထားနိုင်ခြင်းမရှိချေ။ နွေရာသီ၏ ပူပြင်း သောနေ ရောင်ခြည်သည် သူတို့အပေါ် ကျရောက် လျက်ရှိသည်။ သို့သော်လည်း သူတို့သည် ယာဆူအာကီ-ချန် ခေါက်လှေကာထိပ်ပေါ်သို့ ရောက်ရှိရေး ကိစ္စမှအပ အခြား မည်သည့်အကြောင်းကိစ္စကိုမျှ မစဉ်းစားနိုင်ချေ။ တော့တိုး-ချန်သည် သူ၏ ခြေထောက် ကို အောက်မှပင့်တင်ပေးရင်း သူမ၏ဦးခေါင်းဖြင့်လည်း သူ၏ခန္ဓာကိုယ်ကို ထိန်းထားပေးသည်။ ယာဆူ အာကီ-ချန် သည် ရှိသမျှခွန်အားကို ဖျစ်ညှစ်အသုံးပြုလေရာ နောက်ဆုံး၌ လှေကား အပေါ်ဆုံးနေရာသို့ ရောက်ရှိ သွားလေတော့သည်။

"ဟူး ရေး"

သို့သော် သူတို့ကြာရှည် ဝမ်းမသာနိုင်တော။ တော့တိုး-ချန်သည် သစ်ပင်ခွကြားပေါ်သို့ ခုန်တက် လိုက်သည်။ ထိုနေရာမှနေပြီး သူ့ကိုဆွဲတင်သည်။ သို့သော်လည်း သူမမည်သို့မျှ ပင် ကြိုးစားစေကာမူ ယာဆူအာကီ-ချန်ကို ခေါက်လှေကားထိပ်ပေါ်မှ သစ်ပင်ပေါ်ရောက်အောင် သူမ မတတ်နိုင်ချေ။ ယာဆူအာကီ-ချန်သည် ခေါက်လှေကားထိပ်ကို ဖက်တွယ် ထားရင်း တော့တိုး-ချန်ကို ကြည့်လိုက်သည်။ သူမငိုချင်စိတ်ပေါက်လာသည်။ သူမသည် ယာဆူအာကီ-ချန်ကို သူမသစ်ပင်ပေါ်သို့ ဖိတ် ခေါ်ပြီ သူ့ကို အမျိုးမျိုး ပြသရန် စိတ်ဆန္ဒ ပြင်းပြလွန်းခဲ့သည်။ သို့ရာတွင် သူမ မငိုချေ။ သူမ ငို လျှင် ယာဆူအာကီ-ချန်ပါ လိုက် ငိုမည်ဖြစ်သည်။

⇧ http://www.shwezinu.com ⇩

သူမ မငိုရန် စိတ်ထိန်းလိုက်ပြီး သူ၏လက်ကို ကိုင်လိုက်သည်။ ပိုလီယိုရောဂါကြောင့် သူ၏ လက်ချောင်း များမှာ တစ်ချောင်းနှင့်တစ်ချောင်း ပူကပ်လျက်ရှိသည်။ သူမသည် သူ၏လက် ကို အချိန် ကြာကြာ ကိုင်ထားလိုက်သည်။ ထို့နောက်သူမက "လဲ့နေနော်၊ နင့်ကို ငါကြိုးစား ပြီးဆွဲတင်မယ်" ဟုပြောလိုက်သည်။ လေ့ကား ထိပ်ပေါ်ဂယ် မှောက်လျက် အနေအထားရှိနေသော ယာဆူအာကီ-ချန်ကို တော့ တိုး-ချန်က သစ်ပင် ခွကြားပေါ်၌ မတ်တတ်ရပ်ပြီး ဆွဲတင်နေပုံကိုသာ လူကြီးများမြင် တွေ့ကြလျှင် သူတို့သည် ထိတ်လန့် တကြားနှင့် လှမ်းအော်ကြမည်မှာသေချာသည်။ မြင်ရ သည့် မြင်ကွင်းမှာ အသည်းယား ဖွယ်ရာနှင့် ထိတ်လန့်စရာကောင်းသော မြင်ကွင်း ဖြစ်သည်။

သို့သော်လည်း ယာဆူအာကီ-ချန်သည် တောတိုး-ချန်ကို အပြည့်အဝယုံကြည်သည်။ တော့တိုး-ချန်သည် သူ့အတွက် အသက်စွန့်ပြီး ဆောင်ရွက်နေသည် မဟုတ်ပါလော။သူမ၏ သေးငယ်သောလက်များဖြင့် သူ၏ လက်များကို ဆုပ်ကိုင်ထားပြီး သူမခွန်အားရှိသရွေ့ ဆွဲတင်နေသည်။ ကြီးမားသောတိမ်တိုက်ကြီးသည် မကြာမကြာဆို သလိုပင် သူတို့ကို ကရုဏာသက်စွာဖြင့် နေရောင်ခြည်၏ အပူဒဏ်ကို အကာအကွယ် ပေးလျက်ရှိသည်။
နောက်ဆုံး၌ သူတို့နှစ်ယောက်သားသည် သစ်ပင်ပေါ်တွင် မျက်နှာချင်းဆိုင် ထိုင်မိကြလေ တော့သည်။

တော့တိုး-ချန်သည် စေးထန်းထန်းဖြစ်နေသော သူမ၏ ဆံပင်များကို လက်ဖြင့် နောက်သို့ ဖယ်လိုက်သည်။ ထို့နောက် သူမသည် ယဉ်ကျေးစွာဖြင့် ဦးခေါင်းကို ညွတ်၍ "ငါ့သစ်ပင်ပေါ် ကို အခုလိုလာလည်တာကို ကြိုဆိုပါတယ်" ဟုပြောလိုက်လေသည်။
ယာဆူအာကီ-ချန်သည် သစ်ပင်ကိုမှီလိုက်ပြီး ရှက်ပြုံးပြုံးလိုက်သည်။
" ကျွန်တော်လာလည်နိုင်မလား" ဟု သူမကို ပြောလိုက်သည်။

ယာဆူအာကီ-ချန်သည် သူ မတွေ့ဖူးသေးသော ရှုခင်းများ၊ မြင်ကွင်းများကို မြင်တွေ့နိုင် လေပြီ။
"သစ်ပင်ပေါ်တက်လို့ ရရှိတဲ့အကျိုးကျေးဇူးတွေပေါ့နော်"ဟု သူသည် ပျော်ရွှင်စွာပြော လိုက်သည်။
သူတို့ နှစ်ယောက်သည် သစ်ပင်ပေါ်တွင် အချိန်အတန်ကြာထိုင်ပြီး အကြောင်းအရာမျိုးစုံကို ပြောကြသည်။
"အမေရိကန်ပြည်မှာရှိနေတဲ့ ငါ့အစ်မကပြောတယ်။ သူတို့ဆီမှာ တယ်လီဗီးရှင်းဆိုတာ ရှိတယ်တဲ့။ အဲဒီ ပစ္စည်း က ဂျပန်ပြည်ကို ရောက်လာရင် ငါတို့ဟာအိမ်ထဲမှာ ထိုင်နေရင်းနဲ့ ဆူမိုနပန်းလုံးပွဲကို ကြည့်နိုင် မယ်တဲ့။ အစ်မကပြောသေးတယ် ၊ အဲဒီ တယ်လီဗီးရှင်းဟာ သေတ္တာနဲ့တူတယ်တဲ့"
ယာဆူအာကီ-ချန် က စိတ်အားထက်သန်စွာဖြင့် ပြောလိုက်သည်။

⇧ http://www.shwezinu.com ⇩

တော့တိုး-ချန် သည် ယာဆူအာကီ-ချန်ဆိုလိုသည့် အဓိပ္ပာယ်ကိုကောင်းကောင်း သဘောမ ပေါက်ပေ။ တခြား ကို မသွားရဘဲနဲ့ အိမ်ထဲမှာပဲ ထိုင်နေရင်းက အမျိုးမျိုးကို ကြည့်နိုင်တယ် ဆိုတာ ဘာများပါလိမ့်။
ဆူမိုနပန်းသမား များဟာ အိမ်ထဲမှာရှိတဲ့ သေတ္တာလို ပစ္စည်းထဲကို ဘယ်လိုလုပ်ဝင်မလဲဟု သူမ စဉ်းစား နေမိသည်။ ဆူမိုနပန်းသမားတွေဟာ ဧရာမလူကောင်ကြီးတွေပဲဟာ ၊ အံ့သြစရာတော့ အကောင်းသား၊ ထိုအချိန်အခါ က တယ်လီဗီးရှင်းအကြောင်းကို သိပ်မသိကြသေး ပေ။ ၎င်းအကြောင်းအရာနှင့်ပတ်သက်၍ တော့တိုး-ချန် ကို ပထမဆုံးပြောပြသူမှာ ယာဆူအာကီ-ချန်ဖြစ်သည်။ ပုရစ်သံ များသည် ဆူညံလျက်ရှိသည်။ ကလေးငယ် နှစ်ယောက်သည် အလွန် ပျော်နေကြ၏။ ယာဆ အာကီ-ချန်အဖို့ သစ်ပင်ပေါ်တက်ခြင်းသည် ယခုအကြိမ်သည် ပထမဆုံးအကြိမ်နှင့် နောက်ဆုံး အကြိမ် ပင်ဖြစ်တော့၏။

## သတ္တိရှိမရှိ စမ်းသပ်ခံပွဲ

"လန့်စရာ ကောင်းတာဘာလဲ ပြောစမ်းပါ၊ အနံ့က မကောင်းမကောင်း၊ စားကြည့်တော့ သိပ်ကောင်း သိပ်ကောင်း"
ကလေးများသည် ဤစကားထာမျိုးကို သိပ်နှစ်သက်ကြသည်။ စကားထာ၏ အဖြေကို သူ တို့သိကြ စေကာမူ တော့တိုး-ချန်နှင့် သူမ၏သူငယ်ချင်းများသည် တစ်ယောက်နှင့်တစ် ယောက်" လန့်စရာ ကောင်းတယ် ဘာလဲပြောစမ်းပါ။ အနံ့မကောင်း စကားထာကို မေး စမ်းပါ" ဟုပြောကြသည်။

၎င်းစကားထာ၏ အဖြေမှာ "ပဲသီးယိုပါသော ဗန်းမုန့်ကို စားနေသည့် အိမ်သာထဲမှ မိတ်ဆွာကောင်"ဟူ၍ ဖြစ်သည်။
တိုမိုကျောင်း၏ သတ္တိရှိမရှိစမ်းသပ်ပွဲ ပြီးဆုံးသည့်အခါ၌လည်း စကားထာဟောင်းတစ်ခုကို ရကြမည် ဖြစ်သည်။
"လန့်စရာကောင်းတာ ဘာလဲပြောစမ်းပါ၊ အဖုအပိန့် ကုတ်ခြစ်ရာတွေနဲ့ သင့်ကို ရယ် အောင်ပြုလုပ်တာ"
ကျောင်း၏ စုဝေးခန်းမကြီးထဲတွင် တဲများထိုးပြီး စခန်းချသည့် ညကဖြစ်သည်။

ဆရာ ကြီးက "အခုတော့ မဟုတ်သေးဘူး၊ ဒါပေမဲ့လို့ တစ်ညညမှာတော့ ကူဟွန်းဘုတ်စုဘုရားကျောင်း မှာ သတ္တိရှိမရှိ စမ်းသပ်ခံပွဲတစ်ခုကို ငါတို့ပြုလုပ်ရမယ်။ တစ္ဆေလုပ်ချင်တဲ့သူရှိရင် လက် ညှိုးထောင်ပါ။"
ကျောင်းသား ခုနစ်ယောက်တို့က လက်ညှိုးထောက်လိုက်ကြသည်။ ချိန်းဆိုထားသည့် ည နေခင်းတွင် ကျောင်းသား အားလုံး ကျောင်းသို့လာရောက် စုဝေးကြသည်။ တစ္ဆေလုပ်ကြ



⇧ http://www.shwezinu.com ⇩

မည့် ကျောင်းသားများသည် တဗ္ဗေ အဂတ်အစားများကို သူတို့ဘာသာသူတို့ချုပ်ပြီး ယူလာကြသည်။ထို့နောက်သူတို့သည် ဘုရားကျောင်းဝင်း ထဲ၌ သွားပုန်းနေရန် ကြိုတင်ထွက်ခွာသွားကြသည်။
"မင်းတို့ကို တော့လား သေအောင်ခြောက်မယ်"ဟု သွားခါနီး၌ သူတို့ကြိမ်းဝါးသွားကြသည်။

ကျန်ကျောင်းသားသုံးဆယ်ခန့်ကို ငါးယောက်အုပ် စုစည်းတပ်ဖွဲ့လိုက်ပြီးလျှင် ကူဟွန်းဘက်စုသို့ အချိန် အနည်းငယ် ဆီခြား၍ စေလွှတ်သည်။ သူတို့သည် ဘုရားကျောင်းဝင်းထဲ၌ လှည့်ပတ်၍ လမ်းလျှောက်ကြ ရမည့်အပြင် သင်္ချိုင်းထဲသို့လည်း သွားကြရမည်ဖြစ်သည်။ ပြီးတော့မှ ကျောင်းသို့ပြန်လာကြရမည်။ သူတို့ကို စတင် မလွှတ်မီ ဆရာကြီးက တပည့်များမည်ရွေ့မည်မျှ သတ္တိရှိမရှိကို စမ်းသပ် သည့် စမ်းသပ်ပွဲ သာဖြစ်ကြောင်း၊ အကယ်၍ တစ်ဦးတစ်ယောက်အနေဖြင့် သတ်မှတ်နေ ရာများ အားလုံးကိုမရောက်ဘဲ ပြန်လာ မည်ဆိုကလည်း ပြန်လာလို့ရကြောင်း ပြောလိုက် သည်။ တော့တိုး-ချန် တွင် အမေ့ထံမှငှားခဲ့သော လက်နှိပ်ဓာတ်မီးရှိသည်။

"မပျောက်စေနဲ့နော်"
အမေက ပြောသည်။
အချို့ယောက်ျားလေးများက သူတို့သည် တဗ္ဗေများကို ဖမ်းခေါ်ခဲ့မည်ဖြစ်ကြောင်း၊ လိပ်ပြာများကို ဖမ်းမည့်ပိုက်ကွန်များကို ယူလာခဲ့ကြောင်းပြောကြသည်။အချို့ကလည်း တဗ္ဗေများကို ကြိုးနှင့် ချည်ရန် ကြိုးများကို ယူလာခဲ့ကြောင်း ပြောကြသည်။

သူတို့ဘာတွေ လုပ်ကြရမည်ကို ကျောင်းအုပ်ဆရာကြီးက ရှင်းပြပြီးချိန်တွင် မှောင်မည်းနေပြီ ဖြစ်သည်။ ကျောင်းသား များသည် အစုလိုက် အစုလိုက် ကြွက်စီကြွက်စီနှင့် ရှိနေကြသည်။ ထို့နောက် ပထမ အုပ်စုသည်ကျောင်းဂမှ စတင်ထွက်ခွာသွားသည်မှ နောက်ဆုံး၌ တော့တိုး-ချန်တို့ အုပ်စုသွားရန် လှည့်သို့ ရောက်လာသည်။ ကူဟွန်းဘက်စုဘုရားကျောင်းသို့ မရောက်မချင်း တဗ္ဗေများပေါ်လာလိမ့်မည်ဟု ဆရာကြီးက ပြောထား ပြီးဖြစ်သည်။ သို့သော်ကလေးများသည် မယုံကြည်ကြပေ။ သူတို့သည် ဘုရားကျောင်းဂရိုရာသို့ စိတ်တထင့်ထင့်နှင့် သွားနေကြသည်။ အစောင့်ဖြစ်သည့် နတ်ဒေဝါအရုပ်ကြီးများကို မြင်ရသည့် နေရာသို့ရောက်လာလေပြီ။လထွက်နေသော်လည်း ဘုရားကျောင်းဝင်းတစ်ခုလုံးမှာ မှောင်မည်း လျက် ရှိသည်။ နေ့ဘက်၌ ပျော်စရာကောင်းသော်လည်း ယခုလိုအချိန်အခါမျိုး၌ တဗ္ဗေတစ်ကောင် တလေနှင့် မတွေ့ဘူးဟုမပြောနိုင်။ "တဗ္ဗေနှင့် တွေ့ရင်" ဟူသော အတွေးများကို တွေးမိကြသဖြင့် သူတို့အားလုံးသည် ကြောက်ရွံ့ ထိတ်လန့်နေကြသည်။
"အီး ........"

⇧ http://www.shwezinu.com ⇩

လေတိုးသဖြင့် သစ်ပင်များဆီမှ လှုပ်ရှားသံကြားရသူများထံမှ ကြောက်ရွံ့သံထွက်လာသလို၊ မြေကြီးပေါ်၌ ခပ်ပျော့ပျော့ အရာဝတ္ထုတစ်ခုခုကို နင်းမိသူကလည်း "ဒီမှာ တစ္ဆေတစ်ကောင်"ဟုအော်မိတတ်သည်။ ယုတ်စွ အဆုံး သူငယ်ချင်းအချင်းချင်း တွဲထားသော လက်များကိုပင် မယုံသင်္ကာ ဖြစ်လာ ကြသည်။"ငါတွဲထားတဲ့လက်ဟာ တစ္ဆေရဲ့လက်များလား"ဟု စိတ်ထဲ၌ စနိုးစနောင့် ဖြစ်လာလေတော့ သည်။

တော့တိုး-ချန်သည် သင်္ချိုင်းကုန်းဘက်သို့သွားသော လမ်းဘက်သို့မသွားရန် ဆုံးဖြတ်ချက်ချလိုက်လေ တော့သည်။ တစ္ဆေများသည် ထိုနေရာ၌ စောင့်နေကြ၏။ သတ္တိရှိမရှိစမ်းသပ်နည်းကို သူမ သိရ လေပြီ။ထိုဘက်သို့မသွားတော့ဘဲ ပြန်လှည့်နိုင်သည်။ သူမပါဝင်သော အုပ်စုမှ ကျန်ကျောင်းသားများ၏ သဘောထား မှာလည်း သူမအတိုင်းပင်ဖြစ်သည်။ ထို့ကြောင့် သူတို့တစ်တွေသည် ခြေကုန်သုတ်၍ ကျောင်းသို့ ပြန်ပြေးလာခဲ့ကြလေတော့သည်။

သူတို့တစ်တွေကျောင်းသို့ ပြန်ရောက်သောအခါ သူတို့ထက်ဦးစွာ သွားခဲ့ကြသော အုပ်စုများမှ ကျောင်းသား များအားလုံးပြန်ရောက်နေကြပြီဖြစ်သည်။ သူတို့ကို ကြည့်ရသည်မှာလည်း သင်္ချိုင်းကုန်းဘက်သို့ရောက်ခဲ့ဟန်မရှိ။ ထိုအခိုက်ဦးခေါင်းပေါ်၌ အဝတ်ဖြူအုပ်ထားသော ကျောင်းသားတစ်ယောက်သည် ကျောင်းဝင်းဝသို့ ငိုယိုပြီး ရောက်လာသည်။သူနှင့်အတူ ဆရာတစ်ရောက်လိုက်ပါလာသည်။ ထို ကျောင်း သားသည် တစ္ဆေ လုပ်သည့် ကျောင်းသားတစ်ယောက်ဖြစ်သည်။ သူသည် ဂူကြားထဲ၌ တစ်ချိန်လုံး ပုန်းစောင့် နေသော် လည်း ဘယ်သူမှ ရောက်မလာသဖြင့် တဖြည်းဖြည်းကြောက်စိတ်ဝင်လာသောကြောင့် အပြင်သို့ ထွက်၍ အော်ငိုနေမိစဉ် ဆရာကသူ့ကို ကျောင်းသို့ပြန်ခေါ်လာခဲ့ခြင်း ဖြစ်လေသည်။ ကျောင်းသားများက သူ့ကို ဝိုင်းဝန်းအားပေးစကားပြောနေခိုက် ၊ ဒုတိယ တစ္ဆေကျောင်းသားတစ်ယောက်သည် ငိုယိုပြီး ကျောင်းသားတစ်ယောက်နှင့်အတူ ရောက်လာပြန်သည်။ ထိုအခြားကျောင်းသားမှာလည်း ငိုယို လျက်ပင်။

ဖြစ်ရပုံမှာ တစ္ဆေလုပ်သော ကျောင်းသားတစ်ယောက်သည် ဂူကြားထဲ၌ ပုန်းနေစဉ် ပြေးလာသော ခြေသံများ ကြားရသောကြောင့် သူသည် ပုန်းနေရာမှ ထွက်လာ၍ ပြေးလာသူကို ခြောက်လှန့် ရန်ပြင်လိုက်လေရာ သူနှင့်ပြေးလာသူတို့ ခေါင်းချင်းဆိုင် တိုက်မိလေတော့သည်။ နာလည်းနာ လန့်လည်း လန့်ကြသောကြောင့် သူတို့နှစ်ယောက်သား ငိုယို၍ ပြန်ပြေးလာကြခြင်းဖြစ်သည်။ ရယ်စရာ ကောင်းပါသည်။ ယခုအခါ ကြောက်စိတ်များ မရှိကြတော့သဖြင့် သူတို့သည် ခေါင်းချင်းဆိုင်၍ ရယ်မော နေကြသည်။ တစ္ဆေများသည် တစ်ချိန်တည်းမှာပင် ငိုလည်းငိုကြသည်။ ရယ်လည်းရယ်ကြသည်။ မကြာမီ အချိန်အတွင်း တော့တိုး-ချန်၏အတန်းမှ အတန်းသားတစ်ဦးဖြစ်သော ငယ်နာမည် မီဂီတာဆိုသူ ပြန်ရောက်လာ သည်။သူသည် သတင်းစာစက္ကူဖြင့် ပြုလုပ်ထားသည့် တစ္ဆေခေါင်းစွပ်ကို စွပ်



⇧ http://www.shwezinu.com ⇩

ထားသည်။ သူပုန်း နေရာ ဂူအနီးသို့ မည်သူမျှ ရောက်မလာသောကြောင့် သူသည်ဒေါပွလျက်ရှိသည်။

"ငါတစ်ချိန်လုံး စောင့်နေတယ်၊ ဘယ်သူမှရောက်မလာဘူး"

မကျေနပ်သော လေသံဖြင့် ပြောရင်း သူ၏လက်မောင်းများနှင့် ခြေထောက်များရှိ ခြင်ကိုက်ဖုများကို ပွတ်လျက် ရှိသည်။

"တချွေဟာလည်း ခြင်ကိုက်ခံရတယ်နော်"

ကျောင်းသားတစ်ယောက်ကပြောလိုက်သည့်အခါ အနီးရှိ ကျန်ကျောင်းသားများက ဝိုင်းရယ်ကြသည်။

"ကောင်းပြီ ၊ ကျန်နေတဲ့ တချွေတွေကို ငါသွားခေါ်လိုက်မယ်"

ပဥ္စမတန်းအတန်းပိုင်ဆရာ မစ္စတာ မာရှုယာမားက ထိုသို့ပြောရင်း ထွက်ခွာသွားသည်။ တချွေ ကျောင်းသားအချို့သည် လမ်းမီးတိုင်အောက်၌ရပ်နေပြီး အချို့မှာမူ ကြောက်လွန်းသောကြောင့် အိမ်သို့ ပြန်သွားကြသည်။ ဆရာသည် သူတို့အားလုံးကို ကျောင်းသို့ပြန်ခေါ်လာခဲ့သည်။

ထိုညမှအစပြု၍ တိုမိုကျောင်းမှ ကျောင်းသားများသည် တချွေများကို ဘယ်တော့မှမကြောက်တော့ ။ အဘယ်ကြောင့် ဆိုသော် တချွေများကိုယ်တိုင်ပင်လျှင် ကြောက်တတ်ကြသည်မဟုတ်ပါလော။

## <u>အစမ်းလေ့ကျင့်ရာ ခန်းမ</u>

တော့တိုး-ချန်သည် ခြေသံမကြားအောင် လမ်းလျှောက်နေသည် ။ ရော့ကီသည်လည်း ခြေသံမကြားအောင် လျှောက်ရင်း တော့တိုး-ချန်ကို မကြာမကြာ လှမ်းကြည့်သည် ။ ဤသို့လျှောက်ရခြင်း၏ အကြောင်းအရင်းမှာ တစ်ခုတည်းသာရှိ၍ သူတို့သည် အဖေ၏ အစမ်းလေ့ကျင့်ရာ ခန်းမကြီးထဲသို့ချောင်းကြည့်ရန် သွားသည့်အခါတိုင်း ဤသို့လျှောက်နေကျဖြစ်သည်။

သာမန် အချိန်များ၌ဆိုလျှင် တော့တိုး-ချန်သည် မြန်နိုင်သမျှ မြန်အောင် ပြေးသွားသည့်အခါ ပြေးသွားတတ်သည်။သို့မဟုတ် သူမလက်ထဲမှ လွတ်ကျသွားသော ပစ္စည်းတစ်ခုခုကို ရှာဖွေရင်း ဟိုဟိုသည်သည်လမ်းလျှောက် သွားတတ်သည်။သို့မဟုတ် သူတစ်ပါး၏ ပန်းခြံများထဲသို့ ခြံစည်းရိုးများကို ကျော်၍ ဝင်သည့်အခါ ဝင်သွားတတ်သည်။ခြံစည်ရိုးအောက်မှ လျှို၍ဝင်သည့်အခါ ဝင်သွားတတ်သည်။

အဖေ၏ အစမ်းလေ့ကျင့်ရာ ခန်းမသည် သူတို့အိမ်နှင့် ငါးမိနစ်ခန့် လမ်းလျှောက်သွားရသော အကွာအဝေးနေရာ၌ တည်ရှိသည်။အဖေသည် သံစုံတူရိယာတီးဝိုင်းအဖွဲ့တစ်ဖွဲ့၏ တီးဝိုင်းဆရာဖြစ်သည်။ တီးဝိုင်း ဆရာဖြစ်သောကြောင့် အဖေသည် တယောထိုးရသည်။ တစ်ခါက သူမသည် သံစုံတူရိယာ တီးမှုတ် ဖျော်ဖြေရာ နေရာသို့ လိုက်ပါခွင့်ရသည်။



⇧ http://www.shwezinu.com ⇩

တော့တိုး-ချန်အား ထူးထူးခြားခြားဖြစ်စေသော အဖြစ် အပျက်တစ်ခုမှာ ပရိသတ်များက ဩဘာလက်ခုပ်များ တီးပြီးသည့်အခါ ချွေးများဖြင့် ရွဲရွဲစိုနေသော တီးဝိုင်းခေါင်းဆောင် သည် ပရိသတ်များဘက်သို့ လှည့်လိုက်ပြီးနောက် သူမတ်တပ်ရပ်နေရာ ခုံမြင့် ကလေး ပေါ် မှဆင်း၍ တယောထိုးခဲ့သော အဖေနှင့် လက်ဆွဲနှုတ်ဆက်လိုက်သည်။ ထို့နောက် အဖေက မတ်တတ်ရပ် လိုက်ရာ ကျန်အဖွဲ့သားများ အားလုံးကပါ လိုက်ရပ်ကြလေသည်။
"သူတို့ ဘာဖြစ်လို့ လက်ဆွဲနှုတ်ဆက် ကြတာလဲ"
တော့တိုး-ချန်က တီးတိုးမေးလိုက်သည်။

"တီးဝိုင်းခေါင်းဆောင်ဟာ ကောင်းကောင်းမွန်မွန် တီးကြမှုတ်ကြတဲ့ တီးဝိုင်းအဖွဲ့ သား အားလုံးကို ကျေးဇူး တင်လွန်းလို့ တစ်ဖွဲ့လုံးရဲ့ ကိုယ်စား ဆရာဖြစ်တဲ့ အ ဖေ့ကို အခုလို လက်ဆွဲနှုတ်ဆက်တာပေါ့"
အမေက ရှင်းပြလိုက်သည်။

အစမ်းလေ့ကျင့်ရာခန်းမသို့ တော့တိုး-ချန်သွားချင်ရသည့် အကြောင်းအရင်းမှာ ကလေး များနှင့်သာ ပြည့်နှက်နေသည့် စာသင်ကျောင်းနှင့် မတူဘဲ ဤနေရာတွင် လူကြီးများသာ ရှိကြပြီး သူတို့သည် တူရိယာမျိုးစုံကို တီးမှုတ်ကြသည်။၎င်းအပြင် တီးဝိုင်းခေါင်းဆောင် မစ္စတာရိုစင်စတော့ ဂျပန်လို ရိုစင်စကားပြောသည့်အခါ ရယ်ဖို့ကောင်းသည်။

အဖေက သူမကို ပြောပြချက်အရဆိုလျှင် ဂျူးဆက် ရိုစင်စတော့သည် ဥရောပတိုက်၌ အလွန်နာမည်ကျော်ကြားသော တီးဝိုင်းခေါင်းဆောင်တစ်ယောက်ဖြစ်သည်။သို့သော်လည်း ဟစ်တလာဟု အမည်တွင်သည့် လူကြီးတစ်ယောက်က ဥရောပတိုက်တွင် ကြောက်စရာ ကောင်းသော အလုပ်များကို စတင်ပြုလုပ်သည့်အခါ၌ မစ္စတာရိုစင်စတော့သည် ဂျပန်ပြည် သို့ ထွက်ပြေးလာပြီး ဂီတအလုပ်ကို ဆက်လက်လုပ်ကိုင်ခြင်းဖြစ်သည်။ အဖေက သူသည် မစ္စတာရိုစင်စတော့ကို အထူး လေးစားကြောင်း ပြောပြသည်။ တော့တိုး-ချန်သည် ကမ္ဘာ့အ ခြေအနေကို နားမလည်ပေ။ သို့သော်လည်း ထိုအချိန်အခါက ဟစ်တလာ သည် ဂျူးလူမျိုး များကို စတင်သတ်ဖြတ်နေပြီဖြစ်သည်။ အကယ်၍သာ ထိုကဲ့သို့ သတ်ဖြတ်ခြင်း မျိုးမရှိခဲ့ လျှင် ရိုစင်စတော့သည် ဂျပန်ပြည်သို့ ရောက်လာမည်မဟုတ်ချေ။ ရိုစင်စတော့ ရောက်မလာလျှင် ဂီတစာဆို ကော့စကက်ယာမာဒါတည်ထောင်သော တီးဝိုင်းအဖွဲ့မှာ လည်း နိုင်ငံတ ကာ အဆင့် မီသော ဤတီးဝိုင်းခေါင်းဆောင်၏ ကြိုးစားအားထုတ်မှုဖြင့် တိုတောင်း သော အချိန်အတိုင်း အတာ အတွင်း၌ ယခုလိုတိုးတက်အောင်မြင်မှုကို ရရှိခဲ့လိမ့်မည် မဟုတ်ပေ။

မစ္စတာ ရိုစင်တော့က တီးဝိုင်းကို ဥရောပတိုက်မှ ပထမတန်းစား တီးဝိုင်းအဖွဲ့များအတိုင်း ဖွဲ့စည်းဖို့ တိုက်တွန်းသည်။ သူသည် အစမ်းလေ့ကျင့်မှုများ ပြီးသည့်အခါတိုင်း ငိုလေ့ရှိသည်။



⇧ http://www.shwezinu.com ⇩

"ကျုပ်က သိပ်ကြိုးစားသလောက် ခင်ဗျားတို့က လိုက်မလာကြဘူး" ဟု ပြောသည်။ ရိုစင်စတော့ အနားယူနေသည့်အခါ၌ သူ့ကိုယ်စားတီးဝိုင်းရှေ့မှ လက်ဟန်ဖြင့် ညွှန်ကြားပြသော ဆယ်လို အတီးသမား ဟိုင်ဒီယိုဆိုက်တိုသည် ဂျာမန်စကားကို ကောင်းစွာ ပြောတတ်သူဖြစ်သည်။ သူသည် အဖွဲ့သား များ၏ ကိုယ်စား ...

"ကျွန်တော်တို့တတွေဟာ အစွမ်းကုန်ကြိုးစားကြပါတယ်၊ ကျွန်တော်တို့ တီးတာ မှုတ်တာတွေဟာ အခုထိ ကျေနပ်ဖွယ်မကောင်းသေးပါဘူး၊ ကျွန်တော်တို့ အခုလိုဖြစ်ရတာ တမင်တကာ လုပ်တာတော့ မဟုတ်ပါဘူး ဆိုတာကိုတော့ ကျွန်တော် ရဲရဲပွံ့ပွံ့ပြောရဲတယ်" ဟု ဂျာမန်လို ပြောသည်။

သို့သော်လည်း တစ်ခါတစ်ရံ၌ မစ္စတာရိုစင်စတော့သည် စိတ်ဆိုးလွန်းသောကြောင့် မျက်နှာ တစ်ခုလုံး နီလာပြီး ဂျာမန်လိုအော်ငေါက်တတ်သည်။ ထိုအခြေအနေမျိုး၌ တော့တိုး-ချန်သည် သူမ ချောင်းကြည့် နေရာ ပြတင်းပေါက်မှ လှစ်ခနဲခွာ၍ ရော့ကီနှင့်အတူ မြေကြီးပေါ်၌ ပုနေအောင် ပုန်းနေတတ်သည်။ သူတို့သည် အသက်ပင် ပြင်းပြင်းမရှူပံ့ဘဲ၊ နောက်ထပ် တေးဂီတသံများ ပြန်လည်ထွက်ပေါ်လာမည့် အချိန် ကိုသာ စောင့်နေတတ်သည်။

သာမန်အခြေအနေမျိုး၌ မစ္စတာရိုစင်စတော့သည် သဘောသကာယ ကောင်းသူဖြစ်သည်။ သူ၏ ဂျပန် စကား ပြောမှာ ရယ်စရာကောင်းသည်။ "သိပ်ကောင်းတယ် ကူယိုကာနာဂီ-ဆန်" ဟူ၍လည်းကောင်း၊ "အံ့ဩစရာကောင်းတယ်" ဟူ၍လည်းကောင်း သူတို့၏ အတီးအမှုတ်ကောင်းသည့်အခါမျိုး၌ ရိုစင်စတော့ သည် ရယ်စရာကောင်းသောလေသံဖြင့် ပြောလေ့ရှိသည်။

တော့တိုး-ချန်သည် အစမ်းလေ့ကျင့်ရာ ခန်းမထဲသို့မရောက်ဖူးချေ။ သူမသည် ပြတင်းပေါက်မှ ချောင်းကြည့်၍ တီးသံမှုတ်သံများကို နားထောင်ရခြင်းကို နှစ်သက်သည်။ သူတို့တတွေခေတ္တ အားလပ်ခွင့် ရကြ သဖြင့် ဆေးလိပ်သောက်ရန် အခန်းအပြင်သို့ ထွက်လာသည့်အခါ အဖေသည် သူမကိုတွေ့သည်။

"အိုး မင်းဒီမှာကိုး၊ တော့စကီ"ဟု အဖေက ပြောလေ့ရှိသည်။
မစ္စတာရိုစင်စတော့က သူမကိုတွေ့သည့်အခါ "မင်္ဂလာနံနက်ခင်းပါ"၊ သို့မဟုတ် "မင်္ဂလာနေ့တစ်နေ့ပါ"ဟု သူပြောနေကျ ရယ်စရာကောင်းသော လေသံဖြင့် နှုတ်ဆက်လေ့ရှိသည်။ သူမသည် ယခုအခါ၌ လူကောင်ထွားလာပြီဖြစ်သော်လည်း သူသည် သူမကို သူမယခုထက် ငယ်စဉ်က ပြုလုပ်နေကျ အတိုင်းချီလိုက်ပြီး သူ၏ပါးနှင့်သူမပါးကို ကပ်ထားလိုက်သည်။ ဤအပြုအမူသည် သူမကို အနှောင့်အယှက် ဖြစ်စေသော် လည်း သူမစိတ်မဆိုးချေ။ သူသည် ငွေရောင်မျက်မှန် ကိုင်းသေးသေးမျက်မှန်ကို တပ်ထား သည်။

http://www.shwezinu.com

သူ့တွင် ကြီးမားသော နာခေါင်းရှိသည်။ သူ၏အရပ်အမောင်းမှာမူ သိပ်မမြင့်ပေ။ သို့သော်လည်း သူသည် ရုပ်ဖြောင့်သူဖြစ်သည်။ သူ့မျက်နှာကို မြင်လိုက်ရသည်နှင့်သူသည် အနုပညာ သမား တစ်ယောက် ဖြစ်ကြောင်း ကို အလွယ်တကူသိနိုင်သည်။ တော့တိုး-ချန်သည် အစမ်းလေ့ကျင့်ရာခန်းမကို သဘောကျ၏။ အခန်းကို ပြင်ဆင်မွမ်းမံထားပုံမှာ အနောက်တိုင်းဆန်သည်။ သို့သော်လည်း အခန်း၏ အချို့နေရာများ၌ ပျက်စီးယိုယွင်းမှုတော့ရှိသည်။

ဆန်ဖိုကူးရေအိုင်ကို ဖြတ်သန်း၍ တိုက်ခတ်လာသော လေပြည်လေညင်းများသည် တေးဂီတသံသာများကို အစမ်း လေ့ကျင့်ရာ ခန်းမနှင့် အတန်အသင့်ဝေးရာနေရာသို့ ရောက်အောင် သယ်ယူသွားတတ်သည်။ တစ်ခါတစ်ရံ၌မူ ကင်ဂျိုရွှေငါး၏ အော်မြည်သံသည် တေးဂီတသံများနှင့် အတူတူ ရာနှော သွားတတ် လေသည်။

"ကင်ဂျို-အီ-ကင် ဂျို ..."

ရေပူစမ်းခရီး

နွေရာသီကျောင်းပိတ်ရက်များ ကုန်ဆုံးလာခဲ့လေပြီ။ ရေပူစမ်းခရီး အပန်းဖြေစခန်းသို့ သွားရမည့်နေ့သို့ ရောက်လာသည်။ ရေပူစမ်းခရီးသည် တိုမိုကျောင်း၏ အဓိကလုပ်ငန်းကြီးတစ်ခု ဖြစ်သည်ဟု ကျောင်းသားများ မှတ်ယူထားကြသည်။ တော့တိုး-ချန် ကျောင်းမှ ပြန်ရောက်လာသည့် နေ့တစ်နေ့တွင် ဖြစ်သည်။ "ရေပူစမ်းခရီးကို အခြားကျောင်းသားတွေနဲ့အတူ ကျွန်မလိုက်ပါရစေ" တော့တိုး-ချန်က ထိုသို့ပြောသောအခါ အမေသည် အံ့အားသင့် သွားသည်။ ရေပူစမ်း ရှိရာသို့ လူကြီး များသာ အုပ်စုလိုက်သွားကြသည်ဟု သူမကြားဖူးသည်။ ပထမတန်း ကျောင်းသားများ သွားကြသည်ဟု အမေမကြားဖူးချေ။ သို့သော်လည်း ကျောင်းအုပ် ဆရာကြီးထံမှ စာကို အသေအချာ ဖတ်ပြီးသောအခါ၌ ဆရာကြီး၏ စိတ်ကူးသည် ချီးကျူး စရာကောင်းသော စိတ်ကူးဖြစ်ကြောင်း သူမ စဉ်းစားမိသည်။ သူ အစီအစဉ်ကို သူမ ချီးကျူးမိသည်။ ခရီးစဉ်၏ အမည်မှာ "ပင်လယ်ကမ်းနားကျောင်း" ဟူ၍ ဖြစ်ပြီး သွားရမည့် နေရာမှာ ရှီဆူအိုကာဒေသ၊ အီဇူကျွန်ဆွယ်ပေါ်ရှိ 'တိုအီ' ဖြစ်သည်။ ချိန်းဆို ထားသော နေ့ရက်တွင် ကျောင်းသားများအားလုံးကျောင်းသို့ ရောက်လာကြသည်။ ကျောင်းသား များ စုံသောအခါ ဆရာကြီးက ပြောသည်။

"အခုအချိန်ကစပြီး ငါတို့ခရီးစထွက်မယ်၊ ပထမမီးရထားစီးမယ်၊ ပြီးရင် သင်္ဘောပြောင်းစီးမယ်၊ မင်းတို့အထဲက တစ်ယောက်ယောက် ပျောက်ကျန်ရစ်ခဲ့တာကို ဆရာကြီး မလိုလားဘူး၊ နားလည်ကြရဲ့လား၊ ကောင်းပြီ ငါတို့ခရီးစထွက်မယ်" ဆရာကြီး၏ ညွှန်ကြားချက်မှာ ဤမျှသာ ဖြစ်သည်။ ဂျီယူဂါအိုကာ ကာရှိတိုယိုကို မီးရထား ပေါ်သို့ သူတို့ တက်သွားသောအခါ ကလေးများအားလုံးသည် အံ့ဩဖွယ်ကောင်းလောက် အောင် စည်းကမ်းတကျ ရှိကြသည်။ မည်သည့်ကျောင်းသားကမျှ မီးရထားတွဲထဲ၌ ဟိုဟိုသည်သည် ပြေးလွှားနေခြင်းမျိုး မရှိချေ။ သူတို့သည် ထိုင်ခုံများပေါ်၌ ငြိမ်ငြိမ်သက်သက်

⇧ http://www.shwezinu.com ⇩

ထိုင်နေကြပြီး မိမိတို့နှင့် ကပ်လျက်ထိုင်နေသူ အချင်းချင်း သာ စကားပြောကြသည်။ စကားပြောရာ၌လည်း တိုးတိုး ပြောကြသည်။

တိုမိုကျောင်းသားများအား မီးရထားပေါ် တက်လျှင် တစ်ယောက်ပြီးမှ တစ်ယောက်တက်ပါ၊ လမ်းသွားလျှင် ဣန္ဒြေရရသွားကြပါ။ အစားအစာ စားပြီးလျှင် အမှိုက်သရိုက်များကို ကြမ်းပြင်ပေါ် မစွန့်ပစ်ရဆိုသည့် ဆုံးမစကားများကို မည်သူကမျှ တစ်ခါဖူးမျှ ပြောကြားခဲ့ခြင်းမျိုး မရှိချေ။ သို့သော်လည်း ကျောင်း၌ သူတို့ နေ့စဉ်ပြုလုပ်နေကျ အလေ့အကျင့်က သူတို့နှင့်အတူ အမြဲမကွာ ရှိနေ၏။ သူတို့သည် သူတို့ထက်ပို၍ အားနည်းသူ၊ မိမိထက်ပို၍ ငယ်ရွယ်သူကို တွန်းဖယ်ပြီး အပေါ်သို့ ရောက်အောင်တက်ခြင်းသည် ရှက်စရာ ကောင်းသော အပြုအမူဖြစ်သည်ကို သူတို့သိထားကြသည်။ လမ်းပေါ်၌ အမှိုက်တွေ့လျှင် ကောက်ယူပြီး အမှိုက်ပုံးထဲထည့်သည်။ သူတို့သည် သူတစ်ပါးကို ထိခိုက် စေမည့် အပြုအမူမျိုး အနှောင့်အယှက် ဖြစ်စေမည့် အပြုအမူမျိုးကို မပြုလုပ်ကြပေ။ အားလုံးထဲတွင် အထူး ဆန်းဆုံးမှာ တော့တိုး-ချန် ဖြစ်သည်။ လွန်ခဲ့သော လအနည်းငယ်ခန့်က လမ်းပေါ်မှ အတီးအမှုတ် သမားကို စကားပြောခြင်းဖြင့် ကျောင်းတစ်ကျောင်းလုံးကို အနှောင့်အယှက်ဖြစ်စေခဲ့သူ တော့တိုး-ချန်သည် ယခုအခါတွင် တိုမိုကျောင်းသို့ ရောက်ရှိသည့်အချိန်မှစ၍ သူမ၏ စာရေးစားပွဲငယ်၌ ထိုင်ပြီး သင်ခန်းစာ များကို မှန်မှန် ပြုလုပ်လျက် ရှိ၏။

ယခင်ကျောင်းမှ ကျောင်းဆရာ၊ ဆရာများကသာ မီးရထားပေါ်၌ ငြိမ်သက်စွာထိုင်နေသော သူမကို မြင်တွေ့လိုက်ပါက "အခြားကလေးတစ်ယောက်ယောက်ဖြစ်ရမယ်" ဟူ၍ ပြောမိကြမှာ မလွဲပါ။ နျူမားရူးသို့ ရောက်သောအခါ သူတို့အားလုံးအဖို့ အထူးအဆန်းသဖွယ် ဖြစ်နေသော သင်္ဘောပေါ်သို့ တက်ကြသည်။ သင်္ဘောမှာ သိပ်မကြီးပေ။ သို့သော်လည်း သူတို့သည် သင်္ဘောအနှံ့လျှောက်ကြည့်ကြပြီး ဟိုဟာ ကိုင်ကြည့် သည်ဟာကိုင်ကြည့် ပြုလုပ်ကြသည်။ သင်္ဘောစတင် ထွက်ခွာသောအခါ သူတို့ တတွေ သည် ဆိပ်ခံတံတားပေါ်မှ လူများကို လက်ပေ့ယမ်းပြပြီး နှုတ်ဆက်ကြသည်။ သူတို့စီးလာသော သင်္ဘောအပေးသို့ မရောက်မီ မှာပင် မိုးရွာလေတော့၏။ ထို့ကြောင့် သူတို့သည် သင်္ဘော၏ အတွင်းပိုင်းသို့ နေရာ ရွှေ့ကြ ရသည်။ မကြာမီပင်လယ်ပြင်၌ လှိုင်းကြီးလာရာ တော့တိုး-ချန်သည် မအီမသာ ဖြစ်လာ သည်။ အခြားကျောင်းသားများသည်လည်း သူမနည်းတူပင် ဖြစ်လာကြသည်။

ထိုအခိုက် ကျောင်းသားခပ်ကြီးကြီး တစ်ယောက်သည် ထိုင်နေရာမှထ၍ သင်္ဘောအလယ် နေရာတွင် ရပ်လိုက်သည်။ သူသည် ပစ်တိုင်းထောင်သဖွယ် ယိမ်းထိုးနေပြီး သင်္ဘောက တစ်ဘက်သို့ စောင်းသွားလျှင် သူသည် ပါးစပ်မှ "အုပ်စ်"ဟု အသံပြု၍ သင်္ဘောစောင်းရာ ဘက်အခြမ်းသို့ ပြေးကပ်လိုက်သည်။ သူ၏ လှုပ်ရှား ပုံမှာ အလွန်ရယ်စရာကောင်းသော ကြောင့် ကျောင်းသားများအားလုံးသည် လှိုင်းမူးနေကြသည့် ကြားထဲက မရယ်ဘဲ မနေနိုင်

http://www.shwezinu.com

ကြချေ။ တိုဒ်ီသို့ သင်္ဘောဆိုက်ရောက်သည်အထိ သူတို့ အရယ် မရပ်ကြသေး။

ထူးဆန်းအံ့ဩဖွယ်ကောင်းသည်မှာ သူတို့တတွေသင်္ဘောပေါ်မှ ဆင်းသက်မိသည့်ခဏ၌ သနားစရာ ကောင်းသော "အုစ်"ကျောင်းသားမှာ မအီမသာနှင့် နေမကောင်းဖြစ်ပြီး ကျန်ကျောင်းသားမှာ မအီမသာ နှင့် နေမကောင်းဖြစ်လာပြီး ကျန်ကျောင်းသားများ အားလုံးမှာ လှိုင်းမမူးကြတော့ဘဲ ပြန်လည်၍ နေထိုင် ကောင်းလာကြသည်။ တိုဒ်ီရေပူစမ်းသည် သစ်ပင်များဖြင့် ဖုံးအုပ်နေသော တောင်တန်းများဖြင့် ဝိုင်းရံထားသည်က ပင်လယ် ကမ်းခြေတစ်ရွာ၌ တည်ရှိလေသည်။ ၎င်းရွာသည် အေးချမ်းသာယာပြီး လှပသော ရွာတစ်ရွာဖြစ်သည်။ ခေတ္တ ခဏ အနားယူပြီးသောအခါ ဆရာများသည် ကလေးများကို ပင်လယ်သို့ ခေါ်သွားသည်။ ကျောင်းရှိ ရေကူးကန်ကဲ့သို့ မဟုတ်သောကြောင့် သူတို့သည် ရေကူးဝတ်စုံများကို ဝတ်ထားကြသည်။

ပင်လယ်ထဲရှိရေပူစမ်းသည် တမူထူး၍ရေပူစမ်းမှထွက်လာသော ရေပူများနှင့် ရိုးရိုး ပင်လယ်ရေများ အကြားတွင် မည်သည့်အဆီးအတားမျှမရှိချေ။ "ရေပူစမ်းနေရာဟာ ဒီနေရာပါပဲ"ဟု ပြသဖြင့် သိရှိရပြီး နောက်၊ ၎င်းနေရာသို့ဆင်း၍ လည်ပင်းမြုပ်အောင် ထိုင်ပြီး ရေပူထဲစိမ်လိုက်သည့်အခါ အိမ်ရှိ ရေချိုးခန်း ထဲတွင် ရေနွေးဖြင့် ရေချိုးရသည့်နယ် စည်းစိမ်ရှိလှပေသည်။ ရေပူစမ်းနေရာမှ ပင်လယ်ရေ ထဲသို့ သွားချင်လျှင် ဟိုဘက်ဒီဘက် တဆယ့်ငါးကိုက်ခန့်သာ နေရာရွှေ့လိုက်ပါက တဖြည်းဖြည်း နှင့် ပိုအေး လာသော ပင်လယ်ရေအေးနှင့် ထိတွေ့မည်ဖြစ်သည်။ ဂေးဂေးသွား လေလေ ရေမှာ ပို၍ အေးလာ လေလေဖြစ်ပြီး ပင်လယ်ရေထဲ ရောက်ရှိနေပြီဖြစ်ကြောင်း သိလာနိုင်၏။

အကယ်၍ တစ်ဦးတစ်ယောတည်း ပင်လယ်ရေအေးထဲ၌ အကြာကြီးရေချိုးနေသဖြင့် တုန်လာလျှင် ပင်လယ်ရေပြင်နှင့် တဆက်တည်းရှိနေသော ရေပူစမ်းရှိရာသို့ အမြန်ဆုံးသွား၍ လည်ပင်း မြုပ်အောင် ရေပူတွင် စိမ်နေလိုက်ရုံသာ ရှိတော့သည်။ မိမိတို့၏ နေအိမ်၌ ရေချိုးရသည့်အတိုင်း ပင်ဖြစ်သည်။ အလွန် ပျော်စရာ ကောင်းလှပေသည်။ ရေကူးဦးထုပ်များဆောင်းထားကြသည့် အချို့ကလေးသူငယ်များသည် ပင်လယ်ရေပြင်ထဲ၌ ရေကူးနေကြစဉ် အချို့ကလေးများ မှာမူ ရေပူစမ်းထဲ၌ စက်ဝိုင်းပုံသဏ္ဌာန်ဖြစ်အောင် သက်တောင့် သက်သာဖြင့် ဝိုင်းဖွဲ့ထိုင်ရင်း စကား ပြောနေကြလေသည်။ ဤသို့သောအခြေအနေကို မြင်တွေ့ ရသူများ၏ စိတ်ထဲ၌ "ရေပူစမ်းမှာ ရေလာချိုးကြ တဲ့ကလေးတွေဟာလည်း အသက်ကြီးသူတွေ ပြုလုပ် ကြသလိုပဲ ပြုလုပ်ကြပါ ကလား"ဟု မှတ်ယူသွားမည်ဟု သေချာလေသည်။

ထိုအချိန်အခါက ပင်လယ်ကမ်းခြေတွင် လူများဖြင့် စည်စည်ကားကားမရှိလှသေးချေ။



⇧ http://www.shwezinu.com ⇩

ထို့ကြောင့် ကလေးများသည် သူတို့၏ကိုယ်ပိုင် ကမ်းခြေသဖွယ် ဆော့ချင်သလောက်ဆော့၊ နေချင် သလောက်နေနိုင်ပေသည်။ သူတို့သည် ရေပူစမ်းထဲ၌ စိတ်ရှိသလောက်ရေချိုးကြ၏ ။ ရေထဲ၌ အချိန် ကြာကြာနေကြပြီး၊ ညနေခင်းတွင် တည်းခိုရာနေအိမ်သို့ ပြန်ရောက်လာကြသောအခါ သူတို့၏ လက်ချောင်းကလေးများ အားလုံးမှာ အရေပြားများ တွန့်၍နေလေတော့၏ ။

ညတိုင်းသူတို့တတွေ ဂွမ်းစောင်များကို ခြုံပြီးသောအခါ ကလေးများသည် တစ္ဆေပုံပြင်များကို တလှည့်စီပြောကြလေသည်။ တော့တိုးချန်နှင့် ပထမတန်းမှအခြား ကျောင်းသားများသည် ကြောက်ရွံ့ကြလွန်း သောကြောင့် အသံထွက်၍ ငိုယိုမိကြသည်။ သို့သော်လည်း သူတို့သည် မျက်ရည်များ ထွက်နေသည့်ကြားထဲမှပင် "ပြီးတော့ ဘာဖြစ်သေးသလဲ"ဟု မေးမြန်းတတ်ကြလေ သည်။ တိုအီ ရေအိုင် ၌ နေခဲ့ရသော သုံးရက်အချိန်ကာလအတွင်းတွင် ကျောင်း၌စခန်းချပုံမျိုးနှင့်လည်းမတူ၊ သတ္တရှိ မရှိ စမ်းသပ်ခံရပုံမျိုးနှင့်လည်းမတူဘဲ တကယ့်ဘဝအတွေ့အကြုံများကို ရရှိခဲ့လေသည်။ ဥပမာအားဖြင့် သူတို့သည် ဟင်းသီးဟင်းရွက်များနှင့် ငါးများကိုဝယ်ရန်တလှည့်စီ စေလွှတ်ခြင်း ခံရသည်။ သူစိမ်းတရံဆံများက "မင်းတို့ဘယ်ကျောင်းက ကျောင်းသား တွေလဲ၊ ဘယ်ကလာကြ သလဲ"ဟု မေးသည့် အခါ သူတို့သည်ယဉ်ယဉ်ကျေးကျေး ပြန်ဖြေကြရလေသည်။ အချို့ကလေး များမှာမူ အဝေးကြီးသို့က ရေကူးသွားကြသဖြင့် သူတို့ပြန်မကူးလာနိုင်သောကြောင့် လူတိုင်းစိတ် ပူပန်ကြရသည်။ အချို့မှာ သဲသောင် ကမ်းစပ်၌ လမ်းလျှောက်သွားရင်း ပုလင်းကွဲများထိရှမိသည်။ ဤသို့သောအကြောင်း ကိစ္စမျိုးမှာ ဖြစ်ပေါ်လာသည့်အခါ ကျောင်းသာတိုင်းသည် မိမိတို့တတ်စွမ်း သမျှ ကူညီကြရလေသည်။

အားလုံးမှာ ပျော်စရာကောင်းပါသည်။ သူတို့သည် ပင်လယ်ကမ်းစပ်၌ သစ်တုံးကြီး တစ်တုံးကို လှေဖြစ်အောင် တစ်ယောက်တည်းထွင်နေသည် လူကြီးတစ်ယောက်ကို တွေ့ကြရလေသည်။ လှေ၏ ပုံသဏ္ဌာန်မှာ ပေါ်စပြုလေပြီ။ သူတို့သည် နံနက်မိုးလင်းသည်နှင့် ကမ်းနားသို့ပြေးဆင်း သွားကြပြီး ထိုလှေကို နောက်ထပ်မည်မျှ ထွင်းပြီးသလဲဟု စပ်စုကြသည်။ ထိုလူကြီးက တော့တိုး-ချန်နှင့် အချော သပ်ထားသည့် တုတ်ကောက်ရှည်တစ်ချောင်း လက်ဆောင်ပေးလေသည်။
"အမှတ်တရ ဓာတ်ပုံရိုက်ကြမလား"

သူတို့ပြန်ကြတော့မည် နံနက်ပိုင်းတွင်ဆရာကြီးကမေးသည်။ သူတို့သည်ရှေးယခင် အခါက အုပ်စုလိုက် ဓာတ်ပုံမရိုက်ခဲ့ကြဖူးပေ။ ထို့ကြောင့်ကလေးများသည် ဓာတ်ပုံရိုက်ရန် စိတ်အားထက် သန်နေကြသည်။ သို့သော်လည်း ဆရာက ကင်မရာကိုချိန်၍ ရိုက်ရန်အသင့်ပြင်နေစဉ် ကျောင်းသားတစ်ယောက်သည် အိမ်သာ တက်ရန် ပြေးထွက်သွားသည်။ အခြားတစ်ယောက်မှာ လည်း သူစီးထားသော ဖိနပ်

⇧ http://www.shwezinu.com ⇩

ဘယ်နှင့်ညာ များနေသည်ဟုဆိုကာ ဘက်မှန်အောင်ပြန်စီးသည်။ ဆရာက "အားလုံးအသင့်ဖြစ်ကြပြီလား"ဟု မေးလိုက် သည့်အခါ ကျောင်းသားတစ်ယောက် နှစ်ယောက်သည် အကြာကြီးရပ်စောင့်နေခဲ့ရသဖြင့် မဟန်နိုင် တော့ဘဲ သူတို့ကိုယ်ကို မြေကြီးပေါ် သို့လှဲချလိုက်လေတော့သည်။ ဓာတ်ပုံရိုက်ဖို့အရေး စောင့်ဆိုင်း ရသည့် အချိန်မှာ ရှည်ကြာလွန်လှ ပေသည်။ သို့သော်လည်း ပင်လယ်ပြင်ကို နောက်ခံထား၍ ကျောင်းသားများက မိမိတို့စိတ်တိုင်းကျနေပြီး အရိုက် ခံခဲ့ကြသော ၎င်းဓာတ်ပုံသည် ကျောင်းသားတိုင်း၏ အဖိုးတန်ပစ္စည်းတစ်ခုအဖြစ်သို့ ရောက်ရှိ လာခဲ့သည်။

ဓာတ်ပုံကိုပြန်ကြည့်လိုက်သည်နှင့် ရှေးဟောင်းနှောင်းဖြစ်များ တရေးရေးပြန်ပေါ် လာသည်။ သဘော်ာ စီး၍သွားရသော ခရီးစဉ်၊ ရေပူစမ်း၊ တဒ္ဓေပုံပြင်များနှင့် "အုစ်ကျောင်းသား"။ တော့တိုးချန် သည် ပျော်စရာ ကောင်းသော ထိုပထမအကြိမ် နွေရာသီကျောင်းအားရက်ကို မည်သည့်အခါမှ မမေ့ပေ။ ထိုအချိန် ထိုအခါက နေ့ရက်များမှ တိုကျိုမြို့ရှိ သူတို့အိမ်အနီး ရေကန်ထဲ၌ ပုစွန်များကိုတွေ့နိုင် သောနေ့ရက် များဖြစ်သလို၊ နွားထီးကြီးများက ဆွဲယူသော လှည်းများဖြင့် အညစ်အကြေးအမှိုက် သရိုက် များကို သိမ်းဆည်းနေရသော နေ့ရက်များလည်း ဖြစ်ပေသည်။

## ယိမ်းကနည်း တစ်မျိုး

နွေရာသီကျောင်းပိတ်ရက်များကုန်ဆုံးသောအခါ ဒုတိယခြောက်လစာသင်ရက်များ စတင်သည်။ ဂျပန် ပြည်တွင် ပညာသင်နှစ်သည် ဧပြီလတွင် စတင်၏ ။ တော့တိုး-ချန်သည် သူမ၏အတန်းသား များ အားလုံး နှင့် မိတ်ဆွေဖြစ်ရုံသာမက အခြားအတန်းများမှ ကျောင်းသား၊ ကျောင်းသူများနှင့်ပါ သိကျွမ်း ခင်မင်လာသည်။ ဤသည်မှာနွေရာသီကျောင်းပိတ်ရက်တွင် အတူတကွ စုဝေးတွေ့ဆုံမှု ရှိခဲ့ခြင်း၏ အကျိုး ကျေးဇူးကြောင့် ဖြစ်သည်။ သူမသည် တိုမိုဂါကူးအန်ကို ပို၍ပို၍နှစ်သက်လာသည်။

တိုမိုကျောင်းရှိ အတန်းများသည် အခြားသာမန်ကျောင်းများမှ အတန်းများနှင့် မတူသည့်အပြင် တေးဂီတပညာကို ဆည်းပူးလေ့လာနိုင်ရန် အချိန်ကိုလည်း များများပေးထား၏။ ကျောင်း၌ ဂီတ သင်ခန်းစာများမျိုးစုံရှိသည်။ ထိုအထဲတွင် ယိမ်းကနည်းသင်ခန်းစာအချိန်သည် နေ့စဉ်ပါဝင်လေ သည်။ ယိမ်းကခြင်းဆိုသည်မှာ စည်းဝါးကျကျ သံစဉ်ညီညာစွာဖြင့် သင်ကြားပေးသော ပညာသင် ကြားရေး နည်းစနစ်တစ်မျိုးဖြစ်သည်။ ၎င်းကိုဆွစ်လူမျိုးဂီတစာဆို အီမိုင်းဂျက်ဒါလ်ခရိုဇီဆိုသူက တီထွင်ခဲ့လေသည်။ သူ၏ လေ့လာမှုများသည် ၁၉၀၄ခုနှစ်ခန့်တွင် စတင်ထင်ရှားလာခဲ့သည်။ သူ၏ စနစ်ကိုဥရောပတိုက်နှင့် အမေရိကန်ပြည်အနှံ့တွင် လျင်မြန်စွာ လက်ခံလာလေရာ လေ့ကျင့်ရေး ကျောင်းများနှင့် သုတေသန လုပ်ငန်း

⇧ http://www.shwezinu.com ⇩

အဖွဲ့အစည်းများမှာလည်း နေရာတိုင်းတွင် ပေါ်ထွန်းလာခဲ့ လေသည်။ ဒါယ်ခရိုင်၏ ယိမ်းကနည်းကို တိုမိုကျောင်း၌လက်ခံရပုံ ဇာတ်လမ်းမှာ အောက်ပါအတိုင်း ပင်ဖြစ်သည်။

တိုမိုဂါကူးအန်ကျောင်းကို မတည်ထောင်မီ ကျောင်းအုပ်ဆရာကြီး ဆိုဆာကူးကိုဘာယာရှိသည် ဥရောပ တိုက်သို့သွား၍ ကလေးများပညာသင်ကြားရေးကို လေ့လာသည်။ သူသည် မူလတန်း ပညာသင်ကြားရာ ကျောင်းပေါင်း များစွာသို့ သွားရောက်ပြီးပညာရေးဆိုင်ရာ ပုဂ္ဂိုလ်များနှင့်တွေ့ဆုံ ဆွေးနွေးသည်။ သူသည် ပါရီမြို့၌ တေးပြစာဆိုနှင့် တေးဂီတဆရာ ဒါလ်ခရိုဇီနှင့် တွေ့ဆုံခဲ့သည်။ ဒါလ်ခရိုဇီ သည် ကလေးများအား သောတအာရုံသက်သက်ဖြင့်သာ ဂီတကို သင်ကြားစေခြင်းထက် သောတ အာရုံရော အထိအတွေ့ခံစားမှုပါ ပေါင်းစပ်ပြီး စိတ်ထဲဂယ်ကောင်းစွာ ခံစားနိုင်မည့် သင်ကြားမှု နည်းလမ်း မျိုးရအောင် မည်သို့ပြုလုပ်ရမည်ကို လည်းကောင်း၊ ကလေးများအား ဂီတကို ပျင်းခြောက် ခြောက်နှင့် အသက်မဂင်သော သင်ခန်းစာမဟုတ်၊ သွက်လက်လျင်မြန်မှုရှိသော သင်ခန်းစာ တစ်မျိုး ဖြစ်သည်ဟု ခံစားတတ်စေရန် လည်းကောင်း၊ ကလေးများ၏ဂီတသည် ပျင်းခြောက်ခြောက်နှင့် အသက်မဂင်သော သင်ခန်းစာမဟုတ်၊ သွင်လက်လျင်မြန်မှုမရှိသော သင်ခန်းစာတစ်မျိုးဖြစ်သည်ဟု ခံစား တတ်စေရန်လည်းကောင်း၊ ကလေးများ၏ ခံစားလွယ်သော အာရုံကိုလန်းလန်းဆန်းဆန်း ဖြစ်စေရန်ကို လည်းကောင်း မည်သို့ပြုလုပ်ပေးရမည်ကို အချိန်အတန် ကြာစဉ်းစားလာခဲ့ သူဖြစ်သည်။

နောက်ဆုံး၌သူသည် ကလေးသူငယ်များ ခုန်ပေါက်ပြေးလွှားဆော့ကစားပုံများကို ဂရုတစိုက် စောင့်ကြည့် ပြီးနောက် ယူရစ်သမ်မစ်ဟုခေါ်တွင်သော စည်းဂါးကျကျသံစဉ် ညီညာသော ယိမ်းက နည်းတစ်မျိုး ကို တီထွင်ရန် စိတ်ကူးခဲ့ရလေတော့သည်။ ကိုဘာယာရှိသည် ပါရီရှိဒါလခရိုဇီကျောင်း၌ တစ်နှစ်ကျော်ကျော် သင်တန်းတက်ခဲ့ပြီး ဤစနစ်ကို အသေးစိတ်လေ့လာဆည်းပူးခဲ့လေသည်။ ဒါလ်ခရိုဇီသည် ဂျပန်လူမျိုးအတော် များများအပေါ် လွှမ်းမိုး ခဲ့လေသည်။ ထိုသူများထဲ၌ ဂီတစာဆိုကော့စကက်ယာမာဒါ၊ ဂျပန်နိုင်ငံ၏ ခေတ်ပေါ်အက ကို တီထွင်သူ ဘာကူးအိရှီ၊ ကာဘူကီသရုပ်ဆောင်မင်းသား ကာအိုရုအိုဆန်နေ၊ အကမင်းသား မီချို အိုအီတို စသော ပုဂ္ဂိုလ်များပါဂင်သည်။

"ယူရစ်သမ်မစ်ဆိုတာ ဘာလဲ"ဟု သူ့ကိုမေးလျှင် ပြန်ဖြေလိမ့်မည်။

"ယူရစ်သမ်မစ်ဆိုတာ ကိုယ်ခန္ဓာအစိတ်အပိုင်းကို သန့်ရှင်းအောင် ပြုလုပ်ပေးတဲ့ အားကစားတစ်မျိုး ကိုယ်ခန္ဓာကိုဘယ်လိုအသုံးပြုပြီး ဘယ်လိုထိန်းသိမ်းရမယ်လို့ စိတ်ကိုသင်ကြားပေးတဲ့ အားကစား တစ်မျိုး၊ ကိုယ်ခန္ဓာနဲ့စိတ်ကို အပြန်အလှန်အညီ အညွတ်ဖြစ်အောင် ပြုလုပ်ပေးတဲ့ အားကစား တစ်မျိုးဖြစ်တယ်။ ယူရစ်သမ်မစ်အလေ့ အကျင့်က လူရဲ့ ဥပမိရုပ်ကို ချောမောပြေပြစ်အောင် ပြုလုပ်ပေးတယ်။ အဲဒီလို

⇦ http://www.shwezinu.com ⇨

ချောမောပြေပြစ်တဲ့ ဥပဓိရုပ်မျိုးရှိတဲ့ သူဟာ ကျန်းမာသန်စွမ်းတယ်။ ချစ်စဖွယ် ရှိတယ်။ သဘာဝတရားတွေကို ကြံ့ကြံ့ခံပြီး ရင်ဆိုင်ရဲတယ်"

တော့တိုး-ချန်၏ အတန်းသားများသည် စည်းဝါးကျကျနှင့် အချက်ညီညီ သဘောကို နားလည်ရန် ကိုယ်ခန္ဓာကို လေ့ကျင့်ခြင်းမှ စတင်သည်။ ကျောင်းအုပ်ဆရာကြီးသည် စုဝေးခန်းမကြီးထဲရှိ စင်မြင့် ငယ်ပေါ်မှ နေ၍ စန္ဒရားတီးသောအခါ ကလေးများသည် သူတို့မည်သည့်နေရာ၌ပင် ရှိနေကြစေကာမူ စန္ဒရားသံ နှင့် အညီဖြစ်အောင် လမ်းလျှောက်ကြရသည်။ လမ်းလျှောက်ရာ၌ သူတို့သည် တစ်ဦးနှင့် တစ်ဦး မတိုက်မိလျှင်ပြီးရော၊ မိမိတို့စိတ်ကြိုက်အမူအရာမျိုးဖြင့် လမ်းလျှောက်ကြရသည်။ ဂီတသံ သည် မူလ သံထက် တစ်ဆင့်မြင့်တက်လာပြီဟု သူတို့ထင်မှတ်ပါက သူတို့သည် လမ်းလျှောက် နေရင်း တီးပိုင်း ခေါင်းဆောင် သဖွယ် သူတို့၏လက်များကို မြှောက်တင်လိုက်၊ ပြန်ချလိုက်ပြုလုပ် ကြသည်။ ခြေထောက်များနှင့် ပတ်သက်၍ သူတို့သည် ပြင်းပြင်းထန်ထန်ဖိမနင်းကြရ။ သို့သော် ဘဲလေးကသလို ခြေဖျား များ ထောက်၍ လမ်းလျှောက်ကြရမည်ဟု မဆိုလိုပေ။

သူတို့သည် သက်သောင့်သက်သာဖြင့် လမ်းလျှောက်ကြရမည်။ ခြေချောင်းကလေးများ ကိုဆွဲယူ သကဲ့သို့ပင်ဖြစ်သည်။ အရေးအကြီးဆုံးမှာ သဘာဝအတိုင်း ဖြစ်ဖို့ပင်ဖြစ်သည်။ သူတို့သည် သူတို့ နှစ်သက်သလို လျှောက်နိုင်သည်။ အကယ်၍ ဂီတသံသည် ထပ်မံပြောင်းသွားပါက သူတို့သည် လက်မောင်း များကို ဂီတသံအတိုင်း လှုပ်ရှား၍ ခြေလှမ်းများကိုလည်း အချက်ကျကျ လှမ်းကြ ရမည်ဖြစ်သည်။ နှေးခြင်းမြန်ခြင်းကိုလိုသလို ပြုလုပ်နိုင်သည်။ လက်များကို အတင်အချ လှုပ်လှုပ် ရှားရှား ပြုလုပ်ရာတွင် ခက်ခက်ခဲခဲသိပ်မရှိလှပေ။
"အောက် သို့ပြန်ချခြင်း၊ ဘယ်ညာပိုက်ခြင်း၊ ဘေးသို့ဆန့်ထုတ်ခြင်း၊ အပေါ်မြှောက်ခြင်း၊ ရှေ့သို့ ဆန့်ထုတ်ခြင်း" စသည်တို့ ဖြစ်သည်။
ဂီတသံ သည် ရုတ်တရက်ပြောင်းသွားသည်က အခါမျိုး၌သာ ကျောင်းသားများအနေဖြင့် ခြေလက် လှုပ်ရှား မှု အပြောင်းအလဲတွင် အခက်အခဲအနည်းငယ် တွေ့ရတတ်သည်။ ဤသင်ခန်းစာ များသည် ကလေး များ၏ အာရုံစူးစိုက်မှု ခွန်အားကို ဖွံ့ဖြိုးစေသည်ဟု ဆရာကြီးက ပြောလေသည်။

ဤသင်ခန်းစာအချိန်၌ ကျောင်းသားများသည် တစ်ဦးချင်းလေ့ကျင့်ကြသည်သာများသည်။ သို့သော်လည်း တစ်ခါတစ်ရံ၌ အချို့ကနှစ်ယောက်တစ်တွဲ လက်ချင်းတွဲပြီး ပြုလုပ်တတ်ကြသည်။ တစ်ခါတစ်ရံအချို့က မျက်စိများမှိတ်၍ စည်းဝါးကျကျ လမ်းလျှောက်ကျသည်။
တစ်ခါတစ်ရံ မိဘဆရာအသင်း အစည်းအဝေးကျင်းပသည့်အခါ အမေများသည် သူတို့၏ သားသမီးများ လေ့ကျင့်ခန်းများ ပြုလုပ်နေကြပုံကို ပြတင်းပေါက်များမှတစ်ဆင့်



⇧ http://www.shwezinu.com ⇩

ချောင်းကြည့်လေ့ ရှိကြသည်။ ကလေးများသည် ဂီတသံစဉ်အတိုင်း သူတို့၏လက်များခြေများကို လိုက်လှုပ်ကြပုံကို ကြည့်ရသည်မှာ အလွန် နှစ်သက်ဖွယ် ကောင်းလှပေသည်။

ထို့ကြောင့် ယူရစ်သမ်မစ်၏ ရည်ရွယ်ချက်မှာ ဦးစွာပထမကလေးများအား ဂီတသံစဉ်အလိုက် စိတ်နှင့်ကိုယ်ကို ထိန်းချုပ်၍အပြန်အလှန် ညီညွတ်မျှတမှုရှိအောင် ပြုလုပ်ရေးအတွက် လေ့ကျင့်စေ ပြီး၊ နောက်ဆုံး၌တွေးတောဆင်ခြင်ဉာဏ်နှင့် တီထွင်ဖန်တီးလိုစိတ်ကို နိုးကြားရှင်သန်လာစေရန် ဖြစ်သည်။

ကျောင်းသို့ပထမဆုံးစတင် ရောက်ရှိသည့်နေ့တွင် တော့တိုးချန်သည် ကျောင်းဂရိုဆိုင်းဘုတ်ကို ကြည့်ပြီး အမေ့အား "တိုမိုရဲ့အဓိပ္ပာယ်ဟာ ဘာလဲ"ဟုမေးခဲ့ဖူးလေသည်။
"တိုမို"သည် ရှေးအခါကတည်းက အသုံးပြုလာခဲ့သော ကောက်ကောက်ကွေးကွေး ပုံသဏ္ဍာန် အမှတ် အသား တစ်မျိုးဖြစ်သည်။ ကျောင်းအုပ်ဆရာကြီးသည် သူ၏ကျောင်းအမှတ်အသားအဖြစ် ဖြင့် အဖြူတစ်ခု အနက်တစ်ခု ပါဝင်သော တိုမိုနှစ်ခုကို ပေါင်းစပ်ထားသည့် စက်ဝိုင်းအမှတ်အသား တစ်မျိုးကို တီထွင် လိုက်သည်။ ၎င်းအမှတ်အသားကို တီထွင်ရခြင်း၏ ရည်ရွယ်ချက်မှာ ကလေးများ အား ကိုယ်ရော စိတ်ပါ ညီညွတ် မျှတစွာ တိုးတက်ဖွံ့ဖြိုးစေလိုသော ရည်ရွယ်ချက်ဖြစ်သည်။

ဆရာကြီးသည် သူ၏ကျောင်းသင်ရိုးညွှန်းတမ်းထဲ၌ ယူရစ်သမ်မစ်ကို ထည့်သွင်းထားသည်။ ရည်ရွယ်ချက်မှာ လူကြီးများက အလွန်အကျွံဝင်ရောက်စွက်ဖက်မှုမပါဘဲ၊ သဘာဝအလျောက် ကလေး များ၏ ပင်ကို အရည် အသွေးများ ကိုယ်ရောစိတ်ပါ ညီမျှစွာဖြင့် ဖွံ့ဖြိုးစေလိုသောကြောင့် ဖြစ်သည်။ ကျောင်းအုပ် ဆရာကြီးသည် စာအုပ်ထဲတွင် ရေးသားထားသည့် အကြောင်းများကိုသာ ဦးစားပေး သင်ကြားခြင်း မျိုးကို မနှစ်သက်ပေ။ မျက်လုံးများရှိပါလျက်နှင့် အလှအပကို မမြင်တတ်ခြင်း၊ နားများရှိပါလျက်နှင့် တေးဂီတသံများကို မကြား ခြင်း၊ စဉ်းစားဆင်ခြင်နိုင်သော အသိဉာဏ်ရှိပါလျက်နှင့် အမှန်ကိုလက်မခံခြင်းစသော အဖြစ်မျိုး မဖြစ်ရန် အထူးလိုအပ်သည်ဟု ဆရာကြီးက ပြောသည်။

တော့တိုး-ချန် အဖို့မှာမူ ဖိနပ်မပါဘဲ ခုန်လိုက်၊ ပေါက်လိုက်၊ ပြေးလိုက်နှင့် သွားလာနေရခြင်းကို အထူး သဘောကျ နှစ်ခြိုက်လွန်းသောကြောင့် ဤသို့ပြုလုပ်နေရခြင်းသည် ကျောင်းသင်ခန်းစာ တစ်မျိုးကို ပြုလုပ် နေရခြင်းမှ ဟုတ်ရဲ့လားဟူ၍ မယုံကြည်နိုင်အောင်ပင် ဖြစ်မိလေတော့၏ ။



⇧ http://www.shwezinu.com ⇩

## ကျွန်မလိုချင်တာကတော့

တော့တိုး-ချန်အဖို့ ပွဲလမ်းသဘင်သို့ သွားရခြင်းသည် ယခုအကြိမ် ပထမအကြိမ်ဖြစ်သည်။ သူမ ယခင် နေခဲ့သော ကျောင်းအနီးရှိဆင်ဖိုကူးရေကန်၏ အလယ်တွင် ကျွန်းငယ်လေးတစ်ကျွန်းရှိရာ ထိုကျွန်းငယ် ပေါ်၌ 'ဘင်တန်'ဟု ခေါ်တွင်သော အလှနှင့်ဂီတနတ်မိမယ်ကို ရည်ညွှန်းပြီးထုလုပ် ထားသော ရုပ်တုတစ်ခု ရှိလေသည်။ နှစ်ပတ်လည်အထိမ်းအမှတ်ပွဲ ကျင်းပသည့်ညက သူမသည် မီးရောင်မှိန်မှိန်သာရှိသော လမ်းပေါ် တွင် အမေနှင့်အဖေတို့နှင့်အတူ လမ်းလျှောက်သွားနေရာ ခဏအကြာတွင် မီးရောင်များဖြင့် ထိန်ထိန် လင်းလျက်ရှိသည့် ပွဲတော်နေရာသို့ ရောက်ရှိလာခဲ့ လေတော့သည်။ တော့တိုး-ချန်သည် ဈေး ဆိုင်ငယ် များထဲသို့ သူမ၏ ဦးခေါင်းကိုသွင်းပြီးကြည့် သည်။ နေရာတိုင်းဂယ် ထူးဆန်းသော အသံများ ရှိသည်။ မြင်တွေ့သမျှအားလုံးသည် သူမအဖို့ အသစ်အဆန်းများသာ ဖြစ်နေသည်။

ကစားစရာအရုပ်မျိုးစုံ၊ စားစရာမျိုးစုံ၊ ကစားစရာသေနတ်များစသည်ဖြင့် စုံလင်လှပေသည်။ လမ်းနံဘေးမှ လူကြီးတစ်ယောက်မှာမူ ဓားရှည်များနှင့် ပုလင်းကွဲစများကို မြိုချနေသည်။ ငွေများ ပျောက်သွားအောင်ပြုလုပ်နိုင်သည့် မျက်လှည့်ပြပွဲလည်းရှိသည်။ ရေထဲသို့ ချလိုက်လျှင် ပန်းများ ပွင့်လာသော စက္ကူပန်းများကိုလည်း တွေ့ရသည်။ တော့တိုး-ချန်သည် လမ်းလျှောက်သွားရင်း သူမ၏မျက်လုံးများကို ဟိုကြည့်သည်ကြည့် ကြည့်သွားရင်းနေရာမှ ရုတ်တရက်ဆိုသလို ရပ်လိုက်သည်။
"အိုးကြည့်ပါဦး"

သူမသည် သေတ္တာထဲ၌ တကျည်ကျည်မြည်နေသော အဝါရောင်ကြက်ပေါက်ကလေးများကို ကြည့်ပြီး အော်ပြော လိုက်သည်။ "ကျွန်မတစ်ကောင်လောက်လိုချင်တယ်၊ ကျွန်မကို တစ်ကောင်ဝယ်ပေးပါနော်-နော်" သူမသည် အမေနှင့်အဖေတို့၏ လက်ကိုဆွဲရင်း ပူဆာလိုက်သည်။ ကြက်ပေါက်စ ကလေးများအားလုံး တော့တိုး-ချန်ဘက်သို့ လှည့်ကြည့်ကြသည်။ သူတို့၏ ဦးခေါင်းများ ပိုထောင်လာကြပြီး အော်သံများမှာလည်း ပို၍ကျယ်လာသည်။ "သိပ်ပျော်စရာကောင်းတာပဲ"ဟု တော့တိုး-ချန်သည် စိတ်ထဲတွင်ပြောရင်း သူတို့အနီးတွင် ဆောင့်ကြောင့်ထိုင်ချလိုက်သည်။ သူမကို ယခုလောက်ဆွဲဆောင်ခြင်းမျိုးသည် ရှေးကမရှိခဲ့ဖူးချေ။
"ဝယ်ပေးပါနော်"

သူမသည် တောင်းပန်တိုးလျှိုးသော လေသံဖြင့် ပြောရင်းအဖေနှင့်အမေကို မော့ကြည့်လိုက်သည်။ သို့သော်လည်း သူမ၏ မိဘများသည် သူမကို လျှင်မြန်စာစွာ ဆွဲခေါ်သွားကြသဖြင့် သူမအံ့သြခြင်း ဖြစ်သည်။

⇧ http://www.shwezinu.com ⇩

"ကျွန်မကိုတစ်ခုခုဝယ်ကျွေးမယ်လို့ ပြောခဲ့တယ်မဟုတ်လား ကျွန်မလိုချင်တာကတော့ အဲဒီ ကြက် ကလေး ပဲ"
"မဟုတ်ဘူး သမီး၊ ဒီကြက်ကလေးတွေဟာ သိပ်သနားစရာကောင်းတယ်၊ မကြာခင်သေသွားမှာ" ဟု အမေက လေသံခပ်အေးအေးဖြင့် ပြောလိုက်သည်။
"ဘာဖြစ်လို့လဲ"
တော့တိုး-ချန်သည် ထိုသို့မေးပြီး ငိုလေတော့သည်။

အဖေသည်ဈေးသည်မကြားအောင်
သူမကိုမလှမ်းမကမ်းနေရာသို့ဆွဲခေါ်သွားပြီးရှင်းပြလိုက်သည်။
"အဲဒီကြက်ကလေးတွေဟာ အခုချိန်မှာတော့ သိပ်ချစ်စရာကောင်းတာ အမှန်ပဲတော့စကီ၊ ဒါပေမဲ့ လို့ သူတို့ကလေးတွေဟာ သိပ်အားနည်းနေတယ်။ သူတို့ကြာကြာ အသက်ရှင်မှာမဟုတ်ဘူး။ ကြက်ကလေးသေသွားရင် သမီးငိုနေရလိမ့်မယ်။ ဒါကြောင့် အဖေတို့က ဝယ်မပေးတာပေါ့"
သို့သော်လည်း တော့တိုး-ချန်သည် ကြက်ကလေးတစ်ကောင်ရရေးကို ဆုံးဖြတ်ထားပြီး ဖြစ်ရာ အဖေ့ပြောစကားကို နားမဝင်ပေ။
"မသေစေရပါဘူး၊ ကျွန်မစောင့်ရှောက်ထားမှာပါ"

အမေနှင့်အဖေသည် တော့တိုး-ချန်ကို ကြက်ပေါက်ကလေးများရောင်းသည့်ဆိုင်နှင့် ဝေးရာသို့ ဆွဲခေါ် သွားကြသည်။ သို့သော်လည်း သူမသည် ကြက်ကလေးများကို တပ်မက်စွာဖြင့် ကြည့်နေ မိရာ ကြက်ကလေး များကလည်း သူမကိုပြန်ကြည့်နေကြသည်။ ၎င်းတို့၏ အော်သံများပို၍ပင် ကျယ်လာ လေသည်။ သူမလိုချင်သောအရာမှာ ကြက်ပေါက်ကလေးများဖြစ်သည်ဟု သူမအနေဖြင့် ခိုင်မာစွာ ဆုံးဖြတ်ချက်ချထားပြီး ဖြစ်ပါသည်။
“ကျွန်မကို ကြက်ကလေးတစ်ကောင် ဝယ်ပေးပါ။

သူမသည် မိဘနှစ်ပါးကို ထပ်ခါတလဲလဲ ပူဆာလေတော့သည်။ အမေအဖေသည် အလိုမလိုက်ဘဲ တင်းခံ ထားသည်။
“တစ်ကောင်မှ ဝယ်မပေးနိုင်ဘူး။ နောက်ဆုံးမှာ သမီးပဲ ငိုနေရမှာ”
တော့တိုး-ချန်သည် အသံထွက်၍ အော်ငိုလေတော့သည်။ အိမ်ဘက်ဆီသို့ လမ်းလျှောက် ပြန်လာရင်း မျက်ရည် များသည် ပါးပြင်ပေါ်သို့တလိမ့်လိမ့် စီးဆင်းလာတော့သည် မှောင်မည်း နေသော လမ်းပေါ်သို့ ရောက်သော အခါ သူမသည် ငိုရှိုက်ရင်း...

“ကျွန်မ အခုလောက်လိုချင်တာမျိုး တစ်ခါဖူးမှမရှိခဲ့ပါဘူး၊ အဲဒါကိုသာရရ နောက်ထပ် ဘာကိုမှ မပူဆာ တော့ပါဘူး၊ ကျွန်မကိုကြက်ကလေးတစ်ကောင်သာ ဝယ်ပေးပါ"
နောက်ဆုံး၌ အဖေနှင့်အမေတို့သည် သမီး၏အလိုသို့ လိုက်ရလေတော့သည်။

http://www.shwezinu.com

မိုးရွာပြီးနောက် နေသာသည့်အဖြစ်မျိုးနှင့် တူလှ၏ ။ ကြက်ပေါက်စကလေးနှစ်ကောင် ထည့်ထား သော သေတ္တာငယ်ကလေးကို သယ်ယူရင်း အိမ်သို့လမ်းလျှောက်ပြန်လာသော တော့တိုး-ချန်သည် ယခုအခါ ပြုံးပြုံးရွှင်ရွှင်ဖြစ်နေလေပြီ။

နောက်နေ့တွင် အမေသည်လက်သမားတစ်ယောက်ကိုခေါ်၍ ကြက်ကလေးများနွေးနွေးထွေးထွေးရှိရန် လျှပ်စစ်မီးလုံး တပ်ဆင်ထားသော ကြက်အိမ်ကလေးတစ်လုံးကို ပြုလုပ်စေသည်။ တော့တိုး-ချန်သည် ကြက်ကလေး များကို တစ်ချိန်လုံးစောင့်ကြည့်နေသည်။ အဝါရောင် ကြက်ကလေးများသည် ချစ်စရာ ကောင်းလှ ပေသည်။ သို့သော်လည်း လေးရက်မြောက်နေ့တွင် ကြက်ကလေးတစ်ကောင်သည် မလှုပ်ရှားတော့။ ငါးရက်မြောက်နေ့တွင် ကျန်တစ်ကောင်မှာလည်း ထိုအတိုင်းပင် ဖြစ်သွားလေတော့သည်။

သူမသည် ၎င်းတို့ကို လက်ဖြင့်ပုတ်ကြည့်သည်။ ပါးစပ်မှခေါ်ကြည့်သည်။ သို့သော်လည်း ၎င်းတို့ထံမှ အသံ လုံးဝထွက် မလာတော့။ သူမသည် အခြေအနေကို စောင့်ကြည့်နေသော်လည်း ၎င်းတို့ မျက်လုံးများ ပြန်မပွင့်လာတော့။ အမေနှင့်အဖေတို့ပြောခဲ့သည့်အတိုင်း ဖြစ်သွားလေပြီ။ သူမသည် ငိုယိုပြီးပန်းခြံထဲ၌ ကျင်းတူး၍ ကြက်ပေါက်စကလေးနှစ်ကောင်စလုံးကို မြှုပ်လိုက်လေ တော့သည်။ သူတို့ကို မြှုပ်နှံရာနေရာပေါ်တွင် ပန်းပွင့်ငယ်ကလေးတစ်ပွင့်ကို တင်ထားလိုက်သည်။ သူတို့အတွက် ပြုလုပ်ပေးခဲ့သည့် သေတ္တာ၏ ထောင့်တစ်နေရာ၌ အမွေးတစ်စကို သူမတွေ့ရသည့် အခါ သူမသည် ကြက်ကလေးများကို စတင် တွေ့ရှိပုံကို မျက်စိထဲမြင်ယောင်လာသဖြင့် သူမသည် နှုတ်ခမ်းကို သွားဖြင့် ဖိရင် အသံ မထွက် အောင် ငိုမိ လေတော့သည်။ သူမဘဝတွင် ယခုလောကလိုချင်ခဲ့တာမျိုးမရှိခဲ့။ ယခုတော့ ၎င်းတို့မရှိကြတော့။

ဤသည်မှာ သူမ၏ပထမဦးဆုံးဖြစ်သော ဆုံးရှုံးမှုနှင့် ခွဲခွာရခြင်း အတွေ့အကြုံပင် ဖြစ်တော့သည်။
ဆရာကြီး သည်ကျောင်းသားမိဘများအား သူတို့၏ကလေးများကို ကျောင်းသို့စေလွှတ်သည့်အခါ အဟောင်းဆုံး အဝတ်အစားများဖြင့်သာ စေလွှတ်ပေးကြပါဟု အမြဲတမ်းလိုလို တိုက်တွန်းလေ့ ရှိသည်။ ဆရာကြီး က သူတို့ကို ဤသို့ဝတ်စေလိုခြင်းမှာ အဝတ်ဟောင်းများဖြင့်ဆိုလျှင် သူတို့ တတွေရွှံ့ထဲ ဗွက်ထဲ၌ ဆော့ချင်သလောက်ဆော့ပါစေ၊ အရေးမဟုတ်။ အဝတ်များ စုတ်သွားသော် လည်း အကြောင်း မဟုတ်။ ကလေးများ၏ စိတ်ထဲဝယ် မိမိတို့ ဝတ်ဆင်ထားသော အဝတ်များ ပေကျံကုန်ရင် အဆူများ ခံရလေမလား၊ သို့မဟုတ် မိမိတို့ အဝတ်များ စုတ်ပြဲသွားမှာစိုး၍ ကစား ရမှာ ဂန်လေးနေရခြင်းမျိုးများ မရှိသင့်ဟု ဆရာကြီးက ယူဆသည်။

တိုမိုကျောင်းအနီးတွင် မူလတန်းကျောင်းများ ရှိသည်။ ထိုကျောင်းများမှ

⇩ http://www.shwezinu.com ⇧

မိန်းကလေးများသည် သဘော်သား ဂတ်စုံကဲ့သို့သော ဂတ်စုံမျိုးကိုလည်းကောင်း၊ ယောကျ်ားလေးများသည် ဘောင်းဘီ တိုနှင့် ကုတ်အင်္ကျီ များကိုလည်းကောင်း ဂတ်ဆင်၍ ကျောင်းတတ်ကြသည်။ တိုမိုကျောင်းမှ ဆရာ၊ ဆရာမ များ အနေဖြင့်လည်း ကျောင်းသားများသည် ကစားချိန်၌ ကစားချင်သလို ကစားကြ၊ အဂတ် အစားများကို ထည့်သွင်း မစဉ်းစားဘဲ လွတ်လွတ်လပ်လပ် ကစားကြရန် ခွင့်ပြုထားသည်။ ထိုအချိန်ထိုအခါက ဘောင်းဘီ များသည် ယခုခေတ် ဂျင်းဘောင်းဘီကဲ့သို့ ကြာရှည်ခိုင်ခံ့ခြင်း မရှိ ပေ။ မိန်းကလေးများအနေဖြင့်မူ အခိုင်ဆုံး အဂတ်များဖြင့် ချုပ်ထားသည့် အဂတ်များကိုသာ ဂတ်ဆင်လေ့ရှိကြသည်။

တော့တိုး-ချန် အနှစ်သက်ဆုံး အပျင်းပြေကစားနည်းမှာ သူတစ်ပါးပိုင်သော ပန်းခြံများနှင့် မြေကွက်လပ် များကို ကာရံထားသော ခြံစည်းရိုးများအောက်မှ တိုးဂင်တိုးထွက် ကစားနည်းပင် ဖြစ် သည်။ ဤကစားနည်း သည် သူမဂတ်နေကျအဂတ်ကို မငဲ့ဘဲ ကစားနိုင်သော ကစားနည်း ဖြစ် သဖြင့် သူမနှင့် အလွန် သင့်လျော်သည်။ ထိုအချိန်ထိုအခါ သံဆူးကြိုး၊ ခြံစည်းရိုးများ များစွာ ရှိခဲ့ သည်။ အချို့သံဆူးကြိုးများသည် မြေကြီး နှင့် အလွန်နီးကပ်စွာ ရှိသည်။ ထိုကဲ့သို့ သံဆူးကြိုးများ အောက်မှ တိုးဂင်လိုလျှင် ခွေးတိုးသလို အတင်း တိုးဂင်မှ ရမည် ဖြစ်သည်။ တော့တိုး-ချန်အနေဖြင့် သတိထားပြီး တိုးဂင်သော်လည်း ဂတ်ထားသော အဂတ် သည် သံဆူးကြိုးနှင့် အမြဲလိုလိုပင် ငြိပြီး စုတ်ပြဲလေ့ ရှိသည်။

တစ်ခါက သူမသည် တစ်ပတ်နွမ်း ပိတ်ပါးအင်္ကျီဖြင့် သံဆူးကြိုးအောက်မှ တိုးသွားစဉ် သံဆူးကြိုး နှင့်ငြိပြီး အင်္ကျီနောက်ကျောပိုင်းသည် အပေါ်မှသည် အောက်ဆုံးအထိ ကွဲသွားလေတော့သည်။ အင်္ကျီမှာ အသစ် မဟုတ်သော်လည်း ထိုအင်္ကျီကို အမေနှစ်သက်သည်။ ထို့ကြောင့် တော့တိုး-ချန် သည် အမေ့ကို မည်သို့ ပြောရပါ့မလဲဟု စဉ်းစားသည်။ သံဆူးကြိုးနှင့် ငြိသဖြင့် စုတ်ပြဲသွားပါသည် ဟု အမေ့ကို မပြောပုံ။ သူမ၏ ပယောဂမပါဘဲ အင်္ကျီစုတ်ပြဲသွားပါသည် ဆိုသည့် အကြောင်းကို ယုတ္တိရှိရှိ လိမ်ညာပြောလျှင် ပိုကောင်း မည်ဟု သူမ စဉ်းစားမိသည်။ နောက်ဆုံး၌ သူမသည် အောက်ပါအတိုင်း ဇာတ်လမ်းဆင်လိုက်သည်။

အိမ်ပြန်ရောက်သည့်အခါ သူမက "ကျွန်မ လမ်းပေါ်မှာ လမ်းလျှောက်လာနေတုန်း ကျွန်မနဲ့ မသိတဲ့ ကလေး တွေက ကျွန်မနောက်ကျောကို ဓားတွေနဲ့ ပစ်ပေါက်ကြတယ်။ ဒါကြောင့်မို့ ကျွန်မရဲ့ အင်္ကျီ ဟာ စုတ်ပြဲ သွားပါတယ်"ဟု လိမ်ညာပြောလိုက်သည်။ သို့သော်လည်း ဤသို့ ပြောနေရင်းမှာပင် အကယ်၍ အမေကသာ မေးခွန်းတွေ ထပ်မေးပါက မည်သို့ ဖြေရပါ့မလဲဟု သူမ စဉ်းစားလိုက် သည်။
တော်ပါ သေးသည်။ အမေက "သိပ်ကြောက်စရာကောင်းပါလား" ဟူ၍သာပြောသည်။ တော့တိုး-ချန်သည် သက်ပြင်းချလိုက်သည်။

⇧ http://www.shwezinu.com ⇩

အမေသည် တော့တိုး-ချန်ပြောသည့် ဓားဇာတ်လမ်းကို မယုံကြည်ပေ။ သူမ၏သမီးသည် သူမက အကျီကို သဘောကျမှန်းသိသဖြင့် သူမစိတ်ပြေရာပြေကြောင်း အလို့ငှာ လိမ်ညာပြောခြင်းဖြစ် သည်ဟု အမေကောင်းစွာသိသည်။ သို့သော်လည်း အမေ့အနေဖြင့် အမြဲတမ်းလိုလိုသိချင်နေ သည့် အကြောင်းတစ်ခုသည်ရှိ၏ ။ ထို့ကြောင့်အမေသည် အခါအခွင့်ကြုံသည်နှင့် မေးမြန်းလိုက် သည်။ ထို့ကြောင့်အမေသည် အခါအခွင့်ကြုံ သည်နှင့် မေးမြန်းလိုက်သည်။

"ဓားတွေနဲ့ ပစ်ပေါက်ခံရလို့ သမီးရဲ့အကျီစုတ်ပြဲတာကတော့ ဟုတ်ပါပြီ၊ အတွင်းခံဘောင်းဘီတွေ နေ့တိုင်းစုတ်ပြဲလာတာကရော"

တော့တိုး-ချန်၏ အတွင်းခံဘောင်းဘီများသည် နေ့တိုင်းလိုလိုပင် တင်ပါးဘက် တစ်နေရာတစ်ဝိုက် ၌ စုတ်ပြဲလာရခြင်းကို အမေနားမလည်နိုင်အောင်ဖြစ်မိသည်။ လျှောစီးခြင်းကြောင့် ဖြစ်စေ၊ ဖင်ထိုင် လျက်ချောလဲခြင်းကြောင့်ဖြစ်စေ၊ အတွင်းခံဘောင်းဘီ၌ ရွှံ့များပေကပ်နိုင်၏ သို့မဟုတ် ပွန်းပါများ ၍ ပါးသွား နိုင်၏ သို့သော်လည်း စုတ်ပြဲရခြင်းကို အမေနားမလည်နိုင်အောင် ဖြစ်မိသည်။ တော့တိုး-ချန် သည် ခေတ္တခဏစဉ်းစားလိုက်ပြီးနောက် ပြောလိုက်သည်။

"ဒီလိုပါအမေ၊ ခြံစည်းရိုးအောက်ကို တိုးဝင်တဲ့အခါမှာ အကျီနဲ့ သံဆူးကြိုးငြိပြီးမှ ကိုယ်လုံးဟာ တခြားဘက်ကိုရောက်တယ်၊ ပြန်ထတော့ခါးကို ကော့ပြီးမှထရတယ်။ အဲဒါအခါမှာ အတွင်းခံ ဘောင်းဘီနဲ့ သံဆူးကြိုးငြိပါလေရော။ အထဲကိုရောက်တဲ့အခါမှာ "ခွင့်ပြုပါ၊ ကျွန်မဝင်ပါရစေ"လို့ ဆုတောင်းရတယ်။ နောက်တစ်ခါအထဲက ပြန်ထွက်တော့မယ်ဆိုရင်လဲ"ကောင်းပါပြီ၊ ဂွတ်ဘိုင်ပါပဲ" လို့ နှုတ်ဆက်ပြီးပြန်ထွက်တော့ အထဲဝင်တုန်းကလိုပဲ သံဆူးကြိုးနဲ့ငြိပြန်ပါရော၊ အဲဒီတော့ စုတ်တာပေါ့" အမေသည် ကောင်းကောင်းသဘောမပေါက်ပေ။ သို့သော်လည်း နားထောင်လို့တော့ ကောင်းပါသည်။

"ပျော်စရာကောင်းလို့လား"ဟု အမေက မေးသည်။

အမေ၏မေးခွန်းကြောင့် တော့တိုး-ချန်သည် အံ့သြသွားသည်။

"အမေဘာဖြစ်လို့လုပ်မကြည့်တာလဲ၊ လုပ်ကြည့်ပါလား၊ သိပ်ပျော်စရာကောင်းပါတယ်၊ အမေ့ အတွင်းဘောင်းဘီလည်း စုပ်ပြဲမှာပဲ"

တော့တိုး-ချန် အလွန်နှစ်သက်သော ကစားနည်းမှာ ဤကဲ့သို့ဖြစ်သည်။

ဦးစွာပထမ သံဆူးကြိုးကာရံထားသော မြေနေရာဆီသို့ သွားရသည်။ မြေကြီးပေါ်၌ မည်သည့် အဆောက် အအုံမှမရှိလျှင် ပိုကောင်းသည်။ "ခွင့်ပြုပါ ကျွန်မအထဲကိုဝင်ပါရစေ"ဟု ခွင့်တောင်းပြီး၊ မြေကြီးနားကပ် နေသည့် သံဆူးကြိုးကိုမ၍ လူဝင်လို့ရအောင် မြေကြီးကို ယက်ထုတ်လိုက်သည်။ ထို့နောက် အထဲကို ဝပ်ထွားပြီး

⇧ http://www.shwezinu.com ⇩

ဂင်လိုက်ရသည်။ အထဲသို့ရောက်ပြီးနောက် ပြန်ထွက်သည့်အခါ ဂင်သည့် နေရာ မှ ပြန်မထွက်ဘဲ အခြားတစ်နေရာမှ ပြန်ထွက်သည်။ "ကောင်းပါပြီ၊ ဂွတ်ဘိုင်ပါပဲ"ဟု နှုတ်ဆက်၍ အဂင် တုန်းက ပုံစံမျိုးဖြင့်ပြန်ထွက်သည်။ တော့တိုး-ချန်၏ အကျီအဂတ်အစားများ စုတ်ပြဲရသည့် အကြောင်း ကို အမေ ကောင်းစွာနားလည်လိုက်လေပြီ။ သူမသည် ပျော်ရွှင်စွာဖြင့် ထပ်ခါ တလဲလဲ မြွေလိမ် မြွေကောက် ဂင်လိုက် ထွက်လိုက်နှင့် ခြံစည်းရိုးအစမှ အဆုံးတိုင်ဆော့ကစား ခြင်းဖြစ်သည်။ အတွင်းခံ ဘောင်းဘီ များ စုတ် မပြဲခံ နိုင်ရိုးလား။

ဤကဲ့သို့သော ကစားနည်းမျိုးသည် လူကြီးအဖို့ မောစရာကောင်းသည်။ ပျော်စရာလည်း မဟုတ်။ သို့သော် ကလေးအဖို့တော့ ပျော်စရာပင်။ အမေသည် ဆံပင်များနှင့် လက်သည်းများ၌သာမက နားရွက် များ ထဲ၌ ဖုန်များဖြင့်ပေရေနေသော တော့တိုး- ချန်ကိုကြည့်ပြီးအနည်းငယ် မနာလို ဖြစ်လိုက်မိသည်။ သူမသည်ကျောင်းအုပ် ဆရာကြီးကိုလည်း မချီးကျူးဘဲမနေနိုင်။ သူသည် ကလေးများ၏ သဘော သဘာဂ ကို ကောင်းစွာသိရှိနားလည်ထားသူ ဖြစ်သောကြောင့်သာ ကလေးများကို အဂတ်ဟောင်း များဖြင့် ကျောင်း သို့စေလွှတ်ကြပါဟု တိုက်တွန်းခြင်းဖြစ်လေသည်။

<u>တာကာဟာရှီ</u>

တစ်နေ့သောနံနက်ခင်းတွင် သူတို့တတွေကျောင်းကစားကွင်း၌ ပြေးလွှားဆော့ကစား နေကြစဉ် ဆရာကြီး က ပြောလိုက်သည်။
"ဟောဒီမှာ မင်းတို့အတွက်မိတ်ဆွေတစ်ယောက်၊ သူ့နာမည်ကတော့ တာကာဟာရှီ၊ သူဟာ ပထမတန်း ရထားတွဲပေါ်တက်လိမ့်မယ်"
တော့တိုး-ချန်အပါအဂင် ကလေးများအားလုံးက တာကာဟာရှီကို ကြည့်လိုက်ကြသည်။ သူသည် ဦးထုပ် ကိုချွတ်၍ ဦးညွှတ်လိုက်ရင်း "နေကောင်းကြရဲ့လား"ဟု အနည်းငယ်ရှက်သော အမူအရာ ဖြင့် နှုတ်ဆက် စကား ပြောလိုက်သည်။

တောတိုး-ချန်နှင့်သူမ၏ အတန်းသားများအားလုံးသည် ပထမတန်း၌ပင် ရှိနေကြ သေးသဖြင့် အလွန်ပင် ငယ်ကြသည်။ သို့သော်လည်း တာကာဟာရှီသည် ယောကျ်ား ကလေးတစ်ယောက် ဖြစ်သော်လည်း ပို၍ပင် ငယ်သည်။ ခြေတံလက်တံများမှာတိုသည်။ သူ၏ဦးထုပ်ကို ကိုင်ထားသော သူ၏ လက်ဖဂါး များမှာလည်း တိုသည်။ သူ၏ဦးထုပ်ကို ကိုင်ထားသော သူ၏လက်ဖဂါးများမှာလည်း သေးသေးကလေးပင်ဖြစ်သည်။ သို့သော်လည်း သူတွင်ကျယ်သောပုခုံးများရှိသည်။ သူသည် မရွှင်မလန်းဟန်ပန် အနေအထားဖြင့် မတ်တတ် ရပ်နေပါသည်။
"ငါတို့သူနဲ့ စကားသွားပြောကြရအောင်"

⇧ http://www.shwezinu.com ⇩

တော့တိုး-ချန်သည် မိရိုး-ချန်နှင့်စက်ကိုးချန်ကို ပြောလိုက်သည်။ သူတို့သည် တာကာဟာရှီရှိရာ သို့ သွားကြသည်။ သူတို့သူ့အနီးသို့ ရောက်လာကြသောအခါ သူသည်နှစ်လိုဖွယ်ပြုံးလိုက် သည်။ သူတို့ ကလည်း ပြန်ပြုံးပြလိုက်ကြသည်။ သူ့တွင် ပြုံးကျယ်သော မျက်လုံးများရှိသည်။ သူသည် တစ်ခုခု ပြောချင် နေကြောင်းကို သူ၏မျက်လုံးများက သက်သေပြနေသည်။

"ရထားတွဲ ထဲမှာရှိတဲ့ စာသင်ခန်းကို နင်လိုက်ကြည့်မလား"

တော့တိုး-ချန်က ပြောလိုက်သည်။

"အေး"

တာကာဟာရှီသည် ထိုသို့ပြောပြီးနောက် သူ၏ဦးထုပ်ကို ပြန်ဆောင်းလိုက်သည်။

တော့တိုး-ချန်သည် သူ့အားစာသင်ခန်းကို လိုက်ပြရန်အတွက် အလျင်စလိုဖြစ်နေပြီး မီးရထား တွဲဆီသို့ ခုန်ပေါက် ပြေးသွားရင်း တွဲတံခါးဝမှနေ၍ "မြန်မြန်လာ"ဟု ပြောလိုက်သည်။

တာကာရှီ သည် ခပ်မြန်မြန်လျှောက်နေပုံရသည်။ သို့သော်လည်း သူသည် ခပ်ဝေးဝေးနေရာ၌ ရှိနေ သေးသည်။

"ငါလာနေပြီ"

သူသည်ခြေထောက်များကွတ, ကွတနှင့် ပြေးဖို့ကြိုးစားရင်းပြောလိုက်သည်။

တာကာဟာရှီသည် ပိုလီယိုရောဂါသည် ယာဆူအာကီ-ချန်ကဲ့သို့ပင် ခြေထောက်ကို တရွတ်တိုက် ဆွဲပြီး လမ်းမလျှောက် သော်လည်း မီးရထားတွဲရှိရာသို့လာရာ၌ ယာဆူအာကီ-ချန်ကဲ့သို့ပင် အချိန်များများ ယူရသူဖြစ်ကြောင်း တော့တိုး-ချန်နားလည်လိုက်သည်။ သူမသည် ငြိမ်သက်စွာဖြင့်သူ့ကိုစောင့်နေသည်။ တာကာဟာရှီသည် အစွမ်းကုန်ပြေး၍လာနေသည်။ "မြန်မြန်လာပါ"ဟု ပြောရန်မလိုတော့။ သူသည်အမှန်ပင် မြန်မြန်လာနေခြင်းဖြစ်သည်။ သူ၏ခြေထောက်များမှာ အလွန်တိုပြီး လေးကိုင်းကဲ့သို့ ခွင်နေ၏ သူသည်ဒီထက်ပိုပြီး ကြီးထွားလာစရာရှိတော့ဟု ဆရာများနှင့် လူကြီးများက သိလားကြ လေသည်။ တော့တိုး-ချန်က သူ့ကိုစောင့်နေသည်ကို တွေ့သောအခါသူသည် သူ၏ လက်မောင်း များကိုလွှဲ၍ ပိုပြီးမြန်မြန်လာသည်။ တံခါးဝသို့ ရောက်သောအခါ "မင်းဟာတကယ့်ကိုအပြေးသန်တာပဲ"ဟု ပြောလိုက်ပြီး နောက် "ငါဟာအိုဆာ ကာမြို့ကပဲ"ဟု ဆက်ပြောလိုက်သည်။

"အိုဆာကာကလား"

တော့တိုး-ချန်သည် အံ့သြစွာဖြင့် မေးလိုက်သည်။ အိုဆာကာသည် သူမမရောက်ဖူးသေး သော အိမ်မက် ထဲက မြို့တစ်မြို့ဖြစ်သည်။ အမေ၏မောင်ငယ်၊ သူမ၏ဦးလေးသည် တက္ကသိုလ်ကျောင်း သားတစ်ယောက် ဖြစ်သည်။ သူအိမ်သို့လာသည့်အခါတိုင်း သူ၏လက်နှစ်ဖက်ဖြင့် သူ၏ ဦးခေါင်း ကိုညှပ်၍ မြင့်နိုင် သမျှမြင့်အောင်အပေါ်သို့



⇧ http://www.shwezinu.com ⇩

မြှောက်တင်ပြီး...
"ငါနင့်ကို အိုဆာကာမြို့ကိုပြမယ်၊ အိုဆာကာကို မြင်ရသလား"ဟု မေးလေ့ရှိသည်။

လူကြီးများသည် ကလေးများကို တွေ့သည့်အခါ ဤကဲ့သို့ကစားလေ့ရှိကြသည်။ ဦးလေးက သူမကို ဤကဲ့သို့ပြုလုပ်သည့်အခါ သူမ၏မျက်နှာမှ အရေပြားများတင်း၍ မျက်လုံးများပုံသဏ္ဍာန် တစ်မျိုး ဖြစ်သွားပြီး နားရွက်များနာကျင်သည်။ သို့သော်လည်း သူမသည် အိုဆာကာမြို့ကို မြင်ရလိုမြင်ရငြား လှမ်းကြည့်လိုက်မိသည်။ သို့သော်လည်း သူမသည် အိုဆာကာမြို့ကို မမြင်ရပေ။ သို့သော်လည်း သူမသည် တစ်နေ့နေ့တွင် အိုဆာကာကိုမြင်ရမည်ဟု ယုံကြည်မိ သဖြင့် ဦးလေးလာသည့်အခါတိုင်း "ကျွန်မကို အိုဆာကာမြို့ပြပါ"ဟု ပြောလေ့ရှိသည်။ ထို့ကြောင့် အိုဆာကာသည် သူမ၏ စိတ်ကူးယဉ် အိမ်မက် ထဲက မြို့ဖြစ်နေသည်။ တာကာဟာရှီသည် အိုဆာကာမှ လာခဲ့သူဖြစ်သည်။

"ငါ့ကိုအိုဆာကာအကြောင်း ပြောပြပါလား"ဟု တော့တိုး-ချန်ကပြောလိုက်သည်။
"အိုဆာကာအကြောင်းလား"
သူသည်ပျော်ရွှင်သော အမူအရာဖြင့် ပြုံးရင်းပြောလိုက်သည်။ သူ၏အသံမှာ ကြည်လင်ပြီး အောင်သည် ထိုအခိုက်ပထမသင်ခန်းစာစတင်ရန်အတွက် ကျောင်းတက်ခေါင်းလောင်းသံ ထွက်ပေါ်လာသည်။
"ကံမကောင်းလိုက်တာ"ဟု တော့တိုး-ချန်ကပြောလိုက်သည်။ တာကာဟာရှီသည် သူ၏ လွယ်အိတ်ဖြင့် ဖုံးအုပ်လုမတတ်ဖြစ်နေသော သူ၏ကိုယ်ခန္ဓာကိုယ်ကိုယိမ်းထိုး၍ ပျော်ရွှင်သော အသွင်ဖြင့် လမ်းလျှောက် သွားပြီး အတန်း၏ပထမဆုံးတန်းတွင် ဝင်ထိုင်လိုက်လေသည်။ တော့တိုး-ချန်သည် သူ၏အနီးဆုံးတွင် ခပ်မြန်မြန် ဝင်ထိုင်လိုက်သည်။ မိမိတို့ထိုင်ချင်သည့် နေရာတွင် ထိုင်နိုင်သဖြင့် တော့တိုး-ချန်ဝမ်းသာခြင်းဖြစ်မိသည်။ သူမသည် သူ့ကို တစ်ယောက်တည်း ပစ်မထားလိုပေ။ ဤကဲ့သို့အားဖြင့် တာကာယာရှီလည်း သူမ၏ သူငယ်ချင်း ဘဝသို့ ရောက်ရှိလာခဲ့လေတော့သည်။

<u>**စဉ်းစဉ်းစားစားလုပ်ပါ**</u>

တော့တိုး-ချန်သည် ကျောင်းမှ အိမ်သို့ပြန်လာသည်။ အိမ်သို့ရောက်ခါနီးတွင် လမ်းဘေး တစ်နေရာ၌ သူမကိုဆွဲဆောင်သော အရာဝတ္ထုတစ်မျိုးကို တွေ့ရသည်။ ၎င်းမှာ သဲပုံကြီး တစ်ပုံဖြစ်သည်။ ပင်လယ်နှင့် ဝေးကွာသော ဤနေရာမျိုးမှ သဲများကို တွေ့ရခြင်းသည် ထူးဆန်းလှ ပါဘိ။ သူမ အိပ်မက်ပွား မက်နေလေရော့သလား။ စိတ်လှုပ်လှုပ်ရှားရှား ဖြစ်မိသည်။

သူမသည် အရှိန်ယူသည့်အနေဖြင့် ခုန်ဆွခုန်ဆွအနည်းငယ် ပြုလုပ်လိုက်ပြီးနောက်



⇧ http://www.shwezinu.com ⇩

တအားပြေး သွားပြီး သဲပုံ ထိပ်ပေါ်သို့ ခုန်တက်လိုက်သည်။ သဲပုံဟူ၍သူမထင်မှတ်ခဲ့သော အရာဂတ္တုသည် တကယ့် တကယ် တော့ သဲပုံမဟုတ်ပါ။ အထဲမှအရာဂတ္တုများမှာ အသင့်ဖျော်စပ်ထားသော နံရံကပ် ပလတ်စတာ များသာ ဖြစ်သည်။ "ပလော့"ဟူသော အသံနှင့်အတူ သူမသည် မြုပ်ဝင်သွား ပြီး စေးထိုင်းထိုင်းအရာများက သူမ၏ ရင်ဘတ် အထိ ဖုံးအုပ်သွားလေတော့သည်။ သူမ၏ ကျောင်းလွယ်အိတ်နှင့် ဖိနပ်ထည့်သောအိပ်ပါအထဲသို့ ရောက်သွား လေတော့ရာ သူမသည် ကျောက်ရုပ်လိုဖြစ်သွားသည်။ သူမ ကရုန်းထွက် လေလေ သူမ၏ ခြေထောက်များက ကျွံဝင်သွား လေလေဖြစ်နေသည်။

သူမ၏ရှူးဖိနပ်များမှာ ကျွတ်ကျွတ်လုနီးနီးဖြစ်နေသည်။ သူမတကိုယ်လုံးမြုပ်မသွားရေး အတွက် သူမသည် အထူး ဂရုပြုနေရသည်။ ထို့ကြောင့်သူမသည် ဆက်လက်မလှုပ်ရှားတော့ဘဲ ငြိမ်ငြိမ်လေး နေနေလိုက်သည်။ သူမမသိသော မိန်းမကြီးတစ်ယောက်စ နှစ်ယောက်စသည် သူမ အနီးမှ ဖြတ်လျှောက် သွားသည့်အခါ သူမက "ကျွန်မကိုကူညီပါ"ဟု အသံသေးသေးကလေးဖြင့် အကူအညီတောင်းသည်။ သို့သော် သူတို့က သူမသည် ကစားနေခြင်းသာဖြစ်သည်ဟု မှတ်ယူပြီး သူမကို ပြုံးပြ၍ သူတို့ လိုရာ ခရီးသို့ ဆက်သွား ကြသည်။

ညနေစောင်းအချိန် မှောင်ရီသမ်းလာသေအခါ အမေသည်သူမကိုလိုက်ရှာသည်။ ပလတ်စတာပုံ ထိပ်၌ခေါင်းကလေးပေါ်ရုံသာရှိတော့သည် တော့တိုး-ချန်ကို တွေ့လိုက်ရသောအခါ သူမသည် လွန်စွာ အံ့သြထိတ်လန့်ခြင်း ဖြစ်မိသည်။ အမေသည် ဝါးလုံးရှည်တစ်ချောင်းကို ရှာဖွေရယူပြီး၊ တော့တိုး-ချန်ကို ဝါးလုံးတစ်ဘက်စွန်း ထိုးပေးလိုက်သည်။ တော့တိုး-ချန်က ဝါးလုံးစွန်းကို မိမိရရ ကိုင်မိသောအခါမှ သူမက ဝါးလုံးကို ဆွဲလိုက်ရာတော့တိုး-ချန်သည် ပလတ်စတာထဲမှ လွတ်မြောက်လာလေ တော့သည်။ အစ ပထမတွင် အမေသည် သူမလွတ်မြောက်ရန် လက်ဖြင့်ဆွဲထုတ်ဖို့ကြိုးစားခဲ့သေးသည်။ သို့သော်လည်း အမေ့ ခြေထောက်သည် ပလတ်စတာထဲ၌ နစ်နေ သဖြင့် လွတ်ထွက်အောင် အတော့်ကို ကြိုးစား လိုက်ရသေးသည်။

တော့တိုး-ချန်သည် မီးခိုးရောင်ပလတ်စတာများနှင့် ဖုံးအုပ်ခြင်းခံနေရလေရာ နံနက်တစ်ခုနှင့် ပုံသဏ္ဍာန် တူနေ လေသည်။
"သမီးကို အမေအရင်တစ်ခါက ပြောခဲ့ဖူးတယ်လို့ အမေထင်တယ်၊ ဘာလဲဆိုတော့ သမီးအနေနဲ့ တစ်စုံ တစ်ရာ ထူးထူးဆန်းဆန်းတွေ့ရင် တစ်ခါထဲနဲ့ခုန်မတက် လိုက်ပါနဲ့လို့ အမေပြောဖူးတယ်လို့ ထင်တယ်။ အရမ်း မလုပ်နဲ့၊စူးစမ်းဆင်ခြင်ပြီးမှ လုပ်ပါလို့ဆိုတာလေ"ဟု အမေကပြောလိုက်သည်။ "အရင် တစ်ခါက" ဟုဆိုသည်မှာ ကျောင်း၌နေ့လယ်စာစားရန် ကျောင်းလွှတ်ချိန်ကဖြစ်ခဲ့သော အဖြစ် အပျက် တစ်ခုကို ဆိုလိုခြင်းဖြစ်သည်။ တော့တိုး-ချန်သည် ကျောင်း၏စုဝေးခန်းမကြီး နောက်ဘက် လမ်းကလေး ပေါ်တွင် လမ်းလျှောက် သွားနေစဉ် လမ်းလယ်၌သတင်းစာတစ်စောင်

⇧ http://www.shwezinu.com ⇩

ကိုတွေ့လိုက်ရသည်။ သတင်းစာ ပေါ်သို့ ခုန်တက် လိုက်ရရင် သိပ်ပျော်ဖို့ကောင်းမှာပဲဟု စဉ်းစားမိသောကြောင့် တော့တိုး-ချန်သည် နောက်သို့ အနည်းငယ် ပြန်ဆုတ်လိုက်ပြီး ခုန်ဆွခုန်ဆွ အနည်းငယ်ပြုလုပ်လိုက်သည်။

ထို့နောက်သူမသည် အမြန်ဆုံးအရှိန်အဟုန်ဖြင့် ပြေးသွားပြီးသတင်းစာ အလယ် တည့်တည့် နေရာပေါ်သို့ရောက်အောင် ခုန်လိုက်သည်။ ထိုနေရာ၌သတင်းစာ ရှိနေရခြင်းမှာ ကျောင်းစောင့်က အညစ် အကြေး ကန်၏ အဖုံးနေရာ၌ ယာယီအဖုံးအဖြစ်ဖြင့် အစားထိုး၍ ခေတ္တခဏ ဖုံးထားသော ကြောင့် ဖြစ်သည်။ ကျောင်းစောင့်သည် တစ်စုံတစ်ခု ပြုလုပ်ရန် ထွက်ခွာမသွားမီ ကွန်ကရစ်အဖုံး မရှိသည့်နေရာမှ မကောင်းသော အနံ့အသက်များ ထွက်နေခြင်းကို တားဆီးရန် အပေါက်ကို သတင်းစာဖြင့် ဖုံးအုပ် ထားခဲ့ခြင်းဖြစ်သည်။ တော့တိုး-ချန်သည် "ပလော့" ဟူသောအသံကြီးနှင့် အတူ အညစ်အကြေး ကန်ကြီး ထဲသို့ တန်းတန်းမတ်မတ်ကျသွား လေတော့ဒ။ အမှန်တကယ်ပင် ထိတ်လန့်စရာ ကောင်းလှ ပေသည်။ သို့သော်လည်း ကံကောင်း ထောက်မသဖြင့် သူမကို ပြန်လည်ဆည်ထုတ်နိုင်ခဲ့ကြပြီး သန့်ရှင်း သော မိန်းကလေး ငယ်တစ်ယောက်ဖြစ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြသည်။ အမေသည် ထိုအဖြစ် အပျက် ကို ဆိုလိုခြင်းဖြစ်သည်။
"ကျွန်မ ဘယ်ဟာပေါ်ကိုမှ နောက်ထပ်ခုန်မတ်ကတော့ဘူး" ဟု တော့တိုး-ချန်သည် ငြိမ်သက် သော အမူ အရာ ဖြင့် ပြောလိုက်သည်။

သမီး၏ စကားကို ကြားရသောအခါ အမေသည် စိတ်သက်သာရာရသွားသည်။ သို့သော်လည်း တော့တိုး-ချန်ဆက်လက်ပြောလိုက်သည့် စကားကို ကြားလိုက်ရပြန်သော အခါ အမေ၏ စိတ်သက်သာရာရမှုသည် အပြည့်အဝ မဖြစ်တော့ချေ။ တော့တိုး-ချန်းဆက်ပြောလိုက်သည့် စကားမှာ ...
"ကျွန်မလေ သတင်းစာပေါ်ကိုဖြစ်ဖြစ်၊ ဒါမှမဟုတ် သဲပုံပေါ်ကိုဖြစ်ဖြစ် နောက်ထပ်ခုန်မတက် တော့ဘူး" ဟူ၍ဖြစ်သည်။
တော့တိုး-ချန် သည် တစ်စုံတစ်ခုပေါ်သို့ ခုမန်မတက်မီ အရမ်းမလုပ်တော့ဘဲ စဉ်းစဉ်းစားစားတော့ ပြုလုပ်လိမ့် မည်ဟု အမေသည် သေသေချာချာ ယုံကြည်လိုက်မိသည်။
နေ့အချိန်များသည် လျင်မြန်စွာ ကုန်ဆုံးသွားသည်။ သားအမိနှစ်ယောက် အိမ်သို့ ပြန်ရောက်သည့် အခါ အမှောင်ထုက အားကောင်းလျက်ရှိနေလေပြီ။

နောက်ပြီးတော့ ... အုတ်တိုမိုကျောင်း၏ နေ့လယ်စာစားချိန်သည် အစဉ်အမြဲပျော်စရာ ကောင်းသည်။ သို့သော်လည်း များမကြာမီ အချိန် အတွင်း စိတ်ဝင်စားဖွယ်ကောင်းသော အသစ်အဆန်းတစ်ခုမှာ ထပ်တိုး၍ လာပြန်သည်။ ကျောင်းအုပ် ဆရာကြီးသည် သူ၏တပည့်ငါးဆယ်၏ နေ့လယ်စာ အစားအသောက်ဗူးများထဲ၌ "ပင်လယ် သမုဒ္ဒရာ



⇧ http://www.shwezinu.com ⇩

ထဲက တစ်မျိုးမျိုး၊ တောင်ကုန်းများပေါ်မှ တစ်မျိုးမျိုး" ပါမပါကို စစ်ဆေးလျက်ပင် ရှိသလို၊ သူ၏ဇနီး သည်မှာလည်း ဟင်းခွက်များထဲမှ ဟင်းတစ်မျိုးမျိုးကို လိုအပ်သော ဗူးထဲသို့ ဖြည့်ပေး လျက်ပင် ရှိသည်။ ၎င်းနောက် သူတို့သည် "ဂါးပါ ဂါးပါ၊ ညက်ညက် ဂါးပါ၊ သင်စားမည့် အစားအစာ တိုင်းကို" သီချင်းကို ဆိုကြသည်။ သီချင်းဆိုပြီးသောအခါ "ကျွန်ုပ် သည် ကျေးဇူးတင်စွာဖြင့် ပါဂင် စားသောက် ပါသည်"ဟု ပြော၍ စားကြသည်။ သို့သော်လည်း ယခုအခါ၌ "ကျွန်ုပ်သည် ကျေးဇူးတင်စွာဖြင့် ပါဂင် စားသောက် ပါသည်" ဟု ပြောပြီးသောအခါ တစ်ယောက်ယောက်က စကားအနည်းငယ်ပြောရသည်။

တစ်နေ့တွင် ကျောင်းအုပ် ဆရာကြီး က ပြောသည်။
"ငါတို့ တစ်တွေဟာ စကားပြောတတ်ဖို့ လိုတယ်လို့ ငါထင်တယ်၊ မင်းတို့ရော ဘယ်လိုထင်လဲ၊ ငါတို့ တစ်တွေ နေ့လယ်စာ စားသောက်နေကြတုန်းမှာ နေ့တိုင်း တစ်ယောက်တစ်လှည့်စီ အလယ်မှာ ထွက်ရပ်ပြီးတော့ အကြောင်းအရာတစ်ခုခုကို ပြောကြရအောင် ဘယ်လိုသဘောရ ကြသလဲ"

အချို့ကလေးများက မိမိတို့သည် စကားပြောမကောင်းကြ၊ သူတစ်ပါးပြောသည်များကို နားထောင်ခြင်းက ပျော်စရာကောင်းသည်ဟု တွေးမိကြသည်။ အချို့မှာမူ မိမိတို့သိထားသည့် အကြောင်းအရာများကို သူတစ်ပါး သိအောင် ပြန်ပြောခြင်းသည် အလွန်ကောင်းသည်ဟု တွေးမိ ကြသည်။ တော့တိုး-ချန်သည် သူမ မည်သည့် အကြောင်းပြောရမည်ကို မသိသေး။ သို့သော်လည်း အကြောင်းအရာတစ်ခုခုကို စမ်းပြော ကြည့် ရန် အာသီသရှိသည်။

ကလေးအများစုသည် ဆရာကြီးပြောသော အစီအစဉ်ကို သဘောတူကြသည်။ ထို့ကြောင့် နောက်တစ်နေ့ မှအစပြု၍ စကားပြောပွဲကို စတင်ရန် ဆုံးဖြတ်ချက်ချလိုက်လေတော့သည်။
ဂျပန် ကလေးသူငယ် များသည် အိမ်ထဲတွင် စကားပြောကြသော်လည်း အစားအစာများ စားသောက် ချိန်တွင်မူ စကားပြောလေ့မရှိကြ။ သူ၏နိုင်ငံခြား ဗဟုသုတ အတွေ့အကြုံအရ ကျောင်းအုပ်ဆရာ ကြီးသည် သူ၏တပည့်များအား အစားအစာများကို စားရာ၌ အချိန်များများယူပြီး စားကြရန် တိုက်တွန်း သလို စားရင်းသောက်ရင်း စကားပြောကြရန်ကိုလည်း အားပေးသည်။

ထို့အပြင် ရာကြီးက သူတို့တစ်တွေကို လူရှေ့ထွက်စေပြီး မကြောက်မရွံ့ဘဲ မိမိတို့၏ ထင်မြင် ယူဆချက် များကို ရှင်းလင်းစွာနှင့် လွတ်လပ်စွာ မည်သို့ပြောရမည်ကိုလည်း လေ့ကျင့် ပေးရန် လိုအပ်ပြီဟု စဉ်းစားမိ သည်။ ထို့ကြောင့် ဆရာကြီးသည် ဤစာတွေ့ကို လက်တွေ့အဖြစ် အကောင်အထည်ဖော်ရန် အချိန် ရောက်ပြီ ဟု ဆုံးဖြတ်ချက်ချလိုက်ခြင်း ဖြစ်လေသည်။



⇧ http://www.shwezinu.com ⇩

ဆရာကြီး၏ စိတ်ကူးကို ကျောင်းသားများက သဘောတူပြီးသောအခါ ဆရာကြီးက ...

"မင်းတို့အနေနဲ့ ငါတို့စကားပြောကောင်းသူဖြစ်မှ စကားပြောရမယ်လို့ဆိုပြီး စိတ်ပူခြင်းဖြစ်မနေကြနဲ့၊ မင်းတို့ကြိုက်တာ မင်းတို့ ပြောနိုင်ကြတယ်၊ မင်းတို့ပြုလုပ်ချင်တဲ့ အကြောင်း အရာတွေကိုလည်း မင်းတို့ ပြောနိုင်တယ်၊ ဘာကိုပဲဖြစ်ဖြစ်ပေါ့၊ ဘယ်လိုပဲဖြစ်ဖြစ်လေ၊ ငါတို့စမ်းကြည့်ကြတာပေါ့" ဟု တပည့်များကို ပြောသည်။ ဆရာကြီး၏ ပြောစကားများကို တော့တိုး-ချန်သည် စိတ်ဂင်စားစွာနားထောင်သည်။ စကား ပြောမည့် ကျောင်းသားကျောင်းသူများ၏ စာရင်းကို ပြုလုပ်ကြသည်။ ၎င်းအပြင် စကားပြောရန် အလှည့်ကျသူသည် "ဘက်ဘက်ဂါးပါ" သီချင်းကို ဆိုပြီးသည်နှင့် နေ့လယ်စာကို သူများထက်ပို၍ မြန်မြန် စားရန် ကိုလည်း ဆုံးဖြတ်ကြသည်။

တစ်ကျောင်းလုံးရှိ ကျောင်းသားကျောင်းသူများ၏ အလယ်တွင် မတ်တတ်ရပ်၍ စကားပြောရခြင်း အလုပ် သည် နေပလယ်စာစာရင်း သူငယ်ချင်းသုံးလေးယောက်နှင့် စကားပြောပုံမျိုးလို မဟုတ်ဘဲ၊ သတ္တိ အများကြီး ရှိရန် လိုရုံသာမက အတော်ကလေးခက်ခဲသည်ကို ကလေးများ မကြာမီ သိရှိလာကြ လေ တော့သည်။ အချို့ကလေးများသည် အစပထမ၌ အလွန်ရှက်နေကြသဖြင့် တခစ်ခစ်ရယ်နေကြသည်။ ကျောင်းသား ငယ်တစ်ယောက်မှာမူ စကားပြောရန် ပြင်ဆင်မှုကို ကြိုကြို တင်တင်ပြုလုပ်ထားသော်လည်း ရှေ့ထွက် ၍ မတ်တတ်ရပ်လိုက်သည်နှင့် ပြောစရာများ အားလုံး မေ့ပျောက်သွားလေတော့သည်။ "ဖား များ အဘယ့်ကြောင့် ဘေးစောင်း ခုန်ရသနည်း" ခေါင်းစဉ်ကို သူသည် ထပ်ခါတလဲလဲပြောပြီးနောက် "မိုးရွာတဲ့ အခါမှာ" ဟူ၍သာ ဆက်ပြောသည်။ သို့သော် သူသည် ရှေ့ဆက်မပြောနိုင်တော့ဘဲ နောက်ဆုံး၌ "ဒါပါပဲ" ဟု ပြော၍ ဦးညွှတ် လိုက်ပြီး သူ၏ နေရာသို့ ပြန်သွားသည်။

တော့တိုး-ချန်စကားထွက်ပြောရန် အလှည့်သို့မရောက်သေး၊ သို့သော်လည်း သူမအလှည့်သို့ ရောက်လျှင် သူမ၏ အသည်းစွဲပုံပြင်တစ်ပုဒ်ဖြစ်သော "မင်းသားနှင့်မင်းသမီး" ပုံပြင်ကိုပြောရန် ဆုံးဖြတ်ထားသည်။ ထိုပုံပြင်ကို ကျောင်းသားတိုင်းသိသည်။ ခေတ္တခဏ အားလပ်ချိန်ရသည့် အခါများ၌ သူမသည် ၎င်းပုံပြင်ကို ပြောချင်သည်။ သို့သော် အခြားကလေးများက "ငါတို့ အဲဒီပုံပြင်ကို နားထောင်ရလွန်းလို့ ငြီးငွေ့နေပြီ" ဟု သူမကို ပြောလေ့ရှိကြသည်။ မည်သို့ပင် ဖြစ်ပါစေ သူမသည် ထိုပုံပြင်ကိုသာ ပြောမည်ဖြစ်သည်။ အစီအစဉ် သစ်သည် စတင်ကတည်းက အဆင်ပြေလျက်ရှိသည်။ သို့သော်တစ်နေ့တွင် စကား ထွက်ပြော ရန် အလှည့်ကျသော ကျောင်းသားလေးတစ်ယောက်က သူသည် စကားထွက် မပြောနိုင်ပါ။ ပြောစရာ စကားများမရှိပါဘူးဟု ဆိုပြီး အကျောက်အကန်ငြင်းဆန်လျက်ရှိသည်။

"ကျွန်တော့မှာ ဘာစကားမှ ပြောစရာမရှိပါဘူး" ဟု ထိုသူငယ်ကပြောသည်။



⇧ http://www.shwezinu.com ⇩

တော့တိုး-ချန်သည် ပြောစရာစကားမရှိဘဲသူလည်း ရှိနပါပကောဟု စဉ်းစားမိသဖြင့် အံ့သြဖြင်း ဖြစ်နေမိသည်။ ထိုသူငယ်သည် စကားမပြောဘဲ ထိုင်နေသည်။ ကျောင်းအုပ်ဆရာကြီးသည် ထိုသူငယ်၏ စာရေး စားပွဲသို့ သွားသည်။ သူ၏ နေ့လယ်စာဗူးထဲ၌ ဘာမှမရှိတော့။ "မင်းမှာ ဘာစကားမှ ပြောစရာမရှိဘူးလား" ဟု ဆရာကြီးကမေးသည်။

"ဘာမှ မရှိပါဘူး"
ထိုသူငယ်သည် မမှန်မကန် ပြောနေခြင်းတော့ မဟုတ်ချေ။ သူ့တွင် ပြောရန်စကားများ အမှန်တကယ်ပင် မရှိသည်မှာ သေချာသည်။ ဆရာကြီး သည် သူ၏ဦးခေါင်းကို နောက်သို့လှည့်၍ ရယ်မောသည်။ သူ့တွင် သွားအချို့မရှိသည်ကို ဂရု မပြုနိုင်တော့။
"မင်း တစ်ခုခုပြောဖို့ ငါတို့ကြိုးစား ရှာကြစို့ရဲ့"
"ကျွန်တော် ပြောဖို့အတွက် တစ်ခုခုရှာပေးမယ်"
သူငယ်လေးသည် အံ့သြခြင်းဖြစ်နေပုံရသည်။

ဆရာကြီးသည် ထိုကျောင်းသားကို အလယ်နေရာသို့ သွားစေပြီး သူက ထိုကျောင်းသား၏ နေရာတွင် ထိုင်လိုက် သည်။
"ကြိုးစားပြီး စဉ်းစားပါဦး၊ ကနေ့မနက် မင်းအိပ်ရာကထပြီးတော့ ဘာလုပ်သလဲ၊ မင်းကျောင်းကို မလာခင်ပေါ့၊ မင်းပထမဆုံး ဘာလုပ်သလဲ" ဟု ဆရာကြီးက မေးလိုက်သည်။
"ကောင်းပါပြီ"
ထိုကျောင်းသား သည် ထိုသို့ပြောပြီးသောအခါ သူ၏ခေါင်းကို ကုတ်လိုက်သည်။
"ဟုတ်ပြီဟေ့၊ ကောင်းပါပြီလို့ မင်းပြောတယ်၊ မင်းမှာ ပြောစရာရှိတယ်၊ "ကောင်းပါပြီ" ပြီးတော့ မင်းဘာလုပ်သလဲ" ဟု ဆရာကြီးက ပြောသည်။
"ကောင်းပါပြီ၊ အု ... ကျွန်တော် ထလိုက်ပါတယ်"
သူသည် ခေါင်းကို နောက်ထပ်ကုတ်ရင်း ပြောလိုက်သည်။

တော့တိုး-ချန်နှင့် အခြားကျောင်းသားများအားလုံး အလွန်သဘောကျကြသည်။ သူတို့သည် စိတ်ဝင်စားစွာ ဖြင့် နားထောင်ကြသည်။ ထိုကျောင်းသားက ဆက်ပြောသည်။ "နောက်ပြီးတော့ ... အု" သူသည် ခေါင်းကို ထပ်ကုတ် လိုက်ပြန်သည်။ ဆရာကြီးသည် စိတ်ရှည်လက်ရှည်ထိုင်၍ ထိုသူငယ်ကို စောင့်ကြည့်နေသည်။ ဆရာကြီး၏ မျက်နှာမှာ ပြုံးနေသည်။ သူသည် သူ၏လက်ဖဝါး နှစ်ဖက်ကို ဆုပ်ကိုင်၍ စာရေးခုံပေါ်၌တင်ထားသည်။ ၎င်းနောက် စကားကို ဆက်ပြောသည်။

"သိပ်ကောင်းတယ်၊ ဟုတ်လာပြီ၊ ဒီမနက်မှာ မင်းအိပ်ရာက ထလိုက်တယ်၊ လူတိုင်း နားလည်အောင် မင်းပြောပြီးပြီ၊ စကားပြောကောင်းသူတစ်ယောက်လို လူတွေကို

⇧ http://www.shwezinu.com ⇩

ရယ်အောင် ဒါမှမဟုတ် စိတ်ပျော်ရွှင် လာအောင်တော့ မင်းပြောနိုင်ဖို့ မလိုဘူး၊ အရေးကြီးတာကတော့ စောစောက မင်းပြောခဲ့တယ်၊ မင်းမှာ ဘာမှ ပြောစရာမရှိပါဘူးတဲ့၊ ဟော အခု မင်းပြောစရာ ရှာတွေ့ နေပြီပဲ"
သို့သော်လည်း ထိုကျောင်းသားသည် ပြန်မထိုင်ပေ။ သူသည် အသံကို ပိုမြှင့်လိုက်ပြီး "နောက်ပြီး တော့ ... အု ... " ဟု ပြောလိုက်ပြန်သည်။

ကလေးများအားလုံး၏ ခေါင်းများသည် ရှေ့သို့ စိုက်ကျသွားကုန်သည်။ ထိုကျောင်းသားသည် အသက်ကို ခပ်ပြင်းပြင်း ရှူသွင်းလိုက်ပြီးနောက် ဆက်ပြောသည်။ "နောက်ပြီးတော့ ... အု ... အမေက ... အု ... အမေက ပြောပါတယ် "သွားတိုက်ပါတဲ့ ... အု ... ဒါကြောင့် ကျွန်တော် သွားတိုက်ပါတယ်" ဆရာကြီးက လက်ခုပ်တီးလိုက်သည်။ ကျောင်းသားတိုင်းကလည်း လက်ခုပ်တီးကြသည်။ ထိအခါ ထိုကျောင်းသား သည် ယခင်ကထက် ပိုကျယ်သောအသံဖြင့် ဆက်ပြောသည်။
"နောက်ပြီးတော့ ... အု ... "

ကျောင်းသားများအားလုံးသည် လက်ခုပ်တီးခြင်းကို ရပ်၍ အသက်ပြင်းပြင်းပင် မရှူဘဲ နားစွင့်လိုက် ကြသည်။ သူတို့၏ ဦးခေါင်းသည် ရှေ့သို့ ပို၍စိုက်နေကြသည်။ နောက်ဆုံး၌ ထိုသူငယ်လေးသည် အောင်မြင်စွာဖြင့် ပြောလိုက်လေတော့၏။
"နောက်ပြီးတော့ ... အု ... ကျွန်တော်ကျောင်းကို လာပါတယ်"
အသက်ခပ်ကြီးကြီး ကျောင်းသားတစ်ယောက်သည် ဟားတိုက်အရယ်လွှန်ကာ သူ၏ ဦးခေါင်းကို မထိန်းနိုင် သဖြင့် မျက်နှာသည် သူ၏ နေ့လယ်စာဗူးနှင့်ပင် ဆောင့်မိလေတော့သည်။ ပြောစရာ ဘာမျှ မရှိပါ ဘူးဆိုသော ထိုကျောင်းသားသည် ပြောစရာရှာတွေ့သွားသဖြင့် ကျောင်းသားတိုင်း အလွန် ပျော်သွား ကြလေ တော့သည်။

ဆရာကြီးသည် လက်ခုပ်ကို အားရပါးရတီးလိုက်သည်။ တော့တိုး-ချန်နှင့် အခြားကျောင်းသား ကျောင်းသူ များကလည်း လိုက်တီးကြသည်။ ခန်းမကြီးအလယ်တွင် ရပ်နေသော "နောက်ပြီးတော့ -အု" ကျောင်းသား ကလည်း လက်ခုပ်လိုက်တီးသည်။ စုဝေးခန်းမကြီးတစ်ခုလုံးမှာ လက်ခုပ်သံများဖြင့် ပြည့်လျှံ သွားတော့ သည်။ ထိုသူငယ်လေးသည် လူကြီးဘဝသို့ရောက်လာသည့်တိုင်အောင် ထိုလက်ခုပ်သံများကို မည်သည့် အခါမျှ မေ့ပျောက် သွားဖွယ်ရာ ရှိမည်မဟုတ်ပေ။

## ကျွန်မတို့ကစားနေကြတာပါ

တော့တိုး-ချန်သည် ကြောက်စရာကောင်းသော ထိခိုက်ဒဏ်ရာရမှုနှင့် ကြုံခဲ့ရသည်။ သူမကျောင်းမှ ပြန်လည်ရောက်ရှိပြီးနောက် ညစာမစားမီ သူမအခန်းထဲတွင် ရော့ကီနှင့် "ဂံပုလွေလုပ်တမ်း" ကစားနေစဉ် ဤသို့ ကြုံခဲ့ရခြင်းဖြစ်သည်။ သူတို့စကားကြပုံမှာ



⇧ http://www.shwezinu.com ⇩

အခန်း၏ မျက်နှာချင်းဆိုင် နံရံများမှနေ၍ ကြမ်းပြင်ပေါ် လှိမ့်လာကြပြီး တစ်ဦးနှင့်တစ်ဦး ဆုံမိသည်နှင့် ခေတ္တမ လုံးထွေးသတ်ပုတ်ကြရမည်။ ၄င်းနောက် တစ်ဦးပေါ် တစ်ဦး ခုန်အုပ်ကြရမည်။ သူတို့သည် ဤကဲ့သို့သော ကစားနည်းကို အကြိမ်များစွာ ကစားပြီးသော အခါ အနည်းငယ် ပိုမိုဆန်းပြားသည့် အမူအရာလုပ်၍ ကစားရန် ဆုံးဖြတ်လိုက်ကြသည်။ ဤဆုံး ဖြတ်ချက်ကို တော့တိုး-ချန် ကသာ ဦးဆောင်ပြုလုပ်ခြင်းဖြစ်သည်။ သူတို့ပြုလုပ်ကြမည့် ဆန်းဆန်း ပြားပြား အမူအရာမှာ တစ်ဦးနှင့်တစ်ဦးဆုံတွေ့ရန် ကြမ်းပြင်ပေါ်မှ လှိမ့်လာကြပြီး အခန်း၏ အလယ်သို့ ရောက်လာ ကြသောအခါ၌ ရက်စက်ကြမ်းကြုတ်သော ဂံပုလွေမျက်နှာမျိုး သရုပ်ဆောင်နိုင်သူက အနိုင် ရမည်ဖြစ်သည်။

ရှော့ကီသည် ဂျာမန်သိုးထိန်း ခွေးမျိုးဖြစ်သည်။ ၄င်း၏ ပုံသဏ္ဍာန်မှာ ဂံပုလွေနှင့် တူသည်။ နားရွက် များကို ထောင်လိုက်ပြီး ပါးစပ်ဖြဲ၍ သွားများပေါ်အောင် ပြုလုပ်လျှင် ဂံပုလွေနှင့် တူသွားမည် ဖြစ်သည်။ ရှော့ကီသည် ၄င်း၏ မျက်လုံးများကိုလည်း ကြောက်စရာအသွင်သို့ ရောက်အောင် ပြုလုပ်နိုင် လေသေးသည်။ တော့တိုး-ချန်အဖို့မှာမူ ဂံပုလွေနှင့်တူအောင် ပြုလုပ်ရာ၌ အနည်းငယ် ခက်ခဲသည်။ သူမ၏ လက်ဖဝါးနှစ်ဘက်စလုံးကို ဖြန့်၍ ဦးခေါင်းတဘက်တချက်စီ၌ ကပ်ထားလိုက် သောအခါ ဂံပုလွေနားရွက်များနှင့်တူသွားသည်။ ထို့နောက် သူမ၏ ပါးစပ်ကိုဖြဲ၊ မျက်လုံးများကို ပြူးနိုင်သမျှပြူးပြီး မာန်ဖီသံကိုလုပ်၊ ရှော့ကီကို ကိုက်ချင်ယောင် ဆောင်လိုက်သည်။ အစပထမတွင် ရှော့ကီသည် ဤကစား နည်းကို ကောင်းကောင်းမွန်မွန် ကစားသည်။ သို့သော် ၄င်းသည် ခွေးငယ်တစ်ကောင်မျှသာ ဖြစ်သည်။ ခဏ အကြာ၌ ၄င်းသည် ကစားနေခြင်းကို မေ့သွား ကာ အဟုတ်တကယ် ကိုက်လိုက်လေတော့သည်။

ခွေးငယ်တစ်ကောင်ဟု ဆိုရသော်လည်း ရှော့ကီသည် တော့တိုး-ချန်၏ ကိုယ်လုံးထက်နှစ်ဆနီးနီး ကြီးသည်။ ထို့အပြင် ၄င်း၌ ချွန်ထက်သော သွားများရှိသည်။ ထို့ကြောင့် သူမအနေဖြင့် ဘယ်လို ဖြစ်သွား သည်ဟု မသိလိုက်မီမှာပင် သူမ၏ ညာဖက်နားရွက်သည် ဦးခေါင်းမှတွဲလောင်းကျနေပြီး သွေးများမှ အောက်သို့ စီးကျလာလေတော့သည်။
သူမအော်သံကို ကြားရသောကြောင့် အမေသည် မီးဖိုချောင်ထဲမှ ပြေးထွက်လာသည်။ တော့တိုး-ချန်ကို ရှော့ကီနှင့်အတူ အခန်းထောင့်တစ်နေရာတွင် တွေ့လိုက်ရသည်။ တော့တိုး-ချန်သည် သူမ၏ ညာဖက် နားရွက်ကို သူမ၏ လက်နှစ်ဘက်ဖြင့် ကိုင်ထားသည်။ သူမ၏ အင်္ကျီမှာ သွေးများ ဖြင့် လိမ်းကျံ နေသည်။ ဧည့်ခန်းထဲ၌ တယောထိုးလေ့ကျင့်နေသော အဖေသည်လည်း အခန်းထဲ သို့ရောက်လာသည်။ ရှော့ကီက မိမိသည် တစ်စုံတစ်ခုသော ကြောက်စရာအမှုကို ကျူးလွန်ခဲ့ပြီ ဖြစ်ကြောင်း နားလည်ပုံရသည်။ ၄င်း၏အမြီးသည် နောက်ခြေထောက်နှစ်ချောင်းကြားထဲသို့ ကုပ်ဝင် သွားပြီး ၄င်းသည် တော့တိုး-ချန်ကို ဂမ်းနည်းစွာ ကြည့်နေမိသည်။

⇧ http://www.shwezinu.com ⇩

တော့တိုး-ချန်သည် သူမ၏ဒဏ်ရာကို မစဉ်းစားနိုင်။ သူမစဉ်းစားသည်မှာ အကယ်၍ အဖေနှင့် အမေသည် ရော့ကီကို အလွန်အမင်း စိတ်ဆိုးပြီး နှင်ထုတ်လိုက်ရင်၊ ဒါမှမဟုတ် အခြားသူ တစ်ယောက်ကို ပေးပစ် လိုက်ရင် သူမဘာလုပ်ရမလဲဆိုသည့် အချက်ပင်ဖြစ်သည်။ ထိုကဲ့သို့သာ ဆိုလျှင် သူမအနေဖြင့် ဂမ်းနည်း၍ ဆုံးမှာ မဟုတ်တော့။ ထို့ကြောင့် သူမသည် ရော့ကီ၏ နံဘေးတွင် မှောက်ချလိုက်ပြီးနောက် သူမ၏ ညာဖက် နားရွက်ကို ကိုင်ထားရင်း "ရော့ကီကို မဆူပါနဲ့၊ အပြစ်မတင်ပါနဲ့ပ" ဟူ၍ ထပ်ခါတလဲလဲ ငိုယို၍ ပြောလေ တော့သည်။ အမေနှင့် အဖသည် သူမ၏နားရွက်ကိုကြည့်ရန် ပိုမိုအာရုံစိုက်လိုက်ကြပြီး သူမ၏ လက်များကို ဖယ်ထုတ် ရန် ကြိုးစားကြသည်။ သို့သော် တော့တိုး-ချန်သည် လက်များကိုဖယ်မပေးဘဲ "မနာပါဘူး၊ ရော့ကီကို စိတ်မိုးပါနဲ့၊ စိတ်မဆိုးပါနဲ့" ဟူ၍သာ ငိုယိုပြောလေတော့သည်။ တော့တိုး-ချန်သည် ထိုအချိန်အခါက အမှန် တကယ်ပင် သူမ၏ အနာကို ဂရုမစိုက်ပေ။ သူမသည် ရော့ကီ အတွက်ကိုသာ စိတ်ပူပန်ခြင်းဖြစ်နေမိသည်။

သွေးများစီးကျလျှက်ရှိရာ ရော့ကီသည် သူမကို ကိုက်လိုက်ပြီ ဆိုသည်ကို အမေနှင့်အဖေ ချက်ချင်း နားလိုက်သည်။ သူတို့က တော့တိုး-ချန်အား "ရော့ကီကို ဘာမှမလုပ်ပါဘူး၊ စိတ်မဆိုးပါဘူး" ဟု အာမခံ ချက် ပေးသောအခါမှ တော့တိုး-ချန်သည် နားရွက်ကို အုပ်ထားသော လက်များကို ဖယ်ပေးလိုက်သည်။ သမီးဖြစ်သူ၏ တွဲလောင်းကျနေသော နားရွက်ကို တွေ့မြင်လိုက်ရသည်နှင့် အမေသည် စူးရှစွာ အော်လိုက်မိသည်။ အဖေသည် သမီးဖြစ်သူကို ချီ၍ ဆရာဝန်ထံ အမြန်ဆုံး သွားသည်။ အမေကသူတို့ ရှေ့မှ သွားသည်။ ကံကောင်းထောက်မသည်က တကြောင်း၊ ဆရာဝန်ထံ အချိန်မီ ရောက်ရှိခဲ့သည် က တကြောင်း တို့ကြောင့် ဆရာဝန်သည် နားရွက်ကို မူလနေရာ၌ ပုံမှန်အတိုင်း ပြန်လည် ထားရှိ ကုသ ပေးနိုင်ခဲ့သည်။ သူမ၏ မိဘများသည် ထိုသောအခါကျမှ စိတ်သက်သာရာ ရခဲ့ကြသည်။ သို့သော် တော့တိုး-ချန် မှာမူ သူမ၏ အဖေနှင့် အမေတို့က "ရော့ကီကို အပြစ်မတင်ပါဘူး" ဟု ပေးထားသောကတိ တည်မှ တည်ပါ့မလား ဟူ၍ စိုးရိမ်မကင်းဖြစ်နေမိသည်။

တော့တိုး-ချန်သည် ဦးခေါင်းထိပ်မှ မေးစေ့ထိ စည်းထားသော ပတ်တီးဖြင့် အိမ်သို့ ပြန်လာသည်။ သူမသည် ယုန်ဖြူကလေးတစ်ကောင်နှင့်တူနေသည်။ ရော့ကီကို မဆူပါဟု ကတိပေးထားသော အဖေသည် ရော့ကီကို တနည်းနည်းဖြင့် သတိပေးသမှု ပြုလုပ်ချင်သည်။ သို့သော် အမေက "ရှင့်ကတိ တည်ပါစေနော်" ဟူသော အဓိပ္ပာယ်ဆောင်သည့် အကြည့်ဖြင့် ခင်ပွန်းသည်ကို ကြည့်လိုက်ရာ အဖေသည် စိတ်မပါ့တပါဖြင့် အမေ၏ အလိုသို့ လိုက်ရ လေတော့သည်။

တော့တိုး-ချန်သည် အိမ်ထဲသို့ ပြေးဝင်သွားသည်။ အခြေအနေကောင်းသည်။ မည်သူမျှ



⇧ http://www.shwezinu.com ⇩

စိတ်မဆိုးတော့ ဆိုသည်ကို ရော့ကီအား အမြန်ဆုံး အသိပေးလိုသည်။ သို့သော်လည်း သူမသည် ရော့ကီကို ဘယ်လိုမှ ရှာမတွေ့။ တော့တိုး-ချန်သည် ပထမဆုံးအကြိမ်အဖြစ် အော်ငိုမိလေတော့ သည်။ သူမသည် ဆရာဂန် ရှေ့တွင်လည်း မငိုခဲ့။ သူမငိုလျှင် အဖေနှင့်အမေက ခွေးအပေါ် ပို၍ ဒေါသထွက်မည်ကို သူမ စိုးရိမ်မိသည်။ သို့သော်လည်း ယခုအခါ၌ သူမ၏ မျက်ရည်များသည် အဆက် မပြတ်ကျလျက်ရှိသည်။ သူမ သည် ငိုနေသည့်ကြားထဲက "ရော့ကီ-ရော့ကီ၊ နင်ဘယ်မှာလဲ" ဟု တကြော်ကြော်ခေါ် နေမိသည်။

အချိန်အတန်ကြာ ခေါ်ပြီးသောအခါ မျက်ရည်များစိုရွှဲနေသော သူမမျက်နှာသည် တဖြည်းဖြည်း ပြုံးလာသည်။ အဘယ့်ကြောင့်ဆိုသော် သူမမြင်နေကျ အညိုရောင်ကျောကုန်းသည် ဆိုဖာနောက်မှ တဖြည်းဖြည်း ပေါ်လာသောကြောင့် ဖြစ်သည်။ ရော့ကီသည် တော့တိုး-ချန်ထံ သွားပြီး ပတ်တီး များကြား ထဲမှ အနည်းငယ်ထွက်နေသော နားရွက်ကို လျှာဖြင့် ညင်သာစွာလျက် ပေးသည်။ တော့တိုး-ချန်သည် သူမ၏ လက်ကလေးများဖြင့် ရော့ကီ၏အဖေက ခွေးနားရွက်၏ အနံ့နံသဖြင့် မနမ်းဖို့ ပြောသော်လည်း မရချေ။ သူမအဖို့ ထိုအနံ့နှင့် ယဉ်နေပြီဖြစ်သည်။ ရော့ကီနှင့် တော့တိုး-ချန်သည် အလွန်မောပန်းသွားကြလေပြီ။ သူတို့သည် အိပ်ငိုက်နေကြလေပြီ။

နွေနှောင်းကာလ လမင်းကြီးသည် ပန်းခြံပေါ်မှနေ၍ "ဂံပုလွေလုပ်တမ်း" နောက်ထပ် ဘယ်တော့မှ ကစား ကြတော့မည် မဟုတ်သည့် ပတ်တီးစည်းထားသော မိန်းကလေးနှင့် သူမ၏ခွေးကို ငုံ့ကြည့် လျက်ရှိသည်။ ယခု အခါ၌ သူတို့နှစ်ဦးသည် ရှေးကထက်ပို၍ ချစ်သော မိတ်ဆွေများဖြစ်လာ ကြလေပြီ။

## အားကစားပြိုင်ပွဲ

တိုမိုကျောင်း၏ အားကစားပြိုင်ပွဲကို နှစ်စဉ် နိုဝင်ဘာလ(၃)ရက်နေ့၌ ကျင်းပသည်။ ဆရာကြီးသည် စူးစမ်းလေ့လာ မှတ်သားမှုများနှင့် သုတေသနပြုခြင်းတို့ကို ဆောင်ရွက်ပြီးသောအခါမှ ထိုနေ့တွင် ကျင်းပရန် ဆုံးဖြတ်ချက်ချခြင်းဖြစ်သည်။ သူ၏ သုတေသနပြုလုပ်ချက်အရ ဆောင်းဦးရာသီ နေ့တစ်နေ့ ဖြစ်သော နိုဝင်ဘာလ(၃)ရက်နေ့သည် မိုးရွာသည့် အကြိမ်အနည်းဆုံး နေ့တစ်နေ့ ဖြစ်ကြောင်း ကို သူသိရှိမှတ်သားထားလေသည်။ ကလေးများသည် ကျောင်းအားကစားကွင်းကို အားကစား ပြိုင်ပွဲနေ့ မတိုင်မီ တစ်ရက်၌ ကြိုတင်ပြင်ဆင်မှု အမျိုးမျိုးနှင့် မွမ်းမံခြယ်သမှုအမျိုးမျိုးကို ပြုလုပ် ထားကြသည်။ ဆရာကြီး၏ မိုးလေဝသဆိုင်ရာ ကိန်းဂဏန်းရှာဖွေရာ၌ ကျွမ်းကျင်မှုကြောင့်ပေလား၊ သိုကမဟုတ် နေရောင်ခြည် နှင့် မိုးတိမ်များသည် ဆရာကြီး၏ စိတ်ဆန္ဒကို အသိအမှတ်ပြုသည့်အတွက်ကြောင့်ပေလား မပြောတတ်။ ကလေးများ အလိုကျ အတိုင်း အားကစားပြိုင်ပွဲနေ့တွင် မိုးကားအနှောင့်အယှက် မပြုလုပ်ပေ။



⇧ http://www.shwezinu.com ⇩

မည်သို့သော အကြောင်း ကြောင့်ပင်ဖြစ်ပါစေ ထိုနေ့၌ မိုးမ`ရွာသည်မှာ အံ့သြစရာကောင်းလှပေသည်။

တိုမိုကောင်းသည် အစစအရာရာတွင် အခြားကျောင်းများနှင့် မတူဘဲ တမူထူးခြားသလို အားကစား ပြိုင်ပွဲနေ့မှာလည်း ထူးခြားလေသည်။ တိုမိုကျောင်း၏ အားကစားပြိုင်ပွဲ ပွဲစဉ်များတွင် အခြား မူလတန်းကျောင်းများမှ ပွဲစဉ်များနှင့် တူညီသောပွဲစဉ်နှစ်မျိုး သာရှိသည်။ လွန်ဆွဲပွဲနှင့် ခြေသုံးချောင်း ထောက် ပြေးပွဲသာဖြစ်သည်။ ကျန်ပွဲစဉ်များအားလုံးမှာ ဆရာကြီးက တီထွင်ထား သည့် ပွဲစဉ်များ သာဖြစ်သည်။ အားကစားပြိုင်ပွဲအတွက် ပစ္စည်းထူးထူးဆန်းဆန်းများ မလိုအပ်ပေ။ အားလုံးမှာ ကျောင်း၌ နေ့စဉ် မြင်တွေ့နေကျ ပစ္စည်းများသာဖြစ်သည်။

ဥပမာအားဖြင့်ပြရလျှင် ငါးဂမ်းဗိုက်များအတွင်း လှုပ်ရှားမှုပြိုင်ပွဲမျိုး။ အဝတ်စကြီးများကို ငါးကြီးများ နှင့်တူအောင် ပုံဖော်၍ ဆေးခြယ်သပြီး ကျောင်းအားကစားကွင်းအလယ်၌ ချထားသည်။ အချက်ပေး လိုက်သည်နှင့် ပြိုင်ပွဲဝင်ကလေးများသည် ငါးများရှိရာသို့ ပြေးသွားကာ ငါး၏ ပါးစပ်ထဲသို့ တွားဝင် ကြရသည်။ ပါးစပ်မှဝင်၍ အမြီးပေါက်မှထွက်ကြရမည်။ အမြီးပေါက်မှ ထွက်ပြီး နော် မူလတာ လွှတ်ရာနေရာသို့ ပြန်ပြေးသွားကြရမည်ဖြစ်သည်။ ကွင်းလယ်တွင် ငါးသုံး ကောင်သာရှိသည်။ အနီရောင် ငါးနှစ်ကောင်နှင့် အပြာရောင် ငါးတစ်ကောင်သာဖြစ်သည်။ ထို့ကြောင့် တစ်ခါပြိုင်လျှင် ကလေး သုံးယောက် သာ ယှဉ်ပြိုင်နိုင်လေသည်။ အမှတ်တမဲ့ကြည့်လျှင် ခက်ခဲမှုမရှိဟု ထင်ရသော်လည်း တကယ် ပြိုင်ကြည့်သောအခါ မလွယ်ကူမှန်းတွေ့ရမည် ဖြစ်သည်။ ငါး၏ကိုယ်ခန္ဓာထဲ၌ မှောင်မည်း ၍နေသည်။ ငါး၏ကိုယ်ထည်မှာ ရှည်မျောမျောဖြစ်သည်။ ငါး၏ကိုယ်ခန္ဓာထဲရောက်လျှင် လမ်းကြောင်း မှားသွား နိုင်သည်။

တော့တိုး-ချန် အပါအဝင် အချို့ကျောင်းသားငယ်များသည် ပါးစပ်ပေါက်မှပင် ပြန်ထွက်လာမိရာ အဝ ရောက်တော့မှ သူတို့မှားမှန် သိသဖြင့် ကမန်းကတန်းဖြင့် အထဲသို့ ပြန်ဝင်သွားကြရပြန်သည်။ ထိုပြိုင်ပွဲကို ကြည့်ရသူများအဖို့ စိတ်ပျော်ရွှင်စရာ ကောင်းသည်။ ကလေးများသည် ငါး၏ ခန္ဓာကိုယ် ထဲ၌ ရှေးတိုး နောက်ငင် ပြုလုပ်နေမှုကြောင့် ငါး၏ခန္ဓာကိုယ်သည် တွန့်လိမ်တွန့်လိမ် ဖြစ်၍ နေ သည်။ အဝေးမှ မြင်ရသူ များအဖို့ တကယ့်ငါးလားဟူ၍ ထင်မှတ်ရလေသည်။

အခြား ပြိုင်ပွဲတစ်မျိုး ရှိသေးသည်။ 'အမေ့ကို ရှာဖွေပါ' ပြိုင်ပွဲ ဖြစ်သည်။ အချက်ပြလိုက်သည်နှင့် ကလေးများ သည် သစ်သားလှေကား ရှိရာသို့ ပြေးသွားပြီး လှေကားပေါ်တက်ကာ လှေကားထိပ်ရှိ ခြင်းတောင်း ထဲ၌ ထည့်ထားသော စာအိတ်တစ်အိတ်ကို နိုက်ယူရသည်။ စာအိတ်ကို မြန်မြန် ဖောက်၍ အထဲရှိ စာရွက်ထဲ၌ ရေးထားသောစာကို ဖတ်ရသည်။



⇧ http://www.shwezinu.com ⇩

ဥပမာ - စက်ကိုး-ချန်၏ အမေဟု ရေးထားပါက ပြိုင်ပွဲကို လာရောက်ကြည့်ရှုနေသော ပရိသတ်များ ရှိရာသို့ အမြန်ဆုံး ပြေးသွားပြီး စက်ကိုး-ချန်၏ အမေကို ရှာ၍ သူမ၏လက်ကိုဆွဲယူရမည် ဖြစ် သည်။ ထို့နောက် သူမနှင့် အတူ ပန်းတိုင်ဆီသို့ အမြန်လာရမည် ဖြစ်သည်။

ဤပြိုင်ပွဲကို ယှဉ်ပြိုင်ရာ၌ လေ့ကားပေါ်တက်သည့်အခါ ကြောင်တစ်ကောင်ကဲ့သို့ ပေါ့ပါးရမည် ဖြစ်သလို လေ့ကား တက်ကျွမ်းကျင်ရန်လည်း လိုအပ်သည်။ ၎င်းအပြင် စာရွက်ပေါ်၌ ရေးထား သော နာမည်ပိုင်ရှင် ကို သိထားရန် လိုအပ်ပေသည်။ အကယ်၍ စာရွက်ပေါ်၌ 'မစ်(စ)အိုကူး၏အစ်မ' ဟု ခေါ်ရမည် ဖြစ်သည်။ ဤသို့ အော်ခေါ်ရာ၌ သတ္တိရှိဖို့လိုသည်။ ကံကောင်းသော ကလေးများအနေဖြင့် သူတို့၏ မိခင်နာမည် ရေးထား သော မဲလိပ်ကို နှိုက်မိပါက သူတို့သည် ခုန်ပေါက်ရင်း "အမေ၊ အမေ - မြန်မြန်-မြန်မြန်" ဟု အော်ပြောလေ့ ရှိကြသည်။ ပရိသတ်များအနေဖြင့် ဤပြိုင်ပွဲကို ကြည့်ရင်း သူတို့က လှုပ်လှုပ်ရွရွ ဖြစ်လာ သည်။ ပရိသတ်များ ထဲရှိ လူကြီးမိဘအုပ်ထိန်းသူများသည် မည်သည့်အချိန်တွင် သူတို့၏ အမည်ကို ခေါ်မည်ဆိုသည် ကို ကြိုတင်မသိထားပေ။

ထို့ကြောင့် သူတို့သည် နားစွင့်ကာ အဆင်သင့် ရှိနေကြရသည်။ သူတို့နေထိုင်ရာခုံများ၊ သို့မဟုတ် မြက်ဖျာများပေါ်၌ အသင့်ရှိနေကြရသည်။ ကလေးတစ်ယောက်ယောက်က သူတို့၏အမည်ကို လာခေါ် သည်နှင့် သူတို့သည် ထိုင်ရာမှ အမြန်ဆုံးထကာ ထိုကလေးရှိရာသို့ အမြန်ဆုံးသွား၍ ကလေး၏ လက်ကိုဆွဲကာ ပန်းတိုင်ရှိရာသို့ အမြန်ဆုံးပြေးသွားရလေသည်။ ထို့ကြောင့် ကလေး တစ်ယောက် ယောက်က ပရိတ်သတ်ရှေ့သို့ လာရပ်ပြီဆိုလျှင် ထိုကလေး၏ဖခင်ဖြစ်သူပင်လျှင် အသက်ပြင်းပြင်း မရှူပုံ့ဘဲ မည်သူ၏ နာမည်ကို ခေါ်ပါ့မလဲဆိုသည်ကို နားစွင့်နေမိသည်။ ထို့ကြောင့် အားကစားပြိုင်ပွဲလာ လူကြီး များသည် တစ်ဦးနှင့်တစ်ဦး စကားများများပြောရန် အချိန် မရကြ။ အစားအစာစားရန်လည်း အချိန် မရကြ။ လူကြီးများသည်လည်း ကလေးများနည်းတူပင် အားကစားပြိုင်ပွဲများ၌ ပါဝင်ကြရလေသည်။

ကျောင်းအုပ်ဆရာကြီးနှင့် အခြားဆရာ၊ ဆရာမများသည် ကလေးများ၏ လွန်ဆွဲပွဲ အသင်းနှစ်သင်း တွင် ပါဝင်ကြသည်။ လွန်ဆွဲပွဲ၌ "ဟီး-ဟို၊ ဟီး-ဟို" အသံသည် ကျယ်လောင်စွာ ပေါ်ထွက်လာ သည်။ လွန်ဆွဲပွဲ၌ ပါဝင်ခြင်းမရှိသော ယာဆူအာကီ-ချန်ကဲ့သို့သော မသန်မစွမ်းကလေးများမှာမူ လွန်ကြိုးအလယ်တွင် ချည်ထားသည့် လက်ကိုင်ပဝါကို မျက်ခြည်မပြတ်စောင့်ကြည့်ကြရသည်။ မည်သည့်ဘက်က အနိုင်ရ သွားသည် ကို သူတို့ကြည့်ကြရသည်။

နောက်ဆုံးပွဲစဉ်ဖြစ်သည့် ကျောင်းတစ်ကျောင်းလုံး ပါဝင်ယှဉ်ပြိုင်ရသော လက်ဆင့်ကမ်းပြေးပွဲ သည် တိုမိုကျောင်း၌ တမူထူးခြား ပြန်လေသည်။ မည်သူမျှ



⇧ http://www.shwezinu.com ⇩

ပေးပေးမပြေးကြရ။ စုဝေးခန်းမကြီးရှိ ရာသို့ တက်သွား ရသည့် လခြမ်းပုံသဏ္ဍာန် ကွန်ကရစ်လှေကားထစ်များ အတိုင်း အတက်အဆင်း ပြုလုပ်ရုံသာ ဖြစ်သည်။ ရုတ်တရက်ကြည့်လျှင် အလွန်လွယ်ကူစွာ တက်နိုင်ဆင်းနိုင်မည်ဟု ထင်မှတ်ရသည်။ သို့သော် လည်း ပြုလုပ်ထားသော လှေကားအပြားများမှာ သိပ်မကြီးရုံသာမက အထစ်များမှာ တစ်ခုနှင့်တစ်ခု အလွန် နီးကပ်စွာ ရှိသည်။ ပြိုင်ပွဲဝင်သူများသည် လှေကားထစ်များ ကို အထစ်ကျော်တက်ခွင့် မရှိပေ။ အစဉ်လိုက် နင်းတက်နင်းဆင်း ပြုလုပ်ကြရမည် ဖြစ်သည်။ အရပ်မြင့်သူများနှင့် ခြေဖဝါးကြီးသူများအဖို့ ခဲယဉ်းသည်။ ထိုလှေကားထစ်များသည် နေ့လယ်စာ စားရန်အသွား၌ ကျောင်းသားများ တက်နေကြဖြစ်သော လှေကားထစ်များပေါ်တွင် အသစ် ခင်းကျင်းမွမ်းမံထားသော လှေကားထစ်များသာ ဖြစ်သည်။ လှေကား ထစ်စုစုပေါင်း အရေအတွက် မှာ (၈)ခုမျှသာ ဖြစ်သည်။

လှေကားထစ်များပေါ်၌ သူ့ထက်ငါ လုယက်ပြေးတက်ပြေးဆင်း ပြုလုပ်နေကြသော ကျောင်းသား ကျောင်းသူ များကို ခပ်လှမ်းလှမ်းမှ ကြည့်မည်ဆိုလျှင် ရောင်စုံထွက်နေသော ကလေးကြည့် မှန်ပြောင်း တစ်မျိုးကို ကြည့်ရသည်မှာ ပုံသဏ္ဍာန်တူလေသည်။

အားကစားပြိုင်ပွဲနေ့တွင် အံ့သြစရာကောင်းသော အကြောင်းအရာတစ်မျိုး ပေါ်ပေါက်ခဲ့သည်။ ကျောင်း၌ ကိုယ်လုံး ကိုယ်ထည်အသေးဆုံး၊ ခြေတံလက်တံ တိုဆုံးဖြစ်သော တာကာဟာရှီသည် သူပါဝင် ယှဉ်ပြိုင် သော ပြိုင်ပွဲတိုင်းတွင် ပထမဆုကို အမြဲတမ်း ရသည်။ မယုံကြည်နိုင်အောင်ပင် ဖြစ်သည်။ အခြား ကျောင်းသား များက ငါး၏ဝမ်းဗိုက်ထဲ၌ တွားသွားနေစဉ်တွင် တာကာဟာရှီသည် ထွက်ပေါက်မှ လျှပ်ရောင်အလား လျှင်မြန်စွာ သူများထက်ဦးအောင် ထွက်နိုင်ခဲ့သည်။ အခြား ကျောင်းသားများက လှေကားပေါ်သို့ ခက်ခက် ခဲခဲတက်နေချိန်တွင် သူသည် လှေကားပေါ်မှ ဆင်းပြီး အဝေးသို့ ကိုက်အတော်များများ ရောက်နေ လေပြီ။ လက်ဆင့်ကမ်း ပြေးပွဲတွင်လည်း စုဝေးခန်းမကြီး၏ လှေကားတစ်များပေါ်သို့ တက်ရေး အတွက် အခြားကျောင်းသားများက အငြင်း အခုံဖြစ်နေခိုက် တာကာဟာရှီသည် သူ၏ ခြေထောက်တို ကလေး များကို ပစ္စတင်အလား လှုပ်ရှား နိုင်ခဲ့သည်။

"ငါတို့ကတော့ တာကာဟာရှီကိုနိုင်အောင် ကြိုးစားယှဉ်ပြိုင်ရမယ်"ဟု အခြားကျောင်းသားများက ပြောကြ သည်။

သူ့ကို နိုင်ရန်အတွက် အခြားကလေးများသည် အစွမ်းကုန်ကြိုးစားကြသော်လည်း တာကာဟာရှီ သည်သာ အနိုင် ရသည်။ တော့တိုး-ချန်သည်လည်း အစွမ်းကုန်ကြိုးစား ပါသည်။ သို့သော် သူမ သည် တာကာဟာရှီ အပေါ် အနိုင်မရခဲ့။ ခက်ခက်ခဲခဲ ပြုလုပ်ရသော ပြိုင်ပွဲများတွင် သူတို့သည် တာကာဟာရှီကို လုံးဝမနိုင်ကြ။ တာကာ ဟာရှီသည် ပျော်ရွှင်သောမျက်နှာနှင့် ဂုဏ်ယူဝင့်ကြွားသော မျက်နှာဖြင့် ဆုများကို ရယူခဲ့ သည်။ သူသည် ပြိုင်ပွဲတိုင်း၌ ပထမရသည်။ ထို့ကြောင့် သူသည်ဆုများကို



⇧ http://www.shwezinu.com ⇩

တစ်ဆုပြီးတစ်ဆု လက်ခံ ရရှိသည်။ ဆုလက်ခံ ယူသောသူကို ကလေးတိုင်းက မနာလိုသော အကြည့်ဖြင့် ကြည့်ကြ သည်။
"နောင်နှစ်ခါ မှာ တာကာဟာရှီကို နိုင်အောင် ပြိုင်မယ်"

ကလေးတိုင်း စိတ်ထဲတွင် ထိုအတိုင်း ဖြစ်ပေါ်လာသည်။ သို့သော်လည်း တာကာဟာရှီသည် နောင်နှစ် နောင်နှစ်များတွင်လည်း အားကစားကြယ်ပွင့်အဆင့်မှ လျှောကျသွားခြင်း မရှိချေ။ အားကစားပြိုင်ပွဲများ၌ အနိုင်ရသူများကို ဆရာကြီး ချီးမြှင့်သည့် ဆုများမှာ တမူထူးခြားသည်။ ပထမဆု သည် နိုကိုဥကြီးတစ်ဥဖြစ်ကောင်း ဖြစ်နိုင်သည်။ ဒုတိယဆုသည် မုန်လာဥငယ်နှစ်ဥ ဖြစ် နိုင်သည်။ တတိယ ဆုရှင်သည် ဟင်းရွက်စည်းတစ်စည်းဖြစ်ဖြစ် ရပေလိမ့်မည်။ ဆုများမှာ ထိုကဲ့သို့ ပင် ဖြစ်သည်။ ကျောင်းအားလုံး တွင် ကျောင်းအားကစားပြိုင်ပွဲများတွင် ဆုရသူများကို ဟင်းသီး ဟင်းရွက်များ ပေးလေ့ ရှိသည်ဟု တော့တိုး-ချန် ထင်မှတ်ခဲ့သည်။ ဤအထင်မှားကြောင်း သူမ အသက်အနည်းငယ်ကြီးလာမှ သိသည်။

ထိုအချိန်အခါက ကျောင်းများတွင် မှတ်စုစာအုပ်များ၊ ခဲတံများ၊ ခဲဖျက်များ စသည်တို့ကို ဆုအဖြစ် ဖြင့် ပေးလေ့ရှိသည်။ ဤသည်ကို တိုမိုကျောင်းမှ ကျောင်းသားကလေးများ မသိကြ။ သို့သော် လည်း သူတို့သည် ဟင်းသီးဟင်းရွက်များ ဆုအဖြစ်ရသည်ကိုမူ မပျော်ကြ။ ဥပမာအားဖြင့် မုန်လာဥနီများနှင့် ကြက်သွန်နီများ ဆုအဖြစ် လက်ခံရရှိထားသော တော့တိုး-ချန်သည် ၎င်းတို့ကို မီးရထား ပေါ်သယ်ဆောင်သွားရမှာ အနှောင့်အယှက် ဖြစ်မိသည်။ ဟင်းသီးဟင်းရွက်များ ပွေ့ပိုက် ၍ ကျောင်းမှ အိမ်သို့ ပြန်သွားရမှာကို ကျောင်းသားများ အဘယ်ကြောင့် စိတ်အနှောင့်အယှက် ဖြစ် ကြသနည်း။ အမေက ဟင်းသီးဟင်းရွက် ဝယ်ခိုင်း၍ စျေး၌သွားဝယ်ပြီး အိမ်ပြန်လာရပုံများနှင့် မတူ ပါ။ ကျောင်းမှ အိမ်သို့ အပြန်တွင် ဟင်းသီးဟင်းရွက်များဖြင့် ပြန်လာသည်ဆိုတော့ ကသိ ကအောက်တစ်မျိုး ဖြစ်မနေ ဘူးလား။

ဂေါ်ဖီထုတ် တစ်ထုပ်ကို ဆုအဖြစ်ဖြင့် ရရှိသော ခပ်ဂဂကျောင်းသားတစ်ယောက်သည် မည်သို့ ပြုလုပ် ရမည်ကို မသိဘဲ ဖြစ်နေသည်။ "ဒါကြီးကို ငါသယ်မသွားချင်ဘူး၊ လွှင့်ပစ်လိုက်တာကောင်းမယ်ထင်တယ်"ဟု ပြောလိုက်သည်။

ကျောင်းသားများ၏ ပြောသံဆိုသံ ညည်းညူသံများကို ဆရာကြီး ကြားသွားဟန် တူသည်။ သူသည် သူ၏တပည့်များရှိရာသို့ သွား၍ ...
"ဘာဖြစ်နေကြတာလဲ၊ ဒီဆုတွေကို မင်းတို့မလိုချင်ကြဘူးလား"ဟု မေးလိုက်သည်။ ၎င်းနောက် သူကပင် ဆက်လက်၍ ပြောလိုက်သည်။

"ဒါတွေကို မင်းတို့ရဲ့ အိမ်ကို ယူသွားပြီးတော့ မင်းတို့ရဲ့ အမေတွေကို ညစာချက်ပေးဖို့



⇧ http://www.shwezinu.com ⇩

ပြောကြပါ။ ဒီဟင်းသီးဟင်းရွက်တွေဆိုရင် မင်းတို့ရဲ့ လုပ်အားနဲ့ရခဲ့တဲ့ ဟင်းသီးဟင်းရွက်တွေ၊ မင်းတို့ ကိုယ်တိုင် ကြိုးပမ်းအားထုတ်မှုနဲ့ ရရှိခဲ့တာ ဟင်းသီးဟင်းရွက်တွေကို မင်းတို့ရဲ့ မိသားစုကို ပေးနိုင်တာ မဟုတ် ဘူးလား၊ မင်းတို့ ဘယ်လို သဘောရသလဲ၊ အရသာ ရှိလိမ့်မယ်လို့ ဆရာကြီး ထင်တယ်" ဆရာကြီး ပြောသည်မှာ အမှန်ပင် ဖြစ်သည်။ ဥပမာအားဖြင့် တော့တိုး-ချန်အဖို့ ယခုအကြိမ်သည် သူမ၏ အိမ်မိသားစု စားသုံးနိုင်ရန် ညစာကို ရှာဖွေပေးနိုင်ခြင်းသည် ပထမဆုံးအကြိမ်ပင် မဟုတ်ပါ လော။
"မုန်လာဥဟင်းကို အရသာရှိရှိ ချက်ပေးဖို့ အမေ့ကို ကျွန်မ ပြောမယ်၊ နောက်ပြီးတော့ ကြက်သွန် တွေကို ဘယ်လိုလုပ်ရမလဲဆိုတာကိုလည်း အမေ့ကို မေးရဦးမယ်"ဟု တော့တိုး-ချန်က ဆရာကြီး ကို ပြောလိုက် သည်။

ထိုအခါ ကျန်ကျောင်းသားများကလည်း အိမ်ပြန်ရောက်လျှင် သူတို့ပြုလုပ်မည့် အစီအစဉ်ကို ဆရာကြီးအား ပြောပြကြ လေတော့သည်။ "ကောင်းတယ်၊ မင်းတို့တစ်တွေ အခုအကြံကောင်းတွေ ရကုန်ကြပြီ မဟုတ်လား"ဟု ဆရာကြီးက ပြောလိုက်သည်။ သူသည် ပြုံး၍ ပြောလိုက်ခြင်း ဖြစ်သည်။ သူ၏ပါးပြင်မှာ အနီရောင်သန်းလျက် ရှိ သည်။ ကျောင်းသား များသည် သူတို့၏အိမ်များ၌ မိသားစုများနှင့်အတူ ညစာစားရင်း ကျောင်း အားကစား ပြိုင်ပွဲ အကြောင်းကို ပြောဆိုကြမည်ကို စဉ်းစားမိရင်း ကြည်နူးနေမိလေသည်။

ဆရာကြီးသည် အထူးသဖြင့် တာကာဟာရှီအကြောင်းကို စဉ်းစားမိမည် ဖြစ်၏။ တာကာဟာရှီ၏ အိမ်မှာ ညစာ ထမင်းဝိုင်းတွင် သူ၏ ပထမဆုများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်နေမည်မှာ မလွဲပေ။
မိမိ၏ ကိုယ်ခန္ဓာသည် သူတစ်ပါးထက် သေးငယ်သောကြောင့် အားငယ်စိတ်ဖြစ်ပေါ်တတ်သော တာကာ ဟာရှီ သည် ထိုအားငယ်စိတ်ကို သတိမရတော့ဘဲ အားကစားပြိုင်ပွဲ၌ ပထမဆုများရရှိခဲ့ပုံကို ပြန်လည် စဉ်းစားမိပြီး ပျော်ပျော်ရွှင်ရွှင် ဖြစ်နေမည်ကို ဆရာကြီးစဉ်းစားမိမည်မှာ မလွဲပေ။ ဆရာကြီးသည် တာကာ ဟာရှီသာ ပထမဆုရနိုင်မည့် တိုမိုကျောင်းပုံစံအားကစားပြိုင်ပွဲမျိုးကို အထူး တီထွင် ထားလေရော့ သလား။ ဤသည် ကို ဆရာကြီးမှတပါး အခြားမည်သူမျှ ပြောနိုင်မည် မဟုတ်ပေ။

## ကဗျာဆရာ အီဆာ

ကလေးများသည် ဆရာကြီးကို 'အီဆာကိုဘာယာရှီ' ဟု ခေါ်ရန် နှစ်သက်ကြသည်။ သူတို့သည် ဆရာကြီး အကြောင်းကို အောက်ပါအတိုင်း ကဗျာစပ်ထားကြသည်။



⇦ http://www.shwezinu.com ⇨

⇧ http://www.shwezinu.com ⇩

<u>အီဆာကိုဘာယာရှီ</u>
အီဆာသည် ကျွန်ုပ်တို့၏ အဘိုးအို ဖြစ်သည်။
သူ၏ ထိပ်မှာ ပြောင်ချောနေပါသည်။

ဆရာကြီးသည် ကိုဘာယာရှီ မျိုးရိုးစဉ်ဆက်မှ ပေါက်ဖွားလာသူ ဖြစ်သည်။ ၁၉-ရာစု၏ ထင်ရှားသော ကဗျာဆရာ အီဆာကိုဘာယာရှီ ၏ အမည်အတိုင်းပင် ဖြစ်သည်။ ဆရာကြီးသည် အီဆာ၏ ကဗျာများကို နှစ်သက်သူ ဖြစ်သည်။ သူသည် အီဆာ၏ ကဗျာများမှ အချို့စာကြောင်းများကို ကောက်နုတ်၍ ရွတ်ဆို ပြတတ်သည်။ ထို့ကြောင့် ကလေးများသည် ကဗျာဆရာအီဆာကို မမြင်ဘူး ကြသော်လည်း ဆရာကြီးအပေါ် သူတို့ ခင်တွယ်သလို အီဆာကိုလည်း ခင်မင်တွယ်တာမိသည်။

ဆရာကြီးသည် အီဆာ၏ ကဗျာများကို နှစ်သက်သည်။ အဘယ့်ကြောင့်ဆိုသော် သူ၏ကဗျာများ သည် အမှန်တရားကို ရိုးရိုးရှင်းရှင်း ရေးဖွဲ့ထားသော ကဗျာများဖြစ်သောကြောင့် ဖြစ်သည်။ ဆရာကြီးသည် အခြေအနေ ပေးလျှင်ပေးသလို သူ၏တပည့်များအား အီဆာ၏ ကဗျာများကို သင်ကြားပို့ချသည်။ ကလေး များသည် အလွတ်ရအောင် ကျက်ကြရသည်။

ဥပမာအားဖြင့် - အင်အားချည့်နဲ့သော ဖားငယ် သင်ဘယ်တော့မှ အရှုံးမပေးပါနှင့် သင့်အနီးက ဤနေရာမှာ အီဆာ ရှိသည်။ အပျံသင်ခါစ စာကလေးတွေ လမ်းဖယ်ပေး - လမ်းဖယ်ပေး ဂုဏ်ကြီးမြင့်တဲ့ မြင်းကြီးအတွက် လမ်းဖယ်ပေး။

ယင်ကောင်လေးကို ချမ်းသာပေးပါ လက်များ ခြေများကို လိမ်ဖယ် လိမ်ဖယ် လုပ်နေပါ တယ်။
သင့်ထံက ကြင်နာသနားမှုကို သူအနူးအညွတ်ကို တောင်းဆိုပါတယ်။ ကျောင်းအုပ် ဆရာကြီးသည် တစ်ခါတုန်းက သီချင်းတစ်ပုဒ် စပ်ခဲ့သည်။ သူတို့အားလုံး ထိုသီချင်းကို ဆိုကြရသည်။

ကျွန်ုပ်နှင့် အတူတူလာကစားပါ မိဘမဲ့သူ စာကလေး တွေ့ရယ် သင်တို့မှာ အမေ မရှိဘူးကွယ် ...။ ဆရာကြီးသည် သူ၏တပည့်များအား ပြောလေ့ရှိသည်။

"မင်းတို့စဉ်းစားလို့ရတဲ့ အကြောင်းအရာ၊ ဘယ်အကြောင်းအရာကိုမဆို ရိုးရိုးကလေးသာ စဉ်းစား ပြီး ရေးကြပါ၊ ဖွဲ့ဆိုကြပါ"
ကူဟွန်းဘတ်စု ဘုရားကျောင်းသို့ သွားသည့်အခါ၌ ဖြစ်စေ၊ မိုးရွာသဖြင့် သူတို့တတွေ တစုတဝေး အပြင်ထွက် မကစားနိုင်ကြသောကြောင့် စုဝေးခန်းမကြီး၌ တစုတဝေးတည်း

ရှိနေစဉ်အခါ၌ဖြစ်စေ၊ တိုမို ကျောင်း၏ အီဆာကိုဘာယာရှီသည် သူ၏တပည့်များကို ကဗျာများအကြောင်း ပြောပြလေ့ ရှိ၏။

အီဆာ၏ကဗျာအချို့သည် တိုမိုကျောင်းအတွက် အထူးတလည် စပ်ဆိုထားခဲ့လေရော့သလားဟု ထင်မှတ် စရာပင်။ ဆီးနှင်းများ အရည်ပျော်လာချေပြီ၊ ရုတ်တရက် ဆိုသလို ကျေးရွာတစ်ရွာလုံး ကလေးသူငယ်များနှင့် ပြည့်နေပါပြီ။

<u>သိပ်ထူးဆန်းတာပဲ</u>

တော့တိုး-ချန်သည် သူမဘဝတွင် ပထမဆုံးအကြိမ်အဖြစ် ပိုက်ဆံကောက်ရဖူးသည်။ ပိုက်ဆံကို ကျောင်းမှ အိမ်သို့အပြန် မီးရထားပေါ်၌ ကောက်ရခြင်း ဖြစ်သည်။ သူမသည် အိုအိမာချိမီးရထားကို ဂျီယူဂါအိုကာ ဘူတာရုံတွင် စီးသည်။ နောက်တစ်ဘူတာဖြစ်သော မိဒိုရီဂါအိုဂါဘူတာရုံသို့ မရောက် မီရထားလမ်းသည် ကွေ့ကောက်လျက်ရှိရာ၊ ထိုနေရာသို့ ရောက်လျှင် ရထားသည် အနည်းငယ် စောင်းသွားပြီး၊ "ကလက်-ကလက်-ကလက်"ဟူသော အသံများ ရထားတွဲအောက်ပိုင်းနေရာများ မှ ပေါ်ထွက်လာလေ့ရှိသည်။

တော့တိုး-ချန်သည် ရထားစောင်းသွားချိန်တွင် ယိုင်လဲမသွားရန် သူမ၏ ခြေထောက်များဖြင့် သူမကိုယ်ကို ထိန်းထားရသည်။ ရထားစီးသည့်အခါ၌ သူမသည် ရထား၏ နောက်ဆုံးတွဲ လက်ယာဘက် တံခါး ပေါက်နားတွင် အစဉ်အမြဲရပ်၍ ရထားခေါင်းတွဲပိုင်းသို့ မျက်နှာ မူပြီးလိုက်ပါလေ့ ရှိသည်။ ထိုနေ့က မီးရထားစောင်းသွားသည့်အခါ ခါတိုင်းကဲ့သို့ပင် "ကလက်-ကလက်" အသံများ ထွက်ပေါ်လာခိုက် တော့တိုး-ချန်သည် သူမခြေထောက်အနီး၌ ပိုက်ဆံနှင့်တူသော အရာတစ်ခုကို သတိပြု လိုက်မိ သည်။ ယခင်တစ်ခါကလည်း သူမသည် ပိုက်ဆံဟုထင်ပြီး ကောက်ယူကြည့်လိုက်ရာ ပိုက်ဆံ မဟုတ်ဘဲ ကြယ်သီး ဖြစ်နေသည့် အဖြစ်မျိုးနှင့် ကြုံခဲ့ရဖူးလေသည်။

ထို့ကြောင့် ယခု တစ်ကြိမ်တွင်တော့ အသေအချာကြည့်မှ ဖြစ်မည်ဟု စဉ်းစားမိသည်။ ဖြောင့်တန်းသော မီးရထား လမ်းကြောင်းပေါ်သို့ မီးရထားပြန်ရောက်သောအခါ သူမသည် ခေါင်းငုံ့၍ အသေအချာ ကြည့်လိုက် သည်။ ပိုက်ဆံမှပိုက်ဆံအစစ် ငါးဆင့်ပိုက်ဆံစေ့တစ်စေ့။ ထိုပိုက်ဆံသည် သူမအနီး ပတ်ဝန်း ကျင်ရှိ ခရီးသွားတစ်ဦးဦး ထံမှ ထွက်ကျပြီး ရထားစောင်းသွားစဉ် သူမအနီးသို့ လိမ့်လာလေ ရော့သလား၊ သို့သော်လည်း သူမအနီး၌ မတ်တတ်ရပ်နေသော ခရီးသွားတစ်ယောက်ဆို တစ်ယောက်မျှ မရှိ။

သူမ ဘာလုပ်ရပါ့မလဲဟု စဉ်းစားလိုက်သည်။ ထိုအခိုက် သူမသည် "ပိုက်ဆံကောက်ရရင်



⇦ http://www.shwezinu.com ⇨

ရဲသား တစ်ယောက် ယောက်ထံ အပ်ရမယ်" ဆိုသည့် သူများပြောစကားကို အမှတ်ရလိုက်သည်။ သို့သော် ရထားပေါ်၌ ရဲသားဆို၍ တစ်ယောက်မျှမရှိ။ ထိုအချိန်တွင် မီးရထားလက်မှတ်သိမ်းသည့် သူ၏ အခန်း တံခါးကို ဖွင့်၍ အပြင်သို့ ထွက်လာသည်။ သူသည် တော့တိုး-ချန်ရှိရာ တွဲသို့ ဝင်လာသည်။ တော့တိုး-ချန် သည် သူမ၏ ညာခြေဖဝါးကို ပိုက်ဆံစေ့ပေါ် သို့ ရွှေ့လိုက်သည်။ သူမအနေဖြင့် ဤသို့ဘာကြောင့် ပြုလုပ်လိုက်ရသည်ဆိုသည်ကို မစဉ်းစားတတ်အောင် ဖြစ်မိသည်။ လက်မှတ် သိမ်းသည် သူမကို ကောင်းစွာ သိသည်။ သူသည် သူမကို ပြုံးပြလိုက်သည်။ သို့သော်လည်း တော့တိုး-ချန်သည် သူ့ကို စိတ်ပါလက်ပါ ပြန်မပြုံးပြနိုင်။

အဘယ့်ကြောင့်ဆိုသော် သူမ၏ ညာဘက်ဖြေဖဝါးအောက်၌ရှိသည့် အရာအတွက် သူမသည် စိတ်လေးနေသောကြောင့် ဖြစ်သည်။ သူမသည် သွားပေါ်ရုံကလေး ပြုံးပြလိုက်သည်။ ထိုအခိုက် မီးရထားသည် အုကာရာမဘူတာရုံ၌ ရပ်လိုက်သည်။ သူမသည် ရှေ့ဘူတာရောက်မှ ဆင်းရမည် ဖြစ်သည်။ သူမ၏ ဘယ်ဘက်တံခါးများ ပွင့်သွားသည်။ လူများတိုးဝှေ့ တက်သွားကြသည်။ သူမဟိုယိုင်သည်ယိုင် ဖြစ်သွားသည်။ တော့တိုး-ချန်သည် သူမ၏ ခြေဖဝါးကို ရွှေ့ပစ်ရန် စိတ်မကူးမိ။ သူမသည် နဂိုနေရာ၌ပင် ပေကပ် ပြီး ရပ်နေလိုက်သည်။ ဤသို့ ရပ်နေရင်း သူမဘာဆက်လုပ်ရမည်ကို အကြံထုတ်နေမိသည်။
သူမရထားပေါ် ဆင်းခါနီးတွင် ပိုက်ဆံကို ကောက်ယူလိုက်မည်။

ပြီးလျှင် ရဲသားတစ်ယောက် ယောက်ထံ အပ်နှံလိုက်မည်။ ဤတွင် စဉ်းစားစရာ တစ်ချက်က ရှိလာ ပြန်သည်။ လူကြီး တစ်ယောက်ယောက်က သူမ ပိုက်ဆံ ကုန်းကောက်လိုက်သည်ကို မြင်လျှင် သူမကို သူခိုးဟု ထင်ပေလိမ့်မည်။ ထိုအချိန်ထိုအခါက ပိုက်ဆံငါးဆင့်ဖြင့် ချောကလက်အထုပ်ငယ်တစ်ထုပ်၊ သို့မဟုတ် သကြားခဲအထုပ်တစ်ထုပ် ဝယ်စားနိုင်၏။ ပိုက်ဆံငါးဆင့်သည် လူကြီးများအဖို့ မများ သော်လည်း တော့တိုး-ချန်တို့လို ကလေးများအဖို့တော့ များပေသည်။ ထို့ကြောင့် သူမ စိတ်ပူပန် နေခြင်း ဖြစ်မိသည်။

"ဟုတ်ပြီ၊ အကြံရပြီ၊ ဒီလိုလုပ်မယ်၊ 'ကျွန်မရဲ့ ပိုက်ဆံကျသွားတယ်'လို့ ပြောပြီး ပိုက်ဆံကို ကောက် ယူလိုက်မယ်၊ ဒီလိုဆိုရင် ကိုယ့်ပိုက်ဆံကိုယ်ကောက်ကတာပဲဆိုတော့ ဘယ်သူမှ ဘာမျှ ပြောကြမှာ မဟုတ်ဘူး" တော့တိုး-ချန်သည် ထိုကဲ့သို့ စိတ်ကူးလိုက်ပြန်သည်။ သို့သော်လည်း အခြားစဉ်းစားစရာ တစ်ချက်က သူမခေါင်းထဲသို့ ရောက်လာပြန်ပြီ။

"အဲဒီလို ပြောလိုက်တော့ အသံကြားသူတွေက မိမိကို ကြည့်ကြမယ်၊ အဲဒီအခါမှာ တစ်ယောက် ယောက် ကများ 'အဲဒါ ငါ့ပိုက်ဆံ'လို့ ပြောရင် ဘယ်လိုလုပ်ရပ့ါမလဲ" သူသည် အမျိုးမျိုးတွေးတောပြီးနောက် ဆုံးဖြတ်ချက်တစ်ခုကို ယတိပြက်ချလိုက်သည်။



⇧ http://www.shwezinu.com ⇩

သူမ ဆင်းရမည့် ဘူတာနားရောက်ခါနီးတွင် သူမကိုယ်ကို ကုန်းလိုက်ပြီး ဖိနပ်ကြိုးပြင်ချင်ယောင် ဆောင် လိုက်မည်။ ပြီးလျှင် ပိုက်ဆံကို လက်တစ်ဖက်ဖြင့် ကောက်ယူလိုက်မည်။ သူမသည် ထိုအတိုင်းပင် ပြုလုပ်လိုက်လေတော့သည်။ ရထားပေါ်မှ လူသွားစင်္ကြံပေါ်သို့ ဆင်းလိုက်ချိန်တွင် သူမ တကိုယ်လုံး ချွေးပြန်နေသည်။ ပိုက်ဆံကို လက်ဖဝါး ဆုပ်ကိုင်ထားရင်း သူမသည် ပန်းလျလျ ဖြစ် နေသည်။ ရဲစခန်းမှ အလွန်ဝေးသောနေရာ၌ ရှိသည်။ ထိုပိုက်ဆံကို သွားပေးလျှင် အိမ်အပြန် နောက်ကျမည်။ အမေ စိတ်ပူနေလိမ့်မည်။

သူမသည် ဘူတာရုံရှိ လှေကားထစ်များကို ခပ်ပြင်းပြင်းနင်းရင်း ဦးနှောက်ကို အလုပ်ပေးပြီး အောက်ပါ ဆုံးဖြတ်ချက် ကို ချလိုက်သည်။ "ဒီပိုက်ဆံစေ့ကို ဘယ်သူမှ မမြင်နိုင်တဲ့ လုံခြုံတဲ့နေရာမှာ ထားလိုက်မယ်၊ မနက်ဖြန် မနက်ရောက် ရင် ဒီပိုက်စေ့ကို ကျောင်းကို ယူသွားမယ်၊ ဘယ်လိုလုပ်ရမယ်ဆိုတာကို လူတိုင်းဆီက အကြံ တောင်းမယ်၊ ဘယ်လိုပဲ ဖြစ်ဖြစ် သူတို့ကို ပြကိုပြရမယ်၊ ဘာကြောင့်လဲဆိုတော့ ဘယ်သူမှ ပိုက်ဆံ ကောက်ရဖူးခြင်း မရှိသေး လို့ပဲ" ပိုက်ဆံကို မည်သည့်နေရာ၌ ဖွက်ထားရင်ကောင်းမလဲ၊ သူမ စဉ်းစားလိုက်ပြန်သည်။ အိမ်ကို ယူသွားရင် အမေက ဟိုမေးသည်မေး မေးမှာ သေချာသည်။ ထို့ကြောင့် တနေရာရာတွင် ဖွက်ထား မှ ဖြစ်မည်။ သူမသည် ဘူတာရုံအနီးရှိ ချုံဖုတ်များ ပေါက်ရောက်နေသော နေရာသို့ တက်သွားသည်။ ထို နေရာ၌ သူမကို မည်သူမျှ မမြင်နိုင်။

မည်သူမှ ထိုနေရာသို့လာရန် အကြောင်းမရှိဟု သူမ ထင် သည်။ လုံခြုံသော နေရာတစ်နေရာ ဖြစ်သည်။ သူမသည် တွင်းကလေးတစ်တွင်း ဖြစ်သွားအောင် တုတ်ချောင်းကလေးတစ်ချောင်းဖြင့် တူးလိုက်သည်။ ကောက်ရသော ပိုက်ဆံကို တွင်းထဲထည့် လိုက်ပြီး မြေကြီးပြန်ဖို့လိုက်သည်။ ၎င်းနောက် သူမသည် အုတ်ခဲ တစ်လုံးရှာ၍ ထိုနေရာ၌ အမှတ် အသားသဖွယ် ထားရှိလိုက်သည်။ ပြီးလျှင် သူမသည် အိမ်သို့ ဒုန်းစိုင်း ပြီး ပြေးသွား လေတော့ သည်။

ယခင့်ယခင်ညများတွင် တော့တိုး-ချန်သည် အိပ်ရာသို့ မဝင်မီ ကျောင်းအကြောင်းကို မနားတမ်း ပြောလေ့ ရှိသည်။ အမေက "အိပ်ချိန်ရောက်ပြီ"ဟု ပြောသောအခါမှ သူမအိပ်ရာသို့ ဝင်သည်။ ယနေ့ညတွင်မူ သူမသည် စကား များများမပြောဘဲ အိပ်ရာသို့ အစောကြီးဝင်လိုက်လေတော့သည်။

နောက်တစ်နေ့ နံနက်စောစောတွင် တော့တိုး-ချန်သည် သူမ၌ အလွန်အရေးကြီးသော အလုပ်ကြီး တစ်ခု လုပ်ရန် ရှိသေးပါကလားဟူသော ခံစားချက်ဖြင့် အိပ်ရာမှနိုးလာသည်။ သူမ၏ လျှို့ဝှက် ရတနာ အကြောင်း ကို သတိရလိုက်သည်နှင့် သူမသည် အလွန်ပျော်သွားသဘ်။



⇧ http://www.shwezinu.com ⇩

သူမသည် ခါတိုင်းသွားနေကျ အချိန်ထက်စော၍ အိမ်မှထွက်လာသည်။ ရော့ကီနှင့်အတူ ချုံဖုတ် ဆီသို့ ပြေးသွား သည်။

"ဒီနေရာမှာ - ဒီနေရာမှာ"
ကျောက်ခဲတုံးအမှတ်အသားသည် သူမထားခဲ့သည့်အတိုင်း ရှိနေသည်။
"ချစ်စရာ ကောင်းတဲ့ အရာတစ်ခုကို နင့်ကိုငါပြမယ်"
သူမက ရော့ကီကို ပြောလိုက်သည်။ သူမသည် ကျောက်ခဲကို ဖယ်ရှား လိုက်ပြီးနောက် မြေကြီးကို သတိထား ၍ တူးသည်။ သို့သော် သူမ ဂုက်ထားခဲ့သော ပိုက်ဆံသည် အံ့သြဖွယ်ကောင်းလောက် အောင် ပျောက်သွား လေပြီ။ သူမသည် ယခုတစ်ကြိမ်လောက် တစ်ခါမျှ အံ့သြခြင်း မဖြစ်ခဲ့ဖူးချေ။ ပိုက်ဆံစေ့ကို သူမ လာဂုက်စဉ်က တစ်ယောက်ယောက်များ တွေ့သွားလေရော့သလား။ သူမ စဉ်းစားကြည့်သည်။ သို့မဟုတ် တစ်ယောက်ယောက်ကများ ကျောက်ခဲတုံးကို နေရာရွှေ့ထား လိုက်လေရော့သလား။ ပတ်ပတ် လည် နေရာအနှံ့တွင် သူမ တူးဆွကြည့်သည်။

သို့သော် ပိုက်ဆံစေ့ ကို ဘယ်လိုမှရှာမတွေ့။ တိုမိုကျောင်းမှ သူမ၏သူငယ်ချင်းများကို မပြနိုင်သည့်အတွက် စိတ် မကျေမနပ် ဖြစ်မိသည်။ ထို့ထက်ပိုဆိုးသည်မှာ ဤထူးဆန်းဖွယ်ရာကောင်းသော အဖြစ်အပျက်ကို သူမ အစဉ် သတိရနေခြင်းပင် ဖြစ်သည်။
ထို့ကြောင့် သူမသည် ထိုနေရာကို ဖြတ်သွားသည့်အခါတိုင်း ချုံဖုတ်များ ရှိရာပေါ်သို့ တက်သွားပြီး မြေကြီး ကို တူးကြည့်သည်။ သို့ရာတွင် ပိုက်ဆံစေ့ကို ဘယ်လိုမှ ပြန်မတွေ့တော့။

"ပွေး တစ်ကောင်ကောင်များ ယူသွားလေရော့သလား"ဟု သူမ တွေးမိသည်။ ဒါမှ မဟုတ်ရင်လဲ သူမ အိပ်မက် မက်နေလေရော့သလား။ ဒါမှမဟုတ် သူမ ပိုက်ဆံဂုက်လိုက်တာကို ဘုရားသခင် တွေ့နိုင်သည်။ သူမ အနေဖြင့် ဘယ်လိုပင် စဉ်းစားစဉ်းစား၊ ထူးဆန်းအံ့သြဖွယ်ကောင်းသည်ကတော့ အမှန်ပင် ဖြစ် သည်။ ဤထူးဆန်း အံ့သြဖွယ်ရာကောင်းသော အဖြစ်အပျက်ကို သူမ ဘယ်တော့မှ မမေ့နိုင်တော့ပါ။

## လက်များနှင့် စကားပြောခြင်း

မွန်းလွဲပိုင်း အချိန်တစ်ချိန် ဖြစ်သည်။ ဂျီယူဂါအိုတာ ဘူတာရုံရှိ လက်မှတ်ရောင်းသည့် နေရာအနီး၌ တော့တိုး-ချန်သည် သူမထက် အသက်အနည်းငယ်ပိုကြီးပုံရသည့် ယောက်ျားကလေးနှစ်ယောက် နှင့် မိန်းကလေး တစ်ယောက်ကို တွေ့ရသည်။ သူတို့သည် 'ကျောက်ခဲ၊ စာရွက်၊ ကတ်ကြေး' ကစား နည်းကို ကစား နေကြဟန် တူသည်။ သူတို့သည်



⇧ http://www.shwezinu.com ⇩

သူတို့၏ လက်ချောင်းကလေးများဖြင့် အမှတ် အသားအမျိုးမျိုး ပြုလုပ် နေကြသည်ကို သူမ သတိပြုမိသည်။ ကြည့်လို့အလွန် ကောင်းပါသည်။ ပို၍ ထင်ထင်ရှားရှား မြင်နိုင် ရန် သူမသည် ရှေ့သို့ အနည်းငယ်တိုးသွားသည်။

သူတို့သည် အသံမထွက်ဘဲ စကားပြောနေကြပုံ ရသည်။ တစ်ယောက်သော သူက သူ၏ လက်ချောင်း များဖြင့် အမှတ်အသား အမျိုးမျိုး ပြုလုပ်ပြလိုက်ပြန်သည်။ သူတို့စောင့်ကြည့်နေသော အခြားသူ တစ်ယောက် ကလည်း လက်ချောင်းများဖြင့် အမှတ်အသားအမျိုးမျိုး ပြလိုက်ပြန်သည်။ ၎င်းနောက် တတိယ ကလေးသည် လက်ချောင်းများဖြင့်ပင် အမှတ်အသားအနည်းငယ် ပြုလုပ်ပြ လိုက်ရာ သူတို့ သုံးယောက် စလုံး အသံမထွက်ဘဲ ရယ်လိုက်ကြသည်။ သူတို့သည် အလွန် ပျော်နေကြ ပုံရသည်။ သူတို့ တတွေကို ကြည့်ပြီး ခဏအကြာတွင် တော့တိုး-ချန်က "ဪ - သူတို့တတွေ ဟာ ပါးစပ်နဲ့ စကား မပြောကြဘဲ၊ လက်တွေ နဲ့ စကားပြောနေကြတာကိုး"ဟု မှတ်ချက်ချလိုက် သည်။

"ငါလည်း လက်နဲ့ စကား ပြောကြည့်ချင်လိုက်တာ"ဟု တော့တိုး-ချန် စိတ်ကူးမိသည်။ သူမသည် သူတို့ထဲ သွားလျှင် ကောင်းမလားဟု စဉ်းစား ကြည့်မိသည်။ သို့သော်လည်း သူမသည် လက်ဖြင့် မည်ကဲ့သို့ မေးမြန်း ရသည်ကို မသိချေ။ ၎င်းအပြင် သူတို့သည် တိုမိုကျောင်းမှ ကျောင်းသားများ မဟုတ်သောကြောင့် သွားမေး လျှင် မယဉ်ကျေးရာ ရောက်မည်။ ထို့ကြောင့် သူမသည် သူတို့ တတွေ တိုရိုကို မီးရထားစကြ်ဝဘက်ဆီသို့ ထွက်ခွာသွားသည်အထိ စောင့်ကြည့်နေမိသည်။ "တစ်နေ့ကျရင် ငါလည်းငါ့လက်တွေနဲ့ စကားပြောတတ်အောင် လေ့လာမယ်"ဟု သူမ ဆုံးဖြတ် ချက်ချ လိုက်သည်။ ထိုအချိန်အထိ တော့တိုး-ချန်သည် နားမကြားသူများအကြောင်းကို မသိသေးချေ။ နားမကြားသော ကလေး များသည် သူမကျောင်းသွားသည့်အခါ စီးနေကျဖြစ်သော မီးရထား၏ နောက်ဆုံး ဘူတာ "အိုအိမာချိ"ရှိ မြူနီစီပယ်ဆွံ့အနားမကြားကျောင်းသို့ သွားကြခြင်း ဖြစ်သည်ကို သူမ မသိချေ။ သူမသည် တစ်နေ့နေ့တစ်ချိန်ချိန်တွင် သူတို့နှင့် မိတ်ဖွဲ့မည်ဟု စိတ်ကူးထားလိုက်လေသည်။

<u>ယှိနှင် လေးဆယ့်ခုနစ်ယောက်</u>

မစ္စတာ ကိုဘာယာရှိ၏ ပညာရေးစနစ်သည် ကောင်းမွန်သည်ဟု ဆိုရမည်ဖြစ်သော်လည်း တိုမိုကျောင်း၏ ယိမ်းအကများ၊ အစားအစာစားချိန် ဓလေ့ထုံးစံများ၊ ကျောင်း၌ လမ်းလျှောက်ခြင်း များ၊ "လော့-လော့ လော့ကိုလော့" တေးသွားအလိုက်တိုင်း သီဆိုရသည့် နေ့လယ်စာ မစားမီ သီချင်းစသည်တို့ကို ကြည့်ခြင်း အားဖြင့် သူသည် ဥရောပတိုက်နှင့် အခြားနိုင်ငံခြား တိုင်းပြည်များ ၏ အယူအဆများ လွှမ်းမိုးခြင်း ကို ခံနေရသူဖြစ်ကြောင်း သိသာနိုင်လေသည်။



⇦ http://www.shwezinu.com ⇨

⇧ http://www.shwezinu.com ⇩

ကျောင်းအုပ်ဆရာကြီး၏ ညာလက်ရုံးဖြစ်သူ၊ သာမန်ကျောင်းတစ်ကျောင်းတွင် ဒုတိယကျောင်းအုပ် ဟု ခေါ်ရမည့်ဟု မစ္စတာမာရူယာမာသည် အစစအရာရာတွင် မစ္စတာ ကိုဘာယာရှီနှင့် လုံးဝ ဆန့်ကျင်ဘက် ဖြစ်သည်။ သူ့နာမည်၏ အဓိပ္ပာယ်မှာ "လုံးဝိုင်းသော တောင်ကုန်း" ဖြစ်သည်။ သူ၏ ဦးခေါင်းမှာ နာမည်နှင့် လိုက်အောင် လုံးလုံးဝိုင်းဝိုင်း ဖြစ်သည်။ ဦးခေါင်းထိပ်တွင် ဆံပင်လုံးဝမရှိဘဲ နားရွက်များတပိုက်နှင့် နောက်စေ့တပိုက်၌သာ ဆံပင်ဖြူအချို့ ရှိသည်။ သူသည် မျက်မှန်အဝိုင်းကို တပ်ထားသည်။

သူ၏ပါးပြင်မှာ နီရဲလျက် ရှိသည်။ သူသည် မစ္စတာ ကိုဘာယာရှီနှင့် အစစအရာရာ တွင် ကွဲပြားခြားနား ရုံသာမက ကဗျာများကို ရွတ်ဆိုရာတွင်လည်း တရုတ်ဆန်သော ရှေးဟောင်း ကဗျာများကို အသံသြကြီးဖြင့် ရွတ်ဆို လေ့ ရှိသည်။ ဒီဇင်ဘာလ ၁၄ရက်နေ့ နံနက်တွင် ဖြစ်သည်။ ကျောင်း၌ ကျောင်းသားအားလုံး စုံစုံလင်လင် စုဝေး မိသော အခါ မစ္စတာ မာရူယာမာက အောက်ပါအတိုင်း ကြေညာလိုက်သည်။

"ဒီနေ့ဟာဆိုရင် ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ရာ့ငါးဆယ်ခန့်က ယိုနင် လေးဆယ့်ခုနစ်ယောက်ဟာ သူတို့ရဲ့ ရန်ကြွေးကို ပေးဆပ်နိုင်ခဲ့တဲ့နေ့ ဖြစ်တယ်။ ဒါကြောင့် ငါတို့ဟာ စင်ကူဂူဂျီဘုရားကျောင်း ကို သွားပြီးတော့ သူတို့ကို ဂါရဝပြုကြရမယ်။ မင်းတို့ရဲ့ မိဘအုပ်ထိန်းသူတွေကို ပြောပြီးပြီ" ကျောင်းအုပ်ဆရာကြီးသည် မစ္စတာ မာရူယာမာ၏ အစီအစဉ်ကို မကန့်ကွက်ပေ။ သူတို့မထွက်ခွာမီ မစ္စတာ မာရူယာမာသည် ကလေးများအား ထင်ရှားသော ယိုနင်လေးဆယ့် ခုနစ်ဦး၏ ဇာတ်လမ်းကို ပြောပြသည်။ အမတ်ကြီးအဆာနို၏ သတ္တိလည်းရှိ၊ သစ္စာလည်းရှိသော တပည့်များသည် မတရား ညှင်းပန်းနှိပ်စက်ခြင်းခံရပြီး သေဆုံးသွားခဲ့သော သူတို့၏ ဆရာအတွက် ကလဲ့စားချေရန် နှစ်နှစ် တိုင်တိုင် ကြံစည်ခဲ့ကြသည်။

သူတို့လေးဆယ့်ခုနစ်ဦးအပြင် သတ္တိကောင်း သော ရီဟီအိအမာနိရာ အမည်ရှိ ကုန်သည်တစ်ဦး ရှိသေး သည်။ သူသည် ယိုနင်တို့လက်နက် ရရှိရေးအတွက် အကူအညီများစွာ ပေးခဲ့သည်။ ရှိုဂန်၏ ဘက်တော် သား များက သူ့ကို ဖမ်းမိ သောအခါသူက "ကျွန်ုပ် ရီဟီအိအမာနိယာသည် ယောကျ်ား ဖြစ်သည်"ဟု ပြောပြီး မည်သည့် လျှို့ဝှက်ချက်များကိုမှ ထုတ်ဖော် မပြောချေ။

ကလေးများ သည် ဤဇာတ်လမ်းကို ကောင်းကောင်း နားမလည်ကြ။ သို့သော် သူတို့အနေဖြင့် စာမသင် ရဘဲ ကူဟွန်းဘတ်စုဘုရား ကျောင်းထက် ပို၍ ဝေးသောနေရာသို့ လမ်းလျှောက်သွားခွင့်ရကာ နေ့လယ်စာ ပျော်ပွဲစား နိုင်သော

အခွင့်အရေး ကို ရသောကြောင့် ပျော်နေကြသည်။ မစ္စတာ မာရူယာမာ၏ ကွပ်ကဲမှုဖြင့် ကလေးအယောက်ငါးဆယ်သည် ကျောင်းမှ စတင် ထွက်ခွာ ကြသည်။ အချို့ကလေး များသည် လမ်းလျှောက်သွားရင်း "ကျွန်ုပ် ရီဟီးအိအမာနိယာသည် ယောက်ျားဖြစ်သည်"ဟု အသံနေ အသံထားဖြင့် ခပ်ကျယ်ကျယ် ရွတ်သည်။

အချို့မိန်းကလေးများ ကလည်း အားကျမခံရွတ်ဆိုရာ သူတို့အနီးမှ ဖြတ်သွားသူများသည် သူတို့ကို စောင့်ငဲ့ ကြည့်ပြီး ရယ် ကြသည်။ ကျောင်းမှ စင်ကာဂူဂျီသို့ ခုနစ်မိုင်ခန့် လမ်းလျှောက်သွားကြရသည်။ ထိုအချိန် ထိုအခါက မော်တော်ကားမှာ အလွန်ရှားပါးသည်။ ဒီဇင်ဘာလ၏ ပြာလဲ့လဲ့မိုးကောင်းကင်အောက်၌ "ကျွန်ုပ် ရီဟီးအိအမာနိယာသည် ယောက်ျားတစ်ယောက်ဖြစ်သည်"ဟု အသံထွက်၍ ရွတ်ဆိုရင်း လမ်းလျှောက် သွား နေကြသော ထိုကလေးများအဖို့ ခုနစ်မိုင်အကွာအဝေးသည် ရှည်လျားသော ခရီး တစ်ခု ဖြစ်ဟန် မတူပေ။

စင်ကာဂူဂျီသို့ သူတို့ရောက်သောအခါ မစ္စတာ မာရူယာမာသည် ကလေးတိုင်းကို အမွှေးတိုင် တစ်ချောင်းစီနှင့် ပန်းအနည်းငယ်စီ ပေးသည်။ ထိုဘုရားကျောင်းသည် ကူဟွန်းဘတ်စုထက်ပို၍ ငယ်သည်။ သို့သော်လည်း သေဆုံးသူများ၏ များစွာသော အုတ်ဂူများမှာ စီတန်းလျက် ရှိသည်။

တော့တိုး-ချန်သည် မစ္စတာ မာရူယာမာ ပြုလုပ်ပုံကိုကြည့်၍ ယိုနင်လေးဆယ်ခုနစ်ယောက် ကို ရည်စူးကာ သူတို့၏ အုတ်ဂူများရှေ့၌ အမွှေးတိုင်များ ထွန်းညှိခြင်း၊ ပန်းများထိုးခြင်းတို့ကို ပြုလုပ် သည်။ ထို့နောက် စကားမပြောဘဲ တည်ငြိမ်သော အသွင်ဖြင့် ဦးခေါင်းညွှတ်ကာ ဂါရဝပြုသည်။ ကလေးများအားလုံးသည် လုံးဝစကားမပြောကြဘဲ စိတ်ထဲမှ ဆုတောင်းသမှု ပြုကြရာ အပ်ကျသံ ကြားရလောက်အောင် တိတ်ဆိတ် မှုက လွှမ်းခြုံသွားသည်။ ဂူများ ရှေ့တွင် ထားရှိသော အမွှေးတိုင် များမှ ထွက်ပေါ်လာသည့် မီးခိုး များသည် ကောင်းကင်ပေါ်သို့ တဖြည်းဖြည်းလွင့် တက်သွားသည် မှာ အရုပ်ရေးခြယ်ထားဘိသကဲ့သို့ ဖြစ်နေသည်။

နောက်ပိုင်း အချိန်ကာလများ၌ အမွှေးတိုင်းမှ အမွှေးနံ့များကို ရှူရှိုက်မိသည့်အခါတိုင်း မစ္စတာမာရူယာမာ နှင့် ရီဟီးအိအမာနိယာ ကို စဉ်းစားမိကြလေသည်။

<u>မာဆိုး-ချန်</u>

တော့တိုး-ချန်သည် ဘူတာရုံသို့ အသွားနှင့် ဘူတာရုံမှအပြန် လမ်းပေါ်တွင် ကိုရီးယားလူမျိုးများ နေထိုင်ရာ အိမ်တစ်အိမ် ရှိသည်။ ထိုအိမ်၌ နေထိုင်သူများသည် ကိုရီးယန်းများ ဖြစ်ကြသည်ဆို သည်ကို သူမ မသိချေ။ သူမ သိသည်မှာ ထိုအိမ်၌နေသော

⇧ http://www.shwezinu.com ⇩

အမျိုးသမီးကြီးတစ်ယောက်သည် ဆံပင်ကို ဦးခေါင်း အလယ် တည့်တည့် မှ ခွဲ၍ သပ်သပ်ရပ်ရပ် ဖြီးထားကာ နောက်ဘက်သို့ လှန်ချ ထားသည်။ သူမသည် ဂဖိုင့်ဖိုင့် ဖြစ်သည်။ လေ့များကဲ့သို့ ဦးကော့သော ရော်ဘာဖိနပ်ဖြူကို စီးထား သည်။ သူမ၏ အင်္ကျီမှာ ရှည်လျားလွန်း ပြီးလျှင် ရင်ဘတ်တွင်လည်း လှပသော ပဂါရှည်ကို စည်း ထားသည်။ သူမသည် သူမ၏သားဖြစ်သူကို 'မာဆိုး-ချန်"ဟူ၍ တကြော်ကြော် အော်ခေါ်လေ့ရှိ သည်ဟူသော အချက်များကို တော့တိုး-ချန် သိထား လေသည်။

သူတို့၏အိမ်သည် အိုအိမာချိ မီးရထားလမ်း၏ အနီး၌ကပ်လျက် တည်ရှိလေသည်။ မာဆိုး-ချန် သည် မည်သူမည်ဂါ ဖြစ်သည် ဆိုသည်ကို တော့တိုး-ချန် သိသည်။ သူသည် သူမထက် အသက် အနည်းငယ် ပိုကြီးသည်။ သူသည် ဒုတိယတန်းကျောင်းသားည တစ်ယောက်ဖြစ်ဟန် တူသည်။ သို့သော် သူ မည်သည့် ကျောင်းသို့ သွားသည်ဆိုသည်ကိုမူ သူမ မသိချေ။ သူ၏ဆံပင်မှာ သပ်သပ် ရပ်ရပ် မဟုတ်ဘဲ ရှုပ်ပွနေပြီး၊ သူနှင့်အတူ ခွေးတစ်ကောင်အမြဲ ရှိသည်။ တစ်နေ့သ၌ တော့တိုး-ချန် အိမ်သို့ လမ်းလျှောက်ပြန် လာစဉ် လမ်းနံဘေးတွင် ခြေနှစ်ချောင်းခွဲ၍ မိုက်ဂိုက်အမူ အရာဖြင့် ခါးထောက်ရပ်နေသော မာဆိုး-ချန်က - "......" ဟု တော့တိုး-ချန်ကို အော်ပြောလိုက်သည်။

သူ၏အသံမှာ ရန်လိုသောအသံ၊ မုန်းတီးသောအသံ ဖြစ်သည်။ တော့တိုး-ချန် ထိတ်လန့်သွားသည်။ သူမသည် သူ့ကို တစ်ခါမျှ ရန်စသမှု ပြုလုပ်ခဲ့ခြင်း မရှိချေ။ ထို့ကြောင့် သူက သူမကို ယခုလို အော်ပြော လိုက်သည့် အခါ ထိတ်လန့်သွားခြင်း ဖြစ်သည်။
သူမ အိမ်ပြန်ရောက်သောအခါ အမေ့အား ထိုအကြောင်းကို ပြောပြမိသည်။
"မာဆိုး-ချန်က ကျွန်မကို မိုက်ဂိုက်နဲ့ ကြည့်တယ်"
အမေသည် သူမ၏ ပါးစပ်ကို လက်ဖြင့် ပိတ်လိုက်သည်။ အမေ၏ မျက်လုံးအိမ်များတွင် မျက်ရည် များဝဲနေသည်။ တော့တိုး-ချန် စိတ်ရှုပ်သွားသည်။ မကောင်းတဲ့အကြောင်းအရာ တစ်ခုခုတော့ ရှိမှာ ပဲဟု သူမ စဉ်းစား မိသည်။ အမေ၏ နှာခေါင်းထိပ်မှာ နီရဲလာသည်။

"သနားစရာကောင်းတဲ့ ကလေးပဲ၊ လူတွေက သူ့ကို '...' လို့ ခဏခဏ ခေါ်ပါများတော့ ဒီစကားလုံး ဟာ မကောင်းတဲ့ စကားလုံးဆိုတာ သူစဉ်းစားမိမှာပေါ့။ သူဟာ သိပ်ငယ်သေးတော့ ဒီစကားလုံး ရဲ့ အဓိပ္ပာယ်ကို ဘယ်သိပ့ါမလဲ၊ ဒီစကားလုံးရဲ့ အဓိပ္ပာယ်ဟာ 'ဘာကာ' မင်းအရူးပဲလို့ အပြောခံရတာ နဲ့ အတူတူပဲလို့ သူစဉ်းစားမိမှာပေါ့။ မာဆိုး-ချန်ဟာ လူတွေက သူ့ကို '...' လို့ ခဏခဏ ပြောဖန် များတော့ တစ်ယောက် ယောက်ကို ညစ်ညစ်ညမ်းညမ်းပြောချင်ရင် '...' ပြောတယ်လို့ သူ့ခမျာ ထင်ရှာမှာပေါ့။ ဒါကြောင့် သူကသမီးကို '...' လို့ ခေါ်တာပေါ့။ လူတွေဟာ ဘာဖြစ်လို့များ ဒီလောက် တောင် ရက်စက်ကြရပါလိမ့်"



⇧ http://www.shwezinu.com ⇩

အမေသည် သူမ၏ မျက်ရည်များကို သုတ်ပြီး တော့တိုး-ချန်ကို ဆက်ပြောပြန်သည်။ "သမီးဟာ ဂျပန်လူမျိုး ဖြစ်တယ်၊ မာဆိုး-ချန်ဟာ ကိုရီးယားလို့ခေါ်တဲ့ တိုင်းပြည်က လာတယ်။ ဒါပေမဲ့လို့ သူဟာသမီးလိုပဲ ကလေးတစ်ယောက်သာဖြစ်တယ်။ ဒါကြောင့် အမေပြောမယ် သမီးတော့တိုး-ချန် လူဟာ လူပဲ၊ လူချင်းမတူဘူးလို့ ခွဲခြားတဲ့စိတ်မထားနဲ့၊ ဟိုလူဟာ ဂျပန်၊ ဒီလူဟာ ကိုးရီးယားဆိုပြီး မစဉ်းစားနဲ့၊ မခွဲခြားနဲ့၊ မာဆိုး-ချန်ကို ကောင်းကောင်းမွန်မွန်ဆက်ဆံပါ။

အမေ့ ပြောစကားအားလုံးကို တော့တိုးချန် နားလည်ဖို့ သိပ်မလွယ်ပေ။ သို့သော် သူမ နားလည် လိုက်သည် မှာ မာဆိုး-ချန်သည် အချို့လူတွေက အကြောင်းမရှိဘဲ နှိမ့်ချပြောဆိုခြင်းကို ခံ နေရရှာသော လူငယ် ကလေး တစ်ယောက် ဖြစ်သည် ဆိုသည့်အချက်ပင်ဖြစ်သည်။

သို့အတွက် ကြောင့် သူ၏ အမေသည် သူ့ကို စိုးရိမ်စိတ်ဖြင့် တကြော်ကြော် ခေါ်လေ့ရှိသည် ဆိုသည် ကိုလည်း သူမစဉ်းစားမိသည်။ နောက်တစ်နေ့ နံနက်တွင် သူမထိုနေရာမှ ဖြတ်သွားသောအခါ တွင်လည်း "မာဆိုး-ချန်"ဟု သူ၏အမေ၏ ခေါ်သံ ကိုကြားရပြန်သည်။ ထိုအခါသူမက တကယ်လို့ မာဆိုး-ချန်ကသာ သူမကို '...' ဟု နောက်တခါ ခေါ်လျှင် "ငါတို့ဟာ ကလေးတွေပဲ၊ ငါတို့ဟာ အတူတူပဲ"ဟု ပြန်ပြောရန် စိတ်ကူး ထားလိုက်သည်။ ၎င်းအပြင် သူမသည် သူနှင့်မိတ်ဆွေဖြစ်ရန် ကြိုးစားကြည့်မည်ဟု စိတ်ကူးမိပြန်သည်။

မာဆိုး-ချန်၏ အမေက သားဖြစ်သူမကို ပူပင်စိတ်ဖြင့် တကြော်ကြော်ခေါ်နေသံသည် လေထဲတွင် အတန်ကြာ ပျံ့လွင့်နေသော်လည်း မီးရထားလမ်းပေါ်တွင် ခုတ်မောင်းသွား သော မီးရထားသံများ ပေါ်ထွက် သော အခါ၌မူ တိမ်မြုပ်သွား လေတော့သည်။

"မာဆိုး-ချန်"
ပူပန်သံ၊ဝမ်းနည်းသံ၊ ကြေကွဲသံများ ပါနေသော ထိုခေါ်သံကို ကြားရသူအဖို့ မေ့လို့မရမည် မဟုတ်ပါလေ။

## ကျစ်ဆံမြီး

ထိုအချိန်အခါက တော့ထိုး-ချန်တွင် ရည်ရွယ်ချက်ကြီး နှစ်ခုရှိသည်။ တစ်ခုမှာ အားကစားသမားများ ဝတ်သော ဘောင်းဘီပွ ကိုဝတ်ဆင်ရန်နှင့် အခြားတစ်ခုမှ သူမ၏ဆံပင်များကို ကျစ်ဆံမြီး ကျစ်ရန် ဖြစ်သည်။ မီးရထားပေါ်၌ ကျစ်ဆံမြီးကျစ်ထား သော ကျောင်းသူကြီးများကို တွေ့ရသောအခါ သူမ၏ ဆံပင် ကိုလည်း ထိုကျောင်းသူကြီးများကဲ့သို့ပင် ပြုပြင်ထားရှိရန် ဆုံးဖြတ်ထားသည်။ သူမ၏ အတန်းမှ အခြား မိန်ကလေး များက ဆံပင်တိုတိုကလေးများ ဖြစ်ထားသော်လည်း သူမ မှာမူ ဆံပင် ရှည်ရှည် များကို ဦးခေါင်း ၏ နောက်ဘက်တွင် နှစ်ခြမ်းခွဲ၍ ဖဲပြားများဖြင့် စည်း

⇧ http://www.shwezinu.com ⇩

ထားသည်။ ဤသို့ စည်းထားရန် အမေက လည်း အားပေးသည်။ ထို့ပြင် တော့တိုး-ချန်သည် ကျစ်ဆံမြီးကျစ်ရန် ဆံပင် ရှည်ရှည်များရှိရန် လိုအပ် သည် မဟုတ်ပါလား။

နောက်ဆုံး၌ အမေက သူမ၏ဆံပင်များကို ကျစ်ဆံမြီးနှစ်ခုဖြစ်အောင် ကျစ်ပေးလိုက်သည့်နေ့သို့ ဆိုက်ရောက် လာလေသည်။ ကျစ်ဆံမြီးများ၏ အဖျားပိုင်းများကို နူးညံ့ပျော့ပျောင်းသော ဖဲပြားများဖြင့် စည်းထား လေရာ သူမသည် ကျောင်းသူကြီးတစ်ယောက်ကဲ့သို့ ခံစားမိလေသည်။ သူမသည် မှန်ထဲ၌ သူမ ကို သူမ အပြန်ပြန် အလှန်လှန်ကြည့်သည်။ သူမ၏ ကျစ်ဆံမြီးများသည် မီးရထားပေါ်မှ ကျောင်းသူကြီးများ ၏ ကျစ်ဆံမြီးနှင့် မတူပုဟုထင်သည်။ သူမ၏ကျစ်ဆံမြီးများမှ တိုပြီးဆံပင်များမှာ လည်းပါးသည်။ ဂက်မြီး များမှနှင့် အလွန်တူသည်။ သူမသည် ရော့ကီထံပြေးသွားပြီး သူမ၏ ကျစ်ဆံမြီးများကို ကိုင်ပြ လိုက်သည်။ ရော့ကီသည် ၎င်း၏မျက်လုံးများကို ဖွင့်လိုက်ပိတ်လိုက် နှစ်ခါ ပြုလုပ်လိုက်သည်။

"နင်အမွေး တွေကိုလဲ ငါကျစ်ပေးချင်တယ်" ဟု တော့တိုး-ချန်က ရော့ကီးကို ပြောလိုက်သည်။
မီးရထားပေါ်သို့ ရောက်သောအခါ တော့တိုး-ချန်သည် ကျစ်ဆံမြီးများ ပြုတ်သွားမည်စိုး၍ သူမ၏ ဦးခေါင်းကို အတတ်နိုင်ဆုံး ငြိမ်ငြိမ် ထားသည်။
"ရထားပေါ်မှာ တစ်ယောက်ယောက်ကများ ကျစ်ဆံမြီးကို တွေ့ပြီး လှလိုက်တာဟယ်လို့များပြောရင် ဘယ်လောက် ကောင်းမလဲ"ဟု သူမတွေးမိသည်။ သို့သော် သူမဆံပင်ကို တစ်ယောက်မျှ မချီးကျူးပေ။ ကျောင်းသို့ ရောက်သောအခါ စာသင်ခန်းထဲတွင် ရှိနေကြသော မိရိုးချန်၊ စက်ကိုး-ချန်နှင့် ကီအီကို အာအိုကီ တို့က သူမကို တွေ့သော် "အိုးကျစ်ဆံမြီးနဲ့ ပါလား" ဟု ပြိုင်ပြောကြသည်။ သူမ အလွန် ပျော်သွားပြီး ကျစ်ဆံမြီးများကို သူတို့အားကိုင်ခွင့် ပြုလိုက်သည်။

ယောကျ်ားကလေးများက စိတ်မဝင်စားကြပေ။ သို့သော်လည်း နေ့လယ်စာ စားပြီးသောအခါ ရုတ်တရက် ဆိုသလိုပင် သူမ၏ အတန်းမှ အိုအီအမည်ရှိ ယောကျ်ားကလေးတစ်ယောက်က ကျယ်လောင်သော အသံ ဖြင့် ပြောလိုက်သည်။
"ဟိုး တော့တိုး-ချန်ရဲ့ ဆံပင်ပုံဟာ အသစ်ပါလား"
ယောကျ်ားလေးတစ်ယောက်က သတိပြုမိသောကြောင့် တော့တိုး-ချန် စိတ်လှုပ်ရှားသွားသည်။
"အဲဒါ ကျစ်ဆံမြီးလို့ခေါ်တယ်"
သူမက ဂင့်ကြွားစွာပြောလိုက်သည်။

ထိုအခါ အိုအီသည် သူမထံသို့လာ၍ လက်များဖြင့် ကျစ်ဆံမြီးများကို ကိုင်ဆွဲလိုက်သည်။
"ငါ သိမ်ပင်ပန်းနေတယ်၊ နင့်ဆံပင်တွေကို ငါခဏလောက်ကိုင်ထားရင် ကောင်းမလားလို့



⇧ http://www.shwezinu.com ⇩

စိတ်ကူး မိတယ်။ ဂီး ဒီဆံပင်တွေဟာ မီးရထားပေါ်က လက်ကိုင်ကွင်းတွေထက် ပိုပြီတော့ နူးညံ့တယ် ဟော့"
အိုအီကပြောလိုက်သည်။ သို့သော်လည်း သူမ၏ ဒုက္ခသည် ဤမျှနှင့် ပြီးမသွားပေ။ အိုအီသည် တော့တိုး-ချန်ထက် နှစ်ဆနီးပါး ကိုယ်ခန္ဓာကြီးထားသူဖြစ်သည်။ အမှန်တကယ်အားဖြင့် ဆိုလျှင် သူမသည် ပထမတန်း၌ အရွယ်ကြီးဆုံးနှင့် အဂဆုံးကျောင်းသူတစ်ယောက်ဖြစ်သည်။ ထို့ကြောင့် တော့တိုး-ချန်သည် ပက်လက်လန်လဲကျသွားသည်။ အိုအီသည် လဲကျသွားသော တော့တိုး-ချန်ကို ကျစ်ဆံမြီးမှပင် ပြန်ထူပေးသည်။ ဤသို့ထူးပေးရင်း သူ၏နှုတ်ခမ်းမှလည်း လွှန်ဆွဲပွဲတုန်းကအတိုင်း " ဟီး ဟို၊ ဟီး ဟို " ဟု အသံပြုသည်။ တော့တိုး-ချန်သည် နာလွန်းသောကြောင့် မျက်ရည်များကျအောင် အော်ငိုလိုက်သည်။

တော့တိုး-ချန်က ကျစ်ဆံမြီးသည် အရွယ်ရောက်လာခါစ မိန်းကလေးများ၏ အထိမ်းအမှတ် ဟုသိထားသည်။ ကျစ်ဆံမြီးများကိုမြင်လျှင် လူတိုင်းက သူမကို ယဉ်ယဉ်ကျေးကျေး ဆက်ဆံကြလိမ့် မည်ဟု မျှော်လင့်ထားသည်။ သူမသည်ငိုယိုရင်း ဆရာကြီး ရုံးခန်းသို့ ပြေးသွားသည်။ ငိုရှိုက်၍ တံခါးလာခေါက်သံကို ကြားရသောကြောင့် ဆရာကြီးက တံခါးထဖွင့်လိုက်သည်။ သူမ၏ မျက်နှာနှင့် တပြေးညီဖြစ်သွားရန် ခါးကို ကုန်းလိုက်ရင်း မေးလိုက်သည်။

"ဘာဖြစ်တာလဲ"
တော့တိုး-ချန်သည် သူမ၏ ကျစ်ဆံမြီးများ ပြုတ်သွားခြင်း ရှိမရှိကို လက်များဖြင့် စမ်းသပ်ရင်း ကိုင်လိုက်သည်။
"အိုအီက ကျစ်ဆံမြီးတွေကို ဆွဲတယ်၊ ' ဟီး-ဟို၊ ဟီး-ဟို'လို့အော်ရင်းဆွဲတယ်"
ဆရာကြီးသည် သူမ၏ဆံပင်များကို အသေအချာကြည့်လိုက်သည်။ သူမ၏ ကျစ်ဆံမြီးများသည် သူမ၏ မျက်ရည်ရွှဲနေသော မျက်နှာနှင့် မတူဘဲ၊ ရွှင်မြူးသောအသွင်ဖြင့် လှုပ်ယမ်းနေသည်ဟု ဆရာကြီး ထင်မိသည်။ ဆရာကြီးသည် ကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်ပြီး တော့တိုး-ချန် ကိုလည်း သူမ၏ရှေ့မှ ကုလားထိုင်ပေါ်တွင် ထိုင်ခိုင်းလိုက်သည်။ သူသည် သူ့တွင်သွားအချို့ မရှိသည်ကိုပင် ဂရုမပြုဘဲ ပြုံးလိုက်သည်။

"မငိုနဲ့၊ မင်းရဲ့ဆံပင်တွေဟာ သိပ်လှတယ်"
ဆရာကြီးက ပြောလိုက်သည်။
"ဆရာကြီးက သဘောကျသလား"
သူမက ခေါင်းထောင်လိုက်ပြီးလျှင် ရှက်စနိုးအမူအရာဖြင့် မေးလိုက်သည်။
"သိပ်လှတယ်"
ဆရာကြီးက ပြောလိုက်ပြန်သည်။



⇧ http://www.shwezinu.com ⇩

တော့တိုး-ချန် အငိုရပ်သွားသည်။ သူမသည် ထိုင်ရာမှ ထလိုက်ရင်း ပြောလိုက်သည်။
"ကျွန်မနောက် မငိုတော့ပါဘူး၊ တကယ်လို့ အိုအီက 'ဟီး-ဟို၊ ဟီး-ဟို့'လို့ ထပ်ပြောရင်လည်း မငို တော့ဘူး"
ဆရာကြီးသည် ပြုံး၍ ဦးခေါင်းကို ညိတ်လိုက်သည်။ တော့တိုး-ချန်ကလည်း ပြန်ပြုံးပြလိုက်သည်။ သူမ၏ပြုံးနေသော မျက်နှာသည် သူမ၏ ကျစ်ဆံမြီးနှင့် လိုက်ဖက်ညီသွားသည်။ ၎င်းနောက် သူမသည် ဆရာကြီးကို ဦးညွှတ်၍ အရိုအသေပြုလိုက်ပြီးလျှင် အခန်းထဲမှ ပြန်လည်ပြေးထွက်သွား ကာ အခြားကျောင်းသား များနှင့် အတူတူသွားကစားနေလေတော့သည်။ ခပ်စောစောပိုင်းက သူမငိုခဲ့ရသည့် အကြောင်းကို မေ့သလောက် ဖြစ်သွားချိန်တွင် သူမရှေ့၌ ခေါင်းကုတ်ရင်း လာရပ်နေသော အိုအီကို တွေ့လိုက်ရသည်။

"နင့် ကျစ်ဆံမြီးတွေကို ဆွဲမိတဲ့အတွက် ငါစိတ်မကောင်းပါဘူးကွာ"
အိုအီက အသံကျယ်လောင်စွာဖြင့် ပြောလိုက်သည်။
"ဆရာကြီးက ငါ့ကိုခေါ်ဆူတယ်၊ မိန်းကလေးတွေကို မစဖို့ ဆရာကြီးက ငါ့ကိုဆုံးမတယ်၊ မိန်းကလေး တွေအပေါ် ယဉ်ကျေးပါတဲ့။ ကိုယ့်ရဲ့နမလေးတွေလို သဘောထားပြီး စောင့်ရှောက်ဖို့ ငါ့ကိုဆုံးမတယ်"
တော့တိုး-ချန် အံ့အားသင့်သွားသည်။ မိန်းကလေးတွေကို မစပါနဲ့ဟု ဆုံးမသံကို သူမယခင်က မကြားဖူးချေ။ ယောကျ်ားကလေးများသည် အစဉ်သဖြင့် ဦးစားပေးခြင်းခံကြရသည်။ ကလေးများသော မိသားစုတွင် အစားအသောက်များ စားသည့်အခါ ယောကျ်ားကလေးများကသာ ဦးစားပေးခြင်းခံကြ ရသည်။ လက်ဖက်ရည်သောက်ချိန်တွင် မိန်းကလေးများ စကားပြောသည့်အခါ၌ အမေဖြစ်သူတို့က "မိန်းကလေးတွေ စကားကျယ်ကျယ် မပြောနဲ့လေ" ဟု ဆုံးမလေ့ရှိသည်။

ထိုကဲ့သို့သော် အခြေအနေမျိုး ရှိသော်ငြားလည်း ဆရာကြီးက အိုအီအား မိန်းကလေးများကို စောင့် ရှောက်ရမည်ဟု ဆုံးမသည်။ ထိုစကားကို ကြားရသောအခါ တော့တိုး-ချန်အဖို့ အထူးအဆန်း ဖြစ်နေသည်။ ဆရာကြီး၏ ဆုံးမစကားသည် အလွန်ကောင်းပါသည်ဟု သူမ စဉ်းစားမိသည်။ အစောင့်အရှောက်ခံရခြင်း သည် ကောင်းပါ၏။
အိုအီအဖို့ ရုတ်တရက် အရှိုက်ကို အထိုးခံလိုက်ရခြင်းနှင့်တူလေတော့သည်။ ထို့အပြင် သူ့အဖို့ တိုမိုကျောင်း၌ ဆရာကြီး၏ ဆုံးမခြင်းကို ခံရခြင်းသည် ယခုအကြိမ် ပထမဆုံးအကြိမ်ဖြစ်သလို နောက်ဆုံးအကြိမ်လည်း ဖြစ်တော့သည်။ သူသည် ထိုနေ့ကို ဘယ်တော့မှ မမေ့ပေ။

⇧ http://www.shwezinu.com ⇩

## ကျေးဇူးတင်ပါတယ်

နှစ်သစ်ကူး ကျောင်းပိတ်ရက်များ နီးကပ်၍ လာသည်။ ကလေးများသည် နွေရာသီကျောင်းပိတ် ရက်များမှာကဲ့သို့ ကျောင်း၌ စုဝေးခြင်း မရှိကြဘဲ အချိန်ရှိသရွေ့ သူတို့၏မိသားစုများနှင့်သာ အတူတူရှိနေကြသည်။ "နှစ်သစ်ကူးချိန်မှာ ငါတော့ ကျူရှူကျွန်းက ငါ့အဘွားဆီကို သွားမယ်" မီဂီတာက ကလေးတိုင်းကို ပြောသည်။ ဤတွင် သိပ္ပံစမ်းသပ်မှုများကို ပြုလုပ်ရန် ဝါသနာပါသော တာအီး-ချန်က "ငါကတော့ ငါ့အစ်ကိုကြီးနဲ့အတူ ရူပဗေဒဓာတ်ခွဲခန်းတစ်ခန်းကို သွားမယ်"ဟု ပြောလိုက်သည်။

"ကောင်းပြီလေ၊ ငါတို့ပြန်တွေ့ကြတာပေါ့"
ကျောင်းသားတိုင်းသည် သူတို့၏ အစီအစဉ်များကို တစ်ဦးနှင့်တစ်ဦး မခွဲခွာကြမီ ပြောကြဆိုကြ သည်။ တော့တိုး-ချန်သည် အဖေ၊ အမေတို့နှင့်အတူ ရေခဲပြင်၌ လျှောစီးရန် သွားသည်။ အဖေ၏ တီးဝိုင်းမှ ဆဲလိုအတီးအမှား ဟိုင်ဒီးယိုဆိုက်တိုတွင် ရှင်ဂါကုန်းမြင့်ဒေသ၌ လှပသော အိမ်တစ်ဆောင် ရှိသည်။ ဆောင်းဥတုချိန်ခါ သို့ရောက်သည့်အခါတိုင်း သူတို့သည် သူ၏အိမ်သို့ သွားရောက်လေ့ရှိ ကြသည်။ တော့တိုး-ချန်သည် ပထမတန်းမရောက်မီကတည်းက ရေခဲပြင်၌ လျှောစီးခြင်းကို သင်ယူခဲ့သည်။
မြင်းဖြင့် ဆွဲယူရသော စွပ်ဖားလှည်းတစ်မျိုးဖြင့် သူတို့သည် ရေခဲလျှောစီးခြင်း စတင်ပြုလုပ်မည့် နေရာသို့ သွားကြရသည်။

ထိုနေရာသည် ဆွတ်ဆွတ်ဖြူနေသော ဆီးနှင်းခဲများ ဖုံးလွှမ်းနေသော နေရာ ဖြစ်သည်။ သစ်ပင် အချို့ကိုမူ ဟိုတကွက် သည်တကွက် ကျိုးတိုးကျဲတဲ မြင်တွေ့ရသည်။ မစ္စတာဆိုက်တို၏ အိမ်မျိုး ကဲ့သို့သော အိမ်များ၌ တည်းခိုရန် အခွင့်အရေးမရကြသူများသည် ဂျပန်ပုံစံရှိသော တည်းခိုဆောင် တစ်ဆောင်၌ လည်းကောင်း၊ အနောက်တိုင်းပုံစံရှိသော ဟိုတယ်တစ်ခုတွင်လည်းကောင်း တည်းခို ကြရသည်ဟု အမေက ပြောပြလေသည်။

နိုင်ငံခြားသား အများအပြားသည် ရေခဲပြင်လျှောစီးရန်အတွက် ဤနေရာသို့ အများအပြားလာကြ သည်မှာ စိတ်ဝင်စားစရာ ကောင်းလှပေသည်။ တော့တိုး-ချန်အဖို့ ယခုနှစ်ကဲ့သို့ မဟုတ်တော့ပေ။ ယခုအခါ သူမသည် ပထမတန်းကျောင်းသူ တစ်ယောက် ဖြစ်လာလေပြီ။ အင်္ဂလိပ်စကား တစ်လုံးတတ်လာခဲ့လေပြီ။ အဖေက သူမကို "ကျေးဇူးတင်ပါတယ်" ဟု အင်္ဂလိပ်လို ပြောတတ်ရန် သင်ပေးထားသည်။

⇧ http://www.shwezinu.com ⇩

လှေျာမစီးမီ ဆီးနှင်းခဲပြင်ပေါ်တွင် မတ်တတ်ရပ်နေသည့် တော့တိုး-ချန်၏အနီးမှ ဖြတ်သန်းသွား လေ့ရှိသော နိုင်ငံခြားသားများသည် သူမကို စကားပြောသွားလေ့ရှိသည်။ သူတို့ပြောသည်များမှာ "ချစ်စရာမကောင်းဘူးလား" ဒါမဟုတ် အလားတူ အဓိပ္ပာယ်မျိုးသက်ရောက်သည့် စကားများသာ ဖြစ်ပုံရသည်။ သို့သော်လည်း သူတို့ပြောသွားသည့် စကားများ၏ အဓိပ္ပာယ်မျိုးသက်ရောက်သည့် စကားများသာ ဖြစ်ပုံရသည်။ သို့သော်လည်း သူတို့ပြောသွားသည့် စကားများ၏ အဓိပ္ပာယ်ကို တော့တိုး-ချန် နားမလည်ပေ။ ယခင်နှစ်များ၌ သူမအနေဖြင့် မည်သို့မှပြန်မပြောနိုင်ပေ။ သို့သော် ယခုနှစ်မှစ၍ သူမသည် ဦးခေါင်းကိုယမ်း၍ "ကျေးဇူးတင်ပါတယ်"ဟု အင်္ဂလိပ်လို ပြန်ပြောနိုင်လေ တော့သည်။

ဤသို့ဖြင့် ပြန်ပြောနိုင်ခြင်းကြောင့် နိုင်ငံခြားသားများသည် ရေးကထက်ပို၍ ပြုံးပြပြီး တစ်ယောက် နှင့်တစ်ယောက် သူတို့ဘာသာစကားဖြင့် သူမအကြောင်းကို ပြောသွားကြသည်။ တစ်ခါတစ်ရံတွင် လည်း အမျိုးသားကြီး တစ်ယောက်ယောက်က သူမကို ပွေ့ချီတတ်သည်။ "ကျေးဇူးတင်ပါတယ်" ဟု ပြောရုံမျှဖြင့် လူတွေနှင့် မိတ်ဆွေဖြစ်ရခြင်းသည် အလွန်ပင်ပျော်စရာကောင်းပါသည်ဟု တော့တိုး-ချန် တွေးမိလေသည်။
တစ်နေ့တွင် ရုပ်ချောသော လူငယ်တစ်ယောက်သည် သူမရှိရာနေရာသို့လာ၍ "မင်းငါ့ရဲ့ လှေျာပေါ် မှာ တက်ထိုင်ပြီး ငါနဲ့အတူတူ လှေျာစီးမလား"ဟု အမူအရာလုပ်ပြရင်း ပါးစပ်မှလည်း မေးပါသည်။ အဖေက သူမကို ခွင့်ပြုလိုက်သည်။
"ကျေးဇူးတင်ပါတယ်"
တော့တိုး-ချန်က ပြန်ပြောလိုက်သည်။

ထိုသူသည် တော့တိုး-ချန်ကို သူ၏လှေျာပေါ်သို့ တက်ထိုင်စေပြီး သူမ၏ ဒူးခေါင်းနစ်ဘက်ကို ကပ်ထား ခိုင်းသည်။ ထို့နောက် သူသည် သူ၏လှေျာနစ်ခုကို ခပ်စိတ်စိတ်ထား၍ တော့တိုး-ချန်နှင့် အတူ ရှင့်ဂါကုန်း မြေမြင့်ဒေသ၏ ချောမွေ့ပြေပြစ်ပြီး ရှည်လျားသော တောင်စောင်းအတိုင်း လှေျာစီးသွား လေတော့သည်။

သူတို့သည် လေကဲ့သို့လျင်မြန်စွာ သွားကြလေရာ ဤသို့သွားနေစဉ် နားရွက်များကို လေတိုးရာ၌ တဂီးဂီးအသံများ မြည်လျက် ရှိသည်။ တော့တိုး-ချန်သည် ရှေ့သို့မှောက်ထိုးလဲကျမသွားစေရန် အလို့ငှာ သူမ၏ ဒူးခေါင်းများကို တစ်ခုနှင့်တစ်ခု တတ်နိုင်သမျှ ပူးကပ်ထားသည်။ သူမသည် အနည်းငယ် ထိတ်လန့်သော်လည်း ပျော်ရွှင်မှုအရသာတစ်မျိုးကို ခံစားရလေသည်။ သူတို့ရပ်တန့် သွားသောအခါ သူတို့ကို စောင့်ကြည့်နေကြသူများက လက်ခုပ်တီးကြသည်။ တော့တိုး-ချန်သည် ထိုသူ၏ လှေျာပေါ်မှ ဆင်းလိုက်ပြီးနောက် သူတို့ကို ကြည့်နေကြသူများအား ဦးခေါင်းကို ခပ်ဆတ်



⇧ http://www.shwezinu.com ⇩

ဆတ်ညိတ်၍ အရှိအသေ ပြုရင်း "ကျေးဇူးတင်ပါတယ်" ဟု ပြောလိုက်သည်။ လက်ခုပ်သံများ ထပ်မံဆူညံသွားပြန်သည်။

နောက်အခါ၌ သူမသိရှိရသည်မှာ ထိုသူ၏အမည်မှာ စက်ကီနီဒါဖြစ်ပြီး သူသည်ကမ္ဘာကျော် ရေခဲပြင် လျှောစီးသမားတစ်ယောက် ဖြစ်လေသည်။ လျှောစီးသည့်အခါ၌ သူသည် ငွေဖြင့်ပြုလုပ်ထားသော တုတ်ချောင်းနှစ်ချောင်းကို အစဉ် အသုံးပြုလေ့ရှိသည်။ ထိုနေ့က သူ့ကို သူမအလွန်သဘောကျ နှစ်မြို့က်သည့် အချက်တစ်ချက် ရှိသည်။ ထိုအချက်မှာ သူတို့ လျှောစီးပြီးသည့်အခါ လူတိုင်းက လက်ခုပ်တီးနေစဉ် သူသည် သူမအနားသို့လာ၍ သူမ၏လက်ကိုကိုင်ပြီးနောက် သူမကို လေးလေး စားစား အသွင်ဖြင့် ကြည့်ကာ "ကျေးဇူးတင်ပါတယ်" ဟု ဦးညွှတ်ပြောလိုက်သည့်အချက်ပင် ဖြစ် သည်။ သူသည် သူမကို ကလေးငယ်တစ်ယောက်ဟု သဘောမထားဘဲ ဂုဏ်သရေရှိ အမျိုးသမီး ကြီးတစ်ယောက်လို သဘောထားလေသည်။ သူက ဦးညွှတ်လိုက်ချိန်တွင် တော့တိုး-ချန်၏ ရင်ထဲ၀ယ် သူသည် လူကြီး လူကောင်း တစ်ယောက် ဖြစ်သည်ဆိုသည်ကို အလိုလို သိလိုက်လေသည်။ သူ၏ နောက်ကျော၀ယ် ဆွတ်ဆွတ်ဖြူနေသော ဆီးနှင်းများဖုံးနေသည့် ရှုမျှော်ခင်းကြီးကို တမျှော်တခေါ်ကြီး မြင်တွေ့ နိုင်လေ သည်။

## <u>စာကြည့်ဆောင် ရထားတွဲ</u>

ဆောင်းရာသီကျောင်းပိတ်ရက်များ ကုန်ဆုံးပြီးနောက် ကျောင်းပြန်တက်လာသော ကျောင်းသား များအားလုံးသည် ထူးဆန်းအံ့သြဖွယ်ရာ ကောင်းပြီးလျှင် အသစ်အဆန်းတစ်မျိုးဖြစ်သော အရာ တစ်ခုကို ကျောင်း၌ တွေ့ကြသည်။ ထိုအရာကို တွေ့ကြသောအခါ၌ သူတို့ဂမ်းသာကြသော ကြောင့် အသံများဆူညံညံ ဖြစ်သွားကြသည်။ စာသင်ခန်းများသဖွယ် အသုံးပြုထားသော မီးရထား တွဲများ၏ ဆန့်ကျင်ဘက်နေရာနှင့် စုဝေးခန်းမကြီးအနီးရှိ ပန်းခင်းများနား၌ မီးရထားတွဲသစ်တစ်တွဲ ရောက်ရှိနေပါသည်။ သူတို့တတွေမရှိခိုက် ထိုတွဲသည် စာကြည့်ဆောင်အဖြစ် ရောက်ရှိလာခြင်း ဖြစ်သည်။ လူတိုင်း၏ ချစ်ခြင်းကိုခံရပြီး အလုပ်အမျိုးမျိုးလုပ်နိုင်သော ကျောင်းစောင့် ယရိုး-ချန် သည် အံ့သြဖွယ်ကောင်းလောက်အောင် အလုပ်လုပ်သူတစ်ယောက် ဖြစ်သည်။ သူသည် ရထားတွဲ ထဲ၌ စာအုပ်များတင်ရန် စင်များကို တကန့်ပြီးတကန့် ပြုလုပ်သည်။ ထိုစင်များပေါ်တွင် အရောင် အမျိုးမျိုးနှင့် အရွယ်အစားအမျိုးမျိုး ရှိသော စာအုပ်များကို တင်ထားသည်။ ကျောင်းသားများထိုင်၍ စာဖတ်နိုင်ရန် စားပွဲစောင်းများနှင့် ကုလားထိုင်များကိုလည်း ထားရှိပေသည်။

"ဒါဟာ မင်းတို့ရဲ့ စာကြည့်ဆောင်ဖြစ်မယ်"ဟု ဆရာကြီးက ပြောသည်။ "ဒီထဲက စာအုပ်တွေကို မင်းတို့အားလုံး ဖတ်နိုင်တယ်၊ ဘယ်သူပဲဖြစ်ဖြစ် ဖတ်နိုင်တယ်။ အဆင့် အတန်း မခွဲခြားထားဘူး။ အချိန်မရွေး ဒီထဲလာပြီး စာဖတ်နိုင်တယ်။ ဒီထဲက



⇦ http://www.shwezinu.com ⇨

စာအုပ်တစ်အုပ်အုပ် ကို ငှားချင်တယ်ဆိုရင်လဲ ငှားနိုင်တယ်။ အိမ်ကို ယူသွားလို့လည်း ရတယ်။ မင်းတို့ဖတ်ပြီးရင် ပြန် ယူလာဖို့တော့ မမေ့ကြပါနဲ့။ မင်းတို့အိမ်မှာ စာအုပ်တွေရှိရင် အဲဒီစာအုပ်တွေဟာ တခြားသူတွေ ဖတ်သင့်တယ်လို့ မင်းတို့ ယူဆရင် ဒီကိုယူလာခဲ့ကြပါ။ ဆရာကြီးအနေနဲ့ သိပ်ဂမ်းသာမှာပဲ၊ ဘယ်လိုပဲဖြစ်ဖြစ် မင်းတို့စာကို ဖတ်နိုင်သလောက် ဖတ်ကြပါ"

"ကနေ့ ပထအချိန်ကို စာကြည့်ဆောင်အချိန်အဖြစ် သတ်မှတ်ပေးပါ ဆရာကြီး" ကျောင်းသားအားလုံးက တညီတညွတ်တည်း ပြောကြသည်။

"မင်းတို့အားလုံး လိုလားကြသလား"

ဆရာကြီးက မေးလိုက်သည်။ သူတို့တတွေ စိတ်အားထက်သန်နေကြည်ကို တွေ့ရသည့်အတွက် ဆရာကြီးသည် အားရပါးရပြုံးလိုက်သည်။

"ကောင်းပြီလေ၊ ဒီလိုဆိုရင်လည်း မင်းတို့ရဲ့ဆန္ဒအတိုင်းပဲပေ့ါ"ဟု ဆရာကြီးကပင် ဆက်ပြော လိုက်သည်။

ထိုအခါ တိုမိုကျောင်းရှိ ကျောင်းသားအားလုံးဖြစ်သော ကျောင်းသားငါးဆယ်သည် စာကြည့်ဆောင် ရထားတွဲပေါ်သို့ စုပြုံတက်သွားကြလေတော့သည်။ သူတို့တတွေသည် စိတ်အားထက်သန်စွာ သူတို့ လိုချင်သော စာအုပ်များကို ရွေးယူကြပြီး ထိုင်ဖတ်ကြသည်။ သို့သော်လည်း ကျောင်းသား တစ်ဂက်သာ ထိုင်စရာ နေရာ ရသောကြောင့် ကျန်တစ်ဂက်မှာ မတ်တတ်ရပ်နေကြရသည်။ ၎င်းတွဲ ကိုကြည့်ရသည်မှာ လူများဖြင့် ပြည့်ကျပ်နေသော တကယ့်မီးရထားတွဲနှင့် တူလေသည်။ စိတ်ကြည်နူးဖွယ်ရာ မြင်ကွင်း တစ်မျိုးပင် ဖြစ်ပါသည်။

ကလေးများအားလုံးမှာ ပျော်ရွှင်နေကြသည်။ တော့တိုး-ချန်သည် စာကောင်းကောင်း မဖတ်တတ်သေး ပေ။ ထို့ကြောင့် သူမသည် အရုပ်များများပါပြီး စိတ်ဂင်စားဖွယ် ကောင်းမည်ဟု ယူဆရသော စာအုပ် တစ်အုပ်ကို ရွေးယူ လိုက်သည်။ ကျောင်းသားတိုင်း၏ လက်ထဲသို့ စာအုပ်တစ်အုပ်စီ ရောက်သွား၍ စာမျက်နှာများကို လှန်နေချိန်တွင် ရထားတွဲတစ်တွဲလုံး ရုတ်တရက် တိတ်ဆိတ်သွားလေသည်။ သို့သော် ထိုတိတ်ဆိတ် မှုသည် ကြာမရှည်ပေ။ ဆူသံညံသံ စကားသံများက တိတ်ဆိတ်ခြင်းကို ဖြိုဖျက်လိုက်သည်။ အချို့ ကျောင်းသား များက စာပိုဒ်များကို အသံထွက်၍ ဖတ်ကြသည်။ အချို့မှာ သူတို့မသိသော စာလုံးများ၏ အဓိပ္ပာယ်ကို မေးကြသည်။ အချို့ကမူ တစ်ယောက်နှင့်တစ်ယောက် စာအုပ်ချင်း အလဲအလှယ် ပြုလိုက် ကြသည်။ ရယ်မောသံများကလည်း ထွက်ပေါ်လာသေးသည်။

တိုမိုကျောင်းမှ ကျောင်းသားကျောင်းသူများအား သူတို့သင်ယူလိုသော ဘာသာရပ်များကို သူတို့ စိတ်တိုင်းကျသလို သင်ယူရန် ခွင့်ပြုထားသည်။ ၎င်းအပြင် သူတို့တတွေအား ပတ်ဂန်းကျင်၌ မည်သို့ပင် ဖြစ်နေပစေ၊ မိမိတို့၏ စိတ်အာရုံကို အလုပ်၌သာ စူးစိုက်ရန်



⇧ http://www.shwezinu.com ⇩

အလေ့အကျင့်တစ်မျိုးကို လည်း သင်ကြားပေးထား၏။ ထို့ကြောင့် မိမိအနားတွင် သီချင်းအော်ဆိုသူကဆို၊ ပုံဆွဲသူကဆွဲနေ သော်လည်း မည်သူမျှ အနှောင့်အယှက် မဖြစ်ပေ။

ကျောင်းသားအများစုသည် စာဖတ်နေကြသည်။ တော့တိုး-ချန်၏ စာအုပ်သည် ရေးရိုးပုံပြင်တစ်ပုဒ် ဖြစ်ဟန်တူသည်။ ၎င်းပုံပြင်မှာ လေလည် လွန်းသောကြောင့် ယောက်ျားမရဘဲ ဖြစ်နေသည့် သူဌေးသမီးတစ်ယောက်အကြောင်း ဖြစ်သည်။ နောက်ဆုံး၌ သူမ၏ မိဘများသည် သူမအတွက် ယောက်ျားတစ်ယောက်ကို ရှာဖွေပေးနိုင်ခဲ့ လေသည်။ သို့သော်လည်း မင်္ဂလာဆောင်သည့် ညတွင် သတို့သမီးသည် စိတ်လှုပ်ရှားလွန်းသော ကြောင့် ခါတိုင်းထက်ပို၍ ကျယ်လောင်စွာ လေလည်လိုက်မိသည်။ သူမ လေလည်လိုက်သော ကြောင့် သတို့သားသည် ခုတင်ပေါ်မှ လွင့်ထွက်သွားပြီး ခုတင်ပတ်ပတ်လည်တွင် ခုနစ်ပတ်ခန့် လည်ပြီးတော့မှ အောက်သို့ ပြုတ်ကျကာသတိလစ်သွားလေတော့သည်။ သတို့သားလေထဲလွင့် နေသည့်ပုံမှာ သရုပ်ပါလွန်းလှပေသည်။ ထို့ကြောင့် စာအုပ်ကို ကျောင်းသားများအလုအယက် ငှား ကြလေသည်။

ကျောင်းသားများက နံနက်ခင်းနေရောင်ခြည်၏ အလင်းရောင်ဖြင့် စာအုပ်များကို ဖတ်နေကြသည် မြင်တွေ့ရသော ဆရာကြီးသည် ဂမ်းသာလုံးများဆို့လျက် ရှိနေလေတော့၏။
ကျောင်းသားများသည် ထိုနေ့တစ်နေ့လုံး စာကြည့်ဆောင် မီးရထားတွဲ၌ပင် အချိန်ကုန်ခဲ့ကြလေ သည်။ နောက်ရက်များတွင်လည်း မိုးရွာသောကြောင့် အပြင်ထွက်၍ မကစားနိုင်သည့်အခါ၌ ဖြစ်စေ၊ သို့မဟုတ် အခြားအခြားသော အားလပ်ချိန်များ၌ ဖြစ်စေ၊ စာကြည့်ဆောင်သည် ကျောင်းသား အများစု စုဝေးရနေရာ ဖြစ်လာလေတော့သည်။

"စာကြည့်ဆောင်အနားမှာ အိမ်သာဆောက်ပေးရရင် ကောင်းမယ်ထင်တယ်"
ဆရာကြီးသည် နေ့တစ်နေ့တွင် အထက်ပါအတိုင်း ပြောခဲ့သည်။ ဤသို့ပြောရခြင်းမှာ အကြောင်း ရှိလေသည်။ အဘယ့်ကြောင့်ဆိုသော် ကလေးများသည် သူတို့၏စာအုပ်များတွင် စိတ်ဝင်စားနေကြ လွန်းသောကြောင့် အပေါ့အပါးပင် မသွားဘဲ အောင့်ထားကြလေရာ၊ နောက်ဆုံး၌ အောင့်ထားရန် မတတ်နိုင်တော့မှ မျက်နှာများကို ရှုံ့မဲ့ပြီး စုဝေးခန်းမကြီးနောက်နားရှိ အိမ်သာသို့ ကသောကမျော ပြေးသွားကြသောကြောင့် ဖြစ်လေသည်။

**<u>အမြီးများ</u>**

တစ်နေ့သော မွန်းလွဲပိုင်းအချိန် ဖြစ်သည်။ ကျောင်းလွှတ်ပြီဖြစ်၍ တော့တိုး-ချန်သည်

⇧ http://www.shwezinu.com ⇩

အိမ်ပြန်ရန် ပြင်ဆင်နေစဉ် အိုအီသည် သူမထံသို့ ပြေးလာကာ တိုးတိုးကလေး ပြောလိုက်သည်။
"ဆရာကြီး တစ်ယောက်ယောက်ကို စိတ်ဆိုးနေတယ်"
"ဘယ်မှာလဲ"ဟု တော့တိုး-ချန်က မေးလိုက်သည်။ ဆရာကြီး စိတ်ဆိုးသည်ကို သူမသည် တစ်ခါမှ တွေ့လည်းမတွေ့ဖူး၊ ပြောသံလည်း မကြားဖူးချေ။ ထို့ကြောင့် သူမ အံ့ဩခြင်း ဖြစ်သည်။ အိုအီ သည်လည်း အံ့ဩလွန်းသောကြောင့် သူမထံယခုလို ပြေးလာပြီး ပြောပြခြင်း ဖြစ်သည်။

"သူတို့မီးဖိုချောင်ထဲမှာ"ဟု အိုအီက ပြောလိုက်သည်။ ရိုးသားသော အသွင်ကို ဆောင်နေသော သူ၏ မျက်လုံးများသည် ပို၍ ပြူးလာပြီး နှာခေါင်းပေါက်များမှာလည်း အနည်းငယ် ကျယ်ပွလာသည်။
"သွားမယ်"
တော့တိုး-ချန်သည် အိုအီ၏ လက်ကိုဆွဲ၍ ဆရာကြီး၏ အိမ်ဘက်သို့ ပြေးသွားသည်။ ဆရာကြီး အိမ်မှာ စုဝေးခန်းမကြီးနှင့် တစ်ဆက်တည်း တည်ရှိသည်။ မီးဖိုချောင်သည် ကျောင်းအားကစားကွင်းကို ကျောခိုင်း ထားသည်။ အညစ်အကြေးများစွန့်ရာ ကန်ထဲသို့ တော့တိုး-ချန်ကျသွားစဉ်က သူမ၏ ကိုယ်ပေါ်မှ အညစ် အကြေးများကို ဆေးကြောပစ်ရန် အလို့ငှာ ထိုမီးဖိုချောင်တံခါးမှ တစ်ဆင့် ရေချိုးခန်းထဲသို့ ဝင်သွားရပြီး ရေများဖြင့် စင်ကြယ်အောင် ဆေးကြောသုတ်သင်မှုကို ပြုလုပ်ခဲ့ရသည်။ ဆရာကြီး၏ ဤမီးဖိုချောင်ထဲ၌ပင် "ပင်လယ်သမုဒ္ဒရာထဲက တစ်မျိုးမျိုး၊ တောင်ကုန်းပေါ်မှ တစ်မျိုးမျိုး"ကို ချက်ပြုတ်ပြီးနောက် နေ့လယ်စာ စားချိန်၌ ထိုဟင်းများကို ကျောင်းသားများအား ဝေငှပေးခဲ့သည်။

ကလေးနှစ်ယောက်သည် ခြေဖျားများထောက်၍ မီးဖိုချောင်တံခါးရှိရာသို့ ကပ်သွားစဉ် ပိတ်ထားသော တံခါးကို ဖြတ်ကျော်ပြီး ပေါ်ထွက်လာသည့် ဆရာကြီးက စိတ်ဆိုးစွာပြောနေသော စကားသံများကို ကြားကြရသည်။ "တာကာဟာရှိမှာ အမြီးရှိတယ်လို့ ခင်ဗျားက ဘာဖြစ်လို့ မစူးစမ်း မဆင်ခြင်ဘဲ ပြောရတာလဲ" ဆရာကြီး၏ အပြစ်တင်ခြင်းကို ခံနေရသူမှာ သူတို့၏ အတန်းပိုင် ဆရာမ ဖြစ်သည်။ "ကျွန်မပြောလိုက်တာဟာ အမှုမဲ့အမှတ်မဲ့ သဘောမျိုးနဲ့ ပြောလိုက်တာပါ။ ကျောင်းသားတွေကို ကြည့်လိုက် တော့ သူ့ကိုပထမဆုံး မြင်တွေ့လိုက်တာပါ။ နောက်ပြီးတော့ သူဟာလဲ ထူးထူး ခြားခြားရှိနေ လို့ပါ" ဟု ဆရာ၏ ပြန်ဖြေသံကို သူတို့ ကြားရသည်။

"ဒါပေမဲ့လို့ ခင်ဗျားပြောလိုက်တဲ့ အဓိပ္ပာယ် က ဘယ်လောက် ထိခိုက်နိုင်တယ်ဆိုတာ ခင်ဗျား မစဉ်းစား မိဘူးလား၊ တာကာဟာရှိနဲ့ ပတ်သက်ပြီး ကျွန်တော်ဘယ်လို ဂရုတစိုက်လုပ်ပေး နေရတယ်ဆိုတာ ခင်ဗျား သဘော ပေါက်ဖို့ ကောင်းပါတယ်"

⇧ http://www.shwezinu.com ⇩

တော့တိုး-ချန်သည် ယနေ့နံနက်တွင် အတန်းထဲ၌ ဖြစ်ပျက်သည့် အဖြစ်အပျက်ကို သတိရလိုက်သည်။ အတန်းပိုင်ဆရာမက သူတို့အား လူတွေမှာ အစပထမက အမြီးများရှိခဲ့သည်ဟု ပြောသည်။ ကလေးများက ထိုစကားကို ကြားရသောအခါ ရယ်စရာကောင်းသည်ဟု ထင်မှတ်ကြသည်။ ဆရာမ၏ ပြောစကားကို ကြားရသူ လူကြီးများအဖို့မှာမူ ဆရာမသည် သဘာဝလောကကြီး၏ တရွေ့ရွေ့ ပြောင်းလဲလာမှုကို နိဒါန်းပျိုးနေပြီဟု သိကြမည် ဖြစ်သည်။ ကလေးများသည် ဆရာမ၏ ပြောစကားကို စိတ်ဝင်စားစွာ နားထောင်ကြသည်။ ဆရာမက သူတို့တစ်တွေအား လူတိုင်းတွင် အမြီးပေါက်ထားသည့်နေရာ ကျန်ရစ် သည်ဟု ပြောလိုက်သည့်အခါတွင် ကျောင်းသားတိုင်းက ဘယ်နေရာပါလိမ့်ဟု တွေးတော ကြသည်။ မကြာမီအချိန် အတွင်းမှာပင် တစ်တန်းလုံးသည် ရယ်သံ များဖြင့် လွှမ်းခြုံသွားလေတော့သည်။ နောက်ဆုံး ၌ ဆရာမသည် ပျော်စေပြက်စေလိုက်သော သဘောဖြင့် "ဒီအထဲက တစ်ယောက်ယောက် ဆီမှာ အမြီးရှိရင် ရှိနေဦးမှာ၊ ဘယ်လိုလဲ တာကာဟာရှီ" ဟု ပြောလိုက်သည်။

တာကာဟာရှီ ထိုင်နေရာမှ လျင်မြန်စွာ ထလိုက်ပြီး နောက်ဦးခေါင်းကို တွင်တွင်ခါ၍ "ကျွန်တော့်မှာ အမြီး မရှိပါဘူး"ဟု ခပ်မြန်မြန် ဖြေလိုက်သည်။ ဆရာကြီးသည် ထိုအဖြစ်အပျက်ကို ပြန်ပြောနေခြင်း ဖြစ်သည်ကို တော့တိုး-ချန် နားလည်လိုက်သည်။

"ခင်ဗျား နည်းနည်းကလေးမှ မစဉ်းစားမိဘူးလားဗျ၊ မင်းမှာ အမြီးရှိသလားလို့ အမေးခံရတဲ့ တာကာဟာရှီ ဟာ စိတ်ထဲ ဘယ်လိုများ ခံစားလိုက်ရမယ်ဆိုတာ" ဆရာကြီး၏ လေသံသည် စိတ်ဆိုးနေသော လေသံသည် စိတ်ဆိုးနေသော လေသံမှ ဝမ်းနည်းသော လေသံ သို့ ပြောင်းသွားသည်။ ဆရာမ ပြန်ဖြေသံကို သူတို့မကြားရချေ။

အမြီးကိစ္စနှင့် စပ်လျဉ်း၍ ဆရာကြီးဘာကြောင့် ဤမျှစိတ်ဆိုးခြင်း ဖြစ်ရသည်ကို တော့တိုး-ချန် နားမလည်နိုင်အောင် ဖြစ်မိသည်။ အကယ်၍ ဆရာကြီးကသာ သူမကို မင်းဆီမှာ အမြီးရှိသလားဟု မေးလာလျှင် သူမအနေဖြင့် ကြည်ကြည်ဖြူဖြူပင် အမေးခံမည် ဖြစ်သည်။

တော့တိုး-ချန်သည် သာမန်ကလေးတစ်ယောက်ဖြစ်သော်လည်း တကာကာဟာရှီမှာမူ အခြား ကလေးများ နှင့်မတူဘဲ ကိုယ်ခန္ဓာဆက်လက်ကြီးထွားမှု ရပ်ဆိုင်းသွားပြီ ဖြစ်သည်။ ဤသည်ကို ဆရာကြီးကောင်းစွာ သိထား၏။ သို့ဖြစ်သောကြောင့် ဆရာကြီးသည် အားကစားပြိုင်ပွဲနေ့က တာကာဟာရှီတစ်ယောက် ကောင်းစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် ပွဲစဉ်များတွင် သီးသန့်အစီအစဉ် များကို အသစ်တီထွင်ပေးထားခြင်း ဖြစ်သည်။ ရေကူးကန်ထဲ၌ ကလေးများ ရေကူးရာတွင်လည်း ရေကူးဝတ်စုံမပါဘဲ ရေကူးစေခြင်းမှာ တာကာဟာရှီတို့လို ကလေးများအဖို့ စိတ်အားငယ်မှု မရှိစေရန် ထိုသို့စီစဉ်ခဲ့ခြင်း



⇧ http://www.shwezinu.com ⇩

ဖြစ်လေသည်။ ဆရာကြီး သည် တာကာဟာရှီနှင့် ယာဆူအာကီ-ချန်တို့လို မသန်မစွမ်းလူငယ်များကို စိတ်အားမငယ်စေရန် အတတ်နိုင် ဆုံး ကြိုးစားဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် တာကာဟာရှီကဲ့သို့သော် ကလေးကိုမှ အမြီး ရှိသလားဟု မေးမိခြင်းသည် အလွန်ပင် မစူးမစမ်းမဆင်မခြင် နမော်နမဲ့နိုင်သော မေးခွန်းဖြစ်သည့် အတွက် ဆရာကြီး အနေဖြင့် သည်းမခံနိုင် ဖြစ်လေသည်။

ဆရာကြီးသည် ထိုအတန်းသို့သွားစဉ် အတန်း၏နောက်ကျောဘက်၌ ရပ်နေခိုက် ဆရာမ ပြောဆိုသည် များကို ကြားခဲ့ရခြင်း ဖြစ်လေသည်။ အတန်းပိုင်ဆရာမ၏ ငိုသံကို တော့တိုး-ချန်တို့ ကြားလိုက်ရသည်။ "ကျွန်မ သိပ်မှားပါတယ်၊ တာကာဟာရှီကို စိတ်မကောင်းမဖြစ်ဖို့ ကျွန်မ ဘယ်လိုလုပ်ရပ့ါမလဲ" သူမသည် ငိုရှိုက်ရင်း ပြောလိုက်သည်။

ဆရာကြီးသည် ဘာမျှမပြောတော့ပေ။ သူတို့သည် တံခါးရှိ မှန်များမှတစ်ဆင့် အထဲသို့ လှမ်းကြည့် ကြသေး သော်လည်း ဘာကိုမျှ မမြင်ကြရပေ။ ဆရာကြီးသည် သူတို့၏ အတန်းပိုင်ဆရာမကို အခြားဆရာ၊ ဆရာမများရှေ့၌ မဆူဘဲ မီးဖိုချောင် သို့ ခေါ်ဆူခြင်း ဖြစ်သည်။ ဤသည်ကို တော့တိုး-ချန်တစ်ယောက် ကောင်းစွာသတိပြုမိသည်။ ဤ အပြုအမူက ဆရာကြီးသည် ပညာရှိပီသရာရောက်ကြောင်း ပြသရာရောက်သည်ဟု နောင်သော အခါမှ တော့တိုး-ချန် သဘောပေါက်လာသည်။ ဆရာကြီး၏အသံနှင့် ပြောစကားများကို တော့တိုး-ချန်၏ ရင်ထဲဝယ်အစဉ်အမြဲ စွဲမှတ်လျက် ရှိနေပါတော့သည်။ ထိုအချိန်ကာလသည် နွေဦးရာသီ အခါသမယပင် ဖြစ်သည်။ တိုမိုကျောင်းသို့ သူမရောက်လာ သည်မှာ နွေဦးရာသီ နှစ်ကြိမ်သို့ပင်တိုင်ခဲ့လေပြီ။ နွေဦးရာသီသည် ပညာသင်နှစ်တစ်နှစ်၏ အစပင် ဖြစ်သည်။

## တိုမိုကျောင်းတွင် ဒုတိယနှစ်

ကျောင်းဝင်းထဲရှိ သစ်ပင်များ အားလုံးပေါ်တွင် သစ်ရွက်စိမ်းများ ပေါ်ထွက်လျက် ရှိနေလေပြီ။ ပန်းခင်း များရှိ ပန်းပွင့်များမှာလည်း ပွင့်နေကြလေပြီ။ ပန်းပွင့်များက "နင်တို့နေကောင်းကြရဲ့လား" ဟု တိုမို ကျောင်းသူ ကျောင်းသားများကို နှုတ်ဆက်နေကြပုံရသည်။

ရေကူးကန်နံဘေးရှိ ကွန်ကရစ် ရေကန်ငယ်ကလေးများထဲ၌ မွေးမြူထားသော ရွှေငါးကလေးများ မှာလည်း ပျော်မြူးစွာဖြင့် ရေကူးနေကြလေပြီ။ "နွေဦးရာသီ ရောက်လာပြီ"ဟု ပြောစရာမလိုပါ။ အလုံးစုံသောအရာများသည် လန်းလန်းဆန်းဆန်း၊ ဖျတ်ဖျတ် လတ်လတ်၊ တောက်တောက်ပပ ရှိလာပြီဖြစ်သောကြောင့် နွေဦးရာသီရောက်လာပြီဆို သည်ကို မပြော ဘဲနှင့် သိနိုင်လေသည်။ နွေဦးရာသီကို လူတိုင်း သိကြပါ၏။



⇧ http://www.shwezinu.com ⇩

တိုမိုဂါကူးအန်သို့ အမေနှင့်အတူ တော့တိုး-ချန် ပထမဆုံး စရောက်သည့် နံနက်ခင်းမှ ရေတွက် လျှင် တစ်နှစ် တင်းတင်းပြည့်ခဲ့လေပြီ။ ထိုနေ့နံနက်က သူမသည် ကျောင်းခြံဝင်းဂရှိ အပင်ပေါက်နေ သော တံခါးကို ကြည့်၍ အံ့ဩခြင်း ဖြစ်ခဲ့ရသည်။ မီးရထားတွဲထဲ၌ ပြုလုပ်ထားသော စာသင်ခန်း များကို မြင်ရသော အခါ သူမသည် စိတ်လှုပ်လှုပ်ရှားရှား ဖြစ်မိသည်။ ကျောင်းအုပ်ဆရာကြီး အိုဆာကူး ကိုဘာ ယာရှီသည် သူမ၏ မိတ်ဆွေကြီးဖြစ်လာပြီဆိုသည်ကို အသေအချာသိရှိသော အခါက သူမသည် ပျော်ရွှင် လွန်း၍ ခုန်လိုက်ပေါက်လိုက် ပြုလုပ်မိသည်ကိုလ်း သူမ မမေ့ပေ။

ယခုအခါတွင် တော့တိုး-ချန်နှင့် သူမ၏ အတန်းသားများသည် ဒုတိယတန်းသို့ တက်လာကြပြီ ဖြစ်သော ကြောင့် ပျော်ရွှင်နေကြလေပြီ။ ပထမတန်းကျောင်းသူ အသစ်ကလေးများမှာလည်း ကျောင်းသို့ ရောက်ရှိ လာကြလေပြီ။ သူတို့တတွေသည် ယမန်နှစ်က တော့တိုး-ချန်နှင့် သူမ၏ အတန်းသားများ ပြုလုပ်ခဲ့ကြသည့် နည်းလမ်း အတိုင်း ပတ်ဂန်းကျင်ကို ထူးဆန်းအံ့သြစွာဖြင့် ကြည့် လျက်ရှိနေကြလေပြီ။
လွန်ခဲ့သော တစ်နှစ်လုံးသည် တော့တိုး-ချန်အဖို့ မှတ်သားဖွယ်ရာကောင်းသော နှစ်ပင် ဖြစ်တော့ သည်။ သူမသည် နံနက်ခင်းတိုင်းကို အမြဲတမ်းစောင့်မျှော်သမှု ပြုခဲ့၏။ သူမသည် လမ်းပေါ်က အဆိုတော်များကို အခု အချိန်ထိ သဘောကျနေဆဲပင် ဖြစ်သည်။ သို့သော်လည်း သူမအနေဖြင့် ပတ်ဝန်းကျင်၌ ဖြစ်ပျက် နေသည်များကို များစွာလေ့လာသိရှိထားခဲ့လေပြီ။ ကျောင်း၌ အနှောင့် အယှက် ဖြစ်သည်ဟူသော အကြောင်း ပြချက်ဖြင့် ကျောင်းမှ နုတ်ပယ်ခြင်းခံခဲ့ရသော မိန်းကလေး ငယ်သည် တိုမိုကျောင်း၏ တန်ဖိုးရှိ ကလေးငယ် တစ်ယောက် ဖြစ်လာပေပြီ။

အချို့သော ကျောင်းသားသမီးများသည် တိုမိုကျောင်း၏ ပညာသင်ကြားပုံ နည်းစနစ်အပေါ် မယုံကြည် သလိုလို ဖြစ်လာကြသည်။ တော့တိုး-ချန်၏ အမေနှင့်အဖေတို့သည်ပင်လျှင် သူတို့၏ လုပ်ရပ် မှန်ရဲ့ လားဟု စဉ်းစား ကြသည့်အချိန်များ ရှိခဲ့သည်။ မစ္စတာ ကိုဘာယာရှီ၏ ပညာ သင်ကြား ပုံနည်း စနစ်အပေါ် သံသယ ရှိလာကာ အပေါ်ယံကြောကိုသာ ကြည့်ပြီး မကြိုက်ဟု ဆုံးဖြတ်ကြသော အချို့ ကျောင်းသား မိဘ များသည် သူတို့၏ကလေးများကို ကျောင်းပြောင်းထားရန် စီစဉ်ကြလေသည်။

သို့သော် ကလေးများအနေဖြင့် တိုမိုကျောင်းမှ မခွဲခွာလိုကြပေ။ သူတို့ ငိုကြသည်။ ကံအားလျော်စွာ တော့တိုး-ချန်၏ အတန်းမှ မည်သူတစ်ဦးတစ်ယောက်မှ ကျောင်းထွက်သွားခြင်း မရှိပေ။ သို့သော် လည်း သူတို့ထက် အတန်းကြီးသော ကျောင်းသားတစ်ယောက်မှာမူ အခြားကျောင်းသို့ မပြောင်း လိုသောကြောင့် ဆရာကြီး၏ ကျောကုန်းကို အတင်းတွယ်ဖက်ထားသည်။ သူ၏မျက်နှာမှာလည်း မျက်ရည်များဖြင့် ပေကျံ နေတော့သည်။ ဆရာကြီး၏ မျက်လုံးများမှာလည်း ငိုထားသဖြင့် နီရဲလျက် ရှိသည်။



⇦ http://www.shwezinu.com ⇨

နောက်ဆုံး၌ ထိုကျောင်းသားသည် သူ၏မိဘများနှင့်အတူ လိုက်ပါသွားရာလေရာ သူသည် ကျောင်းကို လှည့်ကြည့်ရင်း ခဏခဏ လက်ပြေ ယမ်းပြသွားရှာလေသည်။

ဤကဲ့သို့ ကြေကွဲဖမ်းနည်းဖွယ်ရာ အဖြစ်များသည် ခဏခဏ မပေါ်ပေါက်ခဲ့ပေ။ တော့တိုး-ချန် သည် ယခု အခါ ဒုတိယတန်းကျောင်းသူ ဖြစ်လာခဲ့လေပြီ။ သူမသည် အံ့သြဖွယ်ရာများ၊ ရွှင်မြူး ဖွယ်ရာများနှင့် မှတ်သား ဖွယ်ရာများကို နေ့စဉ် တွေ့ရှိရန်ကိုလည်း မျှော်လင့်ထားပြီး ဖြစ်လေသည်။ ယခု အခါ၌ တော့တိုး-ချန်၏ ကျောင်းလွယ်အိတ်သည် သူမ၏ ကျောကုန်းနှင့်ပါ ထိတွေ့မှု များလာ သောကြောင့် ပို၍ယဉ်ပါးလာလေပြီ ဖြစ်သည်။

<u>ငှန်းတို့၏ ရေကန်</u>

ဟီဘီရာဇာတ်ရုံတွင် တင်ဆက်လျက်ရှိသော 'ငန်းတို့၏ ရေကန်' ဘဲကလေးကပွဲကို တော့တိုး-ချန် သည် ကြည့်ခွင့်ရသည်။ အဖေက တယော ထိုးသည်။ ဘဲကလေး သူများမှာလည်း အလွန်တော် သူများ ဖြစ်သည်။ သူမအနေဖြင့် ဘဲလေးအကကို ယခုမှ ပထဦးဆုံးအကြိမ် ကြည့်ဖူးခြင်း ဖြစ် သည်။

ငန်းတို့၏ဘုရင်မအဖြစ် သရုပ်ဆောင်သူသည် သေးငယ်ပြီး အရောင်တဖျပ်ဖျပ် တောက်နေသည့် သရဖူကို ဆောင်းထားသည်။ လေထဲ၌ ခုန်ပျံနေသည်မှာ တကယ့်ငန်းနှင့် တူသည်။ မင်းသားသည် ငန်းဘုရင်မနှင့် ချစ်ကျွမ်းဝင်လျက် ရှိသည်။ အခြားငန်းများကို တခြားသို့ သွားစေပြီးနောက် သူတို့ နှစ်ဦးသားသည် ညက်ညောစွာဖြင့် ကခုန်ကြလေသည်။

တော့တိုး-ချန်သည် တေးဂီတသံများကိုလည်း အလွန်နှစ်သက်မိသည်။ သူမ အိမ်ပြန်ရောက်သည့် အခါတွင်လည်း ပြန်မစဉ်းစားမိဘဲ မနေနိုင်ချေ။ နောက်တစ်နေ့နံနက် အိပ်ရာမှ နိုးလျှင်နိုးချင်း သူမသည် ဆံပင်ကို မဖြီးနိုင်သေးဘဲ အမေရှိရာ မီးဖိုချောင်သို့ သွား၍ "ကျွန်မ သူလျှိုတစ်ယောက် လည်း မဖြစ်ချင် တော့ဘူး။ လမ်းပေါ်က အတီးအမှုတ်သမားလည်း မလုပ်တော့ဘူး။ မီးရထား လက်မှတ်ရောင်းသမားလည်း မဖြစ်ချင်တော့ဘူး။ ကျွန်မလေ ဘဲလေးကချေသည် တစ်ယောက် ဖြစ်အောင် လုပ်ပြီး 'ငန်းတို့ရဲ့ ရေကန်'မှာ ဝင်က တော့မယ်"ဟု ပြောလိုက်သည်။
"အိုး ..."
အမေသည် ထိုမျှသာ အသံပြုလိုက်သည်။ သူမသည် အံ့သြခြင်းဖြစ်ဟန်မတူ။

တော့တိုး-ချန်သည် ဘဲလေးအကကို ယခုမှပထမဆုံးအကြိမ် ကြည့်ဖူးခြင်းဖြစ်သော်လည်း ကျောင်းအုပ် ဆရာကြီး ထံမှ ဘဲလေးအကကို လှပစွာကနိုင်သော အမေရိကန်ဘဲလေး



⇧ http://www.shwezinu.com ⇩

ကချေသည် အိုင်ဆာ ဒိုးရာဒန်းကင် အကြောင်းကိုမူ ကြားဖူးထားလေပြီ။ အိုင်ဆာဒိုးရာဒန်းကင်သည် မစ္စတာ ကိုဘာယာရှိ ကဲ့သို့ပင် ဒါးလ်ခရိုဇီ၏ အနုပညာလွှမ်းမိုးခြင်းကို ခံရသူ ဖြစ်သည်။ တော့တိုး-ချန်သည် အိုင်ဆာ ဒိုးရာဒန်းကင်၏ အဆိုအကကို မမြင်ဖူးသော်လည်း သူမနှင့် သိကျွမ်းနေသည်ဟု သူမ၏ စိတ်ဂယ် ထင်မှတ်နေမိသည်။

တိုမိုကျောင်းတွင် ယိမ်းအကကို လာရောက်သင်ပြပေးသော ဆရာသည် မစ္စတာကိုဘာယာရှိ၏ မိတ်ဆွေ တစ်ယောက်ဖြစ်သည်။ သူသည် ကျောင်းအနီး၌ အကသင်တန်းဖွင့်ထားသည်။ ကျောင်းဆင်းချိန်၌ သူ၏ သင်တန်းတွင် အကသင်ခန်းစာများကို သင်ကြားနိုင်ရန် အမေသည် တော့တိုး-ချန်အတွက် စီစဉ်ပေးသည်။ အမေသည် တော့တိုး-ချန်ကို ဟိုဟာလုပ်၊ ဒီဟာမလုပ်နဲ့ဟု ဘယ်တော့မှ မပြောပေ။ သို့သော်လည်း တော့တိုး-ချန်က တစ်စုံတစ်ရာလုပ်ချင်ပါသည်ဟု ပြော လာလျှင် သူမသည် လိုက်လျောလေ့ ရှိသည်။ သူမသည် သမီးဖြစ်သူကို မေးခွန်းအမျိုးမျိုးမေးလေ့ မရှိဘဲ လိုအပ်သော အစီအစဉ်များကိုသာ ပြုလုပ် ပေးသည်။

တော့တိုး-ချန်သည် 'ငန်းတို့၏ ရေကန်'တွင် ပါဂင်ကပြနိုင်ရန် ဟူသော မျှော်လင့်ချက်ဖြင့် အက သင်တန်း၌ သင်ခန်းစာများကို စတင် သင်ကြားသည်။ ဆရာ၌ သူ၏ကိုယ်ပိုင်သင်ကြားနည်း ရှိသည်။ တိုမိုကျောင်း၌ သူတို့ သင်ကြားရသော ယိမ်းအကအပြင် ဆရာသည် သူ၏တပည့်များကို စန္ဒရားတီး၍ လည်းကောင်း၊ ဓာတ်ပြား ဖွင့်ပြ၍လည်းကောင်း၊ စာပိုဒ်ငယ်များကို ရွက်ပြ၍ လည်းကောင်း သင်ကြားပေးသည်။ သို့သော် တော့တိုး-ချန် ၏ ရင်ထဲဂယ် အရောင်တလဲ့လဲ့ တောက်ပနေသော သရဖူကို ဆောင်းထားသည့် ငန်းသာ ရှိသည်။ ဆရာ၏ သင်နည်းများကို သူမ စိတ်မဂင်စားပေ။
တစ်နေ့တွင် တော့တိုး-ချန်သည် စိတ်အားတင်း၍ ဆရာ့ထံသွားသည်။ ဆရာ၏ဆံပင်များမှာ ရှည် ပြီး ကောက်ကွေး နေသည်။ တော့တိုး-ချန်သည် သူမ၏ လက်နှစ်ဖက်ကို ဆန့်တန်း၍ ငန်းအတောင် ပံများ ခတ်သလို ပြုလုပ်လိုက်သည်။

"ကျွန်မတို့ဒီလို မလုပ်ကြဘူးလား" ဟု မေးလိုက်သည်။ ဆရာသည် ရုပ်ချောသူတစ်ယောက် ဖြစ်သည်။ သူ၏ မျက်လုံးများမှာ ကြီး၍ လုံးဝိုင်းသည်။ သူ့တွင် ကောက်သော နှာခေါင်းရှိသည်။
ဒီမှာ ငါ့တို့ အဲဒါမျိုး မသင်ဘူး
ဆရာ ကပြောလိုက်သည်၊
ထို့ကြောင် ့တော့တိုး-ချန်သည် ဆရာ၏သင်တန်းသို့ ဆက်မတက်တော့ချေ. နောင်နှစ်အတန်ကြာသောအခါ တော့တိုး-ချန်သည် သိရှိလာခဲ့သည်မှာ ထိုဆရာ၏အမည်မှာ ဘာကူးအစ်ရှီ ဖြစ်ပြီး သူသည် ဂျပန်ပြည်၌ ဘဲလေးအက

⇧ http://www.shwezinu.com ⇩

ဆန်းတစ်မျိုးကို တီထွင်ခဲ့သူဖြစ်သည် သာမက ထိုဒေသကိုပင် 'ဂျီယူဂါ အိုကာ' (လွတ်လပ်သောတောင်ကုန်း)ဟု အမည်ပေးခဲ့သည် ဆိုသည့် အချက်များပင် ဖြစ်သည်။

## လယ်သမားကျောင်းဆရာ

"ယနေ့ မင်းတို့ကို သင်ကြားပြသမည့် ဆရာဟာ ဒီဆရာပဲ၊ သူဟာ မင်းတို့တစ်တွေကို အမျိုးမျိုးသင် ပြမယ်"
ဆရာကြီးသည် ထိုသို့မိတ်ဆက်စကားပြောပြီးလျှင် ဆရာအသစ်တစ်ယောက်နှင့် သူတို့ကို မိတ်ဆက် ပေးသည်။ တော့တိုး-ချန်သည် ဆရာအသစ်ကို အသေအချာ ကြည့်လိုက်သည်။ ပထမ အချက်မှာ သူသည် ကျောင်းဆရာ တစ်ယောက်ကဲ့သို့ အဂတ်ဂတ်ထားခြင်း မရှိ။ သူ၏ အပေါ်အင်္ကျီမှာ ချည်အင်္ကျီ တိုဖြစ်သည်။ လည်ပင်းမစည်းထားဘဲ လည်ပင်း၌ မျက်နှာသုတ်ပဝါ ကို ပတ်ထားသည်။ သူ၏ဘောင်းဘီမှာ မဲနယ်ရောင် ချည်ဘောင်းဘီ ဖြစ်သည်။ ဘောင်းဘီပွ မဟုတ်ပေ။ ၎င်းအပြင် ဘောင်းဘီ၌ ဖာထေး ထားသည့်အရာများ ရှိသည်။ သူသည် ရှူးဖိနပ်မစီးဘဲ အလုပ်ကြမ်းသမားများ စီးလေ့ရှိသည့် ရော်ဘာ ဖိနပ်ကို စီးထားသည်။ သူ၏ဦးခေါင်းပေါ်တွင် မြက်ဦးထုပ်ကြီးကို ဆောင်းထားသည်။

ကျောင်းသား ကလေးများအားလုံးသည် ကူဟွန်းဘတ်စုဘုရားကျောင်းရှိ ရေကန်အနီးတွင် စုရုံး ရောက်ရှိ နေကြခြင်း ဖြစ်သည်။ တော့တိုး-ချန်သည် ဆရာကို စိုက်ကြည့်ရင်း ယခင်က ဘယ်မှာ တွေ့ဆုံဖူးပါလိမ့်ဟု စဉ်းစားလိုက်သည်။ "ဘယ်နေရာမှာလဲ"ဟု စဉ်းစားသည်။ သူ၏ ကြင်နာမှုရှိသော မျက်နှာမှာ နေလောင်ထားပြီး အတွန့် အတွန့် များဖြင့် ပြည့်နက်လျက် ရှိနေသည်။ သူမ ရုတ်တရက် မှတ်မိသွားသည်။

"ဦးလေးကြီးဟာ စမ်းချောင်းနားက လယ်ကွင်းထဲမှာ အလုပ်လုပ်တဲ့ လယ်သမားကြီး မဟုတ်လား" ဟု တော့တိုး-ချန် သည် ဂမ်းမြောက်ဂမ်းသာ မေးလိုက်သည်။ "ဟုတ်တယ်ကဲ့" ဟု ဆရာက ပြောလိုက်သည်။ "ကူဟွန်းဘတ်စု ကို မင်းတို့တတွေ လမ်းလျှောက်သွားကြတိုင်း ငါ့လယ်ကွင်းအနီးက ဖြတ်သွား ကြတယ် မဟုတ်လား၊ မုန်ညင်းပွင့်တွေ ပွင့်နေတဲ့ လယ်ကွင်းဟာလေ၊ အဲဒီလယ်ကွင်းပေါ့"
"ဟိုး ဦးလေးကြီးဟာ ယနေ့ ကျွန်တော်တို့ ဆရာပေါ့နော်" ကလေးများ ထံမှ ကျယ်လောင်သောအသံထွက်လာသည်။

"မဟုတ်ဘူး၊ ငါဟာ 'ဆရာ' မဟုတ်ဘူး၊ လယ်သမား တစ်ယောက်ပဲ၊ မင်းတို့ရဲ့ ဆရာကြီးက ကူညီပါလို့ ပြောလို့ပေါ့" လယ်သမားကြီးက သူ၏မျက်နှာရှေ့တွင် သူ၏လက်ကို ဝှေ့ယမ်းရင်း ပြောလိုက်သည်။ "အိုး ဟုတ်တယ်၊ သူပြောသလိုပဲ၊

⇧ http://www.shwezinu.com ⇩

သူဟာမင်းတို့ရဲ့ လယ်သမား ဆရာတစ်ယောက်" ဆရာကြီး သည် သူ၏နံဘေးတွင် လာရပ်ရင်း ပြောလိုက်သည်။

"လယ်ကွင်းထဲမှာ အပင်ဘယ်လို စိုက်ရမယ် ဆိုတာကို သူက မင်းတို့ကို သင်ပေးလိမ့်မယ်၊ ဘာနဲ့ တူသလဲ ဆိုတော့ မုန့်ဖုတ်သမားက ပေါင်မုန့် ဘယ်လို ဖုတ်ရသလဲဆိုတာကို ပြသလိုပေါ့"

ထို့နောက် ဆရာကြီးသည် လယ်သမားကြီးဘက်သို့ လှည့်ပြီး "ဘာလုပ်ရမယ် ဆိုတာ ကလေးတွေ ကို ပြောပြပါ..၊ ကဲ....စကြစို့" သာမန်မူလတန်းကျောင်း တစ်ကျောင်း တွင် ကလေးများကို စာသင်ပြရမည့် သူများ၌ ဆရာဖြစ် အောင်လက်မှတ် များ ရရှိထားရန် လိုအပ်ပေသည်။ သို့ရာတွင် မစ္စတာကိုဘာယာရှိသည် ထိုအကြောင်း ကိစ္စမျိုး ကို သိပ်အမှုမထားချေ။ ကလေးများအနေဖြင့် လက်တွေ့လုပ်ငန်းများကို ကိုယ်တိုင်ကိုယ်ကြပ် မြင်တွေ့ပြီး လေ့လာဆည်းပူး ဖို့သာ အရေးကြီးပါသည်ဟု သူ့အနေဖြင့် စိတ်ကူးမိလေသည်။

"ဒီလိုဆိုရင် ငါတို့စကြစို့"ဟု လယ်သမားဆရာက ပြောလိုက်သည်။

သူတို့ရောက်ရှိသည့်နေရာမှာ ကူဟွန်းဘတ်စု ရေအိုင်အနီးတွင် ဖြစ်သည်။ ထိုနေရာသည် တိတ်ဆိတ်သော နေရာလည်း ဖြစ်သည်။ သာယာသော နေရာလည်း ဖြစ်သည်။ ရေအိုင်ပတ်ပတ် လည်တွင် အရိပ် ကောင်းသော သစ်ပင်များလည်း ရှိသည်။ ဆရာကြီးသည် ပေါက်တူး၊ ဂေါ်ပြားအစ ရှိသော လယ်ယာသုံး ပစ္စည်းများသည် ကလေးများ ကိုင်တွယ် အသုံးပြုနိုင်သော ပစ္စည်းအမျိုးမျိုး ဖြစ်သည်။ လယ်သမား ဆရာက ကလေးများအား ပေါက်တူးများနှင့် ဂေါ်ပြားများကို ယူစေပြီးနောက် မြက်များကို ရှင်းလင်း ခိုင်းသည်။ သူသည် သူတို့ကို မြက်များအကြောင်း ပြောပြသည်။ မြက်များသည် အလွန်အကြမ်း ပတမ်းခံ ကြကြောင်း၊ အချို့မြက်ပင်များသည် ကောက်ပဲသီးနှံပင် များထက်ပို၍ လျင်မြန်စွာ ပေါက်ကြ ပြီးနောက် ကောက်ပဲသီးနှံပင်များ နေရောင်ခြည်မရအောင် ကာဆီးထား တတ်ကြောင်း၊ မကောင်းသော ပိုးမွှား များသည် မြက်ပင်များကြား၌ ခိုအောင်းလေ့ရှိကြောင်း၊ မြက်ပင်များသည် မြေကြီးထဲ၌ရှိသော မြေသြဇာ များကို စားသုံးပစ်ကြောင်း စသည်တို့ကို တစ်ဆင့် ပြီးတစ်ဆင့်၊ တစ်ခုပြီးတစ်ခု ရှင်းပြသည်။ သူသည် စကားပြောနေရင်း မြက်များကို မည်သို့ သုတ်သင်ရှင်းလင်းရမည်ကိုလည်း လက်တွေ့ လုပ်ပြသည်။ ကလေးများကလည်း သူလုပ်သလို လိုက်လုပ်ကြသည်။ ၎င်းနောက်ဆရာသည် ပေါက်တူးကို ဘယ်လို ပေါက်ရမည်၊ ထယ်ကြောင်းများ ကို ဘယ်လိုလုပ်ရမည်။ မြေသြဇာကို မည်သို့ ထည့်ရမည် အစရှိသဖြင့် လယ်ကွင်းတွင် စိုက်ရေးရေး ပြုလုပ်ရမည့်အကြောင်းအရာ မှန်သမျှအားလုံးကို ရှင်းပြသည်။ ရှင်းပြရင်း လက်တွေ့ လုပ်ပြ သည်။

⇧ http://www.shwezinu.com ⇩

မြွေငယ်ကလေးတစ်ကောင်သည် ခေါင်းထောင်၍ အသက်ခပ်ကြီးကြီး ကျောင်းသား တစ်ယောက် ဖြစ်သော တား-ချန်၏ လက်ကို ပေါက်မည်ကဲ့သို့ လုပ်သည်။ လယ်သမားဆရာက ...

"ဒီကွင်းထဲမှာရှိတဲ့ မြွေတွေဟာ အဆိပ်မရှိဘူး၊ မင်းတို့က သူတို့ကို နာကျင်အောင် မလုပ်သရွေ့ သူတို့ ကလည်း မင်းတို့ကို နာကျင်အောင် မလုပ်ဘူး"ဟု နှစ်သိမ့်စကားပြောလိုက်သည်။

ကလေးများအား လယ်ကွက်ထဲ၌ မည်သို့ စိုက်ပျိုးရမည်ကို သင်ကြားပြသည့်အပြင် ဆရာသည် သူတို့ တတွေကို စိတ်ဝင်စားဖွယ်ရာများအကြောင်း၊ လိပ်ပြာများအကြောင်း၊ မိုးလေဝသ ရာသီဥတု အကြောင်း ကိုပြောပြသည်။ ဖုထစ်နေသော လက်များက သူသည် လက်တွေ့သမား တစ်ဦးဖြစ်ကြောင်း ကလေးများ ကို သက်သေပြလျက် ရှိသည်။

ကလေးများသည် ဆရာ၏အကူအညီဖြင့် လယ်ကွက်ထဲ၌ စိုက်ခြင်းပျိုးခြင်း အလုပ်ကို လုပ်ကိုင် ပြီးသွား လေပြီ။ သူတို့အားလုံးမှာ ချွေးများဖြင့် ရွှဲရွှဲစိုနေကြသည်။ အချို့ထယ်ကြောင်းများ အနည်းငယ် မညီမညာ ရှိသည်မှအပ သူတို့ကိုယ်တိုင်ကိုယ်ကြပ် စိုက်ပျိုးထားသော လယ်ကွင်းကို မည်သည့်နေရာမှပင် ကြည့်ကြည့် အတွေ့အကြုံရှိသော လယ်သမားကြီးတစ်ဦး စိုက်ပျိုးထားသော လယ်ကွင်းနှင့်မခြား မြင်တွေ့ နိုင်ပါသည်။

ထိုနေ့မှစ၍ ကလေးများသည် ထို လယ်သမားကြီးကို အထူးချစ်ခင်လေးစားလာကြသည်။ သူ့ကို မြင်တွေ့သည့်အခါ မည်မျှပင် အလုပ်မ်းကျာပေးနေစေကာမူ "ဟိုမှာ ငါတို့ရဲ့ လယ်သမားဆရာ"ဟု အော်ပြောလေ့ ရှိသည်။ ထိုလယ်သမားကြီး အနေဖြင့်လည်း ဓာတ်မြေသြဇာ အပိုအလျှံများ ရလာ သည့်အခါတိုင်း ကလေးများ၏ လယ်ကွက်ထဲသို့ ထည့်ပေးလေ့ရှိလေရာ ကလေးများ စိုက်ပျိုးထား သော လယ်များသည် ကောင်းစွာ ရှင်သန်ကြီးထွားလာလေသည်။ ကျောင်းသားများသည် တစ်ယောက်စီ အလှည့်ကျ ထိုလယ်ကွက်ရှိရာသို့ နေ့တိုင်းသွားရောက်ပြီး အခြေအနေကို စစ်ဆေး ကြရသည်။ သူ၏ တွေ့ရှိချက်များကို ဆရာကြီးနှင့် ကျောင်းသားများအားလုံးအား အသိပေးရသည်။ ကလေးများသည် သူတို့ကိုယ်တိုင်ကိုယ်ကြပ် လက်တွေ့စိုက်ပျိုးထားသော မျိုးစေ့များမှ အပင်ငယ် များ ပေါက်လာသည်ကို မြင်တွေ့ရသောအခါ အလွန်ပျော်ရွှင်ကြသည်။ ကလေးများသည် သုံးလေး ယောက်မစုမိနှင့်၊ စုမိသည်နှင့် သူတို့လက်တွေ့ စိုက်ပျိုးထားသော လယ်ကွက်ထဲရှိ အပင်ငယ်များ အကြောင်းကို အားရပါးရ ပြောကြ လေသည်။

ကမ္ဘာ၏ အခြားအခြားသော အစိတ်အပိုင်းများတွင် ကြောက်စရာကောင်းသော အဖြစ်အပျက်များ စတင်ဖြစ်ပျက်လျက် ရှိနေလေပြီ။ သို့သော်လည်း ထိုကလေးများသည် သူတို့၏ သေးငယ်သော လယ်ကွင်း များအကြောင်းကို ဆွေးနွေးပြောဆိုကြရာ၌ သူတို့တတွေ၏ စိတ်ထဲ၀ယ် ငြိမ်းချမ်းရေးကို ဖက်တွယ် ထားကြသည်နှင့်



⇧ http://www.shwezinu.com ⇩

တူနေပါတော့သည်။

## လက်တွေ့ မီးဖိုချောင်းအလုပ်

တနေ့သော် ကျောင်းလွှတ်ချိန်တွင် တော့တိုး-ချန်သည် မည်သူ့ကိုမျှ စကားလည်းမပြော၊ နှုတ်လည်း မဆက်ဘဲ ကျောင်းဝင်းတံခါးမှ ဂျီယူဂါအိုကာ ဘူတာရုံသို့ အမြန်ဆုံး ပြေးသွားသည်။ ဤသို့ပြေးသွားစဉ် သူမနှုတ်မှ "မိုးကြိုးကမ်းပါးယံမှာ လက်တွေ့ချက်ပြုတ်စားသောက်ကြမယ်၊ မိုးကြိုးကမ်းပါးယံမှာ လက်တွေ့ချက်ပြုတ် စားသောက်ကြမယ်"ဟု ခပ်တိုးတိုးကလေး ရွတ်သွား သည်။

သူမတို့လို ငယ်ရွယ်သော ကလေးတစ်ယောက်အဖို့ ထိုစာကြောင်းသည် အလွယ်တကူ မေ့သွားနိုင် သော စာကြောင်း ဖြစ်သည်။ တော့တိုး-ချန်သည် ထိုစာကြောင်းကို မေ့မသွားစေရန် အလို့ငှာ ကြိုးစားပမ်းစား ကျက်မှတ် ထားရလေရာ၊ တစ်ဦးတစ်ယောက်ကိုသာ စကားပြောလိုက်မိပါက သူမကျက်ထားသော စာကြောင်းကို မေ့သွားနိုင်လေသည်။ "ငါတို့အိမ်ပြန်ကြစို့"ဟု ပြောလိုက်မိ လျှင်ပင် မေ့သွားဖွယ်ရာ အကြောင်း ရှိလေသည်။ ထို့ကြောင့် သူမသည် မည်သူ့ကိုမျှ စကားမပြော ဘဲ ထိုစာကြောင်း ကိုသာ ထပ်ခါတလဲလဲ ခပ်တိုးတိုးကလေး ရွတ်ဆိုနေမိခြင်း ဖြစ်သည်။

ကံကောင်းထောက်မသောကြောင့် မီးရထားပေါ်၌ သူမကို မည်သူမျှ စကားမပြောကြပေ။ မီးရထားပေါ်၌ မည်သည့်အကြောင်းအရာကိုမျှ စပ်စပ်စုစုမပြုလုပ်ပေ။ သို့သော်လည်း မီးရထားပေါ် မှ ဆင်းပြီး ဘူတာရုံမှ အထွက်ပင် သူမကိုသိသော ဘူတာရုံမှ အမှုထမ်းတစ်ဦးက "ဟဲလို မင်းပြန် လာပြီကိုး"ဟု နှုတ်ဆက်လိုက်သသည်။ သူမသည် ပြန်လည် နှုတ်ဆက်ရန် ဟန်ပြင်ပြီးမှ သူမ အလွတ်ရွတ်နေသော စာကြောင်းကိစ္စကို သတိရလိုက်မိသဖြင့် သူ့ကို လက်ပြန်ပြရုံသာပြလိုက်ပြီး အိမ်သို့အမြန်ဆုံး ပြေးသွားလေတော့သည်။

အိမ်ရှေ့တံခါးဝသို့ ရောက်သည်နှင့် သူမသည် "မိုးကြိုးကမ်းပါးယံမှာ လက်တွေ့ချက်ပြုတ် စားသောက်ကြမယ်"ဟု အသံကုန်ဟစ်၍ အော်ဆိုလိုက်သည်။ အစပထမ၌ အမေက သမီးဖြစ်သူ သည် ဂျူဒိုကစားသည့်အခါ ရွတ်ဆိုရသည့်အလေ့အတိုင်း ရွတ်ဆိုလေသလော၊ သို့မဟုတ် ယို နင်လေးဆယ့်ခုနစ်ယောက်တို့၏ ရွတ်ဆိုသံကိုတုပြီး လိုက်ရွတ်လေသလားဟု တွေးမိသည်။ သို့သော် ခဏအကြာတွင် သူမအဖြေမှန်ရလိုက်သည်။ ဂျီယူဂါအိုကာဘူတာရုံနှင့် သုံးဘူတာခြား သော တိုဒိုရိုကီ ဘူတာရုံအနီးတွင် တိုဒိုရိုကီ၊ ကီအိကိုကူး (သို့မဟုတ်) မိုးကြိုးကမ်းပါးယံမှ ခေါ်တွင် သော ထင်ရှားသည့် စခန်းတစ်ခု ရှိလေသည်။ ၎င်းနေရာ၌ ရေတံခွန်တစ်ခု၊ စမ်းချောင်းတစ်ခုနှင့် လှပသော သစ်တော ရှိသည်။ လက်တွေ့ချက်ပြုတ်စားသောက်ကြမယ်ဟု ဆိုရာတွင်



⇧ http://www.shwezinu.com ⇩

ကလေးများ သည် ထိုနေရာသို့ သွားရောက်ပြီး ချက်ပြုတ်စားသောက်ကြမယ်ဟု ဆိုလိုခြင်း ဖြစ်သည်။

တော့တိုး-ချန်သည် အမေ့အား သူမတို့ သွားရောက်မည့် အစီအစဉ်များကို တစ်ခုပြီးတစ်ခု အကျယ် တဝင့် ပြောပြသည်။ ကလေးများအားလုံးသည် လာမည့် သောကြာနေ့နံနက်တွင် ကျောင်းသို့ သွားရောက်စုဝေးကြရမည်။ သူတို့နှင့်အတူ စွပ်ပြုတ်ထည့်ရန် ခွက်တစ်လုံး၊ ထမင်းထည့်ရန် ပန်းကန်တစ်လုံး၊ တူနှစ်ချောင်းနှင့် ဆန်တစ်ပန်းကန်လုံး ယူလာကြမည် ဖြစ်သည်။ ဆရာကြီးက ချက်ပြုတ်ပြီးရင် ပန်းကန်လုံးနှစ်လုံးစာ ရမည်ဟု ပြောကြောင်းကိုလည်း သူမက ပြောပြသေးသည်။ ထို့ကြောင့် သူမသည် ဂက်သားအနည်းငယ်နှင့် ဟင်းသီးဟင်းရွက်အချို့ယူသွားရန်လိုကြောင်း ပြောသည်။ မွန်းလွဲပိုင်းတွင် စားသောက်ရန် မုန့်နည်းနည်း ယူခဲ့ချင်လည်း ယူခဲ့နိုင်ကြောင်း ဆရာကြီးက မှာလိုက်သည်ဟု သူမက ဆက်လက်ပြောဆိုသေးသည်။

နောက်ရက်များ၌ တော့တိုး-ချန်သည် မီးဖိုချောင်သို့သွား၍ အမေ့နားကပ်ပြီး အမေက ဓားကိုမည်သို့အသုံးပြုသည်။ အိုးကို မည်သို့ကိုင်သည်။ ထမင်းကို မည်သို့မည်ပုံ ခူးခပ်သည်ကို ဂရု တစိုက်လေ့လာသည်။ မီးဖိုချောင်ထဲ၌အမေ၏လုပ်ပုံကိုင်ပုံကို ကြည့်ရသည်မှာ အလွန်ကိုကြည့် ကောင်းပါ သည်။ သို့သော်လည်း တော့တိုး-ချန် သဘောအကျဆုံးမှာ အမေက"အိုး ... ပူလိုက်တာ" ဟု ပါးစပ်က ပြောရင်း လက်မနှင့် လက်ညှိုးက နားရွက်ဖျားကို ကိုင်လိုက်ပုံကိုပင် ဖြစ်သည်။
"ဘာဖြစ်လို့ ဒီလိုလုပ်ရသလဲဆိုတော့ နားရွက်ဖျားတွေဟာ အေးလို့ပဲ" အမေကရှင်း ပြသည်။

တော့တိုး-ချန်သည် အမေ၏ ထိုမီးဖိုချောင်အပြုအမူကို နှစ်သက်သဘောကျသောကြောင့် "မိုးကြိုး ကမ်းပါးယံမှာ လက်တွေ့ချက်ပြုတ်ရင်အဲဒီအတိုင်းလုပ်မယ်" ဟုစိတ်ကူးထား လိုက်လေသည်။ သောကြာနေ့သို့ ဆိုက်ရောက်လာသည်။ မီးရထားပေါ်မှ ဆင်းသက်ခဲ့ကြ ပြီးနောက် သူတို့တတွေသည် မိုးကြိုးကမ်းပါးယံသို့ ရောက်ရှိလာကြသည်။ ဆရာကြီးသည် သူ၏တပည့်အားလုံးကို တစ်နေရာတည်း၌ စုဝေးစေသည်။ သစ်ပင်များက သူတို့အပေါ်၌ မိုးလျက်ရှိသည်။ ကလေးများသည် သူတို့၏အိတ်များကို ကျောပေါ်မှ အချသေးဘဲ ဆရာကြီးပြောမည့် စကားများကို နားစွင့်နေကြသည်။သူတို့နှင့် ခပ်လှမ်းလှမ်း နေရာတွင် ရေတံခွန်ရှိသည်။ ရေတံခွန်မှ ရေကျသံများသည် နားထဲတွင် သာသာယာယာရှိသည်။

"အခုအချိန်ကစပြီး ငါတို့အဖွဲ့တွေခွဲမယ်၊ ပြီးရင် ဆရာတွေယူလာတဲ့ အုတ်ခဲတွေနဲ့ မီးဖိုပြုလုပ်မယ်။ပြီးရင် မင်းတို့ထဲက အချို့စမ်းချောင်းထဲမှာ ဆန်ကိုဆေးမယ်၊ ပြီးရင်ချက်မယ်။ အဲဒါတွေပြီးရင် ငါတို့ဂက်သား စွပ်ပြုတ်ပြုတ်ကြမယ်။ ကဲ-ငါတို့ လုပ်စရာရှိတာတွေ လုပ်ကြစို့"

⇧ http://www.shwezinu.com ⇩

ကျောင်းသားများသည် "ကျောက်ခဲ-စက္ကူ- ကတ်ကြေး"ဟုနှုတ်မှရွတ်ရင်း သူတို့ဘာသာ သူတို့ အဖွဲ့များကို ခွဲကြသည်။ကျောင်းသားဦးရေစုစုပေါင်းမှာ ငါးဆယ်သာရှိသောကြောင့် အဖွဲ့ခြောက် ဖွဲ့ခွဲနိုင်ခဲ့သည်။ သူတို့သည် မြေကြီးပေါ်တွင် တွင်းများတူး၍ တွင်းနှုတ်ခမ်းများပေါ်၌ အုတ်ခဲများရံ ကာ မီးဖိုများပြုလုပ်ကြ သည်။အုတ်ခဲများပေါ်၌ သံချောင်းများကို ကန့်လန့်ဖြတ်တင်လိုက်ကြသည်။ စွပ်ပြုတ်အိုးများနှင့် ထမင်းအိုး များမမှောက်ရန် မီးဖိုကို အသေအချာပြုလုပ်ကြသည်။အချို့က မီးဖို များကို ပြုလုပ်နေချိန်တွင် အချို့က ထင်းများကို သွားရှာကြသည်။အချို့က စမ်းချောင်းသို့သွားပြီး ဆန်များကို ဆေးကြသည်။

ကလေးများအားလုံးတွင် တာဝန်ကိုယ်စီ ရှိလာကြသည်။တော့တိုး-ချန်သည် ဟင်းသီးဟင်းရွက် များကို လှီးဖြတ်ရန်နှင့် ဂဏ်သားစွပ်ပြုတ်အိုးကို စောင့်ကြည့်ရန် တာဝန်ကျသည်။ တော့တိုး-ချန် ထက် အသက်နှစ်နှစ်ခန့် ပိုကြီးသော ယောက်ျားလေးတစ်ယောက်သည်လည်း ဟင်းသီးဟင်းရွက် များကို လှီးဖြတ်ရန်တာဝန် ယူရသည်။ သူသည် တော့တိုး-ချန်ကဲ့သို့မလှီးတတ်။အချို့မှာ ကြီးနေပြီး အချို့မှာ သေးနေသည်။ သူသည်အားသွန်ခွန်စိုက်ပြီး လှီးနေရရှာသည်။ နှာခေါင်းထိပ်တွင် ချွေးများစို့လျက် ရှိသည်။တော့တိုး-ချန်မှာမူ အမေ့ထံမှ အတုများရယူသောကြောင့် ဟင်းသီးဟင်းရွက်များ ပါးစပ်ထဲထည့် သည့်အခါ အနေတော်ဖြစ်အောင် လှီးဖြတ်နိုင်ခဲ့သည်။

သူမသည် သခွားသီးများကိုပင် ပါးပါးကလေးလှီး၍ ဆားဖြူးပြီး သီးခြားထားလိုက်သည်။ စွပ်ပြုတ်သောက် သည့်အခါ သခွားသီး ချဉ်သဘောမျိုးဖြင့် သီးခြား ဝါးစားနိုင်ရန်အတွက် ဖြစ်သည်။ တော့တိုး-ချန်သည် သူမကိုယ်သူမ တကယ့်အိမ်ရှင်မဟု သဘောထားနေမိသည်။ ကလေးတိုင်းက သူမ၏သခွားသီးချဉ်ကို ချီးကျူးကြသည်။ စွပ်ပြုတ်အိုးဆူလာပြီး အနံ့များထွက်လာသောအခါ ကလေးများမြည်းကြည့်ကြသည်။ "ဂိုး" "ဂီး" စသော အသံများသည် အဖွဲ့အသီးသီးတိုင်းမှ ထွက်ပေါ်လာသည်။သစ်ပင်များပေါ်မှ ငှက်များ၏ အော်မြည်သံ များမှာလည်း ကလေးများ၏ အသံများနှင့် အပြိုင်အဆိုင်ဖြစ်နေသည်။ ကလေးများသည် သူတို့၏ အိမ်များ ထဲ၌ အဆင်သင့် ချပ်ထားသော ထမင်းဟင်းများကို ထမင်းဝိုင်း၌ ဝင်ထိုင်ပြီး စားကြရသူများဖြစ်ကြသည်။ အချက်အပြုတ်ကို နားလည်ကြသူများ မဟုတ်ကြ။ယခုဤနေရာတွင် သူတို့ကိုယ်တိုင် အချက်အပြုတ် အလုပ်ကို လုပ်ကြရပြီး မီးဖိုချောင်လုပ်ငန်း၏ လက်တွေ့သဘောကို စတင်သိရှိလာကာ အတွေ့အကြုံ တစ်မျိုး ရလာကြပြီ ဖြစ်သည်။

အချက်အပြုတ်အလုပ် ပြီးဆုံးသောအခါ ဆရာကြီးသည် မြက်ခင်းတစ်နေရာတွင် ကလေးများ အားလုံးကို စက်ဝိုင်းပုံသဏ္ဍာန်ဖြစ်အောင် ထိုင်ခိုင်းလိုက်သည်။ အဖွဲ့တိုင်း၏ရှေ့တွင် စွပ်ပြုတ်အိုး တစ်အိုးနှင့် ထမင်းအိုးတစ်အိုးစီ ချထားပေးသည်။

⇧ http://www.shwezinu.com ⇩

တော့တိုး-ချန်သည် သူမတို့အဖွဲ့မှ စွပ်ပြုတ်အိုး ကို လာရောက်သယ်ယူသူကို ခေတ္တခဏတားဆီးပြီးနောက် သူမစိတ်ကူးထားသည့် အလုပ်တစ်ခု အား လုပ်ဖြစ်အောင် လုပ်လိုက်သည်။ သူမသည် စွပ်ပြုတ်အိုး၏ အဖုံးကိုရုတ်တရက် ဆွဲဖွင့်လိုက်ပြီး "အိုး...... ပူလိုက်တာ"ဟု အော်ပြောရင်း သူမ၏ လက်ချောင်းငယ်များဖြင့် သူမ၏ နားရွက်ဖျားကို ကိုင်လိုက် သည်။ထိုသို့ပြုလုပ်ပြီးသောအခါမှ "ယူသွားနိုင်ပါပြီ" ဟုပြောလိုက်သည်။ တော့တိုး-ချန်သည် သူမလုပ် ချင်တာ လုပ်လိုက်ရ၍ကျေနပ်သွားသည်။

ကလေးတိုင်းသည် သူတို့ရှေ့မှ အငွေ့တထောင်းထောင်းထွက်နေသော ထမင်းအိုးများနှင့် စွပ်ပြုတ်အိုး များကိုစူးစိုက်ကြည့်နေကြသည်။ သူတို့အားလုံး ဆာနေကြသည်။ ယခုသူတို့စားသောက်ကြမည့် အစားအစာသည် သူတို့ကိုယ်တိုင် ပထမဆုံးအကြိမ်အဖြစ် ချက်ပြုတ်ထားသည့် အစားအစာများ ဖြစ်သည်။

ခဏအကြာတွင် သူတို့သည် "ဝါးပါ-ဝါးပါ၊ ဝါးပါ-ညက်ညက် ဝါးပါ၊ သင်စားမည့် အစားအစာ တိုင်းကိုပါ"ဟု သီချင်းဆိုကြသည်။ သီချင်းဆိုပြီးသောအခါ "ကျွန်ုပ်သည် ကျေးဇူးတင်စွာဖြင့် ပါဝင်စားသောက်ပါသည်" ဟု ပြောဆိုကြပြီး စားကြသောက်ကြသည်။ ပတ်ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်သွားသည်။ ရေတံခွန်မှ ရေသံများမှတပါး အခြားမည်သည့် အသံများကိုမှ မကြားရတော့။

မင်းဟာ တကယ်ကို လိမ္မာတဲ့ မိန်းကလေးတစ်ယောက်ဖြစ်တယ် "မင်းဟာ တကယ်ကို လိမ္မာတဲ့ မိန်းကလေးတစ်ယောက်ဖြစ်တယ် မဟုတ်လား" ကျောင်းအုပ်ဆရာကြီးသည် တော့တိုး-ချန်ကို တွေ့သည့်အခါတိုင်း အထက်ပါအတိုင်းပြောလေ့ရှိသည်။ ဆရာကြီးက ထိုကဲ့သို့ ပြောသည့်အခါ တော့တိုး-ချန်သည်ပြန်ပြုံးပြရင်း ခြေထောက်ကိုလည်း အနည်းငယ် မြှောက်ကြွပြုလုပ်လိုက်ပြီးနောက် ဟုတ်ကဲ့၊ ကျွန်မဟာ လိမ္မာတဲ့ မိန်းကလေးတစ်ယောက် ဖြစ်ပါတယ် ဟု ပြန်ပြောသည်၊ သူမသည် လိမ္မာသူတစ်ယောက် ဖြစ်သည်ကိုလည်း သူမကိုယ်သူမ ယုံကြည်ပြီးသားဖြစ်သည်။

တော့တိုး-ချန်သည် လိမ္မာသော မိန်းကလေးတစ်ယောက် ဖြစ်သည်မှာ အမှန်ပင်၊ သူမသည် လူတိုင်းအပေါ် သနားကြင်နာသူဖြစ်သည်။ အထူးသဖြင့် ကိုယ်လက်အင်္ဂါ မသန်စွမ်းသော သူငယ်ချင်းများအပေါ် ပိုမို၍ပင် ကြင်နာသနားသူဖြစ်သည်။ သူမသည် သူတို့ဘက်မှ အစဉ်အမြဲပင် ခုခံကာကွယ်သည်။ အခြားကျောင်းမှ ကျောင်းသားများက သူမ၏ထိုသူငယ်ချင်းများကို နောက်ပြောင်လာလျှင် သို့မဟုတ် အနိုင်ကျင့်လာလျှင် သူမသည် ထိုသူများကို ရန်တွေ့လျှင်တွေ့၊ မတွေ့လျှင်ဖက်သတ်သည်။ သူမက ရှုံ၍ငိုလျှင်ငိုရပါစေ၊ သူမသည် သူ၏ သူငယ်ချင်းများဘက်မှ အမြဲတမ်းရပ်တည်သည်။ သူမသည် ဒဏ်ရာအနာတရ ရသော တိရစ္ဆာန်များကို တွေ့လျှင်လည်း အတတ်နိုင်ဆုံး ကူညီမှုများပြုလုပ်ပေးသည်။ သို့သော်လည်း တစ်ချိန်တည်းမှာပင် သူမသည် ဆရာ၊

⇧ http://www.shwezinu.com ⇩

ဆရာမများအား အံ့သြမှုဖြစ်စေမည့် အမှုများကို ပြုလုပ်တတ်သည်။ သူမအနေဖြင့် တမူထူးခြားသော အကြောင်းအရာများကိုတွေ့ကစပ်စပ်စုစုပြုလုပ်လေ့ရှိသည်။ သူမ၏ စပ်စပ်စုစု ပြုလုပ်မှုက အခြားသူတစ်ပါးအပေါ် အနှောက်အယှက်ဖြစ်စေသည်ကို သူမမသိချေ။

သူမသည် နံနက်ကျောင်းတက်ခေါင်းလောင်းထိုး၍ ကျောင်းသားများနှင့်အတူ စုဝေးခန်းမကြီး ရှိရာသို့ သွားသည့်အခါ သူမ၏ ကျစ်ဆံမြီးများကို ချိုင်းကြားထဲညှပ်ပြီး လမ်းလျှောက်သွားလေ့ ရှိသည်။ တစ်ခါကလည်း အတန်းထဲ သန့်ရှင်းရေး ပြုလုပ်ရသည့်အခါ၊ ကြမ်းပြင်ပေါ်ရှိသော အရေးပေါ် ထွက်ပေါက်ကို မရရအောင်ဖွင့်ပြီး ထိုအပေါက်ထဲသို့အမှိုက်များလှည်းချလိုက်သည်။ ထိုအပေါက်သည် ရထားတွဲပြင်သူများ အသုံးပြုလေ့ရှိသော အပေါက်ဖြစ်သည်။

တော့တိုး-ချန်သည် အပေါက်ကို ဖွင့်တုန်းက လွယ်လွယ်နှင့်ဖွင့်နိုင်ခဲ့သော်လည်း ပြန်ပိတ်၍ မရသော ကြောင့်အခြားသူများပါ ဒုက္ခများသွားကြလေတော့သည်။ တစ်ခါကလည်း တစ်ဦးတစ်ယောက်က အသားများကို သံချိတ်များကို ချိတ်ဆွဲပြီးရောင်းချလေ့ရှိသည်ဟု ပြောလေရာ သူမသည် လေ့ကျင့်ခန်းများ ပြုလုပ်ရာ သံဘားတန်းများအနက် အမြင့်ဆုံးသံဘားတန်းကို လက်နှစ်ဖက် တွဲလဲခိုထားသည်။ သူမသည် အချိန်အတန်ကြာအောင်တွဲလဲခိုထားသည်။ ဆရာမက သူမအား ဘာလုပ်နေတာလဲဟု မေးသည့်အခါ "ကနေ့အဖို့မှာတော့ ကျွန်မဟာ အသားတုံးကြီး တစ်တုံးပေါ့" ဟု ပြန်ပြောလိုက်သည်။ ထိုသို့ပြောပြီး ခဏကြာသောအခါ သူမသည် လက်အံသေပြီး ပြုတ်ကျသွားလေတော့သည်။ ကျသည့်အရှိန်မှာ ပြင်းသောကြောင့် သူမသည် အထိနာကာ ထိုနေ့တစ်နေ့လုံး စကားပင်ကောင်းကောင်းမပြောနိုင်တော့ချေ။ တစ်ခါကလည်း သူမသည် မစူးမစမ်းဘဲ ပြုလုပ်မှုကြောင့် အညစ်အကြေးများစွန့်ရာ ကန်ကြီးထဲသို့ ကျသွားခဲ့ဖူးလေသေးသည်။

သူမသည် အထက်ပါအတိုင်း ပြုမှုတတ်သောကြောင့် ထိခိုက်နာကျင်မှုများ ရှိလာတတ်လေရာ ဆရာကြီးသည် သူမ၏အမေနှင့်အဖေကို ဘယ်တော့မှ ကျောင်းသို့ ခေါ်လေ့မရှိပေ။ ဆရာကြီးသည် သူမကိုသာမဟုတ်၊ အခြားကျောင်းသား၊ ကျောင်းသူများအပေါ်တွင်လည်း တသဘောတည်းပင် ထားရှိသည်။ ခွဲခြားမှုမရှိချေ။ ဆရာကြီးသည် တပည့်များကို ဆုံးမရာ စိတ်ရှည်ရှည်ထားသည်။ ကလေးတစ်ယောက် ယောက်သည် ဆိုးဆိုးရွားရွား အမှုတစ်ခုကို ကျူးလွန်ပါက ဆရာကြီးသည် ကလေးအားခေါ်ယူပြီး သူမ၏ အပြစ်ကိုနားလည်အောင်ရှင်းပြသည်၊ ဆုံးမသည်။ ပြီးလျှင် ဆရာကြီးက "ကဲ တောင်းပန်လိုက်" ဟုပြောပြီး နိဂုံးချုပ်လိုက်သည်။

တော့တိုး-ချန်နှင့် စပ်လျဉ်း၍ အခြားကျောင်းသား၊ ကျောင်းသူများ၏ မိဘများက

⇧ http://www.shwezinu.com ⇩

ညည်းညူစကား ပြောသည်များကိုဆရာကြီးသည်တစ်ဆင့်စကားတစ်ဆင့်ကြားသိရသည်။ သို့အတွက်ကြောင့်လည်း
ဆရာကြီးသည် တော့တိုး-ချန်ကို တွေ့သည့်အခါတိုင်း "မင်းဟာ တကယ်ကို လိမ္မာတဲ့ မိန်းကလေး တစ်ယောက်ဖြစ်တယ်ဆိုတာ သိတယ်မဟုတ်လား " ဟူ၍ သာ ပြောလေ့ရှိသည်။

ဆရာကြီးက သူမကိုထိုသို့ပြောရာ၌ "တချို့လူတွေက မင်းကိုဆိုးတယ်လို့ ထင်နေကြတယ်၊ မင်းဟာ မဆိုးဘူးဆိုတာ ဆရာကြီးသိတယ်" ဟူသောအဓိပ္ပာယ်မျိုး သက်ဝင်လေရာ ဤသည်ကို တော့တိုး-ချန်သည် နောင်သောအခါမှ နားလည်သဘောပေါက်သည်။ "လိမ္မာတဲ့မိန်းကလေး" ဆိုသော စကားသံသည် သူမ၏ရင်ထဲဝယ် ပဲ့တင်ထပ်လျက်ရှိသည်။ သူမသည် တစ်ခုခု ထူးထူးခြားခြား ဆန်းဆန်းပြားပြား လုပ်မိသည့်အခါတိုင်း ဆရာကြီး၏ စကားသံကို အစဉ် သတိရမိသည်။ တိုမိုကျောင်း၌ သူမ ပညာသင်ကြား နေသမျှ ကာလပတ်လုံး မစ္စတာ ကိုဘာယာရှိသည် သူမကိုတွေ့တိုင်း ထိုစကားလုံးများကို ပြောတတ် လေရာ ထိုစကားများသည် သူမ၏ ဘဝတွင် အရေးပါသောစကားလုံးများ ဖြစ်လာပါတော့ သည်။
"တော့တိုး-ချန်၊ မင်းဟာ တကယ့်ကိုလိမ္မာတဲ့ မိန်းကလေးတစ်ယောက်ဖြစ်တယ်ဆိုတာ မင်းသိတယ် မဟုတ်လား"

## သူ၏ သတို့သမီး

တော့တိုး-ချန်သည် အလွန်စိတ်မကောင်းဖြစ်နေမိသည်။ သူမသည် တတိယတန်းသို့ ရောက်လာ လေပြီ။ သူမသည် တာအဲ-ချန်ကို အလွန်ချစ်သည်။ သူသည် လိမ္မာသူဖြစ်သည်။ ရူပဗေဒ ဘာသာရပ်တွင် တော်သည်။ သူသည် အင်္ဂလိပ်စာကိုလည်း လေ့လာသည်။ သူမအား မြေခွေးကို အင်္ဂလိပ် လိုမည်သို့ ခေါ်ရမည်ကို သင်ပြပေးသူမှာ သူမပင် ဖြစ်သည်။

တော့တိုး-ချန်သည် ထိုနေ့တစ်နေ့လုံး မြေခွေးကို အင်္ဂလိပ်လို ရွတ်ဆိုနေမိသည်။ တော့တိုး-ချန်သည် တာအဲ-ချန်ကို မည်မျှချစ်သနည်းဆိုသော် ကျောင်းသို့ရောက် သည့်အခါ သူ၏ခဲတံများ အားလုံးကို ခဲတံချွန် သည့် ဓားဖြင့် လှလှပပ ကလေးများဖြစ်သွားအောင် ချွန်ပေးသည်။ သူမ၏ ခဲတံများကိုပင် သူမသည် တစ်ခါ တစ်လေ ပါးစပ်ဖြင့်ကိုက်ဖြတ်ပြီး ချွန်ယူသည်။

သို့သော်လည်း တစ်နေ့တွင် တာအဲ-ချန်သည် သူမကို ကြမ်းတမ်းသောစကား ပြောလာသည်။ နေ့လယ်စာ စားပြီးချိန်၌ဖြစ်သည်။ တော့တိုး-ချန်သည် စုဝေးခန်းမကြီး၏ နောက်ဘက်၌ လမ်းလျှောက်သွားနေစဉ် တာအဲ-ချန်က- "တော့တိုး-ချန်" ဟု



⇧ http://www.shwezinu.com ⇩

လှမ်းခေါ်လိုက်သည်။ သူ၏အသံမှာ စိတ်ဆိုးသံဖြစ်သည်။ သူမသည် လမ်းဆက်မလျှောက်ဘဲ ရပ်လိုက်သည်။အံ့သြခြင်းဖြစ်မိသည်။ ငါကြီးလာရင်လေ နင့်ကိုမယူဘူး သိလား၊ နင်က ငါ့ကိုယူပါ လို့ ဘယ်လိုပဲပြောပြော ငါနင့်ကို မယူဘူး" ထိုသို့ပြောပြီးနောက် သူထွက်သွားသည်။ ခေါင်း ငိုက်စိုက် ချပြီး ထွက်သွားသည်။

တော့တိုး-ချန်သည် ကြောင်အမ်းအမ်းဖြစ်နေမိသည်။ သူမသည် တာအိ-ချန် သူမ၏ မြင်ကွင်းမှ ပျောက်ကွယ် သွားသည်အထိ ရပ်နေမိသည်။ ခဏာအကြာတွင် သူမ၏ လက်နှစ်ဖက်ကို အင်္ကျီအိတ်များ ထဲသို့ နှိုက်ထားရင်း စဉ်းစားလိုက်သည်။ သူ့ကိုစိတ်ဆိုးအောင် သူမအနေဖြင့် ဘာများလုပ်မိပါလိမ့်။ ဘယ်လိုမှ စဉ်းစား၍မရ။ သူမသည် ထိုအကြောင်းကို သူငယ်ချင်း မိရိုး-ချန်အား စိတ်ပျက်စွာဖြင့် ပြောပြလိုက်မိသည်။ တော့တိုး-ချန်၏ ပြောစကားများကို နားထောက်ပြီးသောအခါ မိရိုး-ချန်က...

"သူဒီလို ပြောမှာပေါ့။ ဆူမိုနပန်းလုံးပွဲမှာ နင်ကသူ့ကို အနိုင်ရလိုက်တယ်မဟုတ်လား၊ နင်က ကိုင်ပေါက် လိုက်လို့ သူဟာကြိုးဝိုင်းထဲက လွင့်စဉ်ထွက်သွားတယ်လေ၊ သူ့ခေါင်းက သိပ်ကြီးတော့ လွင့်သွားတာပေါ့" ဟု လူကြီး လေသံဖြင့် ပြောလိုက်သည်။ တော့တိုး-ချန် စိတ်မကောင်းဖြစ်သွားမိသည်။ သူမချစ်သည့် ယောက်ျားကလေး တစ်ယောက်၊ သူမ ခဲတံကို ချွန်ပေးနေသည့် ယောက်ျားကလေး တစ်ယောက်ကို သူမက ဘာဖြစ်လို့များ အရှုံးမပေး မိခဲ့ပါလိမ့်။ အခုတော့ လက်လွန်ကုန်ပြီ။ နောက်ကျသွားလေပြီ။ သူမသည် သူမ၏သတိုးသမီး မဖြစ်နိုင်တော့။

"ငါကတော့ ခါတိုင်းလိုပဲ၊ သူ့ခဲတံတွေကို ချွန်ပေးဦးမှာပါပဲ၊ ဘာပဲဖြစ်ဖြစ် ငါသူ့ကို ချစ်တယ်"ဟု တော့တိုး-ချန်သည် ဆုံးဖြတ်ချက် ချလိုက်သည်။ မူလတန်း အဆင့်ရှိ ကျောင်းသား၊ ကျောင်းသူကလေးများသည် သူတို့ကျောင်းက ကောင်းကြောင်း၊ တစ်ခြား ကျောင်းမှာ မကောင်းကြောင်းစသည်ဖြင့် စကားနိုင်လုပြီး ပြောဆိုတတ်ကြသည်။ တော့တိုး-ချန် ယခင် နေခဲ့သော ကျောင်း၌ထိုအဖြစ်မျိုးနှင့် ကြုံခဲ့ရသည်။ ကလေးများသည် ကျောင်းလွှတ်၍ အိမ်ပြန်သော အခါ ကျောင်းဝန်းတံခါးဝမှ အထွက်တွင်ကျောင်းကို လည့်ပြန်ကြည့်ရင်း နှုတ်ဖျားများမှ... "အာကာမတ်စု ကျောင်း၊ ကျောင်းအို ကျောင်းဟောင်းတစ်ကျောင်း၊ အတွင်းမှာတော့ အလွန် လုပခန့်ညား တဲ့ကျောင်း"ဟု ရွတ်ဆိုရင်း လှောင်ပြောင်သွားတတ်ကြသည်။

အခြားကျောင်းမှ ကျောင်းသားကလေးများ ကျောင်းရှေ့မှဖြတ်သွားသောအခါ သူတို့သည် အာကာမတ်စု ကျောင်းကို လက်ညှိုးထိုးရင်း- "အာကာမတ်စုကျောင်း၊ ခမ်းနားတဲ့ ကျောင်းတစ်ကျောင်း၊ အတွင်းမှာတော့ အလွန်စုတ်တဲ့ ကျောင်း တစ်ကျောင်း" ဟုရွတ်ဆိုရင်း လှောင်ပြောင်သွားတတ်ကြလေသည်။ သူတို့ရွတ်ဆိုလေ့ရှိသော စာကြောင်းများအနက် ပထမစာကြောင်းသည်ကျောင်း ၏အပြင်ပိုင်း ကိုကြည့်ပြီး

⇦ http://www.shwezinu.com ⇨

ရွတ်ဆိုကြခြင်း ဖြစ်သည်။ ကျောင်း၏ အဆောက်အအုံသစ်ဖြစ်လျှင် အသစ်၊ အဟောင်းဖြစ်လျှင် အဟောင်း စသည်ဖြင့် ရွတ်ဆိုခြင်းဖြစ်သည်။ ထို့ကြောင့် ပထမစာကြောင်းသည် အရေးမကြီးပေ။အရေးကြီးသည်မှာ ဒုတိယ စာကြောင်းသာဖြစ်သည်။ ကျောင်းအဆောက်အအုံဟောင်းလျှင် ကျောင်းအို၊ကျောင်းဟောင်း ဟုရွတ်ဆိုတတ်ကြပြီး၊ ဒုတိယစာကြောင်းတွင်မူ သူတို့ကျောင်းမဟုတ်က စုတ်တဲ့ ကျောင်းဟု ရွတ်တတ်လေသည်။ ရွတ်ဆိုရာတွင်လည်း ကျောင်းသားကလေး လေး၊ ငါး၊ ခြောက်ယောက်ခန့်က ပြိုင်တူ ရွတ်ဆိုတတ်ကြလေသည်။

တစ်နေ့သော မွန်းလွဲပိုင်း ကစားချိန်တွင် တိုမိုကျောင်းမှ ကျောင်းသား ကျောင်းသူကလေးများသည် ထုံးစံ အတိုင်း ကျောင်းဝင်းထဲ၌ ကစားနေကြသည်။ ကျောင်းလွှတ်ခေါင်းလောင်း မထိုးမချင်း သူတို့သည် ကျောင်းဝင်း ထဲ၌ မိမိတို့ကြိုက်နှစ်သက်သလို လွတ်လွတ်လပ်လပ် နေနိုင်ကြသည်။ ထိုနေ့က အချို့ ကျောင်းသား များသည် ဘောလုံးကန်နေကြသည်။ အချို့က သဲပုံပေါ်တွင် ဆော့ကစားနေကြသည်။ အချို့က ပန်းခင်းများကို ကြည့်နေကြသည်။ အချို့က သစ်ပင်ပေါ်တက် ကစားနေကြသည်။ အသက် ခပ်ကြီးကြီး ကျောင်းသူအချို့မှာမူ ခုံတန်းလျားပေါ်တွင် ထိုင်ရင်းစကားပြောနေကြသည်။တာအိ-ချန် ကဲ့သို့သော ကျောင်းသူအချို့မှာမူ စာသင်ခန်းမှမခွာဘဲ ရူပဗေဒဆိုင်ရာ လက်တွေ့လုပ်နေကြသည်။ စာကြည့်ဆောင်ထဲ၌ စာဖတ်နေသော ကျောင်းသားအချို့ကို လည်းတွေ့နိုင်ပါသည်။

ကျောင်းသူတစ်ယောက်မှာမူ ကြောင်တစ်ကောင်နှင့် ဆော့ကစားလျက်ရှိသည်။ သူတို့အားလုံးသည် သူတို့ ၏ အားလပ်ချိန်ကို သူတို့ နှစ်သက်သလို အသုံးချလျက်ရှိနေကြသည်။
ထိုအခိုက် ကျောင်းဂိန်းအပြင်ဘက်မှ အော်ဟစ်ရွတ်ဆိုသံများ ထွက်ပေါ်လာသည်။
"တိုမိုကျောင်းဟာ ကျောင်းအို၊ ကျောင်းစုတ်၊ အတွင်းမှာလည်း စုတ်ချာတဲ့ကျောင်း၊ အိုတဲ့ကျောင်း"
"ဒါသိပ်စော်ကားတာပဲ"

တော့တိုး-ချန်က ပြောလိုက်သည်။ သူမသည် ကျောင်းတံခါးဂိသို့ ပြေးသွားသည်။ သူမသည် အော်သံများ၊ ရွတ်ဆိုသံ များကို ရှင်းလင်းစွာ ကြားလိုက်ရပြန်သည်။ အသံများမှာ ကျယ်လွန်းသည်။ သူမတို့ကျောင်းကို အပြင်ရော အတွင်းပါ ကျောင်းစုတ်တဲ့။ မတရားပြောရမလားဆိုပြီး သူမ ဒေါသထွက်သွားသည်။ တခြား ကျောင်းသား များလည်း စိတ်ဆိုးကြသည်။ သူတို့အားလုံး ကျောင်းဂိန်းတံခါးဂိသို့ ပြေးထွက်လာကြသည်။
"ကျောင်းစုတ်၊ ကျောင်းအို"
တစ်ခြားကျောင်းမှ ကျောင်းသားငယ်တစ်စုသည် ထိုသို့အော်ရင်း ထွက်ပြေးသွားကြလေတော့သည်။

⇧ http://www.shwezinu.com ⇩

တော့တိုး-ချန်သည် ဒေါသထွက်လွန်းသောကြောင့် သူတို့ နောက်သို့ အမြန်ဆုံးပြေးလိုက်သည်။ သူမနောက်မှ မည်သူမျှ ဆက်မလိုက်လာကြချေ။ တခြားကျောင်းမှ ကျောင်းသားကလေးများသည် လမ်းကြို လမ်းကြားများထဲသို့ ဝင်ရောက်သွားကြကာ ပျောက်ကွယ်ကုန်တော့သည်။ တော့တိုး-ချန်သည် ထို ကလေး များကို ရှာမတွေ့တော့သည့်အတွက် စိတ်ပျက်လက်ပျက်ဖြင့် ကျောင်းသို့ ပြန်လာ သည်။ ဤသို့ ပြန်လာစဉ် သူမ၏ နှုတ်မှ...

တိုမိုကျောင်းဟာ အံ့ဩစရာကောင်းတဲ့ကျောင်း၊ အတွင်းရော၊ အပြင်ရော သိပ်ကိုအံ့ဩစရာ ကောင်းတဲ့ ကျောင်း" ဟု ရွတ်ဆိုလိုက်သည်။ ထိုသို့ ရွတ်ဆိုလိုက်သောကြောင့် သူမသည် သူမကိုယ်သူမ တခြား ကျောင်းမှ ကျောင်းသူတစ်ဦးဟု သဘောထားကာ ကျောင်းထဲရှိ လူတိုင်းကြားနိုင်လောက်အောင် အသံကို မြှင့်၍....

"တိုမိုကျောင်းဟာ အံ့ဩစရာကောင်းတဲ့ကျောင်း၊ အတွင်းရော၊ အပြင်ရော သိပ်ကို အံ့ဩစရာ ကောင်းတဲ့ ကျောင်း" ဟုရွတ်ဆိုလိုက်သည်။

ကစားကွင်းထဲ၌ ကစားနေကြသော ကျောင်းသားများသည် ဘယ်သူများ ရွတ်နေပါလိမ့်ဟု မခန့်မှန်း မိကြပေ။ သို့သော်လည်းခဏ အကြာတွင် တော့တိုး-ချန် ရွတ်ဆိုနေခြင်းဖြစ်ကြောင်း သူတို့ သိရှိသွား ကြလေတော့သည်။ ထို့ကြောင့် သူတို့သည် လမ်းမပေါ်သို့ ထွက်လာကြပြီး တော့တိုး-ချန် နှင့်ပေါင်းလိုက် ကြသည်။ သူတို့သည် လက်ချင်းယှက်ပြီး ကျောင်းဝင်းအပြင်ဘက်၌ရှိ သော ကျောင်းကို ဝန်းရံထားသည့် လမ်းများပေါ်တွင် အသံကုန်ရွတ်ဆိုကြလေတော့သည်။

"တိုမိုကျောင်းဟာ အံ့ဩစရာကောင်းတဲ့ကျောင်း" "အတွင်းရော၊ အပြင်ရော သိပ်ကို အံ့ဩစရာ ကောင်းတဲ့ ကျောင်း" ဆရာကြီးသည် သူ၏ရုံးခန်းထဲ၌ ထိုင်ရင်း သူ၏တပည့်များ၏ ရွတ်ဆိုသံများကို ကောင်းစွာ ကြားရသည်။သူ၏တပည့်များက သူတို့၏ရင်များထဲဝယ် ရှိသည့်အတိုင်း သူတို့သည် ဆရာကြီးကို ဆုပေး လိုက် ကြလေပြီဖြစ်သည်။

"တိုမိုကျောင်းဟာ အံ့ဩစရာကောင်းတဲ့ကျောင်း" "အတွင်းရော၊ အပြင်ရော သိပ်ကို အံ့ဩစရာ ကောင်းတဲ့ ကျောင်း" ထိုနေ့က တိုမိုကျောင်း၏ ကျောင်းလွှတ်ချိန်ထိုးသော ခေါင်းလောင်းသံသည် ခါတိုင်းထက်ပို၍ နောက်ကျ ပြီးမှ ထွက်ပေါ်လာ ပါတော့သည်။

**__ဆံပင်မှာချည်သော ဖဲပြား__**

တစ်နေ့သော နေ့လယ်စာစားပြီးချိန်ဝယ် တော့တိုး-ချန်သည် စာဂေးခန်းမကြီးထဲ၌ ကြိုးခုန်လျက်ရှိနေစဉ် ဆရာကြီးနှင့် မျက်နှာချင်းဆိုင် ဆုံတွေ့သည်။



⇧ http://www.shwezinu.com ⇩

"အိုး တော့တိုး-ချန်ပါလား၊ အတော်ပဲ ဆရာကြီးမင်းကို မေးစရာတစ်ခုရှိတယ်" ဟု ဆရာကြီးက စတင် ပြောသည်။ "ဘာမေးမှာလဲ ဆရာကြီးသူမသည် ဆရာကြီးကို တစ်ခုခုပြောရတော့မည်ဖြစ်၍ ဂမ်းသာနေသည်။"အဲဒီ ဖဲပြားကို မင်းဘယ်က ရသလဲ"

ဆရာကြီးက ထိုသို့မေးလိုက်သောအခါ သူမမျက်နှာသည် အနည်းငယ်ညှိုး သွားသည်။ဤဖဲပြားကို သူမသည် တမြန်မနေ့ကတည်းက ဆံပင်၌ စည်၍ကျောင်းသို့ လာခဲ့ခြင်းဖြစ်သည်။ သူမသည် ဆရာကြီး အနားသို့ တိုးကပ်သွားပြီး.... "ကျွန်မရဲ့အဒေါ် ဆီကရတာပါ။ အဒေါ် ငယ်ငယ်တုန်းက ဂတ်တဲ့ကျောင်း ဂတ်စုံဟောင်း က ရခဲ့တာပါ။ အဒေါ်က အံ့ဆွဲထဲကို ထည့်နေတုန်း ကျွန်မမြင်တာနဲ့ ကျွန်မကိုပေးပါတယ်။ အဒေါ် ကတောင် ပြောသေးတယ်။ ကျွန်မဟာ သိပ်ကို မျက်စိလျင်တာပဲတဲ့" ဟု ပြောလိုက်သည်။

"ဒီလိုကိုး ဆရာကြီးက မှတ်ချက်ချလိုက်သည်။ ၎င်းနောက် တော့တိုး-ချန်သည် ဆက်လက်ပြီး သူမသည် သူမ၏ အဒေါ်အိမ်သို့ သွားလည်စဉ် အဒေါ်က အဂတ်ဟောင်းများကို နေရောင်၌ ထုတ်လှမ်းရာ ဖဲပြား ပါသော ထိုအင်္ကျီဟောင်းကို သူမတွေ့သောအခါ သူမက ဖဲပြားပေါ်၌သာ မျက်စိရောက်နေကြောင်း ကတ်ကြေး ယူပြီး ဖဲပြားကို ဖြတ်ပေးကြောင်း၊ ၎င်းဖဲပြားသည် အလွန်ကြီးပြီး လှပသော ဖဲပြား တစ်မျိုး ဖြစ်ကြောင်း၊ ပိုးသားများဖြင့် ပြုလုပ်ထားကြောင်း၊ ၎င်းဖဲပြားသည် နိုင်ငံခြားမှလာသော ဖဲပြား ဖြစ်ကြောင်း ဖြင့် တော့တိုး-ချန်က ရှည်လျားစွာပြောပြလိုက်သည်။

"ဒီလိုကိုး"ဆရာကြီးက မှတ်ချက်ချလိုက်သည်။ ၎င်းနောက် တော့တိုး-ချန်သည် ဆက်လက်ပြီး သူမသည် သူမ၏ အဒေါ်အိမ်သို့ သွားလည်စဉ် အဒေါ်က အဂတ်ဟောင်းများကို နေရောင်၌ထုတ်လှမ်းရာ ဖဲပြားပါသော ထိုအင်္ကျီဟောင်းကို သူမတွေ့သောအခါ သူမက ဖဲပြားအပေါ်၌သာ မျက်စိရောက်နေကြောင်း ကတ်ကြေးယူပြီး ဖဲပြားကိုဖြတ်ပေးကြောင်း၊ ၎င်းဖဲပြားသည် အလွန်ကြီးပြီးလှပသော ဖဲပြားတစ်မျိုးဖြစ်ကြောင်း၊ ပိုးသားများဖြင့် ပြုလုပ်ထားကြောင်း တော့တိုး-ချန်က ရှည်လျားစွာပြောပြလိုက်သည်။

"ဪ ဒီလိုကိုး"
ဆရာကြီးသည် ခေါင်းညိတ်ရင်း ပြောလိုက်သည်။ သူ၏ မျက်နှာသည် သိပ်မရွှင်လန်းပေ။ ထို့နောက် ဆရာကြီးကပင် ဆက်လက်ပြောပြန်သည်။ မနေ့တုန်းက မိရိုး-ချန်ဟာ မင်းခေါင်းပေါ်က ဖဲပြားမျိုးလိုချင်တယ်လို့ပြောတယ်။ အဲဒီတော့ ဂျီယူဂါအိုကာ မှာရှိတဲ့ ဖဲပြားရောင်းတဲ့ဆိုင်မှန်သမျှကို ဆရာကြီးလိုက်ရှာတယ်။ အဲဒီလိုဖဲပြားမျိုးကို ရှာမတွေ့ဘူး၊ တခြား တိုင်းပြည်က လာတဲ့ ဖဲပြားကိုး၊ ဒါကြောင့် မတွေ့တာကိုး"

⇧ http://www.shwezinu.com ⇩

ဆရာကြီး၏ မျက်နှာသည် ယခင်လို ရွှင်ရွှင်လန်းလန်းမရှိဘဲ အသွင်တစ်မျိုးဖြစ်နေသည်။ သမီး တစ်ယောက် ၏ နားပူနားဆာပြုလုပ်မှုကြောင့် စိတ်မကောင်း ဖြစ်နေသော ဖခင်တစ်ယောက်၏ မျက်နှာ အသွင်အပြင်မျိုးဖြစ်သည်။ ထို့နောက် ဆရာကြီးက ဆက်ပြောသည်။

"တော့တိုး-ချန်၊ ဒီဖဲပြားကို ကျောင်းကို စည်းမလာဖို့ရာ ဆရာကြီးမေတ္တာရပ်လိုက်တယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ အဲဒါကိုမြင်တိုင်း မိရိုး-ချန်က ဆရာကြီးကို ပူဆာလွန်းလို့ပါ။ ဆရာကြီးကို ကူညီမယ် မဟုတ်လား" တော့တိုး-ချန်သည် လက်နှစ်ဖက်ကို ပိုက်ရင်း အနည်းငယ် စဉ်းစားလိုက်ပြီးနောက် လျှင်မြန်စွာ အဖြေ ပေးလိုက်သည်။
"ကောင်းပါပြီ၊ ကျွန်မဒီဖဲပြားကို နောက်ထက်ကျောင်းကို စည်းမလာတော့ပါဘူး"
"ကျေးဇူးတင်ပါတယ်ကွယ်"
ဆရာကြီးက ပြောလိုက်သည်။

တော့တိုး-ချန်သည် ဆရာကြီး၏ ဒုက္ခကို သိသောကြောင့် ထိုကတိကို ပေးလိုက်ခြင်းဖြစ်သည်။ အခြား အကြောင်း တစ်ရပ်မှာလည်း ဆရာကြီး၊ သူမချစ်သော ဆရာကြီးသည် ဖဲပြားဆိုင်များ သို့သွားပြီး ဖဲပြားကို ရှာရသည် ဆိုသည့်အတွက် သူမ စိတ်မကောင်းပေ။
နောက်တစ်နေ့နံနက်တွင် တော့တိုး-ချန်ကျောင်းသို့ သွားသောအခါ အမေသည် တော့တိုး-ချန်၏ အခန်းသို့ဝင်ပြီး သန့်ရှင်းရေးပြုလုပ်စဉ် တော့တိုး-ချန် အလွန်နှစ်သက်သော ကစားစရာ ဂက်ဂံရုပ်၏ လည်ပင်း၌ ဖဲပြားစည်းထားသည်ကို တွေ့ရသည်။ တော့တိုး-ချန်သည် သူမနှစ်ခြိုက်သော ဖဲပြားကို ဘာ့ကြောင့် ကျောင်းသို့ စည်းမသွားသည်ကို အမေသည် မစဉ်းစားတတ်အောင်ဘဲ ဖြစ်နေမိလေတော့၏။

## <u>ဒဏ်ရာရသူများ၏ သွားကြည့်ခြင်း</u>

တော့တိုး-ချန်းသည် သူမ၏ဘဝတွင် ပထမဦးဆုံးအကြိမ် အဖြစ်ဆေးရုံရှိ ဒဏ်ရာရ စစ်သည်များကို သွားရောက် ကြည့်ရှုခဲ့ရသည်။ သူမသည် ကျောင်းပေါင်းစုံမှ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ သုံးဆယ်ကျော်နှင့်အတူ သွားရခြင်းဖြစ်သည်။ ထိုကျောင်းသား၊ ကျောင်းသားသူများနှင့် သူမ မသိပေ။ ဤအစီအစဉ်သည် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအတွက် တီထွင်ပေးသော အစီအစဉ် သစ်တစ်မျိုးဖြစ်သည်။. ကျောင်းတိုင်းမှ ကျောင်းသားနှစ်ယောက်သို့မ ဟုတ် သုံးယောက်စေလွှတ်နိုင်သည်။ သို့သော် တိုမိုကျောင်းကဲသို့သော ကျောင်းသားဦးရေနည်း သည့် ကျောင်းမျိုးသည် ကျောင်းသား တစ်ယောက်သာ စေလွှတ်နိုင်သည်။ ကျောင်းတစ်ကျောင်း ကျောင်းမှ ဆရာသို့မဟုတ် ဆရာမတစ်ဦးက ဆေးရုံသို့သွားမည့် ထိုကျောင်းသားကျောင်းသူများ ကို တာဝန်ယူ ထိန်းသိမ်းကွပ်ကဲရမည်ဖြစ်သည်။



⇧ http://www.shwezinu.com ⇩

ကြီးကြပ်သူမှာ ဆရာမတစ်ယောက်ဖြစ်သည်။ သူမသည် ပိန်ပိန်းပါးပါးဖြစ်ပြီး မျက်မှန်တပ်ထားသည်။ သူမသည် ကလေးများကို ဒဏ်ရာရစစ်သား တစ်ဆယ့်ငါးယောက်ခန့် ရှိသော ဆေးရုံ အဆောင် တစ်ဆောင် သို့ခေါ်သွားသည်။ စစ်သားများသည် အဖြူရောင် ဆေးရုံအဝတ်များကို ဝတ်ထားကြပြီး အချို့မှာ အိပ်ရာများပေါ်၌ ရှိနေကြ၍ အချို့မှာမူ လမ်းလျှောက်နေကြသည်။ ဒဏ်ရာရ စစ်သားများ၏ အခြေအနေ သည် ဆိုးဆိုးရွားရွား ရှိနေကြလေမလားဟု စိုးရိမ်စိတ်များ ဖြစ်ပေါ်ခဲ့သော တော့တိုး-ချန်သည် သူတို့ကို မြင်သည်နှင့် ပြုံးပြသူက ပြုံးပြ၊ လက်ပွေ့ယမ်းသူကပြနှင့် ရွှင်ရွှင်လန်းလန်း ရှိကြသည်ကို တွေ့ရသော အခါမှ သူမ၏ စိုးရိမ်စိတ်များ ပျောက်ပျက်သွားလေသည်။ အချို့စစ်သားများသည် ဦးခေါင်း၌ ပတ်တီးများ စည်းထားသော်လည်း သူတို့သည် ရွှင်ရွှင်လန်းလန်းပင် ရှိကြသည်။

ဆရာမသည် ကလေးများကို လူနာဆောင်၏ အလယ်၌ စုဝေးစေပြီးနောက် စစ်သားများကို စကား ပြောသည်။

"ကျွန်မတို့တစ်တွေ ရှင်တို့ကို လာကြည့်ကြတာပါ"

ဆရာမက ထိုသို့ပြောလိုက်သောအခါ ကလေးများအားလုံးက ဦးခေါင်းများကို ညွှတ်လိုက်ကြသည်။ ထို့နောက် ဆရာမက ဆက်ပြောသည်။

"ကနေ့ဟာ မေလငါးရက်နေ့ ဖြစ်ပါတယ်။ ယောကျ်ားကလေးများနေ့ပါပဲ၊ ကျွန်မတို့တစ်တွေ အဲဒီနေ့နဲ့ ပတ်သက်ပြီး ဆီလျော်တဲ့ သီချင်းတွေကို ဆိုပြပါ့မယ်"

ဆရာမသည် သူမ၏ လက်များကို မြှောက်လိုက်ပြီးနောက် တီးဝိုင်းခေါင်းဆောင်သဖွယ် သူမ၏နှုတ်မှ "ကဲ အသင့်ပြင်၊တစ်-နှစ်-သုံး-လေး" ဟူ၍ အချက်ပေးလိုက်သည်။ ကလေးများသည် တစ်ယောက်နှင့် တစ်ယောက် မသိကြသော်လည်း ဆရာမက ဆိုခိုင်းသည့် သီချင်းကို စိတ်ပါလက်ပါဖြင့် ညီညီညာညာ သီဆို ကြသည်။

သူတို့သီချင်းသုံးပုဒ် ဆိုကြသည်။ ထိုသီချင်းသုံးပုဒ်စလုံးကိုတော့ တိုး-ချန် မရပေ။ တိုမိုကျောင်း၌ ထိုသီချင်း မျိုးများ မသင်ပေ။ သူမသည် စစ်သားတစ်ယောက်၏ ခုတင်စွန်းတွင် ငြိမ်သက်စွာ ထိုင်နေ မိသည်။ထိုစစ်သား၏ မျက်နှာမှာ ကြင်နာသော အသွင်ကိုဆောင်နေသည်။

ကလေးများ သီချင်းတစ်ပုဒ်ဆိုပြီးတိုင်း လူနာများက လက်ခုပ်တီးပြီး သြဘာပေးကြသည်။ သီချင်းများ ဆိုပြီးကြသောအခါ သူမထိုင်နေသော ခုတင်ပေါ်ရှိ စစ်သားက သူမ၏ ဦးခေါင်းကို သူ၏လက်ဖဝါးဖြင့် အသာအယာ ပုတ်ရင်း"မင်းဘာဖြစ်လို့ မဆိုတာလဲ" ဟု မေးလိုက်သည်။

သူမ စိတ်မကောင်းဖြစ်သွားသည်။ သူမသည် စစ်သားများကိုလာကြည့်သည်။ သူတို့အတွက် သီချင်းတစ်ပုဒ်တစ်လေပင် ဆိုမပေးနိုင်ခဲ့။ ထို့ကြောင့်သူမသည်



⇧ http://www.shwezinu.com ⇩

ထိုင်နေရာမှ ထလိုက်ပြီး ခုတင်နှင့် ခပ်ခွာခွာနေရာ၌ သွားရပ်ကာ "ကောင်းပါပြီ ကျွန်မဆိုတတ်တဲ့ သီချင်းတစ်ပုဒ်ကို ဆိုပြပါ့မယ်" ဟု ရဲရဲတွာ ပြောလိုက်သည်။ အစီအစဉ် တွင် မပါသော အဖြစ်အပျက်သည် ဖြစ်လာချေပြီ။ မင်းဘာသီချင်းဆိုမှာလဲ" ဟု ဆရာမက ထိုမေးခွန်း မေးလိုက်ချိန်တွင် တော့တိုး-ချန်သည် သီချင်းစဆိုရန် အသက်ပြင်းပြင်းတစ်ချက် ရှူသွင်း လိုက်လေပြီ။ ဆရာမသည် တော့တိုး-ချန်၏ အခြေအနေကို စောင့်ကြည့်နေမိသည်။

မိမိသည် တိုမိုကျောင်း၏ ကိုယ်စားပြု၍ လာခဲ့သူဖြစ်သည်။ ထို့ကြောင့် တိုမိုကျောင်း၌ အဆို အများဆုံး သီချင်းကို သီဆိုခြင်းသည်သာ အကောင်းဆုံးဟု တော့တိုး-ချန်ဆုံးဖြတ်ချက်ချလိုက်သည်။
သူမ သီချင်းစဆိုလေပြီ။
"ဂါးပါ-ဂါးပါ၊ ညက်ညက်ဂါးပါ၊ သင်စားမည့် အစားအစာတိုင်းကိုပါ"

အချို့ကလေးများက ရယ်ကြသည်။ အချို့ကမူ သူတို့အချင်းချင်း"ဘာသီချင်းလဲ၊ ဘာသီချင်းလဲ" ဟု မေးကြသည်။တော့တိုး-ချန်သည်ကျောင်းသားများ၏ လှုပ်ရှားမှုများကို ကြည့်ပြီး စိတ်ထဲ၌ အနှောင့် အယှက် ဖြစ်သော်လည်း သီချင်းကို ဆုံးအောင်ဆိုလိုက်သည်။
"ညက်ညက်ဂါးဂါး-ညက်ညက်ဂါးဂါး၊ ညက်ညက်ဂါးပါ၊ သင်စားမည့် ထမင်း၊ငါးဟင်းနှင့် အသားဟင်းများကိုသာ"

သီချင်းဆိုပြီးသောအခါ တော့တိုး-ချန်သည် ဦးခေါင်းကို ညွှတ်လိုက်သည်။ သူမ၏ ဦးခေါင်းကို ပြန်မော့ လိုက်သည့်အခါ သူမ၏ ရှေ့မှစစ်သား မျက်ရည်များကျနေသည်ကို တွေ့ရသောကြောင့် သူမ အံ့အားသင့် သွားသည်။ သူမ အမှာအယွင်းတစ်ခုခု ပြုလုပ်မိလေသလား။ သူမစဉ်းစားကြည့် သည်။ထိုအခိုက် သူမ၏ ဖခင်ထက် အသက်အနည်းငယ် ပိုကြီးပုံရသော ထိုစစ်သားကြီးသည် သူမ ၏ဦးခေါင်းကို ထပ်မံပုပ် လိုက်ရင်း"ကျေးဇူးတင်ပါတယ်၊ ကျေးဇူးတင်ပါတယ်" ဟုပြောလိုက်သည်။ သူသည် သူမ၏ဦးခေါင်းကို အဆက်မပြတ် ပုတ်လျက်ရှိရာ တစ်ချိန်တည်းမှာပင် သူသည် စိတ်မ ထိန်းနိုင်ဘဲ ငိုလေ တော့သည်။ ထိုအခိုက် ဆရာမက ရွှင်လန်းသော အမူအရာဖြင့် သူ့ကိုအားပေးရင်း ...........

"စစ်သည်တော်များအတွက် ကျွန်မတို့ ရေးလာတဲ့စာလွှာတွေကို ဖတ်ပြပါရစေ" ဟုပြောလိုက် သည်။
ကလေးများသည် တစ်ယောက်တစ်လှည့်စီ ဖတ်ကြသည်။ တော့တိုး-ချန်သည်ထို စစ်သားကြီးကို ကြည့်လိုက်သည်။ သူ၏နှာခေါင်းနှင့် မျက်လုံးများမှာ နီရဲနေသည်။ သို့သော်သူသည် ပြုံးပြ လိုက်သည်။တော့တိုး-ချန်ကလည်း ပြုံးပြလိုက်သည်။



⇦ http://www.shwezinu.com ⇨

"စစ်သားကြီးပြုံးတာ မြင်ရလို့ ငါသိပ် ပျော်တာပဲ" တော့တိုး-ချန် သည် စိတ်ထဲမှ ပြောလိုက်သည်။

စစ်သားကြီးဘာကြောင့် ငိုရသည်ကို မည်သူမျှမသိနိုင် ၊ သူသာ လျှင် သိမည်ဖြစ်သည်။ သူ့တွင် တော့တိုးချန်အရွယ် သမီးတစ်ယောက်ရှိချင်လည်း ရှိမည်။သို့မဟုတ် တော့တိုး-ချန်က သူ့ကို သီချင်း ဆိုပြသောကြောင့် စိတ်ထဲတစ်မျိုးတစ်မည် ခံစားရပြီး ငိုမိခြင်းဖြစ်ကောင်းဖြစ်နိုင်သည်။ ဒါမှ မဟုတ်ရင်လည်းသူသည် ရှေ့တန်းစစ်မျက်နှာ အတွေ့အကြုံကို သတိရပြီး ငတ်တလှည့် ပြတ်တလှည့် နေခဲ့ရသည့် အဖြစ်များရှိခဲ့လေရာ "ညက်ညက်ဂါးပါ"သီချင်းကို ကြားရသောအခါ ရှေ့တန်း ၌ စားစရာ မရှိခဲ့သည်များကို စဉ်းစားမိသောကြောင့် ငိုမိခြင်းဖြစ်နိုင်သည်။ ဒါမှမဟုတ်ရင်လည်း ကြောက်စရာ အဖြစ်အပျက်များက ဤကလေးများကို ဂန်းရုံပြီးလာတော့မှာဘဲဟု စဉ်းစားမိသော ကြောင့် စစ်သားကြီး ငိုမိခြင်း ဖြစ်ကောင်း ဖြစ်နိုင်လေသည်။

စာလွှာများကို ဖတ်နေကြသော ကလေးများသည် ကြောက်စရာကောင်းသော အဖြစ်အပျက်များအ ကြောင်းကို ဘာမျှမသိကြသေးပေ။သို့သော်လည်း ပစိဖိတ်ဒေသ စစ်ပွဲကြီးသည် သူတို့အနီးသို့ ချဉ်း ကပ်၍ လာလျက် ရှိနေချေပြီ။

<u>ကျန်းမာရေး သစ်ခေါက်</u>

တောတိုး-ချန်သည် သူမ၏ လည်ပင်းတွင် ချိတ်ဆွဲထားသော မီးရထားစီးခွင့်ကတ်ပြားကို ဘူတာရုံ အဂင်အထွက် အပေါက်ဂရှိ လက်မှတ်စစ်ကို ပြလိုက်သည်။ ထိုလက်မှတ်စစ်ကို သူမသိမလို သူကလည်း သူမကို သိပြီးသားဖြစ်သည်။ ထို့နောက် သူမသည် ဂျီယာဂါအိုကာဘူတာ ရုံထဲမှထွက်လာသည်။

ဘူတာရုံအထွက်တွင် သူမသည် စိတ်ဂင်စားစရာ ကောင်းသောမြင်ကွင်းတစ်ခုကို မြင်တွေ့လိုက်ရ သည်။ လူငယ်တစ်ယောက်သည် မြေကြီးပေါ်၌ ဖျာတစ်ချပ်ခင်းပြီး ထိုဖျာပေါ်၌ တင်ပျဉ်ချိတ်ပြီး ထိုင်နေသည်။ သူ၏ နောက်ကျောတွင် သစ်ခေါက်အများအပြားကို ထောင်ထားသည်။ သူ့ကို လူငါး ယောက်ခြောက် ယောက်ခန့်က ပိုင်းအုံပြီး ကြည့်နေကြသည်။ တော့တိုး-ချန်သည် ထိုလူစုကြား ထဲသို့ ဂင်လိုက်သည်။ ဖျာပေါ်၌ ထိုင်နေသောလူငယ်က ...

"ကျွန်တော့်ကို သေသေချာချာကြည့်၊ ကျွန်တော့်ကို သေသေချာချာကြည့်ပါ"ဟု ပြောလိုက်သည်။ ထိုလူငယ်သည် သူ့ရှေ့တွင် လာရပ်သောတော့တိုး-ချန်ကို ကြည့်ပြီးနောက် ဆက်ပြောသည်။



⇧ http://www.shwezinu.com ⇩

"ခင်ဗျားတို့ အတွက် အရေးကြီးဆုံးဟာ ကျန်းမာရေးပဲ၊ နံနက်အိပ်ရာက နိုးလာတဲ့အခါမှာ ခင်ဗျား တို့နေကောင်း သလား၊ နေမကောင်းဘူးလားဆိုတာ သိထားဖို့လိုတယ်။ ဒီသစ်ခေါက်ကလေးက ပြောပြ နိုင်တယ်။ ခင်ဗျားတို့လုပ်ရမှာကတော့ မနက်အိပ်ရာက ထထချင်း ဒီသစ်ခေါက်ကလေးကို နည်းနည်း ဂါးကြည့်လိုက်ပါ။
ဂါးကြည်လို့ခါးရင်ခင်ဗျားနေမကောင်းဘူး။ အကယ်၍ အခါးဘူးဆိုရင် ခင်ဗျား နေကောင်း တယ်၊ ခင်ဗျားမဖျားဘူး၊ မနာဘူး၊ ဒီသစ်ခေါက်က ခင်ဗျားနေကောင်းတယ်၊ မကောင်းဘူးဆိုတာ ပြောပြ နိုင်တယ်၊ဈေးမများပါဘူး၊ဆင့်နှစ်ဆယ်ထဲပါ၊ ဟိုနားက လူကြီးမင်း ဒီသစ်ခေါက်စကလေးကို အနည်းငယ် ဂါးကြည့် ပေးပါလား"

သူသည် သူ၏အနားတွင် ရပ်နေသော ခပ်ပိန်ပိန်လူတစ်ယောက်ကို သစ်ခေါက် အနည်းငယ် ဖဲ့ပေး လိုက်သည်။ ထိုလူပိန်ပိန်သည် သူ၏ရှေ့သွားများဖြင့် သစ်ခေါက်ကို ဂါးကြည့်လိုက်သည်။ ခဏအကြာတွင် သူသည် ဦးခေါင်းကို နောက်သို့လှန်လိုက်ပြီး အနည်းငယ် စဉ်းစားပြီးမှ "အဲ နည်း နည်း ခါးသက်သက် ဖြစ်သလိုပဲ"ဟုပြောလိုက် လေတော့သည်။
ထိုလူငယ်သည် ထိုင်နေရာမှ ခုန်ထလိုက်ပြီး .........

"ခင်ဗျားကျန်းမာရေး မကောင်းဘူး။ ရောဂါဝေဒနာ တစ်ခုခုခံစားနေရတယ်၊ ကျန်းမာရေးဂရုစိုက်ဖို့ လိုတယ်။ ဒါပေမဲ့လို့ စိတ်မပူပါနဲ့ အခြေအနေ ဆိုးဆိုးရွားရွားမဟုတ်ပါဘူး၊ ခင်ဗျားက နည်းနည်းကလေးပဲ ခါးတယ်လို့ ပြောထားတယ်မဟုတ်လား၊ ဟိုဘက်က အစ်မကြီးရော သစ် ခေါက်ကို အနည်းငယ် ဂါးကြည့် ပါလား"
လူငယ်က သူ၏ရှေ့မှ ဈေးခြင်းတောင်းကို ဆွဲထားသော ခပ်ဂဂအမျိုးသမီးတစ်ယောက်ကို ဆက်ပြော လိုက်ပြန်သည်။ ထိုအမျိုးသမီးသည် လူငယ့်ထံမှ သစ်ခေါက်အနည်းငယ် ကိုယူပြီး ဂါးကြည့်လိုက်သည်။ ခဏအကြာတွင် .........

"ဟင် ဘယ်လိုမှ အရသာမရှိပါဘူး" ဟု ရွှင်မြူးသောလေသံဖြင့် ပြောလိုက်သည်။ "ကျေးဇူးတင်ပါတယ် အစ်မကြီးခင်ဗျာ၊ အစ်မကြီးမှာ ဘာရောဂါမှ မရှိပါဘူး ။ ကျန်းမာရေး ကောင်းပါတယ်"
လူငယ်က ပြောလိုက်သည်။ ထို့နောက်သူသည် ကျယ်လောင်သောအသံဖြင့် "ဆင့်နှစ်ဆယ်ထဲပါ။ ဆင့်နှစ်ဆယ်ထဲပါ။ ဆင့်နှစ်ဆယ်ထဲနဲ့ မနက်ရောက်ရင် သင်တို့ရဲ့ ကျန်းမာရေးကို စစ်ဆေးလို့ရ မယ်"ဟု အော်ဟစ် ပြောဆိုလေသည်။

တော့တိုး-ချန်သည် ညိုပုပ်ပုပ်အရောင်ရှိသော သစ်ခေါက်ကို အနည်းငယ် ကိုက်ကြည့်လိုက်ချင်သည်။ သို့သော်ပြောရမှာ ရှက်နေသည်။သို့သော်လည်း သူမက

⇧ http://www.shwezinu.com ⇩

"ညနေကျောင်းဆင်းချိန်အထိ ဒီမှာရှိနေမလား ဦးလေး" ဟုဈေးသည်ကို မေးလိုက်သည်။
"အေး ........ ရှိနေမယ်"
ဈေးသည် လူငယ်သည် ကျောင်းသူကလေးကို စေ့စေ့စောင်းစောင်း၍ကြည့်ရင်း ဖြေလိုက်သည်။

တော့တိုး-ချန်သည် ထိုနေရာမှ အမြန်ဆုံး ပြေးထွက်သွားသည်။ သူမ၏ကျောကုန်းပေါ်မှ အိတ်သည် ကျောကုန်းကို တဖုတ်ဖုတ် ရိုက်ခတ်လျက်ရှိသည်။သူမသည် ကျောင်းမတက်မီ လုပ်စရာ ရှိသေးသည်။ ထို့ကြောင့် ကျောင်းနောက်ကျလို့မဖြစ်။ စာသင်ခန်းထဲသို့ ရောက်သည်နှင့် သူမသည် သူမ၏ သူငယ်ချင်း များကို မေးလိုက်သည်။
"ငါ့ကို ဆင့်နှစ်ဆယ် ဘယ်သူ ချေးနိုင်မလဲ"
သို့သော်လည်း မည်သူ့ထံမျှ ဆင့်နှစ်ဆယ် မပါပေ။ ဆယ်ဆင့်ဆိုလျှင် သူတို့မုန့်အများကြီး ဝယ်လို့ရ သည်။ ထို့ကြောင့် သူတို့ထံ ဆင့်နှစ်ဆယ်မပါပေ။

"ငါ့အမေနဲ့အဖေကို ပြောကြည့်မယ်"
မိရိုး-ချန်က ပြောလိုက်သည်။ မိရိုး-ချန်သည် ကျောင်းအုပ်ဆရာကြီး၏ သမီးဖြစ်သည့် အတွက် တော့တိုး-ချန်အဖို့ အလွန်အဆင် ပြေသွားသည်။ မိရိုး-ချန်တို့၏ အိမ်သည်ကျောင်း၏ စုဝေးခန်းမကြီးနှင့် တဆက်တည်းရှိနေသော ကြောင့် မိရိုး-ချန်၏ အမေသည် အိမ်၌အမြဲ ရှိသည်။ ထို့ကြောင့် မိရိုး-ချန်သည် အမေ့ကို လည်းကောင်း၊ အဖေ့ ကိုလည်း အချိန်မရွေး သွားတွေ့လို့ရလေသည်။

"အဖေက ပြောတယ် နင်တို့ ငွေချေးမယ်တဲ့။ ဒါပေမဲ့လို့ နင်ဘာလုပ်မယ်ဆိုတာကိုတော့ သူသိချင် တယ်တဲ့" နေ့လယ်စာစားချိန်တွင် မိရိုး-ချန်က တော့တိုး-ချန်ကို ပြောလိုက်သည်။
တော့တိုး-ချန်သည် ဆရာကြီးရုံးခန်းသို့ သွားသည်။

"မင်း ဆင့်နှစ်ဆယ် လိုချင်တယ်ဆို၊ ဘာလုပ်ဖို့လဲဆိုတာကိုတော့ ဆရာကြီး သိချင်တယ်ကွယ်" ဟု ဆရာကြီးက သူ၏မျက်မှန်ကို ချွတ်လိုက်ရင်း မေးသည်။
"နေကောင်းတယ်၊ မကောင်းဘူးဆိုတာ ပြောနိုင်တဲ့ သစ်ခေါက်ဝယ်ချင်လို့ပါ"ဟု သူမက လျင်မြန်စွာ ဖြေလိုက် သည်။ ဆရာကြီး အလွန် အံ့သြသွားသည်။

"အဲဒါကို ဘယ်မှာရောင်းတာလဲ"
"ဘူတာရုံ ရှေ့မှာပါ" ဟုတော့တိုး-ချန်သည်ခပ်မြန်မြန် အဖြေပေးလိုက်ပြန်သည်။
" ကောင်းပြီလေ မင်းဝယ်ချင်တယ်ဆိုရင် တစ်ခုဝယ်ပေါ့ ဒါပေမဲ့လို့ ဆရာကြီးလဲ တစ်ကိုက်လောက် ကိုက်ကြည့် ချင်တယ်၊ ရမလား"
ဆရာကြီးသည် သူ၏အပေါ်အိတ်ထဲမှ ပိုက်ဆံအိတ်ကို ထုတ်ယူ၍ ၎င်းအိတ်ထဲမှ ဆင့်နှစ်ဆယ်ကို နှိုက်ယူပြီး တော့တိုး-ချန်၏ လက်ထဲသို့ ထည့်လိုက်သည်။

⇧ http://www.shwezinu.com ⇩

"အိုး ကျေးဇူးအများကြီးတင်ပါတယ်၊ ကျွန်မ အမေ့ထံက ပိုက်ဆံပြန်တောင်းပြီး ပြန်ပေးပါ့မယ်၊ အမေက ကျွန်မကို စာအုပ်ဂယ်ဖို့ ပိုက်ဆံတွေပေးပါတယ်။ တစ်ခုခုဂယ်ချင်ရင် ဂယ်ချင်တဲ့အ ကြောင်းကို ပထမ ကြိုတင်ခွင့်တောင်းရပါတယ်။ အခုဒီတစ်ခေါက်မှာတော့ ကျန်းမာရေးအတွက် လိုအပ်လို့ အမေက ဂယ်ခွင့်ပေးလိုက်မယ်လို့ ထင်ပါတယ်" ဟုတော့တိုး-ချန်က ပြောလိုက်သည်။ ကျောင်းဆင်းသောအခါ တော့တိုး-ချန်သည် ဘူတာရုံသို့ အမြန်ဆုံးပြေးသွားသည်။ သူမ၏လက်ထဲ ၌ ပိုက်ဆံဆင့်နှစ်ဆယ်ကို ဆုပ်ကိုင်ထားသည်။ သစ်ခေါက်ရောင်းသူသည် အာပေါက်အာရင်းသန် သန်ဖြင့် သူ၏ သစ်ခေါက်များကို အော်ဟစ်ရောင်းနေဆဲပင်ရှိသည်။ တော့တိုး-ချန်၏ လက်ထဲမှ ပိုက်ဆံဆင့်နှစ်ဆယ် ကို တွေ့သောအခါ သူသည်သွားများပေါ်အောင် ပြုံးလိုက်သည်။

"သိပ်လိမ္မာတဲ့ မိန်းကလေး၊ မင်းရဲ့အဖေနဲ့အမေတော့ သိပ်ဂမ်းသာကြမှာပဲ"
'ရော့ကီလည်းဂမ်းသာမှာပါ"ဟု တော့တိုး-ချန်က ပြောလိုက်သည်။
"ရော့ကီဆိုတာ ဘယ်သူလဲ"
ဈေးသည်သည်တော့တိုး-ချန်အတွက် သစ်ခေါက်တစ်ခေါက်ကို ကောက်ယူလိုက်ရင်း မေးလိုက် သည်။

"ရော့ကီဟာ ကျွန်မရဲ့ခွေးပေါ့၊ ဂျာမန်သိုးထိန်းခွေး"
ထိုသူသည ်ရုတ်တရက် မလှုပ်မယှက်ဖြစ်သွားပြီး စဉ်းစားလိုက်သည်။ ပြီးတော့မှ "ခွေး ဟုတ်လား၊ အေးလေ ခွေးကိုလည်း ကိုက်ခိုင်းလို့ ရပါတယ်၊ ခွေးက ကိုက်ကြည့်လို့ ခါးတယ်ဆိုရင်လည်း ခွေးနေမကောင်းဘူးဆိုတာ သိနိုင်တာပေါ့" ဟုပြောလိုက်သည်။ ထို့နောက်ဈေး သည် အလျားခြောက်လက်မခန့်နှင့် အနံနှစ်လက်မခန့်ရှိသော သစ်ခေါက်တစ်ခေါက် ကို တော့တိုး-ချန် သို့ပေးလိုက်သည်။

"ဒီမှာ သစ်ခေါက်မနက်တိုင်းနည်းနည်း ကိုက်ကြည့်ပေါ့၊ ခါးရင်မင်းနေမကောင်းလို့ဘဲ၊ မခါးရင်တော့ မင်းဟာ နေကောင်းနေပြီလို့သာ မှတ်ပေရော့" တော့တိုး-ချန်သည် သတင်းစာစက္ကူဖြင့် ထုပ်ထားသော အဖိုးတန် သစ်ခေါက်ကို အိမ်သို့ဂရုတစိုက် သယ်ယူသွားလေသည်။ အိမ်သို့ရောက်လျှင်ရောက်ချင်း သူမ ပထမဦးဆုံးပြုလုပ်သည့် အလုပ်မှာ သစ်ခေါက် ကို အနည်းငယ်ကိုက်ကြည့်လိုက်ခြင်းပင်ဖြစ်သည်။ သစ်ခေါက်မှာ ခြောက်သွေ့ပြီး ကြမ်းသည်။ မည်သည့် အရသာမျှမရှိပေ။အမှန်တကယ်အားဖြင့်ဆိုလျှင် ထိုသစ်ခေါက်၌ မည်သည့် အရသာမျိုးမျှမရှိချေ။

"ဟူးရေး ......... ငါနေကောင်းတယ်"
"ဟုတ်တယ်လေ၊ သမီးနေကောင်းသားပဲဟာ၊ ဘာများဖြစ်လာပြန်ပြီလဲ" ဟု အမေကပြုံး၍ မေးလိုက်သည်။

⇧ http://www.shwezinu.com ⇩

တော့တိုး-ချန်က ရှင်းပြလိုက်သည်။ အမေက သစ်ခေါက်ကို နည်းနည်းဖဲ့ပြီး ကိုက်ကြည့်လိုက်တယ်။
"မခါးပါဘူး"
"ဒီလိုဆိုရင် အမေလည်း နေကောင်းတယ်"

၄င်းကောင်းနောက် တော့တိုး-ချန်သည် ရှေ့ကီရှိရာသို့သွား၍ သစ်ခေါက်ကို သူ၏ပါးစပ်ရှေ့တွင် ကိုက်ပြသည်။ ရှေ့ကီသည် ပထမဦးစွာ သစ်ခေါက်ကို အနံ့ခံလိုက်သည်။ ၄င်းကောင်းနောက် လျှာဖြင့် လျက်လိုက်သည်။
"မဟုတ်ဘူး၊ နင်ကိုက်ကြည့်ရမယ်၊ ဒါမှနင်နေကောင်းမကောင်းသိနိုင်မယ်"ဟု တော့တိုးချန်က ပြောလိုက် သည်။
သို့ရာတွင် ရှေ့ကီသည် ကိုက်ကြည့်ဖို့မကြိုးစားပေ။ ၄င်း၏နားရွက်ကိုသာ လက်ဂါးဖြင့် ကုတ်လိုက်သည်။ တော့တိုး-ချန်သည် သစ်ခေါက်ကို ၄င်းကောင်း၏ပါးစပ်နားသို့ ကပ်နိုင်သမျှ ကပ်ထားလိုက်ရင်း...
"ကိုက်စမ်း၊ နေမကောင်းဖြစ်ရင် ဘယ်လောက်စိတ်ညစ်စရာကောင်းတယ်ဆိုတာ နင်သိတယ် မလား"

ရှေ့ကီသည် မကိုက်ချင်ကိုက်ချင်ဖြင့် သစ်ခေါက်၏အစွန်းပိုင်းကို အနည်းငယ်ကိုက်လိုက်သည်။ ၄င်းနောက် နမ်းကြည့်လိုက်သည်။ သစ်ခေါက်ကို မနှစ်သက်သော အမူအရာမပြပေ။ ၄င်းသည် ပါးစပ်ကို ဖြဲပြီး တချက် သမ်းပြလိုက်သည်။
"ဟူးရေး...ရှေ့ကီလည်းနေကောင်းတယ်"
နောက်တနေ့ နံနက်တွင် အမေက တော့တိုး-ချန်ကို ဆင့်နှစ်ဆယ် ပေးသည်။ သူမသည် ဆရာကြီး၏ ရုံးခန်းသို့ တန်းသွားပြီး သစ်ခေါက်ကို ထုတ်ပြလိုက်သည်။ ဆရာကြီးသည် ရုတ်တရက်အံ့အားသင့်သွားပြီးနောက် "ဘာပါလိမ့်"ဟူသောအကြည့်ဖြင့် ကြည့်လိုက် သည်။ ထို့နောက်သူသည် တော့တိုး-ချန်၏ လက်ထဲတွင်ကိုင်ထားသော ဆင့်နှစ်ဆယ် ကို တွေ့လိုက် ရတော့ မှ မနေ့က အဖြစ်အပျက်ကို အမှတ်ရလိုက်သည်။

"ဂါးကြည့်ပါ၊ ခါးရင်တော့ ဆရာကြီးနေမကောင်းလို့ပဲ"ဟု တော့တိုး-ချန်က ပြောလိုက်သည်။
ဆရာကြီးက အနည်းငယ်ကိုက်ကြည့်သည်။ ထို့နောက်သူသည် သစ်ခေါက်ကို သေသေချာချာ ဟိုဘက် ဒီဘက် လှန်လှောကြည့်သည်။
"ခါးသလား ဆရာကြီး"
တော့တိုး-ချန်သည် ဆရာကြီးမျက်နှာကို ပူပန်စိတ်ဖြင့် အကဲခတ်ကြည့်ရင်း မေးလိုက်သည်။

"ဘယ်လိုမှအရသာ မရှိဘူး"



⇧ http://www.shwezinu.com ⇩

ထို့နောက် ဆရာကြီးသည် တော့တိုး-ချန်ကို သစ်ခေါက်ပြန်ပေးရင်း "ဆရာကြီး နေကောင်းတယ် ကျေးဇူးပဲ"ဟု ပြောလိုက်လေသည်။ "ဟူးရေး... ဆရာကြီး ကျန်းမာတယ်၊ ကျွန်မသိပ်ဂမ်းသာတာပဲ"

ထိုနေ့က တော့တိုး-ချန်သည် ကျောင်းတွင်တွေ့သမျှ ကျောင်းသားတိုင်းအား သစ်ခေါက်ကို အနည်းငယ်စီ ကိုက်ခိုင်း သည်။ သစ်ခေါက်ကို ကိုက်ကြည့်သော ကျောင်းသားတိုင်းက မခါးပါဟုပြောကြသည်။ အဓိပ္ပါယ်မှာ သူတို့နေကောင်းသည့် အဓိပ္ပါယ်ပင်ဖြစ်သည်။ တော့တိုး-ချန် သည် အလွန်ဂမ်းသာသည်။

ကလေးများသည် ဆရာကြီးထံသို့သွား၍ သူ.တို့နေကောင်းပါသည်ဟု ပြောကြသည်။ ဆရာကြီး သည် သူ့ထံလာသော ကလေးတိုင်းကို"နေကောင်းတာ ကောင်းတာပေါ့"ဟု ပြန်လည်အဖြေပေး လိုက်သည်။ ဆရာကြီးသည် ဤသစ်ခေါက်အကြောင်းကို သိထားပြီးဖြစ်သည်။ သူသည် ထိုသစ်ခေါက်ရရှိသော သစ်ပင်များ ပေါက်ရာ ဒေသ၌ မွေးဖွားကြီးပြင်းလာသူဖြစ်သည်။ ထိုသစ်ခေါက်ကို မည်သူပင် ဂါးကြည့် ဂါးကြည့် မည်သည့်အရသာကိုမျှ ခံစားရမည်မဟုတ်ပေ။

တော့တိုး-ချန်က သစ်ခေါက်ဖြင့် လူတိုင်း၏ ကျန်းမာရေးကို စစ်ဆေးခြင်းသည် ကောင်းသော အလုပ်တစ်မျိုးဖြစ်သည်ဟု ဆရာကြီးစဉ်းစားမိလေသည်။ သူတပါး နေမကောင်းမှာကို စိတ်ပူတတ် ခြင်းသည် ကောင်းသော အလေ့အကျင့်တစ်မျိုးဖြစ်သည်။ တော့တိုး-ချန်သည် ကျောင်းဂင်းထဲ၌ ခွေးလေခွေးလွင့်တစ်ကောင်၏ ပါးစပ်နားသို့ သစ်ခေါက်ကိုကပ်ပြီး ကိုက်ခိုင်း သည်။ ထိုခွေးက သူမကို ကိုက်မလို့ လုပ်သည်ကိုပင် သူမ ဂရုမပြုပေ။

နင်နေကောင်း မကောင်း သိနိုင်မယ်၊ လာစမ်း ကိုက်ကြည့်စမ်း၊ နင်နေကောင်း ရင် ကောင်းတာပေါ့..

သူမက ထိုခွေးကို ပြောသည်။

သူမ၏ ကြိုးစားအားထုတ်မှုကြောင့် ထိုခွေးသည် သစ်ခေါက်ကို အနည်းငယ် ကိုက်လိုက်သည်။ ခွေးက ထူးထူး ခြားခြား ဖြစ်မသွားပေ။ ထို့ကြောင့် သူမက... ဟူးရေး နင်လည်း နေကောင်းတယ်..ဟုအော်စစ်ပြောဆိုလိုက်သည်။ ခွေးသည် ခေါင်းငုံ့ပြီး သူမ၏အပါးမှ ထွက်ခွာသွားလေတော့သည်။

ကျောင်းအုပ် ဆရာကြီးသည် မှန်းဆမိသည့်အတိုင်းပင် သစ်ခေါက်ရောင်းသမားကို ဂျီယူဂါဒိုကာ ဘူတာရုံရှေ့ ၌ နောက်ထပ်မတွေ့ ရတော့ပေ။ တော့တိုး-ချန်သည် နံနက်တိုင်းကျောင်းသို့ မသွားမီ သူမ၏ အံဆွဲထဲမှ ထိုသစ်ခေါက်ကို ထုတ်ယူပြီး ဂါးကြည့် သည်။ ကျောင်းသွားရန် အိမ်မှ ထွက်သည်နှင့်..

⇧ http://www.shwezinu.com ⇩

ငါနေကောင်းတယ် ဟု အသံပြုလေ့ရှိသည်။ တော့တိုး-ချန်သည် အမှန်တကယ်ပင် ကျန်းမာရေး ကောင်းလျက်ရှိနေပါတော့၏။

## အင်္ဂလိပ်စကား ပြောသော ကလေးတစ်ယောက်

တိုမိုကျောင်း သို့ ကျောင်းသားတစ်ယောက် ရောက်လာသည်။ မူလတန်းအဆင့် ကျောင်းသား တစ်ယောက် နှင့် မလိုက်အောင်သူသည် အရပ်မြင့်ပြီး ပခုံးကျယ်သည်။ တော့တိုး-ချန် က သူသည် သတ္တမတန်းအဆင့် ကျောင်းသားဖြစ်သင့်သည်ဟု ထင်မှတ်မိသည်။ သူဝတ်ထားသော အဝတ်များမှာ လည်းထူးခြားသည်။ လူကြီးများ ဝတ်သလို ဝတ်ထားသည်။ ကျောင်းကစားကွင်းတွင် ထိုနေ့နံနက်က ဆရာကြီးသည် ကျောင်းသားသစ်ကို သူ၏ တပည့်ဟောင်းများ နှင့် မိတ်ဆက် ပေးသည်။

"သူဟာ မီယာဇာကီဖြစ်တယ်။ သူ့ကို အမေရိကန်မှာ မွေးဖွားခဲ့တယ်။ သူဟာ အမေရိကန်မှာ ကြီးပြင်း ခဲ့ရသူ ဖြစ်တယ်။ ဒါကြောင့် သူဟာ ဂျပန်လို ကောင်းကောင်းမပြောတတ်သေးဘူး။ ဒါ့ကြောင့်မို့လို့လဲ သူဟာ တိုမိုကျောင်းမှာ လာရောက်ပြီး မင်းတို့တစ်တွေနဲ့ ရင်းရင်းနှီးနှီး မိတ်ဆွေသူငယ်ချင်းအဖြစ်ကို ရယူပြီးတော့ စာသင်ဖို့ရာ ရောက်လာခြင်းဖြစ်တယ်။ အခုအချိန်ကစပြီးတော့ သူဟာ မင်းတို့လိုပဲ ကျောင်းသား တစ်ယောက်ဖြစ်သွားပြီ။ သူ့ကို ဘယ်အတန်းထားရင် ကောင်းမလဲဆိုတော့ ငါးတန်း မှာပေါ့။ တာ-ချန်နှင့် တခြား ကျောင်းသားတွေနဲ့ အတူတူပေါ့"

"ကောင်းပါတယ်"

ပုံဆွဲတော်သော တာ-ချန်ကပြောလိုက်သည်။ သူ၏လေသံမှာ အစ်ကိုကြီးတစ်ယောက်၏ လေသံ ဖြစ်သည်။ ဆရာကြီးသည် ပြုံးလိုက်ပြီးနောက် ဆက်ပြောသည်။

"သူဟာ ဂျပန်စကားနဲ့ ဂျပန်စာမှာ သိပ်မတော်ဘူးလို့သာ ပြောတာနော်၊ အင်္ဂလိပ်လိုတော့ သိပ်တော် တယ်ကွဲ့။ သူက မင်းတို့ကို အင်္ဂလိပ်စာမှာ ကူညီပါလိမ့်မယ်။ သူဟာ ဂျပန်ရဲ့နေပုံ ထိုင်ပုံ၊ သွားပုံ လာပုံ တွေကို ကောင်းကောင်းမသိဘူး။ မင်းတို့က သူ့ကိုအကအညီပေးကြပါ။ ပေးကြမယ် မဟုတ်လား။

အမေရိကန် ပြည်မှာ ဘယ်လိုနေကြထိုင်ကြ သွားကြလာကြတယ်ဆိုတာကိုလည်း သူ့ကို မေးကြည့်ကြပေါ့။ သူက မင်းတို့တစ်တွေကို စိတ်ဝင်စားစရာ ကောင်းတဲ့ အကြောင်းအရာ အမျိုးမျိုးကို ပြောပြနိုင်ပါလိမ့်မယ်။

ကဲ-ကောင်းပြီ၊ သူ့ကို မင်းတို့နဲ့ အတူတူထားခဲ့တော့မယ်" မီယာဇာကီသည် သူ၏ အတန်းသားများကို ဦးညွှတ်၍ ကြိုဆိုလိုက်သည်။ သူတို့အားလုံးသည် သူ့ထက်အရပ်ပုကြသည်။ သူကဦးညွှတ်ကြိုဆိုသည်ကို လက်ခံသည့် အနေဖြင့်

⇧ http://www.shwezinu.com ⇩

ပဉ္စမတန်းမှ ကျောင်းသားများသာမက တစ်ကျောင်းလုံးမှ ကျောင်းသားများကပါ သူ့ကို ဦးညွတ်ကြိုဆို လိုက်ကြသည်။

နေ့လယ်စာစားချိန်တွင် မီယာကီသည် ဆရာကြီး၏ အိမ်သို့သွားသည်။ အခြားကျောင်းသားများကပါ သူ့နောက်မှ လိုက်သွားကြသည်။ သူသည် ဖိနပ်မချွတ်ဘဲဝင်သွားရာ ကလေးများအားလုံးက "မင်းရဲ့ ဖိနပ်ကို ချွတ်ရမယ်" ဟု အော်ပြောလိုက်သည်။
မီယာဇာကီသည် ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်သွားသည်။ ပြီးတော့မှ "အိုး ငါ့ကို ခွင့်လွှတ်ပါ" ဟု ပြောပြီး သူစီးထားသော ဖိနပ်ကိုချွတ်လိုက်သည်။ ထိုအခါ ကလေးများက သူဘာလုပ်ရမည်ကို ပြောပြကြသည်။

"တာတာမီ မြက်ဖျာခင်းထားတဲ့ ကြမ်းပြင်ပေါ်တွေကို တက်တဲ့အခါမှာ၊ နောက်ပြီးတော့ စုဂေးခန်းမ ကြီးထဲကို ဝင်တဲ့အခါမှာ စီးထားတဲ့ဖိနပ်တွေကို ချွတ်ခဲ့ရမယ်၊ စာသင်ခန်းတွေထဲမှာနဲ့ စာကြည့်ဆောင် ထဲမှာတော့ ဖိနပ်ကို စီးထားနိုင်တယ်"
"ကူဟွန်းဘတ်စု ဘုရားကျောင်းကိုသွားရင် ကျောင်းဝင်းထဲက မြေကြီးပေါ်မှာတော့ ဖိနပ်စီးလို့ရတယ်၊ ဘုရားကျောင်းရှိတဲ့ နေရာပေါ်ကို တက်ရင်တော့ ဖိနပ်ချွတ်ရမယ်"
ဂျပန်ပြည်၌ နေထိုင်ရပုံနှင့် နိုင်ငံခြား၌ နေထိုင်ရပုံများကွဲပြားခြားနားမှုရှိပုံကို လေ့လာရခြင်းသည် စိတ်ဝင်စား ဖွယ်ကောင်းသည်ဟု သူတွေးမိလေသည်။

နောက်တစ်နေ့တွင် မီယာဇာကီသည် ကျောင်းသို့ အင်္ဂလိပ်ရုပ်စုံ စာအုပ်ကြီးတစ်အုပ် ယူလာသည်။ နေ့လည်စာ စားချိန်တွင် ကျောင်းသားခပ်များများသည် သူ့အနီး၌ ဝိုင်းအုံပြီး စာအုပ်ကို ကြည့်နေကြ သည်။ သူတို့ အလွန်အံ့သြနေကြသည်။ ဤမျှလှပသော စာအုပ်မျိုးကို ယခင်က သူတို့မတွေ့ဖူးချေ။ သူတို့ မြင်ဖူးသော ရုပ်စုံစာအုပ်များတွင် အနီရောင်၊ အစိမ်းရောင်၊ အဝါရောင်များသာပါသည်။ ယခုစာအုပ်တွင် အရောင်မျိုးစုံပါဝင်သည်။ အချို့အရောင်များမှာ ခပ်ဖျော့ဖျော့ ဖြစ်သည်။ အရောင်သိပ်မတောက်လွန်းဘဲ ကြည့်ရသည်မှာ မျက်စိအလွန်အေးသည်။ သူတို့မြင်တွေ့နေကျ ခဲတံရောင်စုံ နှစ်ဆယ်လေးမျိုး၊ အရောင် များသာမက၊ တော့တိုး-ချန်တွင်ရှိသော အထူးရောင်စုံခဲတံ လေးဆယ့်ရှစ် မျိုး၏ အရောင်များပင် လိုက်မမီသော အရောင်များကို တွေ့ကြရသည်။ ရေးဆွဲထားသော ရုပ်ပုံများမှာ လည်း အလွန် လှလှ ပပ ရှိသည်။ ဤမျှသပ်သပ်ရပ်ရပ်ရှိသော ရုပ်စုံစာအုပ်မျိုးကို သူတို့တစ်တွေ ယခင်က မမြင်ခဲ့ဖူးပါ။ တော့တိုး- ချန် သည် မီယာဇာကီ အနားသို့တက်နိုင်သမျှကပ်၍ စာအုပ်ထဲမှအရုပ်များ ကိုကြည့်သည်။

မီယာဇာကီသည် စာအုပ်ထဲ၌ ရေးသားထားသော အင်္ဂလိပ်စာများကို ဖတ်ပြသည်။ သူ၏ အင်္ဂလိပ် အသံ ထွက် မှာ အလွန်နားထောင်လို့ ကောင်းသည်။ သူသည် ကျောင်းသို့

⇧ http://www.shwezinu.com ⇩

အသစ်အဆန်းများ ယူဆောင် လာခဲ့သည်။ သူနှင့်အခြား ကလေးများသည် တိုတောင်သော အချိန်အတွင်း ရင်းနှီးခင်မင်သော မိတ်ဆွေ သူငယ်ချင်း များ ဘဂသို့ရောက်သွားကြလေ တော့သည်။ သူသည် ကျောင်းသို့နေ့စဉ် စာအုပ် အမျိုးမျိုး ယူလာ၍ နေ့လယ်စာစားပြီး ကျောင်းလွှတ်ချိန်၌ သူတို့ကို ဖတ်ပြသည်။

မီယာဇာကီသည် သူတို့၏ အင်္ဂလိပ်စာနည်းပြဆရာသဖွယ် ဖြစ်လာသည်။ ထိုတစ်ချိန်တည်းမှာပင် မီယာဇာကီ ၏ ဂျပန်လိုအပြောအဆို အရေးအသားမှာ လျင်မြန်စွာ တိုးတက်၍ လာသည်။ တော့တိုး-ချန် နှင့် သူမ၏ မိတ်ဆွေအပေါင်းအသင်းများသည် အမေရိကန်ပြည်အကြောင်း ဗဟုသုတ များစွာ ကို ရလိုက်ကြသည်။ တိုမိုကျောင်းတွင် ဂျပန်နှင့် အမေရိကန်သည် မိတ်ဆွေ ဖြစ်နေကြသည်။ သို့ရာတွင် တိုမိုဇ၏အပြင်ဘက်၌ အမေရိကန်သည် ရန်သူဖြစ်လာလေပြီ။ အင်္ဂလိပ်မှာလည်း ရန်သူ ဘာသာ စကား ဖြစ်လာသောကြောင့် ဂျပန်နိုင်ငံရှိ ကျောင်းများအားလုံးတွင် အင်္ဂလိပ်စာ သင်ကြားရေး ကို သင်ရိုး ညွှန်းတမ်း မှ ဖြုတ်ထားလိုက်ပြီ ဖြစ်သည်။

"အမေရိကန်တွေဟာ မကောင်းဆိုးဂါးတွေပဲ" အစိုးရက ကြေငြာချက် ထုတ်ပြန်လိုက်သည်။ သို့ရာတွင် တိုမိုကျောင်း၌ ကလေးများသည် အင်္ဂလိပ်စာလုံးအချို့ကို ရွတ်ဆိုနေကြသည်။ တိုမိုကျောင်းကို ဖြတန် သန်းပြီး တိုက်ခတ်လာသော လေပြည်လေညင်းများမှာ ပူပူနွေးနွေးနှင့် နူးနူးညံ့ညံ့ ရှိသည်။ ကလေးများ အားလုံးမှာလည်း ချစ်စရာကောင်းသောအသွင်ကို ဆောင်နေကြသည်။

**<u>အပျော်တမ်းပြဇာတ်</u>**

"ငါတို့ ပြဇာတ်တစ်ခု ကပြကြမယ်"
တိုမိုကျောင်း၏ သမိုင်းတွင် ပထဦးဆုံးအကြိမ် တင်ဆက်မည့် ပြဇာတ် ဖြစ်သည်။ နေ့လယ်စာ စားချိန် တွင် ကျောင်းသားအများရှေ့ထွက်၍ အကြောင်းအရာတစ်ခုခုကို တလှည့်စီ ပြောရသည့်အလုပ်ကို ယခုထက်ထိ ပြုလုပ်နေရတုန်းပင် ဖြစ်သော်လည်း ယခုမူထို့ထက် တစ်ဆင့်တက်၍ စင်မြင့်ပေါ်တက်ပြီး ပြဇာတ် ကကြရမည်။ ဆရာကြီးက စန္ဒရားတီးမည်။ ပရိသတ်က ကြည့်ကြမည်။ သိပ်ကို ပျော်စရာ ကောင်းပေ လိမ့်မည်။ ကလေးများသည် ပြဇာတ်မကြည့်ဖူးကြ။ တော့တိုး-ချန်သည်ပင်လျှင် မကြည့်ဖူး သေးပေ။

"ငန်းတို့၏ ရေကန်" ကြည့်ရသည့်အခါကလွဲလျှင် သူမသည် ပြဇာတ်ကရာ ကပွဲရုံသို့တစ်ခါမှ မရောက် ဖူးပေ။ သူတို့အားလုံးသည် ကျောင်းစာသင်နှစ်အကုန်တွင် တင်ဆက်မည့် အစီအစဉ်ကို စုပေါင်း ဆွေးနွေး ကြသည်။

တော့တိုး-ချန်၏ အတန်းမှ "ကန်ဂျင်ချို" ပြဇာတ်ကို တင်ဆက်ကပြရန်



⇧ http://www.shwezinu.com ⇩

ဆုံးဖတ်ချက်ချလိုက်ကြသည်။ ထိုပြဇာတ် သည် သူတို့၏ ကျောင်းဖက်စာအုပ်ထဲတွင် ပါရှိသည်။ မစ္စတာမာရှယာမားက သူတို့ကို သင်ကြားပြသပေးမည် ဖြစ်သည်။ အရပ်မြင့်မြင့်နှင့် ကိုယ်ခန္ဓာ တုတ်တုတ်ခိုင်ခိုင်ရှိသော အီကို ဆိုင်ရှိုက ဇာတ်လမ်းတွင် ပါဝင်သော လူသန်ကြီးဘင်ကီအီအဖြစ် သရုပ်ဆောင်ရမည်ဖြစ်ပြီးလျှင် အသံသြဇာရှိပြီး ကိုယ်ခန္ဓာ တောင့်တောင့်တင်းတင်းရှိသော အမာဒီရားက တပ်မှူးတိုဂါရှိ အဖြစ် သရုပ်ဆောင်ရမည်။ တော့တိုး-ချန် မှာမူ အစေခံအဖြစ် ရုပ်ဖျက်ထားသော အမတ်ကြီး ရိုရှိုဆူအနေဖြင့် သရုပ်ဆောင်ရမည်။ ကျန်ကျောင်းသား များက ဘုန်းကြီးများအဖြစ် သရုပ်ဆောင် ကြရမည်။

အစမ်းလေ့ကျင့်မှု မစတင်မီ ကျောင်းသားများသည် သူတို့ရွတ်ဆိုရမည့် စာကြောင်းများကို အလွတ် ကျက်မှတ် ကြရသည်။ တော့တိုး-ချန်နှင့် ဘုန်းတော်ကြီးများအဖြစ် သရုပ်ဆောင် ကြရမည့် သူများသည် မည့်သည့် စကားကိုမျှ ပြောရန်မလိုသောကြောင့် ဘာမျှ ကျက်မှတ်ရန် မလိုပေ။ ပြဇာတ်တလျှောက်လုံး ဘုန်းကြီးများ သည် ငြိမ်ငြိမ်ကလေးရပ်နေကြရမည်။ ရိုရှိုဆူနေအဖြစ် သရုပ်ဆောင်ရမည့် တော့တိုး-ချန်သည် ဆောင်းထားသော မြတ်ဦးထုပ်ကြီးဖြင့် မျက်နှာကို ဖုံးကွယ်ထားရင်း ဒူးထောက်၍ ငြိမ်ငြိမ် ကလေး နေရမည်ဖြစ်သည်။ အမှန်တကယ်အားဖြင့်ဆိုလျှင် လူသန်ကြီးဘင်ကီအီသည် ရိုရှိုဆူနေ၏ အစေခံ ဖြစ်သည်။ သို့သော်လည်း ဇာတ်လမ်းအရ သူသည် ဆရာဖြစ်သူကို သူ၏ လက်ထဲမှတုတ်ဖြင့် ရိုက်ရ မည်ဖြစ်သည်။

အစမ်းလေ့ကျင့်ကြလေပြီ။ တိုဂါရှိနှင့် ဘင်ကီအီတို့လမ်းတွင် ဆုံတွေ့ကြသည်။ ဘုန်းကြီးများက ဘင်ကီအီ၏ နောက်တွင် မတ်တတ်ရပ်နေကြပြီ။ ရိုရှိုဆူအနေဖြင့် သရုပ်ဆောင်သော တော့တိုး-ချန်က ဘင်ကီအီ ၏ ရှေ့တွင် ဒူးထောက်၍ ရှိနေရမည်ဖြစ်သည်။ ဘင်ကီအီသည် သူ၏ရှေ့မှ ရိုရှိုဆူနေကို တုတ်ဖြင့် ရိုက်လျှင် ရိုရှိုဆူနေက ငြိမ်ခံနေရမည်ဖြစ်သည်။

သို့သော် တကယ့်တကယ် ရိုက်သောအခါ တော့တိုး-ချန်သည် ဆရာသင်ထားသည့် အတိုင်း ငြိမ်ငြိမ် ကလေး မနေဘဲ ဘင်ကီအီကို ခံရိုက်လေတော့သည်။ သူမသည် ဘင်ကီအီအဖြစ် သရုပ်ဆောင်သော အီကိုဆိုင်ရှို ၏ ခြေထောက်များကိုကန်ပြီး လက်သည်းများဖြင့် ကုတ်ဖဲ့လိုက်သည်။ အီကိုဆိုင်ရှိုသည် နာကျင်သောကြောင့် အော်ငိုလိုက်မိသည်။ ဘုန်းကြီးအဖြစ် သရုပ်ဆောင်သူများက ရယ်ကြသည်။
ရိုရှိုဆူနေက ခံရိုက်သောကြောင့် အစီအစဉ်များ ပျက်ကုန်လေတော့သည်။ မစ္စတာ မာရှယာမားသည် တော့တိုး-ချန် နားလည်သဘောပေါက်အောင် ရှင်းပြသော်လည်း တော့တိုး-ချန်က လက်မခံပေ။ သူမ ကို ရိုက်လျှင် သူမကလည်း ခံရိုက်မည်ဟု ပြန်ပြောလေသည်။

⇧ http://www.shwezinu.com ⇩

သူတို့သည် ထိုအခန်းကို ထပ်ခါတလဲလဲ အစမ်းလေ့ကျင့်ကြသော်လည်း အခြေအနေ မကောင်းလာပါ။ တော့တိုး-ချန် က ပြန်လည်ခုခံ နေသောကြောင့်ဖြစ်သည်။ နောက်ဆုံး၌ မစ္စတာမာရှုယာမားက..... "ကဲ တောတိုး-ချန် ဆရာတော့ သိပ်ဂမ်းနည်းတယ်ကွာ၊ မင်းရဲ့နေရာကို တာအိ-ချန်နဲ့ အစားထိုး ရတော့ မှာပဲ၊ တာအိ-ချန်က ရိုရှိဆူနေအဖြစ် သူရုပ်ဆောင်ပေတော့" ဟု ပြောဆိုလိုက်သည်။ တော့တိုး-ချန်သည် ကြည်ကြည်ဖြူဖြူပင် သဘောတူလိုက်သည်။ သူမအနေဖြင့် တစ်ယောက်တည်း အရိုက်ခံ ရသည့်နေရာမျိုး၌ ပါဝင် သရုပ်ဆောင်လိုစိတ် မရှိသည်မှာ အမှန်ပင်။

ထို့နောက် မာရှုယာမားကပင် ဆက်လက်၍ "တော့တိုး-ချန် မင်းက ဘုန်းကြီးအဖြစ်တော့ သရုပ်ဆောင် ပေးဦးနော်"ဟု ပြောသောကြောင့် တော့တိုး-ချန်သည် ဆရာပြောသည့်အတိုင်း လက်ခံလိုက်သည်။ တောင်ဝှေးကိုကိုင်၍ ခပ်ကြာကြာရပ်နေသော တော့တိုး-ချန်သည် ကြာတော့ပျင်းလာသည်။ ထို့ကြောင့် သူမ၏ နံဘေးနှင့် ရှေ့တွင်ရပ်နေသော ဘုန်းကြီးအဖြစ် သရုပ်ဆောင်နေကြသော အခြားကျောင်းသား ကျောင်းသူ များကို တောင်ဝှေးဖြင့်တို့ပြီး မထိတထိစလေရာ ဘုန်းကြီးများ လှုပ်လှုပ်ရွရွ ဖြစ်ကုန်လေသော ကြောင့် အစမ်းလေ့ကျင့်မှုသည် မအောင်မြင်ပဲ ဖြစ်ရလေ ပြန်တော့သည်။
ထို့ကြောင့်ဆရာသည် သူမကို ဘုန်းကြီးအဖြစ် သရုပ်ဆောင်ခြင်းမှ ကင်းလွတ်ခွင့် ပြုလိုက်ပြန်လေတော့ သည်။

ပြဇာတ်ထဲတွင် မပါဝင်ရသော်လည်း တော့တိုး-ချန်သည် စိတ်ထဲဘယ်လိုမျှမဖြစ်ပေ။ သူမသည် ကျောင်း ကစား ကွင်းသို့သွား၍ သူမ၏ ဖိနပ်များကို ချွတ်လိုက်ပြီးနောက် ဘဲလေးအကကို ကလေတော့သည်။ သူမ သည် သူမနည်း သူမဟန်ဖြင့် ငန်းလိုကလိုက်၊ လေတိုက်သလိုရပ်လိုက်၊ သစ်ပင်များ ယိမ်းထိုး သလိုလုပ်လိုက်နှင့် မည်သူတစ်ဦးတစ်ယောက်မျှ မရှိသောကွင်း၏ အလယ်တွင် တစ်ယောက်တည်း က နေ လေတော့သည်။

## မြေဖြူခဲ

တိုမိုကျောင်းမှ ကျောင်းသားများသည် အခြားသူတစ်ပါး၏ နံရံများပေါ်၌ လည်းကောင်း၊ လမ်းများပေါ်၌ လည်းကောင်း၊ စာများရေးခြစ်လေ့မရှိကြပေ။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် ကျောင်း၌ ရေးရန် အခွင့်အရေး များစွာရကြသောကြောင့် ဖြစ်သည်။

စုဂေးခန်းမကြီးထဲ၌ တေးဂီတသင်ခန်းစာများသင်ကြားရသည့် အချိန်များ၌ ဆရာကြီးသည် သူ၏ တပည့် များကို လက်တွင်ကိုင်ထားပြီးနောက် ခန်းမကြီး၏ ကြမ်းပြင်ပေါ်၌



⇦ http://www.shwezinu.com ⇨

မိမိတို့ထိုင်ချင်သည့်နေရာတွင် ထိုင်နိုင် ကြသည်။ လဲလျောင်းလိုကလည်း လဲလျောင်းပြီး နေနိုင်သည်။ သူတို့တစ်တွေ အဆင်သင့် ဖြစ်ကြသည်နှင့် ဆရာကြီးက စန္ဒရားကိုစတင် တီးလေတော့သည်။ ဆရာကြီး၏ စန္ဒရားသံပေါ်ထွက်လာသည်နှင့် တပြိုင်နက် တပည့်များသည် သူတို့၏လက်ထဲရှိ မြေဖြူခဲများဖြင့် ကြမ်းပြင်ပေါ်၌ ဂီတသံစဉ် အနိမ့်အမြင့် အတက် အကျ အလိုက် ဂီတသင်္ကေတများကို ရေးခြစ်ကြရလေတော့သည်။ စုဂေးခန်းမကြီး၏ကြမ်းပြင်မှာ သစ်သား ကြမ်းပြင်မှာ သစ်သားကြမ်းပြင်ဖြစ်သည်။

တော့တိုး-ချန်၏ အတန်းတွင် ကျောင်းသားကျောင်းသူ ဆယ်ယောက်သာရှိသည်။ သူတို့သည် ကြမ်းပြင် ပေါ်၌ သူတို့ရေးခြစ်ချင်သလို လွတ်လွတ်လပ်လပ် ရေးခြစ်နိုင်လေသည်။ ကျောင်းသား များသည် ဤ အချိန်ကို အလွန်နှစ်သက်ကြသည်။ ကြမ်းပြင်ပေါ်၌ မြေဖြူခဲများဖြင့်ရေးရန် စိတ်ကူး ရသည်မှာ ဆရာကြီး ဖြစ်သည်။ စာရွက်မှာရေးမည်ဆိုလျှင် စာရွက်မှာသိပ်မကြီးပေ။ ကျောက်သင်ပုန်းကြီးပေါ်၌ ရေးမည် ဆိုလျှင် လည်း တလှည့်စီရေးကြရမည်။ ထို့ကြောင့် စုဂေးခန်းမကြီး၏ ကြမ်းပြင်သည်သာလျှင် သူတို့ အတွက် အကောင်းဆုံး ကျောက်သင်ပုန်းကြီးဖြစ်သည်ဟု ဆရာကြီး စိတ်ကူးမိခြင်း ဖြစ်လေသည်။ ကျောင်းသားများသည် ဂီတသင်္ကေတများကို သေးသေးသော်လည်းကောင်း၊ကြီးကြီးသော်လည်းကောင်း၊ရေးချင်သလို ရေးနိုင်လေသည်။ အကယ်၍ အချိန်ရလျှင် သူတို့သည် လေယာဉ်များ၊ ကစားစရာရုပ်ပုံများ စသည်တို့ကိုသူတို့ ရေးချင်ရာ ရေးဆွဲလေသည်။

တစ်ခါတစ်ရံတွင် ကလေးများသည် သူတို့အချင်းချင်း ညှိနှိုင်းပြီး ပန်းချီကားကို တစ်ပိုင်းစီ တပိုင်းစီရေးဆွဲ ကြရသည်။ သူတို့ရေးဆွဲထားသော ပန်းချီကားကို ဆပ်စပ်လိုက်သောအခါ တစ်မျိုးတစ်မည်ထူးသော ပန်းချီကား ချပ်တစ်မျိုးကို ရရှိကြသည်။ ဂီတသင်ခန်းစာ အချိန်ပြီး၍ ခေတ္တအားလပ်ခွင့် ပေးထားစဉ် ဆရာကြီးက သူ၏တပည့်များ ရေးသားထားသော ဂီတသင်္ကေတ များနှင့် အခြား ရေးဆွဲ ထားသည် များကို လိုက်ကြည့်ပြီး ကောင်းသည်။ သင့်သည်။ ဘယ်နေရာမှာ ဘာလိုသေးသည် စသည်ဖြင့် မှတ်ချက် ပေးလေ့ ရှိသည်။ ဆရာကြီးသည် မည်မျှပင် အလုပ်များစေ ကာမူ ဂီတသင်ခန်းစာ အချိန်ကိုမူ မပျက်မကွက်မှန်မှန်ပြု လုပ်ပေးလေ့ ရှိသည်။

ဂီတသင်ခန်းစာ အချိန်ပြီးဆုံးသောအခါ ကြမ်းပြင်ကို သန့်ရှင်းရေး ပြုလုပ်ကြရသည်။ ဤအလုပ်သည် ပင်ပန်းသောအလုပ်တစ်မျိုးဖြစ်ပြီးလျှင် အဝတ်စုတ်များဖြင့် မြေဖြူမှုန့်များ စင်အောင် ပွတ်တိုက်ကြရသည်။ ရေးရာ ခြစ်ရာများ လုံးဝမကျန်ရစ်အောင် ကျောင်းသားများ အားလုံးက စေ့စေ့စပ်စပ်ပြုလုပ်ကြရသည်။

ဤနည်းအားဖြင့် တိုမိုကျောင်းမှ ကျောင်းသား ကျောင်းသူကလေးများအဖို့ သန့်ရှင်းရေး အလုပ်သည် မည်မျှ ပင်ပန်းသည်ဆိုကို နားလည်လာကြသည်။ သူတို့သည်



⇧ http://www.shwezinu.com ⇩

စုဝေးခန်းမကြီး၏ ကြမ်းပြင်ပေါ်မှလွဲလျှင် အခြား မည်သည့်နေရာတွင်မှ မြေဖြူခဲများဖြင့် ရေးခြစ်ရန် စိတ်မကူး ကြတော့။ ဂီတသင်ခန်းစာအချိန်သည် တစ်ပတ် လျှင် အချိန်နှစ်ကြိမ်ရှိရာ ထိုနှစ်ကြိမ်သည် ကလေးများအတွက် အကျိုးထူးရှိသော အချိန်များ စာရင်း တွင် ပါဝင်လေသည်။

တိုမိုကျောင်းမှ ကလေးများသည် မြေဖြူခဲအကြောင်းကို သိနားလည်ကြလေသေးသည်။ မည်သို့သော မြေဖြူခဲ သည် ကောင်းသည်၊ မည်သည့်မြေဖြူခဲက ညံ့သည်ကို သူတို့သိ ထားကြသည်။ ၎င်းအပြင် မြေဖြူခဲ ကို မည်သို့ကိုင်ရမည်။ မကျိုးအောင် မည်သို့ ရေးရမည်ကိုလည်း သူတို့သိထားကြသည်။ ကလေး တိုင်း သည် မြေဖြူခဲ အကဲဖြတ်သမားများ ဖြစ်ကြလေသည်။

<u>ယာဆူအာကီ-ချန် သေဆုံးသွားခြင်း</u>

နွေဦးရာသီကျောင်းပိတ်ရက်များ ကုန်ဆုံးပြီးနောက် ကျောင်းစဖွင့်သော ပထမရက်၏ နံနက်ခင်း အချိန် ဖြစ်သည်။ မစ္စတာကိုဘာယာရှိသည် ကျောင်းကစားကွင်းတွင် စုဝေးနေကြသော ကျောင်းသား ကျောင်းသူ များရှေ့၌ မတ်တပ်ရပ်လျက်ရှိသည်။ ထုံးစံအတိုင်း သူသည် သူ၏လက်နှစ် ဘက်စလုံးကို အကျီအိတ်များ ထဲသို့ ထည့်ထားသည်။ သူသည် ရုတ်တရက် စကားမပြောသေးပေ။ ခဏအကြာတွင်သူ၏ လက်များကို အိတ်များထဲမှ ထုတ်လိုက်ရင်း ကလေးများအားလုံးကို သိမ်းကျုံး၍ ကြည့်လိုက်သည်။ သူ၏ အကြည့်မှာ တစ်စုံ တစ်ခု အတွက် ဂမ်းနည်းနေပုံရသော အကြည့်မျိုးဖြစ်သည်။

" ယာဆူအာကီ-ချန် သေသွားပြီ "

သူသည် ခပ်ဖြည်းဖြည်းကလေး ပြောလိုက်သည်။ "ငါတို့အားလုံး ကနေ့ပဲ သူ့ရဲ့အသုဘကို သွားကြမယ် " ဆရာကြီး က ဆက်ပြောပြန်သည်။

"မင်းတို့အားလုံး ယာဆူအာကီ- ချန်ကို ချစ်တယ်ဆိုတာ ဆရာကြီးသိပါတယ်၊ ဆရာကြီးတော့ သိပ်ဂမ်းနည်း မိတယ်" ဆရာကြီးသည် စကားဆက်မပြောတော့ပေ။ သူ၏ မျက်နှာမှာ နီမြန်း၍လာပြီး သူ၏မျက်လုံး အိမ်များတွင် မျက်ရည်များ ပြည့်လာသည်။ ကလေးများအားလုံး လုံးဝမလှုပ်ကြပေ။ စကားသံများလည်း လုံးဝ ထွက်မ လာပေ။ သူတို့အားလုံး ယာဆူအာကီ-ချန်ကို သတိရ နေကြ သည်။ ထိုမိုကျောင်း၏ အားကစားကွင်းတွင် ယခုလို တိတ်တိတ်ဆိတ်ဆိတ်အဖြစ်မျိုး တစ်ခါဖူးမျှ မရှိဖူးချေ။ "သူသေတာ စောလွန်းတယ်။ ယာဆူအာကီ-ချန်က ငါဖတ်ဖို့ သင့်တယ်ဆိုပြီး ကျောင်းမပိတ်ခင် က ငါ့ကို ငှားထား တဲ့'ဦးလေးတွမ်ရဲ့အိမ်ကလေး'စာအုပ်ကိုတောင်မှ ငါဖတ်လို့ မပြီးသေးဘူး" တော့တိုး-ချန် သည် စိတ်ထဲမှ ပြောနေမိသည်။



⇧ http://www.shwezinu.com ⇩

ကျောင်းပိတ်ခါနီးတွင် ယာဆူအာကီ-ချန် က သူမကို ထိုစာအုပ်ပေးရင်း နှုတ်ဆက်လိုက်ပုံ၊ သူ၏ လက်ချောင်း ကလေးများသည် ကွေးကောက်လျက်ရှိနေပုံများကို တော့တိုး-ချန်သည် မြင်ယောင်၍ လာသည်။ သူမနှင့်သူ ပထမဆုံးတွေ့ကြစဉ် သူမက "နင်ဘာဖြစ်လို့ အဲဒီလို လမ်းလျှောက်ရတာလဲ"ဟု မေးလိုက် သော အခါ "ငါ့မှာ ပိုလီယိုရောဂါဖြစ်နေလို့" ဟု ပြန်ဖြေလိုက်ပုံကလည်း သူမသတိရမိပြန်သည်။ ထိုနှစ်နွေရာသီတွင် သူတို့နှစ်ယောက် သစ်ပင်ပေါ်သို့ တတ်ခဲ့ကြပုံ၊ ယာဆူအာကီ-ချန်က အမေရိကန် တွင် တယ်လီဗေးရှင်းဟုခေါ်သော ပစ္စည်းပေါ်ပေါက်နေပုံကို ပြောပြခဲ့ပုံများကို သူမသည် အမှတ်ရ လျက်ရှိသည် ။ တော့တိုး-ချန်သည် ယာဆူအာကီ-ချန်ကို ချစ်ပါသည်။ သူတို့ သည် နေ့လယ်စာကိုအတူတူ သွားလေ့ရှိကြသည်။ သူ မရှိတော့သည့်အတွက် သူမမှာ ဆုံးရှုံးမှုတစ် ရပ်ဖြစ်ခဲ့သည်မှာ အမှန်ပင်။ သူသေသွား ပြီဖြစ်၍ သူသည် ကျောင်းသို့လာတော့မည်မဟုတ် ကြောင်းကို တော့တိုး-ချန် ကောင်းမွန်စွာ နားလည် ထားသည်။ ပွဲဈေးက သူမကို ဂယ်ပေးသော ကြက်ပေါက်ကလေးများအတိုင်းပင် ရှိမည်ဖြစ်သည်။ ၄င်းတို့ သေသွားသောအခါ သူမက ဘယ်လို ပင်ခေါ်ခေါ် ၄င်းတို့ လုံးဝ လှုပ်မလာတော့။

ယာဆူအာကီ-ချန်၏ ရုပ်အလောင်းကို သူနေထိုင်ရာ ရပ်ကွက်အနီးရှိ ဘုရားရှိခိုးကျောင်း တစ်ကျောင်းတွင် ထားရှိသည်။ ကလေးများအားလုံးသည် ဂျီယူဂါအိုကာ ဘူတာရုံမှ တစ်ဦးချင်းစီတန်းပြီးလျှင် တိတ်ဆိတ်စွာဖြင့် သွားကြ သည်။ အငြိမ်မနေတတ်သော တော့တိုး-ချန်ပင်လျှင် ဦးခေါင်းငုံ့ထားပြီး မြေကြီးကိုသာ ကြည့်၍ လမ်းလျှောက် သွားကြသည်။

ဘုရားရှိခိုးကျောင်းထဲ၌ အဖြူရောင်ပန်းပွင့်များဖြင့် ပြည့်နေသည်။ ယာဆူအာကီ-ချန် ၏ ချောမောလှပ သော အမေ၊ အစ်မနှင့် ဆွေမျိုးသားချင်းများသည် အနက်ရောင်အဝတ်များကို ဝတ်ဆင်ထား ကြသည်။ သူတို့သည် ဘုရားရှိခိုးကျောင်း၏ အပြင်ဘက်၌ မတ်တတ်ရပ်နေကြသည်။ တော့တိုး-ချန်ကို တွေ့သော အခါ သူတို့ငိုသံသည် ပို၍ကျယ်လာသည်။ သူတို့၏လက်များထဲတွင် အဖြူရောင် လက်ကိုင်ပုဝါ များရှိသည်။

တော့တိုး-ချန်အဖို့ လူသေရှိရာနေရာသို့ ပထမဆုံးအကြိမ်ရောက်ဖူးခြင်းဖြစ်သည်။ သူမအလွန်ပင် စိတ်မကောင်း ဖြစ်နေသည်။ မည်သူမျှ စကားမပြောကြပေ။ နေရောင်ခြည်ကြောင့် ဘုရားရှိခိုးကျောင်း ၌ လင်းထိန် နေသည်။ သို့သော်လည်း ပျော်ရွှင်စရာများကို တစ်ခုမျှမမြင်ရပါ။ အကျႌ လက်မောင်း တစ်ဖက် တွင် အနက်ရောင် အဝတ်စကို ပတ်ထားသော လူတစ်ယောက်က တိုမိုဲ ကျောင်းသားကျောင်းသူ တိုင်းကို အဖြူရောင် ပန်းပွင့်တစ်ပွင့်စီပေးရင်း ၄င်းပန်းပွင့် များကို ယာဆူအာကီ-ချန် ၏ အခေါင်းထဲသို့ ထည့်ဖို့ ပြောသည်။



⇩ http://www.shwezinu.com ⇧

ယာဆူအာကီ-ချန် ၏ အလောင်းကို အခေါင်းထဲ၌ထည့်ထားသည်။ သူ၏မျက်လုံးများမှာ ပိတ်နေသည်။ သူ၏ ပတ်ပတ်လည်တွင် ပန်းများရှိသည်။ သူသေသွားသော်လည်း သူ၏မျက်နှာမှာ ကြင်နာသော အသွင်ကို ဆောင်နေလျက်ပင်။ တော့တိုး-ချန်သည် သူမ၏ပန်းပွင့်ကို သူ၏လက်နားတွင် ထားရင်း သူ၏ လက်ကို တို့ကြည့်လိုက်သည်။ သူ၏လက်သည်ပို၍ ဖြူလာသည်။ သူ၏လက်ချောင်း များမှာလည်း ပိုရှည် လာသလိုလို ရှိသည်ဟု သူမ ထင်မိသည်။

"နှုတ်ဆက်ပါတယ် သူငယ်ချင်း"
တော့တိုး-ချန်က ခပ်တိုးတိုးကလေး ရေရွတ်လိုက်သည်။
"ငါတို့ အသက်ကြီးလာတဲ့အခါ တစ်နေရာရာမှာ ဆုံကြကောင်းပါရဲ့။ အဲဒီအခါမှာ နင်ရဲ့ ပိုလီယိုရောဂါဟာ လည်း ကုသလို့ ပျောက်ကင်းတန်ကောင်းပါရဲ့"
တော့တိုး-ချန် က ဆက်လက်၍ပြောလိုက်သည်။

ထို့နောက် သူမသည် ယာဆူအာကီ-ချန်ကို ကြည့်ပြီး "အိုး....ငါမေ့သွားတယ်၊ နင့်ရဲ့ "ဦးလေးတွမ်ရဲ့အိမ်ကလေး"စာအုပ် နင့်ကိုငါ ပြန်မပေးနိုင်သေးဘူး၊ ငါသိမ်းထား မယ်၊ နောက်တစ်ခါ နင်နဲ့ငါ ပြန်ဆုံကြသည်အထိ ငါသိမ်းထားမယ်" ထို့နောက် သူမသည် အပြင်သို့ လမ်းလျှောက်ထွက်ခွာသွားသည်။ ဤသို့လျှောက်သွားရင်း တော့တိုး-ချန်၊ ငါတို့ အတူတူနေခဲ့ရတဲ့ ရက်တွေဟာ သိပ်ပျော်စရာကောင်းတယ်နော်၊ မဟုတ်ဘူး လား၊ ငါလေနင့်ကို ဘယ်တော့ မှ မမေ့ဘူး၊ ဘယ်တော့မှ မမေ့ဘူး"ဟူ၍ ပြောလိုက်သံကို ကြားမိသ လိုလို ခံစားလိုက်ရသည်။

အပြင်သို့ ရောက်သောအခါ တော့တိုး-ချန်သည် ဘုရားရှိခိုးကျောင်းကို လှည့်ကြည့်ရင်း "ငါလည်း နင့်ကို ဘယ်တော့မှ မမေ့ပါဘူး"ဟု ပြောလိုက်လေသည်။ နွေဦးရာသီ၏ ပူနွေးသော နေရောင်ခြည်သည် သူမနှင့် ယာဆူအာကီ-ချန် တို့ မီးရထားတွဲ စာသင်ခန်းထဲ၌ ပထမဆုံး အကြိမ်ဆုံတွေ့စဉ်ကအတိုင်း သူမကို ပက်ဖျန်းလျက်ရှိသည်။ သို့သော် ထိုနေ့က နှင့် မတူသော အချက်မှာ ယခုအခါ သူမ ၏ ပါးပြင်များသည် မျက်ရည်များနှင့် ရွှဲရွှဲစို လျက် ရှိနေခြင်းပင်ဖြစ်သည်။

<u>သူလျှိုတစ်ယောက်</u>

တိုမိုကျောင်း မှ ကလေးများသည် ယာဆူအာကီ-ချန်ကို သတိရသဖြင့် စိတ်မကောင်း ဖြစ်နေကြသည်။ အထူးသဖြင့် နံနက်စောစောကျောင်းတက်ချိန်တွင် သူ့ကိုပို၍သတိရကြ သည်။ ယာဆူအာကီ-ချန် သည် ကျောင်း နောက်ကျခြင်းမဟုတ်၊ ကျောင်းသို့ ဘယ်တော့မျှ လာတော့မှာမဟုတ် ကြောင်းကို သူတို့ စဉ်းစားမိ သောအခါ ပို၍ပင် စိတ်မကောင်း

⇧ http://www.shwezinu.com ⇩

ဖြစ်ကြသည်။ ရက်တွေကြာလာသော အခါ သူတို့၏ဝမ်းနည်းခြင်းသည် တဖြည်းဖြည်း လျော့နည်း လာလေတော့သည်။

တော့တိုး-ချန်သည် သူမကြီးလာရင် ဘာအလုပ်လုပ်ရင် ကောင်းမလဲ ဆိုသည်ကို ယခုတလော စဉ်းစား လျက်ရှိသည်။ သူမသည် ဟိုး....ခပ်ငယ်ငယ်တုန်းက လမ်းပေါ်က အတီးအမှုတ်သမား ဖြစ်ချင်ခဲ့သည်။ ထို့နောက် ဘဲလေးကချေသည် ဖြစ်ချင်ပြန်သည်။ တိုမိုကျောင်း သို့ ပထမဆုံး လာရောက်စဉ် က သူမသည် မီးရထား လက်မှတ်ရောင်းသမား ဖြစ်ရရင် ကောင်းမှာပဲဟု စိတ်ကူး ရပြန်သည်။
ယခုအခါတွင် သူမသည် အခြားအလုပ်တစ်မျိုးမျိုးလုပ်ရင် ကောင်းမှာပဲဟုတွေးတော မိပြန်သည်။ သူနာပြု ဆရာမ အလုပ်လုပ်ရရင် မကောင်းဘူးလား၊ သူမစဉ်းစားကြည့်သည်။ ဤတွင် သူမသည် ဒဏ်ရာရ စစ်သည်များကို သွားကြည့်စဉ်က မြင်တွေ့ခဲ့ရသည်များကို သတိရလိုက်သည်။ ဆေးရုံမှ သူနာပြု ဆရာမ များသည် လူနာများကို ဆေးထိုးပေးကြသည်။ ဆေးထိုးရသည့် အလုပ်သည် အတော်ကလေးကို ခက်ခဲ သည်။ ဒီလိုဆိုရင် ဘာအလုပ်လုပ်မလဲ၊ သူမကိုယ်ကို သူမ မေးလိုက်သည်။ ထိုအခိုက် သူမသည် ရုတ်တရက် ပျော်သွားသည်။

"ငါဘာလုပ်မယ်ဆိုတာကို ဆုံးဖြတ်ထားတာရှိပြီးသားပဲ"
သူမသည် တာအီး-ချန် ရှိရာသို့ သွားသည်။ တာအီး-ချန် သည် သိပ္ပံလက်တွေ့ခန်းတွင် လက်တွေ့ စမ်းသပ်မှု တစ်ခုပြုလုပ်နေသည်။ သူသည် အရက်ပြန်ကို မီးရှို့နေသည်။ "သူလျှို တစ်ယောက်ဖြစ်ရရင် ကောင်းမလားလို့ ငါစဉ်းစားနေတယ်" သူမ က တာအီး-ချန်ကို ပြောလိုက်သည်။

တာအီး-ချန်သည် မီးလောင်နေသော အရက်ပြန်များကို ကြည့်နေရာမှ တော့တိုး-ချန်ဘက် လှည့်ကြည့် လိုက်သည်။ ထို့နောက်သူသည် ပြတင်းပေါက်ဘက်သို့ မျက်နှာလွှဲလိုက်ပြီးလျှင် အကြာကြီးစဉ်းစားပြီး ခပ်ဖြည်းဖြည်း ပြောလိုက်သည်။ "သူလျှို တစ်ယောက် ဖြစ်ဖို့ရာ မလွယ်ပါဘူး၊ ပါးပါးနပ်နပ်သိပ်ရှိရမယ်။ ဒါ့အပြင် နင့်အနေနဲ့ ဘာသာ စကား အမျိုးမျိုး ကို တတ်ထားဖို့လိုတယ်" ထို့နောက် သူသည် တော့တိုး-ချန်ကို အသေအချာစူးစိုက်ကြည့်ရင်း " ပထမ အချက်အနေနဲ့ မိန်းမ သူလျှို ဟာ ရုပ်ချောရမယ်" ဟုပြောလိုက်သည်။

တာအီး-ချန်က ထိုသို့ပြောလိုက်သောအခါ တော့တိုး-ချန် သည် သူ့ကို ရဲရဲ မကြည့်တော့ဘဲ သူမ၏ မျက်လွှာ ကို အောက်သို့ စိုက်ချလိုက်သည်။ ခဏအကြာတွင် တာအီး-ချန်သည် သူ၏စကားကို ဆက်ပြော ပြန် သည်။ ယခုတစ်ကြိမ်တွင် သူသည် တော့တိုး-ချန်ကို ကြည့်၍ မပြောတော့ဘဲ အခြားနေရာကို ကြည့်၍ ပြောလိုက်သည်။

⇧ http://www.shwezinu.com ⇩

"ပြီးတော့ နောက်တစ်ချက် ရှိသေးတယ်၊ စကားများတဲ့သူဟာ သူလျှိုတစ်ယောက် မဖြစ်နိုင်ဘူးလို့ ငါထင် တယ်"

တော့တိုး-ချန် သည် ကြောင်အမ်းအမ်းဖြစ်သွားသည်။ သူမ သူလျှိုတစ်ယောက် မဖြစ်နိုင်ဘူးဟု သူပြော သောကြောင့် မဟုတ်။ သူလျှို တစ်ယောက်ဖြစ်နိုင်ရေးနှင့် ပတ်သတ်ပြီး သူပြောသည့် အချက်များမှာ မှန်သော ကြောင့်ဖြစ်သည်။ တာအီး-ချန် ပြောပြတော့မှ သူမသည် သူမ ကိုယ် သူမ ပြန်လည် ဆန်းစစ် ကြည့်မိသည်။ သူမတွင် သူလျှိုတစ်ယောက် ဖြစ်နိုင်မည့် အရည်အချင်းများ မရှိကြောင်း နားလည် လိုက်သည်။ ထို့ကြောင့် သူလျှိုအလုပ်လုပ်မည့် စိတ်ကူးကို စွန့်လွှတ်လိုက်ရန် ဆုံးဖြတ်လိုက်သည်။
"တာအီး-ချန်ဟာ ငါနဲ့အသက်တူတူပါပဲ။ ဒါပေမဲ့လို့ သူဟာငါ့ထက်ပိုပြီး ဗဟုသုတ ကြွယ်ဝတယ်"
တော့တိုး-ချန်သည် စိတ်ထဲမှ ပြောလိုက်သည်။

တာအီး-ချန်သည် ထူးချွန် ထက်မြက်မည့် သူတစ်ယောက် ဖြစ်လာမှာမလွဲဟု တော့တိုး-ချန်မှတ် ထားလိုက် သည်။ ထို့နောက်သူမသည် တာအီး-ချန်ကို ခပ်ပြုံးပြုံးကြည့်လိုက်ရင်း ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ်၊ ငါသူလျှို မလုပ်တော့ဘူး၊ နင်ကတော့ တစ်နေ့မှာအရေးပါ အရာရောက် တဲ့သူ တစ်ယောက် ဖြစ်မှာ မလွဲဘူးလို့ ငါထင်တယ်"
တာအီး-ချန်သည် သူ့ခေါင်းကို လက်ဖြင့်ကုတ်လိုက်ပြီးနောက် သူ၏ရှေ့စားပွဲပေါ်တွင် ဖွင့်ထားသော စာအုပ် ကို ကြည့်နေလိုက်သည်။ တော့တိုး-ချန်မှာမူ သူလျှိုမဖြစ်နိုင်ရင် ဘာအလုပ်လုပ်ရရင်ကောင်းမလဲဟု တွေးတောရင်း တာအီး-ချန် အနား ၌ပင် ဆက်ရပ် နေမိသည်။ ခပ်စောစောက တာအီး-ချန် ရှို့ထားသော အရက်ပြန်မီးသည် ယခုထိ တောက်နေဆဲ ပင်ရှိနေပါသည်။

**<u>အဖေ့တယော</u>**

စစ်ကြီးသည် တော့တိုး-ချန်နှင့် သူမ၏မိသားစုကိုပါ ဒုက္ခပေးစပြုလာလေပြီ။ သူမ၏ အိမ်နီးနားချင်း ယောက်ျား ကလေးများသည်လည်းကောင်း၊ လူကြီးများသည် လည်းကောင်း၊ အလံများကို ကိုင်ဆောင်ကာ "ဘင်ဇိုင်း" ဟု ဟစ်အော်ကြွေးကြော်ကာ ထွက်ခွာသွားနေကြရ သည်။ ဈေးဆိုင်များပေါ်မှ စားကုန် သောက်ကုန် များသည် တဖြည်းဖြည်း ကုန်ခန်းလျက်ရှိသည်။ တိုမိုကျောင်း၌ နေ့လယ်စာစားချိန်တွင် ကြားနေရသော "ပင်လယ်သမုဒ္ဒရာထဲက တစ်မျိုးမျိုး၊ တောင်ကုန်းများပေါ်မှ တစ်မျိုးမျိုး" အစားအစာ များကိုရှာရန် သိပ်မလွယ်တော့။ အမေသည် ဟင်းချက်စရာရရှိရေးအတွက် အခက်အခဲနှင့်ကြုံနေရသည်။ အစစ အရာရာကို ချွေချွေ တာတာ ရယူနေရသည်။



⇧ http://www.shwezinu.com ⇩

ဘယ်လိုပင် ကြိုးစားရှာစေကာမူ သကြားလုံး များကိုပင် ရရှိရန်မလွယ်ပေ။ တော့တိုး-ချန်တွင် မုန့်ဝယ်စားရန် ပိုက်ဆံများရှိသော်လည်း မုန့်များကို ဝယ်၍ မရတော့။

ထိုအတောအတွင်း အချို့လူများက အဖေ့ကို လက်နက် ခဲယမ်းမီးကျောက် စက်ရုံတွင် စစ်သီချင်း များကို တယော ဖြင့် ဖျော်ဖြေပေးဖို့ တိုက်တွန်း စကားပြောလာကြသည်။ ထိုသို့ သွားရောက်ဖျော်ဖြေ ပေးလျှင် ဆန်၊ သကြားနှင့် အခြားအစားအစာများ မလွဲမသွေရမည်ဟုပြောသည်။ အဖေသည် တယောထိုး တော်သူ ဖြစ်သောကြောင့် ဆုတံဆိပ်များကိုလည်း ရရှိထားသူဖြစ်ရာ အခြားလက် ဆောင် အများအပြားကိုလည်း ရနိုင်သည်ဟု အဖေ၏ မိတ်ဆွေ တစ်ယောက်က ပြောပါသေးသည်။

"ရှင် ဘယ်လိုသဘောရလဲ၊ သွားမှာလား"
အမေက အဖေ့ကို မေးသည်။ ပြဇာတ်များနှင့် အခြားဖျော်ဖြေမှုများသည် တဖြည်းဖြည်း နည်းပါးလာသည်။ နည်းပါး လာရသည့် အကြောင်း များအနက် ပထမအချက်မှာ အတီးအမှုတ်သမားများသည် အခြားတာဝန်များ ထမ်းဆောင် ခေါ်ယူခြင်း ခံရသောကြောင့်ဖြစ်သည်။ ထို့ကြောင့် သံစုံတီးဝိုင်းများတွင် တီးမှုတ်မည့်သူများ လိုအပ် လျက် ရှိလာသည်။ ရေဒီယိုအသံလွှင့်မှု အစီအစဉ်များတွင် စစ်ပွဲနှင့်ပက်သက်သော အစီအစဉ်များက ပိုမို လာသည်။ ထို့ကြောင့် အဖေနှင့်သူ၏အပေါင်းအသင်းများသည် အလုပ်များ များ မလုပ်ကြရတော့။

အမေ၏ မေးခွန်းကို ပြန်မဖြေမီ အဖေသည် ခပ်ကြာကြာ စဉ်းစားလိုက်သည်။ ပြီး.... "အဲဒီလို နေရာမျိုးမှာ ငါ တယောသွားမထိုးချင်ဘူး"ဟု ပြောလိုက်သည်။ "ရှင့်ရဲ့ ဆုံးဖြတ်ချက် မှန်တယ်လို့ ကျွန်မထင်တယ်၊ ကျွန်မလည်း သဘောမတူပါဘူး၊ အခြားတစ် နည်းနည်း နဲ့ ကျွန်မတို့ စားသောက်ဖို့ ရှာကြတာပေါ့" အမေက ပြောလိုက်သည်။

တော့တိုး-ချန်သည် အစားအသောက်များကို ယခင်ကလို မစားရ မသောက်ရ တော့ကြောင်းကို အဖေ ကောင်းစွာ သိသည်။ ပိုက်ဆံရှိသော်လည်း အစားအစာများက မရှိ။ လက်နက်ခဲယမ်းမီး ကျောက်စက်ရုံ သို့သွား၍ တယောထိုးပြီး ဖျော်ဖြေမှုပြုလုပ်လျှင် သူ၏မိသားစုများသည် ဖောဖောသီ သီ စားနိုင်မည်ကို အဖေ ကောင်းစွာသိပါသည်။ သို့သော်အဖေသည် သူ၏အနုပညာကို အလွန်တန် ဖိုးထားသည်။ ဤသည်ကို အမေ ကလည်း သိသည်။ ထို့ကြောင့် အမေသည် အဖေ့ကို မတိုက်တွန်း ပေ။

အဖေက သူ၏သမီးကို ဝမ်းနည်းစွာဖြင့် ပြောလိုက်သည်။ "အဖေ့ကို ခွင့်လွှတ်နော် တော့စကီး"
တော့တိုး-ချန်သည် အနုပညာအကြောင်း၊ ဂါဒသဘောတရားအကြောင်းနှင့်



⇧ http://www.shwezinu.com ⇩

အလုပ်အကြောင်းများ နှင့် အလုပ် အကြောင်းများကို အသက်ငယ်လွန်းသူဖြစ်သောကြောင့် ဘာမျှမသိသေးပေ။ သို့သော် အဖေသည် တယောကို ချစ်လွန်းသောကြောင့် စွန့်ပစ်ခြင်းခံနေရသူဖြစ်ကြောင်းကို သူမကောင်းစွာ သိထား၏။ အဖေ၏ မိဘဆွေမျိုးများသည် တယောကို ချစ်ရမလားဆိုပြီး အဖေ့ကို စွန့်ပစ်ထားကြသည်။ အဖေ့ကို စကား မပြောကြပေ။ အဖေ့တွင် ငွေကြေးအခက်အခဲနှင့် ကြုံတွေ့ခဲ့ရသော အချိန် များရှိခဲ့သည်။ သို့သော် အဖေသည် သူ၏တယောကို ဘယ်တော့မျှမစွန့်လွှတ်ပေ။ ထို့ကြောင့် အဖေသည် သူမ နှစ်သက်သော နေရာ၌ တယောမထိုးသည်မှာ အလွန်မှန်ကန်သည်ဟု တော့တိုး-ချန် စဉ်းစားမိလေသည်။

တော့တိုး-ချန်သည် အဖေ၏ အနီးတွင် ခုန်ဆွခုန်ဆွပြုလုပ်ရင်း ပျော်ရွှင်သောအသံဖြင့် ပြောလိုက်သည်။
"သမီးစိတ်ထဲ ဘယ်လိုမှမဖြစ်ဘူး၊ ဘာ့ကြောင့်လဲဆိုတော့ သမီးလည်းပဲ အဖေ့တယောကို ချစ်တယ်"
နောက်တစ်နေ့တွင် တော့တိုး-ချန်သည် သူမအိမ်အနီးရှိ ဘူတာရုံဘက်သို့သွားပြီး မုန့်ပဲသားရေစာ များကို သွားရှာ သည်။ သို့သော်ရှာမတွေ့ပေ။ ရှာမတွေ့သော်လည်း သူမစိတ်မပျက်ပေ။ တစ်နေ့နေ့ တစ်ချိန်ချိန် တွင် ရမှာမလွဲဟု သူမ မျှော်လင့်လျက်ပင်။

<u>ကတိ</u>

နေ့လယ်စာကို စားသောက်ပြီးသောအခါ ကလေးများသည် သူတို့၏ စားပွဲကုလားထိုင်များကို နေရာတကျ ပြန်ထားကြရသည်။ ထိုအခါ စုဝေးခန်းမကြီးသည် ရှင်းသွားလေသည်။
"ကနေ့တော့ ဆရာကြီးရဲ့ ကျောကုန်းကို ငါပထမဆုံးတက်ခွစီးမယ်" တော့တိုး-ချန်သည် ဆုံးဖြတ်ထားပြီးဖြစ်သည်။ သူမသည် ထိုအလုပ်ကို သိပ်လုပ်ချင်လေသည်။ သို့သော် သူမက စိတ်ကူးရုံသာရှိသေးသည်။ အခြားကလေးများသည် ဆရာကြီး၏ ကျောကုန်းပေါ် ရောက်ကုန် ကြလေပြီ။ စုဝေးခန်းမကြီး၏ အလယ်တွင် တင်ပျဉ်ခွေထိုင်လေ့ရှိသော ဆရာကြီး၏ ကျောကုန်းပေါ် နှင့် ပေါင်ပေါ် သို့ သူ၏ တပည့်ငယ်ကလေးများသည် သားသမီးများက ဖခင်၏ ကိုယ်ပေါ် တက်ဆော့ သလို ဆော့ ကြသည်။

ထိုအခါမျိုးတွင် ဆရာကြီးက "ဟေး.... တော်တော့၊ ဆင်းကြတော့၊ ဆင်းကြတော့၊ တော်ပြီ"ဟု အော်လေ့ ရှိသော်လည်း ၏မျက်နှာမှာ ရယ်ရလွန်းသောကြောင့် အနီရောင်သန်းနေသည်။ ဆရာကြီးက ဘယ်လို အော်သော်လည်း ကလေးများသည် သူ့ကိုယ်ပေါ်မှ မဆင်းပေ။ ထို့ကြောင့် နောက်ကျသော ကလေးများ သည် ဆရာကြီး၏ ကျောကုန်းပေါ်သို့ ရောက်ဖို့ မလွယ်တော့ပေ။ ဆရာကြီး၏ ကျောကုန်းပေါ်သို့ ပထမဆုံးတက်ရန် ဆုံးဖြတ်ချက် ချထားပြီးဖြစ်သော တော့တိုး-ချန်သည် စုဝေး

⇧ http://www.shwezinu.com ⇩

ခန်းမကြီးကို စောင့်ကြည့်လျက်ရှိသည်။ ဆရာကြီး ခန်းမကြီးနားသို့ ရောက်သည်နှင့် သူမသည် ဆရာကြီး ကို ပြောစရာတစ်ခုရှိပါတယ်" ဟု ပြောလိုက်သည်။

"ဘာပြောစရာရှိလို့လဲ"
ဆရာကြီးသည် ဂမ်းမြေက်သောအသံဖြင့် မေးလိုက်သည်။ ထို့သို့မေးရင်း ဆရာကြီးသည် ကြမ်းပြင်ပေါ်၌ တင်ပျဉ်ခွေချိတ်၍ ထိုင်ချလိုက်သည်။ ဆရာကြီးထိုသို့ ထိုင်လိုက်သည်နှင့် တစ်ပြိုင် နက် တော့တိုး-ချန်သည် ဆရာကြီး၏ ကျောကုန်းပေါ်တက်ရန် အစီအစဉ်ကို ဖျက်လိုက်သည်။ သူမသည်ဆရာကြီးနှင့် မျက်နှာချင်း ဆိုင်ထိုင်ပြီး သူမ ပြောချင်သည်များကို ပြောမည်ဟု ဆုံးဖြတ် လိုက်သည်။ ထို့ကြောင့်သူမသည် ဆရာကြီး နှင့် နီးကပ်စွာ မျက်နှာချင်းဆိုင်ထိုင်ကာ သူ့မမျက်နှာကို အချိုသာဆုံး ထားလိုက်သည်။ အမေက ပြောလေ့ရှိသည့် ချစ်စရာကောင်းသော မျက်နှာပေးမျိုးဖြစ် သည်။ ဆရာကြီး သည် သူ၏ကိုယ်ခန္ဓာကို ကိုင်းညွှတ်ရင်း ထပ်မံမေးလိုက်ပြန်သည်။

" ဘာပြောမလို့လဲ"
တော့တိုး-ချန်သည် ချိုသာစွာနှင့် ဖြည်းညင်းစွာပြောလိုက်သည်။ သူမ၏လေသံမှာ အစ်မကြီးက မောင်လေး တစ်ယောက်ကို ပြောသည့်လေသံမျိုးဖြစ်သည်။
" ကျွန်မ လူကြီးဖြစ်လာရင် ဒီကျောင်းမှာ စာလာသင် ပေးချင်တယ်၊ တကယ့်ကို လာသင် မှာပါ "
သူမက ထိုသို့ပြောလျှင် ဆရာကြီးသည် ပြုံးလိမ့်မည်ဟု သူမမျှော်လင့်ထားသည်။ သို့သော် ဆရာကြီးသည် မပြုံးဘဲ မှင်သေသေ ဖြင့် ပြောလိုက်သည်။
" တကယ်လား၊ ကတိတည်စေနော်"

သူသည် သူမကို အမှန်တကယ် စာလာသင်ပေးစေလိုသော ဆန္ဒသူ့မှာရှိပုံရသည်။ တော့တိုး-ချန်သည် သူမ၏ ဦးခေါင်းကို အားပါးတရ ညိတ်လိုက်ရင်းပြောလိုက်သည်။
" ကျွန်မ ကတိပေးပါတယ်"
သူမ၏ ရင်ထဲ၌ ကျောင်းဆရာမတစ်ယောက် ဖြစ်လိုစိတ်အမှန်တကယ် ဖြစ်ပေါ်လာ သည်မှာ ထင်ရှား ပါသည်။

ထိုအချိန်၌ သူမသည် တိုမိုကျောင်းသို့ ပထမတန်းကျောင်းသူအဖြစ် ပထမဆုံး စတင် ရောက်သည့်နေ့က ဆရာကြီး၏ ရုံးခန်း၌ ဆရာကြီးနှင့် စတွေ့ပုံကို စဉ်းစားလိုက်မိသည်။ ထိုအချိန် မှာ အတန်ကြာခဲ့လေပြီ။ ဆရာကြီးသည် သူမ၏ပြောစကားများကို နာရီခပ်ကြာကြာစိတ်ရှည်စွာဖြင့် နားထောင်ခဲ့သည်။ သူမ စကား ပြောပြီး သောအခါ " မင်းဟာ အခုအချိန်ကစပြီး ဒီကျောင်းရဲ့ ကျောင်းသူတစ်ယောက်ဖြစ်သွားပြီ" ဟု ပြောလိုက်သော ဆရာကြီး၏ လေသံမှာ မေတ္တာကို အရင်းခံသော လေသံဖြစ်လေသည်။ ထိုအချိန်မှစ၍ သူမသည် မစ္စတာကိုဘာယာရှိအပေါ် တစ်နေ့တစ်ခြားပို၍ပို၍သာ



⇧ http://www.shwezinu.com ⇩

အချစ်ပိုလာခဲ့သည်။ သူ့အတွက်သူမ ဘယ်လို အကူအညီမျိုး ပေးရပေးရ ပေးမည်ဟု ဆုံးဖြတ်ထားပြီးဖြစ်သည်။

သူမက ကတိပေးလိုက်သောအခါ ဆရာကြီးသည် နှစ်နှစ်ခြိုက်ခြိုက်ပြုံးလိုက်သည်။ ထုံးစံအတိုင်း ပင် သူ့တွင် သွားအချို့မရှိသည်ကိုပင် သူဂရုမပြုတော့။ တော့တိုး-ချန်သည် သူမ၏ လက်ညှိုးသေးသေး ကလေးကို ထောင်ပြလိုက်သည်။ ဆရာကြီးကလည်း သူမအတိုင်း ပြန်လုပ် လိုက်သည်။ ဆရာကြီးသည် ပြုံးနေသည်။ တော့တိုး-ချန်သည်လည်း ပြုံးနေသည်။ သူမသည် တိုမိုကျောင်းတွင် ဆရာမအဖြစ် အမှုထမ်း မည်။ အံ့ဩစရာကောင်းသော စိတ်ကူးပင် ဖြစ်သည်။

"ငါဆရာမဖြစ်ရင် စာများများ မကျက်ခိုင်းဘူး၊ အားကစားများများလုပ်ခိုင်းမယ်၊ အချက်အပြုတ် အလုပ်ကို အပြင်မှာ လက်တွေ့လုပ်ခိုင်းမယ်၊ လမ်းများများ လျှောက်ခိုင်းမယ်"
တော့တိုး-ချန် စိတ်ကူးထားသည်။

ဆရာကြီးသည် ဂမ်းသာလျက် ရှိသည်။ သူမသည် တိုမိုကျောင်း၌ ဆရာမတစ်ယောက် ဖြစ်လာမှာ မလွဲဟု သူသည် သေချာပေါက် ယူဆထားလိုက်သည်။ တိုမိုကျောင်း၌ ကျောင်းအုပ်ဆရာကြီးရှေ့တွင် သူ၏တပည့်မတစ်ယောက်က ကျောင်းဆရာမအ ဖြစ် အမှုထမ်းပါမည်ဟု ကတိပေးနေစဉ် အမေရိကန်ဗုံးကြဲလေယာဉ်ပျံများသည် ဂျပန်နိုင်ငံ၏ ကောင်းကင်ယံ သို့ ရောက်ရှိလာလေပြီဖြစ်သည်။

## ရှော့ကီ မရှိတော့ပါ

စစ်သားအများအပြား ကျဆုံးကြသည်။ အစားအသောက်များတဖြည်းဖြည်း ရှားပါးလာသည်။ လူတိုင်းသည် တထိတ်ထိတ် တလန့်လန့် ဖြစ်နေကြသည်။ သို့သော်လည်းနွေရာသီမှာမူ ရောက်နေကြ အတိုင်း ရောက်လာသည်။ နေရောင်ခြည်သည် အနိုင်ရသည့် တိုင်းပြည်နိုင်ငံများပေါ်၌ ကျရောက်သလို အနိုင် မရနိုင်သော တိုင်းပြည်နိုင်ငံများ အပေါ်သို့လည်း ကျရောက်ပါသည်။ တော့တိုး-ချန်သည် ကာမာကူးရားရှိ သူမ၏ ဦးလေးနေအိမ်မှ တိုကျိုမြို့သို့ ပြန်ရောက်ခါစပင်ရှိ သေးသည်။

တိုမိုကျောင်းတွင် စခန်းချခြင်းနှင့် ရေပူစမ်းသို့ အပန်းဖြေခရီး ထွက်ခြင်းကို မလုပ်နိုင်ကြတော့။ ကလေး များသည် ယခင့်ယခင် နွေရာသီများကလို ပျော်ရွှင်ဖွယ်ရာ အလုပ်များကို မပြုလုပ်နိုင်ကြတော့။ တော့တိုး-ချန် သည် နွေရာသီရက်များ၌

⇧ http://www.shwezinu.com ⇩

ကာမာကူးရားရှိ သူမ၏မောင်နမဂမ်းကွဲများရှိရာသို့ သွားရောက် လည်ပတ်လျက်ရှိသည်။ယခုနှစ် နွေရာသီတွင် ထူးခြားမှု တစ်ခုနှင့် ကြုံရသည်။ သူမကို တရွှေပုံပြင်များ ပြောပြလေ့ရှိသော သူမ၏ အစ်ကိုဂမ်းကွဲတစ်ယောက်သည် ယခုနှစ်တွင် တရွှေပုံပြင် များကို မပြောပြနိုင်တော့။ သူသည်စစ်ထဲသို့ လိုက်ပါသွားရသောကြောင့်ဖြစ်သည်။သူမ ကို အမေရိကန် ပြည် အကြောင်း များများ ပြောလေ့ရှိသော သူမ၏ ဘကြီးဖြစ်သူမှာလည်း ရှေ့တန်း တစ်နေရာသို့ ရောက်နေသည်။ သူ၏အမည်မှာ ရှုဂျီတာဂူချီဖြစ်သည်။ သူသည် ထိပ်တန်းဓာတ်ပုံ ဆရာ တစ်ယောက်ဖြစ်သည်။ သူသည် နယူးယောက်မြို့တွင် နီဟွန်သတင်းဌာန၏ အကြီးအကဲ အဖြစ်လည်းကောင်း၊ အမေရိကန် မက်ထရိုသတင်းဌာနတွင် အရှေ့ဖျားဒေသ ကိုယ်စားလည်အဖြစ် အမှုထမ်း ခဲ့ဖူး လေသည်။ သူသည် အဖေ၏အစ်ကိုကြီး ဖြစ်သည်။

ယခုရှေ့တန်းမှ ထုတ်ပြန်သော သတင်းဓာတ်ပုံများ အားလုံးမှာ ဘကြီး၏ဓာတ်ပုံများဖြစ်သည်။ ရှေ့တန်း ကျသောနေရာများသို့ သွားရောက်ပြီး ဓာတ်ပုံများရိုက်ကူးနေရသော ဘကြီးအတွက် တော့တိုး-ချန် ၏ ဆွေမျိုးသားချင်း များက စိတ်ပူပန်နေကြရသည်။

ကာမာကူးရာတွင် နေရစဉ်က တော့တိုး-ချန်သည် ညအိပ်ရာဝင်ချိန်တွင် စိတ်ညစ်ညျူးမှုနှင့်ကြုံရ သည်။ ဘကြီးရှုဂျီ၏သားကြီး ရက်-ချန်ကြောင့်ဖြစ်သည်။ ရက်-ချန်သည် တော့တိုး-ချန်ထက် အသက်တစ်နှစ်ခန့် ပိုငယ်သူဖြစ်သည်။ ကလေးများအားလုံးသည် ညအိပ်သည့်အခါ ခြင်ထောင် ကြီးတစ်လုံးထဲ၌ အတူတူအိပ်ကြရသည်။ အိပ်ရာသို့ မဝင်မီ ရက်-ချန်က "ဘုရင်ကေရာဇ် သက်တော်ရာကျော်ရှည်ပါစေ" ဟုအော်ပြီး အိပ်ရာထဲသို့လှဲအိပ်ချလိုက်သည်။

တိုက်ပွဲတွင် ကျဆုံးသွားသော စစ်သားများ လုပ်ပုံလုပ်နည်းအတိုင်း လုပ်ခြင်းဖြစ်သည်။ ရက်-ချန် က လူသေကောင် သဖွယ် မလှုပ်မယှက်ဘဲ ရှိနေသောကြောင့် ကျန်ကလေးများအဖို့ အိပ်ရသည်မှာ ကသိ၊ ကအောက် နိုင်လွန်းလှပေသည်။ တော့တိုး-ချန်၏ အမေနှင့် အဖေသည် ကာမာကူးရား သို့ လိုက်ပါလာခြင်း မရှိပေ။ အဖေသည် တိုကျို၌ အလုပ်ရှိ သောကြောင့်ဖြစ်သည်။ နွေရာသီရက်များ ကုန်သောအခါ တော့တိုး-ချန်ကို သူမ၏ အစ်မဂမ်းကွဲ က တိုကျိုသို့ ပြန်ပို့ပေးသည်။

အိမ်သို့ပြန်ရောက်လျှင်ရောက်ခြင်း တော့တိုး-ချန်သည် သူပြုလုပ်နေကြအတိုင်း ရော့ကီကို ပထမဦးစွာ ရှာဖွေသည်။ ရော့ကီကို ဘယ်နေရာမှာမျှရှာမတွေ့ပေ။ ၎င်းသည် အိမ်ထဲမှာလည်းမရှိ၊ အိမ်ပြင် မှာလည်း မရှိ။တော့တိုး-ချန် စိတ်ပူသွားသည်။ ယခင်ကဆိုလျှင် ရော့ကီသည် သူမအိမ်သို့မရောက်မီ လမ်းသို့ထွက်၍ ကြိုလေ့ရှိသည်။ တော့တိုး-ချန်သည် အိမ်ပြင်သို့ထွက်၍ အိမ်ရှေ့လမ်းမပေါ်တွင် ရော့ကီ၏အမည်ကို တကြော်ကြော်အော်ခေါ်လိုက်သည်။ သို့သော်လည်း ၎င်း၏အရိပ်အရောင် ကို

⇧ http://www.shwezinu.com ⇩

လုံးဂမတွေ့ရ။ သူမက ရော့ကီကို လိုက်ရှာနေစဉ် ရော့ကီသည် အိမ်သို့ပြန်ရောက်ကောင်း ရောက်နေမည်ဟု တော့တိုး-ချန် စဉ်းစား မိသဖြင့် သူမသည် အိမ်သို့ အမြန်ဆုံးပြန်လာသည်။ သို့သော် ၎င်းကိုမတွေ့ရ။

"ရော့ကီ ဘယ်မှာလဲ"
သူမက အမေ့ကို မေးလိုက်သည်။
သမီးဖြစ်သူက ရော့ကီကို အပူတပြင်းလိုက်ရှာနေသည်ကို အမေသည် မသိမဟုတ် သိပါ၏။ သို့သော် အမေသည် သမီးကိုဘာမျှမပြော။ အမေသည် သမီးကို အဖြေပေးရန် အခက်အခဲနှင့် ကြုံတွေ့ နေဟန် ရှိသည်။ "ရော့ကီပျောက်နေတယ်" ဟူ၍သာ သူမကပြန်ပြောလိုက်သည်။
တော့တိုး-ချန် မယုံပေ။ ရော့ကီဘယ်လိုလုပ်ပြီး ပျောက်ရမှာလဲ။

"ဘယ်တုန်းကလဲ"
တော့တိုး-ချန်သည် အမေ၏မျက်နှာကို ကြည့်ပြီးမေးလိုက်သည်။
"သမီး ကာမာကူးရားသို့ သွားပြီး မကြာခင်မှာပဲ"
အမေက စိတ်မကောင်းစွာဖြင့် ပြောလိုက်သည်။ ၎င်းနောက်အမေကပင် ဆက်လက်၍ ခက်သွက်သွက် ကလေး ပြောလိုက်သည်။
"အမေတို့လိုက်ရှာကြသေးတယ်၊ တွေ့တဲ့သူတိုင်း ကိုမေးကြတယ်။ဒါပေမဲ့မတွေ့ဘူး သမီးရယ်၊ သမီးကို ဘယ်လို ပြောရမယ်ဆိုတာကို အမေစဉ်းစားနေတာပါ၊ အမေတို့ စိတ်မကောင်းဖြစ်ကြတာ ပေါ့"
တော့တိုး-ချန်သည် အဖြစ်မှန်ကို နားလည်လိုက်လေပြီ။ ရော့ကီသေသွားခြင်း သာဖြစ်ရမည်။

အမေသည် သမီးဖြစ်သူ စိတ်မကောင်းဖြစ်မှာ စိုးသောကြောင့် အဖြစ်မှန်ကို မပြောပြခြင်းသာဖြစ်ရ မည်။ အမှန်ကတော့ ရော့ကီသေသွားသည်ဆိုသည်မှာ သေချာသည်ဟု တော့တိုး-ချန်စဉ်းစားမိသည်။
တော့တိုး-ချန် သည် အဖြစ်မှန်ကို ကောင်းစွာသိလိုက်လေပြီ။သူမ မည်မျှကြာကြာ ခရီးထွက်ထွက်၊ ရော့ကီ သည် အိမ်မှဝေးဝေး ဘယ်ကိုမျှသွားလေ့မရှိပေ။ သူမပြန်လာ မည်ကို ရော့ကီအစဉ်အမြဲ သတိထားသည်။ "ရော့ကီဟာ ငါ့ကို မပြောဘဲ ဘယ်ကိုမှ သွားလေ့မရှိပါဘူး"
တော့တိုး-ချန်သည်စိတ်ထဲမှ ပြောလိုက်သည်။

သို့သော်လည်း တော့တိုး-ချန်သည် အမေ့ကို ဘာမျှမပြောတော့ပေ။ အမေ့စိတ်ထဲ မည်သို့ ခံစားနေရ မည်ကိုလည်း သူမသိထားသည်။ "ရော့ကီ ဘယ်ကို များ သွားနေပါလိမ့်" တော့တိုး-ချန်သည် မျက်လွှာချပြီး ပြောလိုက်သည်။ ၎င်းနောက် သူမသည်

⇧ http://www.shwezinu.com ⇩

အိမ်ပေါ်ထပ်၌ရှိသော သူမ၏ အိပ်ခန်းသို့ တက်သွားသည်။ အိပ်ခန်းထဲသို့ ရောက်သော အခါ သူမသည် မငိုမိရန် တင်းထားလိုက်သည်။ ရော့ကီသည် သူမကို စိတ်ဆိုးပြီး ထွက်သွား လေရော သလား။ ရော့ကီ အပေါ် မကောင်းတာဘာများပြုမိပါလိမ့်၊ သူမပြန်စဉ်းစားကြည့်သည်။

"တိရစ္ဆာန်များကို ဘယ်တော့မှ မစကြနဲ့နော်"
မစ္စတာကိုဘာယာရှီသည် တိုမိုကျောင်းမှ ကလေးများကို အစဉ်ဆုံးမလေ့ရှိသည်။ "ဥပမာ ဆိုကြပါစို့၊ ခွေးကို အစာတောင်းခိုင်းရင် ခွေးက အစာတောင်း လိမ့်မည်။ အဲဒီအခါမှာ ခွေးကို စတဲ့ အနေနဲ့ အစာမပေးဘဲ ထားလိုက်ရင် ခွေးက မင်းတို့ကို အယုံအကြည် မရှိတော့ဘူး၊ ခွေး ဟာ စရိုက်ဆိုး လာလိမ့်မယ်" တော့တိုး-ချန်သည် ဆရာကြီး၏ ဆုံးမစကားကို အမြဲနားထောင်သည်။ သူမသည် ရော့ကီကို ဘယ်တော့ မှမစပေ၊ ဘယ်တော့မှ မလှည့်စားပေ။ ရော့ကီအပေါ် မကောင်းတာ ဘာကိုမျှ မလုပ်ခဲ့ပါဟု သူမ စဉ်းစား မိသည်။

ထိုအခိုက် တော့တိုး-ချန်သည် ကြမ်းပြင်ပေါ်တွင် ရောက်နေသော သူမ ကစားစရာ ဂက်ဂံရုပ်၏ ခြေထောက်ကြား တွင် တစ်စုံတစ်ရာကို သတိပြုလိုက်မိသည်။ ထိုအရာကို မမြင်မီအထိ သူမသည် မငိုမိရန် စိတ်ကို ထိန်းချုပ် ထားနိုင်ခဲ့သည်။ သို့သော်လည်း ဂက်ဂံရုပ် ခြေထောက်ကြား၌ရှိသော ထိုအရာကို မြင်လိုက်ရသည်နှင့် သူမသည် သည်းထန်စွာ ငိုကြွေး လိုက်မိလေတော့သည်။ ထိုအရာမှာ ရော့ကီ၏ အညိုရောင် အမွေး အချို့ဖြစ်သည်။ ထိုအမွေးများသည် ကာမာကူးရား သို့ သူမ မသွားမီ နံနက်က သူမ အခန်းထဲ၌ သူတို့နှစ်ဦး ကစားရင်း ရော့ကီထံမှ ကျွတ်ကျန်ခဲ့သော အမွေးန များ ဖြစ်သည်မှာသေချာသည်။

တေားတိုး-ချန် သည် ထိုအမွေးများကို လက်ဂယ်ကိုင်ထားရင်း အသံကျယ်စွာဖြင့် ငိုကြွေးမိလေ တော့သည်။ သူမ၏ မျက်လုံးအိမ်မှ ယိုစီးကျလာသော မျက်ရည်များသည် လည်းကောင်း၊ ရှိုက်သံများ သည်လည်းကောင်း ရပ်ဆိုင်းသွားခြင်းမရှိတော့ပေ။ ပထမ ယာဆူအာကီ-ချန်၊ ယခုတဖန် ရော့ကီ။ တော့တိုး-ချန်သည် မိတ်ဆွေ တစ်ယောက် နောက်ထပ် ဆုံးရှုံး ခဲ့ရပြန်လေပြီ။

## လက်ဖက်ရည်ပွဲ

တိုမိုကျောင်းမှ ကလေးများ ချစ်ခင်ကြသော ကျောင်းစောင့်ကြီး ရာရိုး-ချန်သည် စစ်ထဲဝင်ရပေတော့မည်။ သူသည် ကလေးတစ်ယောက်ယောက် ဒုက္ခရောက်လျှင်၊ သို့မဟုတ် အခက်အခဲတွေ့ပြီး အကူအညီလိုလျှင် အမြဲတမ်း ကူညီလေ့ရှိသည်။ သူသည် ကလေးများ၏ ကယ်တင်ရှင်တစ်ယောက်ဖြစ်သည်။ရာရိုး-ချန်သည် ဘာကိုမဆို

⇧ http://www.shwezinu.com ⇩

ပြုလုပ်နိုင်သူဖြစ်သည်။ သူသည် စကားများများ မပြော။ ပြုံးရုံသာ ပြုံးသည်။ သို့သော်လည်း သူသည် ဘာလုပ်ရမည်ကို သိသူဖြစ်သည်။ တော့တိုး-ချန်သည် အညစ်အကြေးကန်ထဲသို့ ကျသွားစဉ်က သူမကို လာရောက် ကယ်ဆယ်သူမှာ ရာရှိုး-ချန်ပင်ဖြစ်သည်။ သူသည် မရှုံ့မရှာဘဲ သူမကို ရေချိုး ပေးသူ ဖြစ်သည်။ သူ့ နှုတ်မှ ညည်းညူခြင်းလည်း မရှိပေ။

"ငါတို့တစ်တွေ ရာရှိုး-ချန်ကို လက်ဖက်ရည်ပွဲနဲ့ တည်ခင်းကြရအောင်"
ဆရာကြီးက ပြောသည်။
"လက်ဖက်ရည်ပွဲ"
လက်ဖက်ရည်ပွဲနှင့် နှုတ်ဆက်မည့် အစီအစဉ်ကို တိုမိုကျောင်းမှကလေးများ သဘောကျကြသည်။ သူတို့သည် မလုပ်ဖူးသေးသော အသစ်အဆန်းကို လုပ်လျှင် သဘောကျလေ့ ရှိကြသည်။ ဆရာကြီးသည် လက်ဖက်ရည်ပွဲဟူသော အသုံးအနှုန်းကိုသာ သုံးသည်။ နှုတ်ဆက်လက်ဖက်ရည် ပွဲဟု မသုံးနှုန်းပေ။ ကျောင်းသားကြီးများက နားလည်သည်။နှုတ်ဆက်ပွဲ၏ နောက်ဝယ် ဝမ်းနည်းခြင်းက တွဲ၍ ပါလာတတ်သည်။ရာရှိုး-ချန်ကို နှုတ်ဆက်မည်ဟုပြောလျှင် သူသည်ပြန်မလာတော့ဟု ဆိုလျှင် တိုက်ပွဲ၌ ကျဆုံးသွားသည်ဟူသော သဘောဖြစ်သည်။

ကျောင်းသားများသည် လက်ဖက်ရည်ပွဲကို တစ်ခါတစ်ရံမျှ မတက်ဖူးကြ။ ထို့ကြောင့် သူတို့သည် စိတ်လှုပ်ရှား နေကြသည်။ ကျောင်းဆင်းသောအခါ မစ္စတာကိုဘာယာရှိသည် ကျောင်းသားများအား စုဝေးခန်းမကြီးထဲ၌ နေ့လယ်စာ စားချိန်တွင် ခုံများကို ပြန်နည်းအတိုင်း စက်ဝိုင်းပုံသဏ္ဌာန်ဖြစ်အောင် ပြင်ခိုင်းလိုက် သည်။ထို့နောက် ကျောင်းသား များအားလုံးကို နေရာယူခိုင်းလိုက်သည်။ ကျောင်းသားကျောင်းသူ တိုင်း၏ရှေ့တွင် လက်ဖက်ရည် ပန်းကန်လုံးများ ချထားသည်။ ဆရာကြီးသည် ရာရှိုး-ချန်၏အနီး တွင် ကပ်၍ ထိုင်သည်။ ရာရှိုး-ချန်၏ ရှေ့တွင်မူ ဖန်ခွက်တစ်လုံးချထားသည်။ ဖန်ခွက်ထဲတွင် ဆာကေ(အရက်)ရှိသည်။ ဆာကေကို ရှေ့တန်း စစ်မြေပြင်သို့သွားမည့် သူများသာ သောက်ရသည်။ "ယခု လက်ဖက်ရည်ပွဲ ဟာဆိုရင် တိုမိုကျောင်းရဲ့ ပထမဆုံး လက်ဖက်ရည်ပွဲဖြစ်တယ်" ဆရာကြီးက ပြောသည်။

"ငါတို့ တစ်တွေ ပျော်ပျော်ပါးပါး လက်ဖက်ရည် သောက်ကြရအောင်၊ မင်းတို့တစ်တွေ ရာရှိုး-ချန်ကို ပြောစရာ ရှိရင် ပြောကြပါ။ မင်းတို့ အချင်းချင်းလည်း ပြောချင်တာပြောကြပါ။ ရာရှိုး-ချန်ကိုမှ မဟုတ်ပါဘူး။တစ်ယောက်ပြီး တစ်ယောက် အလယ်ကို ထွက်ပြီး ပြောကြပါ"
သူတို့တစ်တွေ တိုမိုကျောင်း၌ ယခုလို လက်ဖက်ရည်ပွဲ ကျင်းပခြင်းသည် ပထမဆုံး အကြိမ်ပင် ဖြစ်သည်။ ရာရှိုး-ချန် ဆာကေ သောက်သည်ကို သူတို့မြင်ဖူးခြင်းမှာလည်း ပထမဆုံး အကြိမ်ပင် ဖြစ်သည်။ ကလေးများသည် တစ်ယောက်ပြီးတစ်ယောက်

⇧ http://www.shwezinu.com ⇩

မတ်တတ်ရပ်၍ ရာရှီး-ချန်ကို ကြည့်ပြီး စကားပြော ကြသည်။ ပထမဆုံး စကားထပြောသော ကလေးများက ရာရှီး-ချန်ကို ကျန်းမာရေး ဂရုစိုက်ဖို့ နှင့် သတိဂီရိယ အမြဲရှိဖို့ ပြောကြသည်။ ထို့နောက် တော့တိုး-ချန်နှင့် တစ်တန်းတည်းသားဖြစ်သူ မီဂီးတာက ပြောသည်။

"နောက်တစ်ကြိမ် ကျွန်တော် တိုင်းပြည်ကို ပြန်ရောက်လာရင် ခင်ဗျားတို့ အားလုံးအတွက် မီးသဂြိုလ် ထားတဲ့ ပြာတွေယူခဲ့မယ်" ကလေးတိုင်းက ရယ်ကြသည်။ မီးသဂြိုလ်ထားသော ပြာတွေကို ယူခဲ့မည်ဟု လွန်ခဲ့သော နှစ်ကလည်း မီဂီးတာက သူ၏ သူငယ်ချင်းများကို ပြောဖူးသည်။ သူသည် စကားပြောခွင့်ရတိုင်း ထိုအတိုင်းပင် ပြောလေ့ ရှိသည်။ ပြောသာပြောသည် သူသည် ဘယ်တော့မျှ မယူခဲ့ပေ။

မီဂီးတာ၏ ပြောစကားကို ကြားရသောအခါ ဆရာကြီးသည် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ယခုလို အချိန် မျိုး၌ မီးသဂြိုလ်ထားသော ပြာအကြောင်း ပြောခြင်းသည် နိမိတ်မရှိပါဟု ယူဆစရာပင်ဖြစ်သည်။ သို့သော် လည်း မီဂီတာသည် အရိုးခံအတိုင်း ပြောလိုက်ခြင်းသာဖြစ်သည်။ သူ့စိတ်ထဲ၌ ထူးထူးခြားခြား ဘယ်လိုမျှ မရှိပေ။ ရယ်စရာပြောခြင်းတစ်မျိုးသာဖြစ်ကြောင်း ဆရာကြီးသိသည်။ ထို့ကြောင့် ဆရာကြီး သည် ကလေးများ နှင့် အတူတူ ရော၍ ရယ်လိုက်သည်။ ရာရှီး-ချန်ကလည်း လိုက်ရယ်သည်။

ထို့နောက် အိုအီသည် ထိုင်ရာမှထလိုက်ပြီး သူသည် ဂျပန်နိုင်ငံ၏ အတော်ဆုံး စိုက်ပျိုးရေးသမား တစ်ယောက် ဖြစ်အောင် ကြိုးစားမည် ဖြစ်ကြောင်း ရှီးရာ-ချန်ကို ကတိပေးလိုက်သည်။ ၎င်းနောက် ကီကိုအာအိုကီးသည် ထိုင်ရာမှထလိုက်သည်။ သူမသည် ရှက်တတ်သူ ဖြစ်သည်။ ထုံးစံအတိုင်း သူမ သည် ရယ်လိုက်ပြီးနောက် ဦးညွှတ်ကာ ပြန်ထိုင်လိုက်သည်။ ထိုအခါ တော့တိုး-ချန် က ရှေ့သို့ထွက်၍ ကီးကိုအာအိုကီး ကိုယ်စား ပြောလိုက်သည်။
"ကီးကို-ချန်ရဲ့ ကြက်ပေါက်ကလေးတွေဟာ ပျံနိုင်တယ်၊ ဟိုတစ်နေ့တုန်းက ကျွန်မ မြင်လိုက်တယ်"
အခြား အလှည့်ကျသူ တစ်ဦးမှာ အာမာဒီရား ဖြစ်သည်။ သူက ပြောလိုက်သည်။

"ဒဏ်ရာ ရထားတဲ့ ကြောင်ကလေးတွေ၊ ခွေးကလေးတွေကို တွေ့ရင် ကျွန်တော့်ထံကို ခေါ်ခဲ့ကြပါ။ ကျွန်တော် ကုပေးမယ်"
တာကာဟာရှီ၏ အလှည့်သို့ ရောက်လာလေပြီ။ တာကာဟာရှီသည် သေးသေးညှက်ညှက် ကလေး ဖြစ်သောကြောင့် သူသည် ခုံအောက်မှ ငုံ့ထွက်၍ အပြင်သို့ ထွက်လာသည်။ သူက ပြောလိုက်သည်။
"ကျေးဇူးတင်ပါတယ် ရာရှီး-ချန်၊ အစစအရာရာအတွက် ကျေးဇူးတင်ပါတယ်၊ အားလုံးသော ကိစ္စ အဂ၇ဂ တွေကို ဆောင်ရွက်ပေးတဲ့ အတွက်ကြောင့်ပါပဲ"



⇦ http://www.shwezinu.com ⇨

တာကာဟာရှိ ပြောပြီးသောအခါ အာအီကို ဆိုင်ရှိုး၏ အလှည့်သို့ ရောက်လာသည်။ သူမသည် မတ်တတ်ရပ် လိုက်ပြီး ပြောလိုက်သည်။ "ရာရှိုး-ချန်၊ ကျွန်မ လိမ့်ကျတုန်းက ကျွန်မကို ပတ်တီးတွေ စည်းပေးတဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်၊ ကျွန်မ ဘယ်တော့မှ မမေ့ပါဘူး" ကျောင်းအုပ်ဆရာကြီး၏ သမီးဖြစ်သူ မိရှိုး-ချန်သည် ရာရှိုး-ချန်အကြောင်းကို အသိဆုံး ဖြစ်သည်။ သူမ၏ မျက်လုံးအိမ် များတွင် မျက်ရည်များ ပြည့်နေသည်။

"ဦးလေး ရာရှိုး-ချန် အနေနဲ့ ဦးလေးကိုယ်ကို ဦးလေး ဂရုစိုက်ရမယ်၊ စာရေးပါ၊ ကျွန်မကလည်း စာရေး မယ်"တော့တိုး-ချန် တွင် ပြောစရာစကားတွေ အများကြီး ရှိသည်။ သို့သော် မည်သည့်နေရာက စပြောရမှန်း မသိ ဖြစ်နေသည်။ ထို့ကြောင့် သူမက "ဦးလေး ရာရှိုး-ချန် ခရီးသွားပေမယ်လို့ ကျွန်မတို့ ကတော့ နေ့တိုင်း လက်ဖက်ရည်ပွဲ ကျင်းပပေးမှာပါ" ဟူ၍သာ ပြောသည်။

တော့တိုး-ချန်၏ ပြောစကားသည် မှန်၏။ နောက်တစ်နေ့တွင် ကလေးများသည် အချင်းချင်း စုမိသည့် အခါ လက်ဖက်ရည်ပွဲ ကျင်းပတမ်း ကစားကြသည်။ သူတို့သည် ရေကို လက်ဖက်ရည်ဟု သဘောထား ၍လည်းကောင်း၊ ဆာကေဟု သဘောထား၍ လည်းကောင်း သောက်ကြသည်။ တချို့ကျောင်းသား များက "ငါတို့ ပြာတွေယူခဲ့မယ်"ဟူ၍ နောက်ပြောင်ကြသည်။ ထိုအခါ ကျောင်းသားများက ရယ်ကြ သည်။ ထို့နောက် သူတို့သည် သူတို့ပြောချင်သည့် စကားများကို ပြောကြသည်။

'လက်ဖက်ရည်ပွဲ'သည် ရာရှိုး-ချန်က တိုမိုကျောင်းမှ ကလေးများအတွက် ချန်ထားခဲ့သော အံ့ဩဖွယ်ရာ လက်ဆောင်တစ်မျိုး ဖြစ်သည်။ ထို လက်ဖက်ရည်ပွဲကစားနည်းသည် တိုမိုကျောင်းမှ ကျောင်းသားများ မခွဲခွာကြမီ နောက်ဆုံး ကစားသွားကြသော ကစားနည်းတစ်မျိုးပင် ဖြစ်တော့သည်။ ရာရှိုး-ချန်သည် တိုယိုကို "မီးရထားကိုစီး၍ ထွက်ခွာသွားသည်။ သူထွက်ခွာသည့်အချိန်နှင့် အမေရိကန် လေယာဉ်ပျံများ ရောက်လာသည့်အချိန်မှာ တိုက်ဆိုင်လျက် ရှိသည်။ ၎င်းလေယာဉ်ပျံများသည် တိုကျို မြို့ပေါ်သို့ ရောက်လာကြပြီး၊ ဗုံးများကို ကြဲချလေသည်။ နေ့စဉ် ရက်ဆက် လာရောက်ကြဲချသည်။

<u>ဆာယိုနာရာ၊ ဆာယိုနာရာ</u>

တိုမိုကျောင်း မီးလောင်ပြာကျသွားလေပြီ။ ထိုအဖြစ်အပျက်သည် ညဘက်၌ ဖြစ်ခြင်း ဖြစ်သည်။ ကျောင်းနှင့် ဆက်လျက် တည်ရှိသည့် အိမ်တွင်နေထိုင်ကြသော မိရှိုး-ချန်၊ သူမ၏ အစ်မ မိဆား-ချန်နှင့် သူတို့၏ မိခင်သည် ကူဟွန်းဘုတ်စု ဘုရားကျောင်း၌ရှိသော ရေအိုင်အနီးရှိ တိုမို-စိုက်ခင်းသို့ တိမ်းရှောင် နေသည့်အတွက် အသက်ဘေးမှ

⇧ http://www.shwezinu.com ⇩

လွတ်မြောက်သွားကြသည်။

ဘီ ၂၉ပုံးကြိလေယာဉ်ပျံများပေါ်မှ ကြဲချသော မီးလောင်းပုံးများသည် ကျောင်း၏ စာသင်ခန်းများအဖြစ် အသုံးပြု ထားသော မီးရထား တွဲဟောင်းများ ပေါ်သို့ ကျရောက်ခဲ့သည်။

ကျောင်းအုပ်ဆရာကြီးက တယုတယ ပြုစုပျိုးထောင်သော ကျောင်းသည် မီးတောက်မီးလျှံများဖြင့် ဖုံးအုပ်ခြင်း ခံခဲ့ရသည်။ သူအလွန် နှစ်သက်မြတ်နိုးသော ကလေးများ၏ ရယ်မောသံများနှင့် ကလေးများ ၏ သီချင်းဆိုသံ များ၏နေရာတွင် ကြောက်စရာကောင်းသော အသံများက ကျောင်းထဲသို့ အစားထိုး ဝင်ရောက် လာခဲ့သည်။ ငြိမ်းသတ်ရန် မဖြစ်နိုင်သော မီးများကြောင့် ကျောင်းအဆောက်အအုံများ အားလုံး ပြာကျ သွားလေပြီ။ ဂျီယုဂါအိုကာ ရပ်ကွက်တစ်ခုလုံး မီးများဖြင့် ဟုန်းဟုန်းတောက်လျက် ရှိသည်။

ကျောင်းအုပ်ဆရာကြီးသည် လမ်းမပေါ်၌ ရပ်ပြီး တိုမိုကျောင်း မီးစွဲလောင်နေသည်ကို ကြည့်နေပါ သည်။ သူသည် သူ၏ လက်နှစ်ဖက်ကို အပေါ်အင်္ကျီအိတ်များထဲသို့ နှိုက်ထားရင်း ကြည့်နေသည်။ "နောက်တစ်ခါ ကျောင်းပြန်ဆောက်ရင် ဘယ်လိုကျောင်းမျိုးဆောက်ရင် ကောင်းမလဲ" ဆရာကြီး သည် သူ၏အနီး၌ ရပ်နေသော သားဖြစ်သူ တက္ကသိုလ်ကျောင်းသား တိုမိုကို မေးလိုက် သည်။ တိုမိုသည် ဖခင်၏ ပြောစကားကို အံ့အားသင့်စွာ နားထောင်နေမိသည်။ မစ္စတာကိုဘာယာရှိ ၏ ကလေးများအပေါ်ထားရှိသော မေတ္တာနှင့် စာသင်ရန် စိတ်အားထက်သန်နေ ခြင်းသည် ကျောင်းကိုစွဲလောင်နေသော မီးတောက်မီးလျှံများထက် ပို၍ အင်အားကြီးမား၏။ ပို၍ ခိုင်မာ တောင့်တင်း လေသည်။ ဆရာကြီးသည် စိတ်ညစ်ခြင်း မရှိပေ။ သူသည် ပျော်ပျော် ရွှင်ရွှင်ပင် ရှိသည်။

စစ်ပြေးဒုက္ခသည်များဖြင့် ပြည့်ကျပ်နေသော မီးရထားတွဲတစ်တွဲ၌ တော့တို-ချန်သည် လဲလျောင်း လျက် ရှိသည်။ သူမသည် လူကြီးများကြားထဲ၌ ညပ်နေသည်။ မီးရထားသည် အရှေ့မြောက်အရပ်သို့ ဦးတည်၍ သွားနေသည်။ သူမသည် မီးရထား ပြတင်းပေါက်ကို ဖြတ်ကျော်၍ အပြင်ဘက်သို့ ကြည့် လိုက်သည်။ အပြင်ဘက် ၌ မည်းမှောင်လျက် ရှိသည်။ သူမသည် ကျောင်းအုပ်ဆရာကြီး၏ ခွဲခွာခါနီး ပြောစကားများကို ကြားယောင် နေမိသည်။ "ငါတို့ ပြန်ဆုံကြဦးမှာပါ"ဟု ဆရာကြီးက ထပ်ခါတလဲလဲ ပြောခဲ့သည်။ ၎င်းအပြင် သူမကို ဆရာကြီးက အမြဲပြောလေ့ရှိသော စကားဖြစ်သည့် "မင်းဟာ တကယ့် ကို လိမ္မာတဲ့ မိန်းကလေး ငယ် တစ်ယောက် ဖြစ်တယ်။ မင်းသိတယ် မဟုတ်လား"ဟူသော စကားများ ကိုပါ ကြားယောင်နေမိသည်။ သူမသည် ဆရာကြီး၏ ပြောစကားများကို မမေ့လိုပေ။ မစ္စတာ ကိုဘာယာရှီနှင့်မကြာမီ ပြန်ဆုံရမှာပဲဟု စဉ်းစားရင်း သူမသည် အိပ်ပျော်သွားလေတော့သည်။

⇧ http://www.shwezinu.com ⇩

မီးရထားသည် တထိတ်ထိတ် တလန့်လန့်ဖြင့် လိုက်ပါလာကြသော ခရီးသည်များကို သယ်ဆောင်ရင်း အမှောင်ထုထဲ၌ ကျယ်လောင်စွာ

**ဖြည့်စွက်ချက်**

တိုမိုကျောင်းကို တည်ထောင်သူ ဆိုဆာကူးကိုဘာယာရှိ အကြောင်းကို ကျွန်မ ရေးလိုသည်မှာ ကြာလှပြီ။ ကျွန်မ၏ ယခု ရေးသားချက်များသည် အမှန်တကယ် ဖြစ်ပျက်ခဲ့သော အကြောင်းအရာများသာ ဖြစ်ပါ သည်။

ကျွန်မအနေဖြင့် ထပ်မံဖြည့်စွက်လိုသည်မှာ ကျွန်မသည် မစ္စတာကိုဘာယာရှီအား ကျွန်မ လူကြီး ဖြစ်လာ လျှင် ဆရာကြီး၏ ကျောင်း၌ ကျောင်းဆရာမအဖြစ် အမှုထမ်းပါမည်ဟု ကတိပေးခဲ့ပါသည်။ သို့သော် မစ္စတာကိုဘာယာရှီ၏ အကြောင်းကိုသာ ယခုလို စာရေးပြီး လူအများသိအောင် သာ ပြုလုပ်ပေး နိုင်ခဲ့ပါ သည်။

မစ္စတာကိုဘာယာရှီသည် ခရစ်နှစ် ၁၉၆၃ ခုနှစ်တွင် ကွယ်လွန် အနိစ္စ ရောက်ခဲ့ပါသည်။ အကယ်၍သာ သူသည် ယခုအချိန်အထိ အသက်ရှင်နေဦးမည်ဆိုလျှင် သူ၏အကြောင်းကို ကျွန်မအား ပိုမို ပြောပြ နိုင်မည် ဖြစ်သည်။

တိုမိုကျောင်းသည် ၁၉၄၅ခုနှစ်တွင် တိုကျိုမြို့ ဗုံးကြဲခံခဲ့ရစဉ်က မီးလောင်ပြာကျခဲ့ရသည်။ မစ္စတာ ကိုဘာယာရှီသည် တိုမိုကျောင်းကို သူ၏ ကိုယ်ပိုင်ငွေဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်လေရာ ကျောင်းကို ဆောက်ရာ၌ သူသည် အချိန်များများ ယူရပါသည်။ စစ်ပြီးသောအခါ မူလကျောင်းဟောင်း နေရာ၌ပင် မူလတန်း ကျောင်းကို စတင်သည်။ ထိုတစ်ချိန်တည်းမှာပင် သူသည် နောင်အခါ၌ ကူနီတာချီ ဂီတ ကောလိပ် ၏ ကလေးများ ပညာရေးဌာန ဖြစ်လာမည့် ဌာနတွင် လိုအပ်သော အကူအညီ များကို ပေးသည်။ သူသည် ဂီတသံဖြင့် ယိမ်းကနည်းတစ်မျိုးကို သင်ကြားပြီး ကူနီတာချီ မူလတန်း ကျောင်း တည်ထောင်ရေး ၌ အကူအညီ ပေးသည်။ သူသည် အသက်၆၉နှစ် အရွယ်တွင် ကွယ်လွန်ခြင်း ဖြစ်သည်။ သူသည် သူ၏ စံပြကျောင်းတစ်ကျောင်းကို နောက်ထပ် မတည်ထောင်နိုင်တော့ဘဲ ကွယ်လွန် သွားခြင်း ဖြစ်သည်။

တိုမိုဂါကူးအန် သည် တိုကျိုမြို့၏ အနောက်တောင်ပိုင်းတွင် တည်ရှိသည်။ တိုယိုကို မီးရထားလိုင်းပြေး ဆွဲရာ ဂျီယူဂါအိုကာ ဘူတာရုံမှ သုံးမိနစ်ခန့်ဝေး သော လမ်းလျှောက်သွားလျှင် ရောက်နိုင်သော အကွာ အဝေးတွင် တည်ရှိသည်။ ထိုကျောင်းနေရာသည် ယခုအခါတွင် 'ဉဒေါင်းငှက်ပဒေသာဆိုင်ကြီး' နှင့် မော်တော်ကား များ ခေတ္တအပ်နံရာ နေရာအဖြစ်သို့ ရောက်ရှိနေလေပြီ.



⇧ http://www.shwezinu.com ⇩

ကျွန်မသည် နေ့တစ်နေ့တွင် ထိုကျောင်းနေရာဟောင်းသို့ ရောက်သွားပါသည်။ ကျွန်မတို့ ကျောင်း နေစဉ် က အနေအထားများ၊ အမှတ်အသားများ၊ ဘာမျှကျန်ရှိတော့မှမဟုတ် ဆိုသည်ကို ကျွန်မ သိပါ ၏။ သို့သော်လည်း ကျွန်မသည် မော်တော်ကားများ ခေတ္တအပ်နံရာ နေရာ၊ သတ်မှတ်ထားသောနေရာ တွင် ကားကို ဖြည်းညင်းစွာ မောင်းသွားမိသည်။ ၎င်းနေရာသည် စာသင်ခန်း ရထားတွဲဟောင်းများ ရှိခဲ့ရာ နေရာနှင့် ကစားကွင်း တည်ရှိခဲ့ရာ နေရာပင် ဖြစ်သည်။ မော်တော်ကားများကို ခေတ္တအပ်နံရာနေရာ ပေါ်မှ တာဝန်ခံ လူကြီးတစ်ယောက်ဖြစ်ဟန်တူသူက "မလာနဲ့၊ မလာနဲ့၊ ကားတွေ ပြည့်နေပြီ၊ နောက်ထပ် လက်ခံဖို့ နေရာမရှိဘူး"ဟု ကျွန်မကို အော်ပြောပါသည်။

"ကျွန်မ ကားအပ်ဖို့လာတာ မဟုတ်ဘူး၊ ကျွန်မရဲ့ နေရာဟောင်းကို လာကြည့်တာပါ"ဟု ကျွန်မ ပြန်ပြောလိုက်ချင်ပါသည်။ သို့သော်လည်း ကျွန်မဆိုလိုချက်ကို ထိုသူသိမှာ မဟုတ်ဟု စဉ်းစားမိသော ကြောင့် ကျွန်မသည် ကားကို ပြန်မောင်းထွက်လာပါသည်။ သို့သော်လည်း ကျွန်မသည် အတိတ်က အကြောင်းအရာများကို ပြန်လည်စဉ်းစားမိသဖြင့် ကားမောင်းသွားရင်း မျက်ရည်များ ကျလာပါသည်။ ဤကမ္ဘာလောကကြီးတွင် ပညာရေးဘက်၌ ကျွမ်းကျင်သူ လူအများရှိသည်ကို ကျွန်မ သိပါသည်။ သူတို့သည် ကလေးသူငယ်များကို ချစ်တတ်၊ ခင်တတ်သူများ ဖြစ်ကြပြီး သူတို့တွင် အဆင့်အတန်း မြင့်မားသော အတွေးအခေါ်များ ရှိကြပါသည်။ သူတို့သည် စံပြကျောင်းများကို တည်ထောင်လိုကြသူ များ ဖြစ်မည်မှာ သေချာပါသည်။

သို့သော်လည်း စိတ်ကူးထဲတွင် ရှိသော စံပြကျောင်းကို လက်တွေ့ အကောင်အထည် ဖော်ရေးသည် ခက်ခဲ သည်ဟု ကျွန်မသိရှိ နားလည်ထားပါသည်။ မစ္စတာကိုဘာယာရှိသည် နှစ်ပေါင်းများစွာကြာအောင် လေ့လာမှု့ များနှင့် ပြင်ဆင်မှု့ များကို ပြုလုပ်ခဲ့ပြီးမှ ၁၉၃၇ခုနှစ် တွင် တိုမိုကျောင်းကို စတင်ထည်ထောင် နိုင်ခဲ့သည်။ ၁၉၄၅ခုနှစ် တွင် တိုမိုကျောင်းသည် မီးလောင်ပြာကျခဲ့ရသည်။ ကျောင်း ၏ သက်တမ်းမှာ အလွန်ပင် တိုတောင်းလှပေရာ ကျွန်မအနေဖြင့် များစွာ စိတ်မကောင်းခြင်း ဖြစ်မိပါသည်။

လူ့လောကထဲသို့ စတင်ရောက်ရှိလာသော ကလေးများ၏ ပင်ကို စရိုက်သည် ဖြူစင်ပါသည်ဟု မစ္စတာ ကိုဘာယာရှိ ယုံကြည်ထားသည်။ သို့သော်လည်း ထိုကလေးများ၏ ပင်ကိုစရိုက်ကောင်း သည် သူတို့၏ ပတ်ဝန်းကျင် အခြေအနေများနှင့် အချို့လူကြီးများ၏ လွဲမှားသော လွှမ်းမိုးမှုများကြောင့် ပျက်စီး ယိုယွင်းခြင်းသို့ ရောက်ရှိသွားကြရသည်ဟု မစ္စတာကိုဘာယာရှိ ယူဆထားလေသည်။ သူ၏ ရည်ရွယ် ချက်မှာ ထိုကလေးများသည် တဖြည်းဖြည်း ကြီးပြင်းလာရင်း လူကောင်းများ၊ လူတော်များ ဖြစ်လာ လိမ့်မည် ဟု ယုံကြည် ထားလေသည်။

မစ္စတာကိုဘာယာရှိသည် သဘာဝလောကကြီးကို ချစ်မြတ်နိုး၏။ တန်ဖိုးထား၏။



⇧ http://www.shwezinu.com ⇩

ကလေးများ၏ ပင်ကို စရိုက်များကို သူတို့၏ ပုံမှန်အခြေအနေအတိုင်း ဖွံ့ဖြိုး တိုးတက်စေချင်၏။
သူ၏ သမီးငယ် မိရိုး-ချန်က သူမ၏ ဖခင်သည် သူမငယ်စဉ်က သူမကို လမ်းလျှောက်ခေါ်သွားလေ့ရှိ ကြောင်း၊ သဘာဝရဲ့ တေးဆိုသံတွေကို ငါတို့သွားနားထောင်ကြစို့" ဟု ပြောပြီး လမ်းလျှောက်ခေါ်သွား လေ့ရှိကြောင်းဖြင့် ကျွန်မကို ပြောပြဖူးပါသည်။ သူသည် သမီးဖြစ်သူကို သစ်ပင်ကြီးများ ရှိရာသို့ခေါ်သွားပြီးလျှင် သစ်ရွက်များနှင့် သစ်ကိုင်းများသည် လေပြည်လေညင်းများနှင့်အတူ လှုပ်ရှားနေပုံ၊ သစ်ရွက်များ၊ သစ်ကိုင်းများနှင့် ပင်စည်တို့ အပြန်အလှန် အထောက်အကူပြုနေပုံ၊ လေတိုက်ခတ်မှု နှုန်း အမြန်အနှေးကို လိုက်၍ သစ်ရွက်များ၏ လှုပ်ရှားမှုများမှာလည်း အပြောင်းအလဲရှိပုံကို ပြောပြ သည်။ လေငြိမ် နေလျှင် သူတို့သည် စိတ်ရှည်စွာဖြင့် လေတိုက်မည့်အချိန်ကို စောင့်နေတတ်ကြောင်း၊ သူတို့သည် မြစ်များ၊ ချောင်းများကိုလည်း လေ့လာကြကြောင်း။ သူတို့သည် အိမ်အနီးရှိ တာမာမြစ်ဆီ သို့ သွားကြပြီး ရေစီးသံကို နားထောင်ကြကြောင်း၊ ရေစီးဆင်းပုံကို ကြည့်ကြကြောင်း၊ ဤသို့သော အလုပ်မျိုးကို သူတို့သည် ဘယ်တော့မျှမငြီးငွေ့ဘဲ လုပ်ကြကြောင်းကို သူမက ကျွန်မအား ပြောပြခဲ့ဖူး ပါသည်။

မစ္စတာကိုဘာယာရှိသည် ထင်ပေါ်ကျော်ကြားမှုကို မလိုလားပေ။ သူသည် သူ၏ ကျောင်းအကြောင်းကို မကြေညာပေ။ ကျောင်းနှင့် ပတ်သက်၍ ဓာတ်ပုံများဖြင့် ဖော်ပြခြင်း၊ သတင်းဆောင်းပါးများ ရေးသား ခြင်းမျိုးကို မပြုလုပ်ပေ။ သို့သော်လည်း ပညာရေးဌာနအနေဖြင့် သူ့အား ကလေးများ ပညာရေးတွင် ကျွမ်းကျင်ပညာရှင်တစ်ယောက်အဖြစ်ဖြင့် အသိအမှတ်ပြုထားလေသည်။ တိုမိုကျောင်း အားကစားပြိုင်ပွဲကျင်းပသည့်နေ့ဖြစ်သော နိုဝင်ဘာ(၃)ရက်နေ့သို့ ရောက်သည့်အခါ တိုင်း တိုမိုကျောင်းသားဟောင်းများသည် ကူဟွန်းဘတ်စု ဘုရားကျောင်းတွင် စုဝေးတွေ့ဆုံလေ့ရှိကြ ပါသည်။ ကျွန်မတို့တစ်တွေ၏ အသက်များမှာ လေးဆယ်ကျော်ငါးဆယ်တွင်းသို့ ရောက်လာကြပြီဖြစ် သော်လည်း တစ်ဦးနှင့်တစ်ဦး တွေ့ဆုံကြသည့်အခါ ငယ်စဉ်ကအတိုင်း ပြောကြဆိုကြ ဆက်ဆံလေ့ရှိ ကြပါသည်။ တစ်ယောက်ကိုတစ်ယောက် နောက်ကြ ပြောင်ကြပါသည်။ ငယ်ငယ်တုန်းက ခေါ်ခဲ့ကြ သော ငယ်နာမည် များ ခေါ်ကြပါသည်။ မစ္စတာကိုဘာယာရှိ ချန် ထားခဲ့သော အမွေအနှစ်များတွင် ဤ တွေ့ဆုံပွဲသည် တစ်ခု အပါအဝင် ဖြစ်ပါသည်။

ကျွန်မသည် ပထမဦးဆုံး ပညာသင်ကြားခဲ့ရာ မူလတန်းကျောင်းမှ ကျောင်းထုတ်ခြင်း ခံခဲ့ရပါသည်။ ထိုအကြောင်းနှင့် ပတ်သက်၍ ကျွန်မကောင်းကောင်း မမှတ်မိတော့ပါ။ အမေက ကျွန်မကို လမ်းပေါ်က အတီးအမှုတ်သမားများအကြောင်းနှင့် စာရေးစားပွဲအကြောင်းကို ပြောပြဖူးပါသည်။ ကျွန်မကျောင်း ထုတ်ခံရသည်ဟု

⇧ http://www.shwezinu.com ⇩

ပြောပြခြင်းကို ကျွန်မ မယုံကြည်နိုင်အောင် ဖြစ်မိပါသည်။ ထိုအချိန်ထိုအခါက ကျွန်မသည် ကျောင်းထုတ်ခံရလောက်အောင် ဆိုးခဲ့လေသလော။

လွန်ခဲ့သော ငါးနှစ်က ဖြစ်ပါသည်။ ကျွန်မသည် နံနက်ပိုင်း ရုပ်မြင်သံကြား အခန်းတစ်ခန်းတွင် ကျွန်မကို ငယ်စဉ်က သိခဲ့ပါသည်ဆိုသော အမျိုးသမီးတစ်ဦးနှင့် တွေ့ဆုံဆွေးနွေးခန်းကို ဖွင့်ခဲ့ရပါသည်။ သူမသည် ကျွန်မ၏ အတန်းပိုင်ဆရာမမဟုတ်ပါ။ ကျွန်မ ပထမဆုံး နေခဲ့ရာ မူလတန်းကျောင်းမှ ကျွန်မတို့၏ အတန်းနှင့် ကပ်လျက် အခန်းမှ အတန်းပိုင် ဆရာမဖြစ်ပါသည်။ ထိုဆရာမ ပြောသည်များကို ကျွန်မသည် အံ့အားသင့်စွာဖြင့် နားထောင်နေမိသည်။

"မင်းဟာ ဆရာမရဲ့အတန်းနဲ့ ကပ်လျက်အတန်းက ကျောင်းသူကလေးပေါ့။ စာသင်နေချိန်မှာ ဆရာမက ဆရာတွေ စုဝေးရာအခန်းကို သွားတဲ့အခါမှာ မင်းဟာ စာသင်ခန်းအပြင်ဘက် လူသွားလမ်းပေါ်မှာ ထွက်ရပ် နေတတ်တယ်။ ဆရာမက မင်းရဲ့ရှေ့က ဖြတ်သွားတိုင်း မင်းက ဆရာမကို မေးလေ့ရှိတယ်။ " ကျွန်မဘာဖြစ်လို့ ဒီမှာ ရပ်နေတယ်ဆိုတာ သိသလား၊ ကျွန်မဘာအပြစ် လုပ်မိသလဲဆိုတာ သိရဲ့လား၊ ဆရာမ လမ်းပေါ်က အတီးအမှုတ်သမားတွေကို ဆရာမသဘောမကျ ဘူးလား" စသည်ဖြင့် မေးလေ့ ရှိတယ်။ ဆရာမက ပြန်မဖြေတတ်ဘူး။ ကြာတော့ ဆရာမဘယ်လိုဖြစ် လာသလဲဆိုရင်၊ ဆရာတွေ စုဝေးခန်းကို သွားတော့ မယ်ဆိုရင် လူသွားလမ်းပေါ်မှာ မင်းရှိမရှိဆိုတာကို အရင်ဆုံး ကြည့်ရသေးတယ်။ မင်းရှိနေရင် ဆရာမ မသွားသေးဘူး။ မင်းမရှိတော့မှ ဆရာမ ထွက်ပုံတော့တယ်။

မင်းရဲ့အကြောင်းကို မင်းရဲ့ အတန်းပိုင်ဆရာမက ဆရာတွေ စုဝေးခန်းမှာ အမြဲပြောလေ့ရှိ တယ်။ ဒါ့ကြောင့် ဆရာမအနေနဲ့ မင်းကို အခြားကျောင်းသား တွေထက်ပိုပြီး သိတာပေါ့။ ရုပ်မြင်သံကြားမှာ မင်းပထမဆုံး ပါဝင် သရုပ်ဆောင်တာကို ကြည့်ပြီးကတည်းက မင်းကို ဆရာမ ချက်ချင်း မှတ်မိတယ်။ အချိန် ဟာ သိပ်ကြာနေပေမယ့်လို့ ဆရာမကတော့ မင်းကို ကောင်းကောင်း မှတ်မိနေတယ်"

ကျွန်မ၏ အတန်းပိုင်ဆရာမသည် ကျွန်မကို အပြင်ဘက်၌ မတ်တတ် ရပ်ခိုင်း ထားလေသလော၊ ကျွန်မ အံ့ဩမိ ပါသည်။ ကျွန်မ ကျောင်းထုတ်ခံရခြင်းကို ထိုဆရာမ ပြောပြပြီးပါပြီ။

ဤတွင် အလျဉ်းသင့်သဖြင့်၊ ကျွန်မ၏ မိခင်အကြောင်းကို ဖော်ပြလိုပါသည်။ ကျွန်မ အသက်နှစ်ဆယ် မပြည့် မချင်း အမေသည် ကျွန်မကျောင်းထုတ်ခံရသည့် အကြောင်းကို လုံးဝမပြောပေ။ ကျွန်မ အသက်နှစ်ဆယ် ပြည့်သောအခါမှ အမေက ထိုအကြောင်းကို ပြောပြသဖြင့် ကျွန်မသည် အမေ့ကို အထူး ကျေးဇူးတင် ပါသည်။

"သမီး-သမီးဘာဖြစ်လို့ တိုမိုကျောင်းကို ပြောင်းရတယ်ဆိုတာ သိသလား"



⇧ http://www.shwezinu.com ⇩

အမေသည် ကျွန်မကို မေးပါသည်။ ကျွန်မက မသိပါဘူးဟု ဖြေလိုက်သောအခါ အမေက ပြောပါသည်။

"သမီး-ပထမဆုံးနေခဲ့တဲ့ မူလတန်းကျောင်းက ကျောင်းထုတ်ခံခဲ့ရလို့ပဲ"

အကယ်၍ အမေကသာ ထိုအချိန်ထိုအခါက "သမီးသိပ်ဆိုးတာပဲ၊ သမီးအခု ကျောင်းထုတ်ခံရ ပြီ၊ နောက်ထပ်ကျောင်းထုတ်ခံရဦးမယ် ဆိုရင် သမီးဘယ်ကျောင်းမှာ သွားနေမလဲ"ဟု ပြောမည်ဆို က ပြောနိုင် ပါသည်။ အမေ ကသာ ထိုသို့ပြောခဲ့လျှင် တိုမိုဂါကူးအန်ကျောင်းဝင်းထဲသို့ ကျွန်မပထမဆုံး ဝင်ရောက်သည့်နေ့က ကျွန်မသည် ပျော်ပျော်ရွှင်ရွှင် ဖြစ်နေလိမ့်မည် မဟုတ်ဘဲ၊ အားငယ်စိတ် ဝင်နေလိမ့် မည်ဖြစ်သည်။ အမေက ကျွန်မကို ကျောင်းထုတ်ခံခဲ့ရခြင်းနှင့် ပတ်သတ်၍ ဟိုတုန်းက လုံးဝမပြောခဲ့ပါ။ အမေ့လို မိခင်မျိုး ကျွန်မ ရခဲ့သဖြင့် ကျွန်မကံကောင်းပါသည်။

စစ်ကြီး ဖြစ်နေစဉ် တိုမိုကျောင်း၏ မှတ်တမ်းတင် ဓာတ်ပုံ အနည်းငယ်ကို ရိုက်ယူနိုင်ခဲ့ပါသည်။ ထိုဓာတ်ပုံများ ထဲတွင် အတန်းတင် စာမေးပွဲ အောင်သူများ၏ မှတ်တမ်းတင် ဓာတ်ပုံများသည် အကောင်းဆုံး ဖြစ်သည်။ အတန်းတင်စာမေးပွဲအောင်သူများသည် မိမိတို့အတန်း အလိုက် ဓာတ်ပုံများကို အမှတ်တရ ရိုက်ကြပါသည်။ စုဝေး ခန်းမကြီးရှေ့တွင် ရိုက်ကြပါသည်။ "လာကြဟေ့-လာကြ၊ ဓာတ်ပုံ ရိုက်ကြမယ်" ဟု တယောက်ယောက်က နှိုးဆော်လိုက်လျှင် မသက်ဆိုင်သော အတန်းများမှ ကျောင်းသားများသည်လည်း ဓာတ်ပုံရိုက်မည့် နေရာသို့ ရောက်လာကြပြီး၊ သူတို့ပါ ဝင်ရောက် အရိုက်ခံကြပါသည်။ ထို့ကြောင့် ဓာတ်ပုံများကို ကြည့်ပြီး မည်သည့်အတန်းက စာမေးပွဲအောင်သူများ၏ ဓာတ်ပုံများဖြစ်သည်ကို ပြော၍မရနိုင်ပါ။ ဓာတ်ပုံကိစ္စနှင့် ပတ်သက်၍ မစ္စတာကိုဘာယာရှီသည် အလေးအနက်သိပ်မထားပေ။ သူ့အနေဖြင့် တိုမိုကျောင်းသား ကျောင်းသူများ ၏ ဓာတ်ပုံဖြစ်လျှင် ကျေနပ်ပါသည်။ ခွဲခြားသည့် အလုပ်မျိုးကို သူမလုပ်ပေ။

တိုမိုကျောင်းအကြောင်းနှင့် ပတ်သက်၍ ကျွန်မတွင် ရေးစရာအကြောင်း များစွာရှိပါသည်။ သို့သော်လည်း စာရှုသူများအနေဖြင့် တော့တိုး-ချန်လို မိန်းကလေးငယ် တစ်ယောက်သည် အခြား အခြား သော လူများနှင့် အဆင်ပြေအောင်နှင့် အံဝင်ခွင်ကျပြီး ဝင်ဆံ့သူ ဘဝသို့ ရောက်လာပုံကို သိရလျှင် ကျွန်မ အနေဖြင့် ကျေနပ်သည်။

တိုမိုကျောင်းကဲ့သို့သော ကျောင်းများသာရှိလျှင် ကျောင်းထုတ်ခံရမှု များနှင့် ကျောင်းတွင်း အဆင် မပြေ မှုများ ရှိလိမ့်မည်မဟုတ်ဟု ကျွန်မထင်ပါသည်။ တိုမိုကျောင်းတွင် ကျောင်းလွှတ် လိုက်သော်လည်း မည်သည့် ကျောင်းသား မှ အိမ်သို့ ချက်ချင်းမပြန်ကြပေ။ နံနက်အချိန်တွင်လည်း ကျွန်မတို့သည် ကျောင်းသွား ဖို့ကိုသာ စိတ်စောနေကြပါသည်။ တိုမိုကျောင်းသည် ထိုသို့သော ကျောင်းမျိုးဖြစ်သည်။

ဆရာကြီး ဆိုဆာကူးကိုဘာယာရှီကို တိုကျိုမြို့ အနောက်မြောက်ပိုင်းရှိ ရွာတစ်ရွာတွင်



⇧ http://www.shwezinu.com ⇩

၁၈၉၃ ခုနှစ် ဖွန်လ (၁၈)ရက်နေ့၌ မွေးဖွားခဲ့ပါသည်။ သူသည် ရေမြေတောတောင် သဘာဝနှင့် တေးဂီတသံသာများကို ချစ်ခင်မြတ်နိုးသူဖြစ်သည်။ ကလေးဘဝက သူသည် အိမ်အနီးရှိ မြစ်ကမ်းနဘေးတွင် မတ်တတ်ရပ်ရင်း မလှမ်းမကမ်းရှိ ဟာရူးနာတောင်ထိပ်ကို ကြည့်နေလေ့ရှိသည်။ မြစ်ရေစီးသံများကို သူ၏နားထဲတွင် တေးဂီတသံ များအဖြစ် ကြားယောင်နေမိသည်။

သူသည် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးသော ဆင်းရဲသားမိသားစုတစ်စုမှ မွေးဖွား လာခဲ့သူ ဖြစ်သည်။ မွေးချင်းခြောက်ယောက် အနက် သူသည် အထွေးဆုံးဖြစ်သည်။ မူလတန်းအဆင့် ပညာရေး ပြီးဆုံးသောအခါ သူသည် လက်ထောက်ကျောင်းဆရာအဖြစ် အမှုထမ်းသည်။ ဆရာဖြစ် လက်မှတ် ရရှိရေး အတွက် သူသည် ခက်ခဲစွာ ကြိုးစားအားထုတ်ခဲ့ရသည်။ သို့သော်လည်း သူသည် စိတ်မပျက်ဘဲ ဆက်လက်ကြိုးစားရာ၊ တိုကျိုမြို့ မူလတန်းကျောင်း တစ်ကျောင်းတွင် ကျောင်းဆရာ အလုပ်ကိုရသည်။ ကျောင်းဆရာအလုပ်ကို လုပ်ကိုင်ရင်း သူသည် တေးဂီတပညာကို လေ့လာဆည်းပူးသည်။

ထို့နောက်သူသည် ဂျပန်တေးဂီတ ပညာရေးဌာနမှ ဖွင့်လှစ်သော တေးဂီတသင်တန်းသို့ တက်ခွင့်ရသည်။ သင်တန်းပြီးဆုံးသောအခါ သူသည် ဆီကီအီမူလတန်းကျောင်း၌ တေးဂီတနည်းပြဆရာအဖြစ် အမှုထမ်းခွင့် ရသည်။ မွန်းလွှဲပိုင်းအားလပ်ချိန်များ၌ သူသည် လမ်းလျှောက်ခြင်း၊ အပင်များစုဆောင်းခြင်း၊ စိုက်ပျိုးခြင်း၊ ပန်းချီရေးဆွဲခြင်း၊ သီချင်းဆိုခြင်းနှင့် ကျောင်းအုပ်ဆရာကြီး၏ ဟောပြောပွဲများကို နားထောင်ခြင်းဖြင့် အချိန်များကို ကုန်လွန်စေခဲ့သည်။ သူသည် ကျောင်း၌ တေးဂီတကို သင်ကြားပြသရင်း ကလေးများ အတွက် ရွှင်မြူးဖွယ်ရာ တစ်ခန်းရပ်ပြဇာတ်တိုတစ်ပုဒ် ရေးသားပြီး ကျောင်း၌ တင်ဆက်ကပြသည်။ ထိုပြဇာတ်တိုကို စက်မှုလုပ်ငန်းပိုင်ရှင်ကြီးတစ်ဦးဖြစ်သော ရှုန်အိုင်ဂါဆာကီးဆိုသူသည် လွန်စွာ သဘောကျ နှစ်ခြိုက်သည်။ အိုင်ဂါဆာကီးသည် `ကျောင်း၏ အနုပညာအသင်း နာယက တစ်ဦး ဖြစ်သည့်အပြင် `ကျောင်းကိုလည်း `ငွေကြေးထောက်ပံ့မှု ပေးနေသူဖြစ်သည်။ သူသည် မစ္စတာ ကိုဘာ ယာရှီကို ဥရောပတိုက်၌ ပညာသင်ကြားရေး နည်းစနစ်များအားလေ့လာစေရန် `စေလွှတ်ဖို့ ထောက်ခံပြီး လိုအပ်သော ငွေကြေးများကိုလည်း ထောက်ပံ့သည်။

"သူတို့ကို သူတို့ရဲ့ ပင်ကိုစရိုက်အတိုင်း လွှတ်ထားပါ၊ သူတို့ရဲ့ ရည်ရွယ်ချက်၊ သူတို့ လုပ်ချင်တာတွေကို သွားမချုပ်ချယ်ပါနဲ့၊ သူတို့ရဲ့ စိတ်ကူးစိတ်သန်းတွေဟာ ခင်ဗျားတို့ထက်တောင်မှ ကြီးချင်ရင် ကြီးနေမှာ"ဟု ပြောလေ့ရှိသည်။ ထိုကျောင်းမျိုးသည် ဂျပန်ပြည်တွင် ရှေးအခါက မရှိခဲ့ပေ။

၁၉၃၇ပြည့်နှစ်တွင် မစ္စတာကိုဘာယာရှီသည် ဥရောပတိုက်သို့ ခရီးသွားပြန်သည်။



⇧ http://www.shwezinu.com ⇩

သူသည် ဒါလ်ခရိုဇီထံမှ ပညာများကို ဆည်းပူးသည်။ ထို့နောက်သူသည် အမြို့မြို့အနယ်နယ်သို့ လှည့်လည်ပြီး ပညာရေးဆိုင်ရာ လေ့လာမှုများကို ပြုလုပ်သည်။ ဂျပန်ပြည်သို့ ပြန်ရောက်လျှင် သူ၏ ကိုယ်ပိုင်ကျောင်းတစ်ကျောင်း တည်ထောင်ရန်ကိုလည်း စိတ်ကူးထားသည်။ ၁၉၃၇ခုနှစ်တွင် သူသည် တိုမိုဂါကူးအန်ကျောင်းကို စတင်တည်ထောင်သည့်အပြင်၊ သူသည် ဂျပန်ယိမ်း အကနည်းသစ်အသင်း ကိုပါ တည်ထောင်သည်။

မစ္စတာကိုဘာယာရှိသည် တိုမိုကျောင်းကဲ့သို့သော ကျောင်းမျိုးကို စစ်ကြီးပြီးသောအခါ နောက်ထပ်မထူ ထောင် နိုင်သည်မှာ စိတ်မကောင်းစရာပင်။ လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်ကဖြစ်ပါသည်။ ကိုဒန်းရှားစာအုပ်ထုတ်ဝေရေးဌာနမှ အယ်ဒီတာ တစ်ယောက် သည် ကျွန်မထံသို့ ရောက်လာခဲ့ပါသည်။ အမျိုးသမီး မဂ္ဂဇင်း တစ်စောင်တွင် တိုမိုကျောင်း အကြောင်း နှင့် ပတ်သက်၍ ကျွန်မ စာရေးခဲ့သည်ကို သူ သတိပြုမိသောကြောင့် ဖြစ်သည်။ ထိုအယ်ဒီတာ သည် ကျွန်မကို စာရေး စက္ကူများစွာ ပေးထားခဲ့ပြီး တိုမိုကျောင်းနှင့် ပတ်သက်၍ စာအုပ် အဖြစ် ထုတ်ဝေနိုင်အောင် ရေးပေးပါဟု ပြောပါသည်။ သို့သော် ကျွန်မသည် ထိုစာရွက်များအား အခြား အကြောင်း အရာ များကို ရေးသားခြင်း၌ အသုံး ပြုလိုက်မိပါသည်။ ထိုအယ်ဒီတာသည် ယခုအခါတွင် ကိုဒန်းရှား၏ ညွှန်ကြားရေးမှူးတစ်ဦးဖြစ်လာပေသည်။ သူသည် လွန်ခဲ့သော အနှစ်နှစ်ဆယ်က အကြောင်း ကို မမေ့ပေ။

ကျွန်မသည် ကိုဒန်းရှားမှ ထုတ်ဝေသော 'အမျိုးသမီးငယ်'မဂ္ဂဇင်းတွင် တိုမိုကျောင်း အကြောင်းကို အခန်းဆက် ဆောင်းပါးများအဖြစ် ၁၉၇၉ခုနှစ် ဖေဖော်ဝါရီလမှ ၁၉၈ဝပြည့်နှစ် ဒီဇင်ဘာလအထိ ရေးသားခဲ့ ပါသည်။ မိရိုး-ချန်နှင့် တိုမိုကျောင်းမှ ကျွန်မ ကျောင်းနေဘက် သူငယ်ချင်းများက ကျွန်မကို အကူ အညီ များစွာ ပေးကြပါသည်။ တိုမိုကျောင်းသည် ယခုအခါတွင် မရှိတော့ပါ။ သို့သော်လည်း တစ်ချိန်က ရှိခဲ့သော တိုမိုကျောင်းအကြောင်း နှင့် ပတ်သက်၍ ယခုလို စာအုပ်ထုတ်ဝေရန် အခွင့်အရေးရခဲ့သဖြင့် ကျွန်မသည် လွန်စွာမှ ပျော်ရွှင် ကြည်နူးမိ ပါသည်။

ကျွန်မရေးသော စာအုပ်သည် မမျှော်လင့်ဘဲနှင့် ဂျပန်နိုင်ငံ၏ အရောင်းရဆုံး စာအုပ်တစ်အုပ် ဖြစ်လာ ပါသည်။ တစ်နှစ်အတွင်း၌ ၄,၅ဝဝ,ဝဝဝ ရောင်းရခဲ့ရပါသည်။ ပို၍ အံ့သြစရာနှင့် ကြုံရသည်မှာ ကျွန်မ၏စာအုပ်ကို ဂျပန်နိုင်ငံပညာရေးဌာနမှ ကျောင်းသုံးဖတ်စာအုပ်အ ဖြစ်ဖတ်ရန် အားပေးသမှုပြုခဲ့သောကြောင့်ဖြစ်ပါသည်။ ကလေးများအဖို့ ယခုစာအုပ်သည် ပုံပြင်စာအုပ်သဖွယ်မျှသာ ဖြစ်ပါလိမ့်မည်။ အသက်ခုနစ်နှစ်နှင့်အထက် ကလေးများသည် အဘိဓာန်အကူအညီဖြင့် ဤစာအုပ်ကို ဖတ်ကြသည်ဟု ကျွန်မသိရပါသည်။ ကျွန်မ၏ ဂမ်း သာမှုသည် ပို၍တိုးလာပါသည်။

⇧ http://www.shwezinu.com ⇩

ရုပ်ရှင်ကုမ္ပဏီများ၊ ရုပ်မြင်သံကြားနှင့် ပြဇာတ်အဖွဲ့ များက ကျွန်မ၏စာအုပ်ကို အသုံးပြုရန် ခွင့်တောင်းလာ ကြပါသည်။ သူတို့သည် စာအုပ်ပါအကြောင်းအရာအချို့ကို အနည်းငယ်ပြုပြင်ပြောင်းလဲပြီး တင်ဆက် လိုကြသည်။ သို့သော် ကျွန်မသည် ခွင့်မပြုပေ။ သို့သော်လည်း တေးဂီတပညာရှင် အာကီဟီရိုကိုမိုရီ၏ အကူအညီ ဖြင့် ကျွန်မက ဇာတ်ကြောင်းပြောသူ တာဂန်ယူကာ ဓာတ်ပြားသွင်းခဲ့ရာ အောင်မြင်မှု ရရှိခဲ့ ပါသည်။

ကျွန်မ၏ စာအုပ်ကို ကျောင်းဖတ်စာအုပ်အဖြစ် တရားဝင်သတ်မှတ်ထားပါသည်။ ပညာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် "လယ်သမား ကျောင်းဆရာ"ကို တတိယတန်း၌ လာမည့်နှစ်မှ အစပြု၍ သင်ကြား ရန် ပြဋ္ဌာန်းထားပါသည်။ "ကျောင်းစုတ် ကျောင်းအို"ကိုမူ စတုတ္ထတန်း၌ ပြဋ္ဌာန်းထားပါသည်။ ကျောင်းဆရာ များသည် ဤစာအုပ်ကို သူတို့နည်း သူတို့ဟန်ဖြင့် အသုံးပြုလျက်ရှိနေကြပါသည်။ ဥပမာ အားဖြင့် ပန်းချီသင် တန်းများ၌ ဆရာများသည် စာအုပ်ပါအခန်းတစ်ခန်းကို ကျောင်းသားများအား ဖတ်ခိုင်းပြီးနောက် ကျောင်းသားများအား သူတို့ အနှစ်သက်ဆုံး ပုံများကို ရေးဆွဲချင်သလို ရေးဆွဲစေ သည်ဟု ကြားသိရပါသည်။

ကျွန်မသည် ဂျပန်နိုင်ငံ၏ ပထမဦးဆုံးဖြစ်သော နားမကြားသူများ၏ အပျော်တမ်း ပြဇာတ်အဖွဲ့ ကို တည်ထောင်လိုသည်မှာ ကြာလှပါပြီ။ ထိုလုပ်ငန်းကို ဤစာအုပ်မှရသော စာမူခငွေများနှင့် စာအုပ်အတွက် ချီးမြှင့်သော စာပေဆုမှ ဆုငွေများကို ပေါင်းစပ်ပြီးနောက် အကောင်အထည်ဖော်လိုက်ပါသည်။ နားမကြား သူ များ အပျော်တမ်းပြဇာတ် အသင်းကြီးတွင် အားတက်သရော ပါဝင်ဆောင်ရွက်မှုကို ဂုဏ်ပြုသည့် အနေဖြင့် ဂျပန်ဘုရင်မင်းမြတ်က တည်ခင်းသော ဥယျာဉ်ပါတီပွဲသို့ ကျွန်မ တက်ရောက် ခဲ့ရပါသည်။ ဂျပန်ဘုရင်မင်း မြတ်နှင့် ကျွန်မသည် စကားပြောခွင့်ရပါသည်။ ထိုဥယျာဉ်ပါတီပွဲသို့ ဂျပန်အမျိုးသား ဓာတုဗေဒ နိုဘယ်ဆုရှင် ကင်နီချီဖူကူအီ လည်း တက်ရောက်ခဲ့ပါသည်။ ထို့အပြင် လွန်ခဲ့သောနှစ်ကလည်း ကျွန်မသည် ဝန်ကြီးချုပ်၏ သဘောတူညီချက်ဖြင့် နိုင်ငံတကာမသန်စွမ်းသူများ အခမ်းအနား၌ ပါဝင် စကားပြောခွင့် ရခဲ့ပါ သည်။

ကျွန်မသည် ကျွန်မအလွန်ရေးလိုသော စာအုပ်ကို ရေးပြီးပါပြီ။ စာအုပ်က ကျွန်မကို စိတ်ပျော်ရွှင်ချမ်းသာမှု များကို ပေးခဲ့ပါကြောင်း။

တိုကျို။ ၁၉၈၂။ တက်ဆူးကိုးကူရိုယာနာဂီ

သူတို့တစ်တွေ အခုဘာလုပ်နေကြသနည်း။ ကျွန်မနှင့် အတူတူမီးရထားတွဲစာသင်ခန်းတွင် အတူတူ "ခရီးသွား" ခဲ့ကြသူများ ဘာလုပ်နေကြသနည်း။

အာကီရာတာဟာရှီ

တိုမိုကျောင်းအားကစားပြိုင်ပွဲနေ့တွင် ဆုတံဆိပ်အများဆုံးရရှိသော တာကာဟာရှီသည် နောက်ထပ်အရပ် မြင့်လာခြင်းမရှိသော်လည်း မီဂျီတက္ကသိုလ်သို့ တက်ရောက်ခွင့်ရသော

⇧ http://www.shwezinu.com ⇩

အီလက်ထရွန်နစ်အင်ဂျင်နီယာဘွဲ့ ကို ရရှိခဲ့လေသည်။ သူသည် ယခုအခါဂယ်ဂျပန်ပြည်အလယ်ပိုင်း ယာမာနာရေကန်အနီးရှိ အီလက်ထရွန်နစ်ကုမ္ပဏီကြီးတစ်ခု တွင် မန်နေဂျာဖြစ်နေပါသည်။

ကျွန်မသည် သူနှင့်သူ့ဇနီးကို တွေ့ဆုံရန် ဟန်မာမတ်ဆုသို့သွားပါသည်။ သူ၏ဇနီးသည် သူ့အကြောင်းကို ကောင်းစွာသိထားသူဖြစ်ပါသည်။ တိုမိုကျောင်းအကြောင်းကို ခင်ပွန်းဖြစ်သူက သူမကို ပြောပြထားသည့်အတွက် သူမသည် တိုမိုကျောင်းသူ တစ်ဦးကဲ့သို့ပင် တိုမိုကျောင်းအကြောင်းကို သိထားပါကြောင်းဖြင့် ကျွန်မ ကို ပြောပြပါသည်။ သူမ၏ခင်ပွန်းသည် အခြားသူများနှင့် ယှဉ်လိုက်လျှင် ခန္ဓာကိုယ်မှာ ပုပုကလေး ဖြစ် နေသော်လည်း အထူးခိုင်မာကြောင်းဖြင့် ကျွန်မကို ပြောပြပါသည်။

တာကာဟာရှီက သူသည် တိုမိုကျောင်းသို့ ပထမဆုံးစတင်ရောက်ရှိသည့်နေ့က ကျောင်းတွင် ကိုယ်အင်္ဂါမ သန်မစွမ်းသူအချို့ကို မြင်တွေ့ရသဖြင့် စိတ်သက်သာရာရခဲ့ကြောင်း၊ တိုမိုကျောင်း၌ ပညာ သင်ကြား ရသည် မှာ စိတ်ပျော်ရွှင်သောကြောင့် အိမ်ပြန်ရမှာကိုပင် စိတ်မပါကြောင်း ပြောပြပါသည်။ ဆရာကြီး ကိုဘာယာရှီသည် မိမိကို စိတ်အားမငယ်ဖို့ အမြဲအားပေးစကားပြောကြောင်း၊ မိမိကိုယ်မိမိ ယုံကြည်မှု အပြည့်အဝထားဖို့ အမြဲတိုက်တွန်းကြောင်း၊ လူအများ၏ နောက်ဘက်တွင် နေလေ့ရှိသော မိမိအား ဆရာကြီးက လူရှေ့သို့ခေါ်ထုတ်ကာ အစစအရာရာကို သတ္တိရှိရှိ၊ ရဲရဲဝံ့ဝံ့ဖြင့် ရင်ဆိုင်ရန် အလေ့အကျင့်များ ပြုလုပ်ပေးကြောင်း တာကာဟာရှီက ပြောပြပါသည်။

တာကာဟာရှီအား ယခုကဲ့သို့ လူတော်တစ်ယောက်ဖြစ်အောင် ပံ့ပိုးပေးသော အချက်များတွင် သူ၏ကောင်း မွန်သော မိသားစု၊ ကောင်းမွန်သော ပတ်ဝန်းကျင်နှင့် ဆွေမျိုးအသိုင်းအဝိုင်းများ ပါဝင်လေသည်။ မည်သို့ပင်ရှိစေ ဆရာကြီးက ကျွန်မကို "မင်းဟာ တကယ့်ကို လိမ္မာတဲ့ မိန်းကလေးငယ်တစ်ယောက်ဖြစ် တယ်၊ မင်းသိရဲ့လား"ဟု အားပေးစကားပြောသလို သူ့ကိုလည်း "မင်း ဒါကို လုပ်နိုင်တယ်"ဟူ၍ အားပေး လေ့ရှိရာ ထိုအားပေးချက်သည် သူ၏ဘဝကို ကောင်းအောင်ပြုပြင်ပေးရာ၌ အလွန်ထိရောက်မှုရှိခဲ့ သည်ဟု ကျွန်မ ယုံကြည်ပါသည်။

ဟာမာမတ်ဆုမှ ကျွန်မပြန်ခါနီးတွင် တာကာဟာရှီသည် ကျွန်မမေ့နေသည့် အကြောင်းအရာတစ်ခုကို ပြောပြ ပါသည်။ သူက "သူသည် တိုမိုကျောင်းသို့ လာသည့်အခါ လမ်းခရီး၌ အခြားကျောင်းမှ ကျောင်းသား များ၏ အနိုင်ကျင့်မှုကို အမြဲလိုလိုခံရလေ့ရှိကြောင်း၊ ကျောင်းသို့ရောက်သောအခါ သူသည် မျက်နှာ မကောင်းဘဲ စိတ်အားငယ်နေလေ့ရှိရာ ကျွန်မက သူ့ကိုကြည့်ပြီး ဘာဖြစ်လာသလဲဟု မေးလေ့ ရှိကြောင်း၊ အကျိုးအကြောင်းကို သိရသောအခါ ကျွန်မက ကျောင်းဝင်းအပြင်ဘက်သို့ အမြန်ဆုံး ပြေးထွက်သွားလေ့ရှိ ကြောင်း၊ ခဏအကြာတွင် ကျွန်မပြန်ရောက်လာပြီး

⇧ http://www.shwezinu.com ⇩

'သူတို့မရှိကြတော့ဘူး၊ နောင်ကို ဒီလိုဖြစ်မှာ မဟုတ်တော့ဘူး'ဟု ပြန်ပြောကြောင်း၊ ထိုအခါ သူသည် အလွန်ပင်ဂမ်းသာမိကြောင်း"ဖြင့် ပြန်ပြောပါသည်။

"နင်က အဲဒီလို ပြုလုပ်ပေးတဲ့အတွက် ငါလေသိပ်ကို ပျော်သွားတာပဲ"ဟု ခွဲခွာခါနီးတွင် တာကာဟာရှီက ပြောပါသည်။ ထိုအကြောင်းကို ကျွန်မမမေ့နေပါသည်။ ကျွန်မသည် သူ့ကိုအလွန်ကျေးဇူးတင်မိပါသည်။ ယခုလိုသတိပြန်ရ စေသောကြောင့် တာကာဟာရှီကို ကျွန်မအလွန်ပင် ကျေးဇူးတင်ပါသည်။

## မိရိုး-ချန် (မိရိုးကာနီကိုး)

ဆရာကြီးမစ္စတာ ကိုဘာယာရှီ၏ တတိယသမီးဖြစ်သူ မိရိုး-ချန်သည် ကူနီတာချီ ဂီတကောလိပ်၏ ပညာရေး ဌာနမှ ဘွဲ့လက်မှတ်ရခဲ့ပါသည်။ သူမသည် ထိုကောလိပ်ကျောင်း၌ပင် တေးဂီတဆရာမအဖြစ် အမှုထမ်း လျက်ရှိပါသည်။ သူမသည် ငယ်စဉ်ကတည်းက လမ်းလျှောက်ရာ၌လည်းကောင်း၊ ကိုယ်လက် လှုပ်ရှားရာ၌ လည်းကောင်း တေးဂီတသံစဉ်အတိုင်း အချက်ကျကျ လှုပ်ရှားလေ့ရှိကြောင်းကို ဖခင်ဖြစ်သူ မစ္စတာ ကိုဘာယာရှီသည် ကောင်းစွာသတိပြုမိခဲ့လေသည်။

## ဆက်ကိုး မတ်ဆူယာမ (မစ္စက်ဆိုက်တို)

တိုမိုကျောင်းသို့ ကျွန်မ ပထမဦးဆုံး ကျောင်းစတက်သည့်နေ့က ကျွန်မဆုံတွေ့ခဲ့သည့် ယုန်အရုပ်ပါသော ဂါဝန် လှလှကလေးကို ဝတ်ဆင်ခဲ့သော မျက်လုံးပြူးပြူးနှင့် မိန်းကလေး ဆက်တိုး-ချန်သည် တိုကျို အမျိုးသမီး တက္ကသိုလ်တွင် အင်္ဂလိပ်စာပြ ဆရာမအဖြစ် အမှုထမ်းလျက်ရှိနေပါသည်။ သူမသည် ဂျပန် တောင်တန်း ဒေသတစ်ခုတွင် တောင်တက်ရင်း တွေ့ခဲ့သူတစ်ဦးနှင့် အိမ်ထောင်ကျနေပါသည်။ သူတို့၏ သားဦး အမည်ကို သူတို့စတင်တွေ့ဆုံရာ တောင်တန်း၏အမည်ဖြစ်သည့် "ယာဆူတာကာ"ဟု ခေါ်တွင် စေပါသည်။

## တာအိဂျီ ယာမာနိအုချိ

ကျွန်မကို မယူဘူးဟု ပြောခဲ့သော တာအိဂျီ-ချန်သည် ဂျပန်နိုင်ငံ၏ ထင်ရှားသော ရူပဗေဒပညာရှင်တစ် ယောက်အဖြစ်သို့ ရောက်ရှိနေပါပြီ။ သို့သော်သူသည် ယခုအခါတွင် ဂျပန်ပြည်တွင် မရှိဘဲ အမေရိကန်ပြည် သို့ရောက်နေပါသည်။ သူသည် အမေရိကန်ပြည်၌ပင် အိမ်ထောင်ကျနေပါသည်။
ကူနီယို အိုအိ

⇧ http://www.shwezinu.com ⇩

ကျွန်မ၏ ကျစ်ဆံမြီးကို ဆွဲခဲ့သူ အိုအိသည် သစ်ခွပန်းစိုက်ပျိုးရေးလုပ်ငန်းဖြင့် အောင်မြင်မှုရရှိနေပါသည်။ သူ သည် တိုမိုကျောင်းမှ ထွက်ခဲ့ပြီးနောက် အခြားမည်သည့် ကျောင်းတွင်မျှ ပညာမသင်ကြားတော့ပေ။ သူသည် သစ်ခွပန်းစိုက်ပျိုးရေးအလုပ်တွင် ကျွမ်းကျင်သောကြောင့် ဂျပန်ပြည်အနှံ့သို့ ခရီးထွက် နေရ ပါသည်။ ကျွန်မ သည် အလွန်အလုပ်များနေသော အိုအိနှင့် တယ်လီဖုန်းဖြင့်သာ စကားပြောခဲ့ရပါသည်။ သူစကား ပြောသော လေသံသည် တိုမိုကျောင်းတုန်းက လေသံအတိုင်းပင်ဖြစ်ပါသည်။ မည်သို့မျှ ပြောင်းလဲ ခြင်းမရှိပါ။

<u>ယိုအိချိ-မီဂီးတာ</u>

မီးသင်္ဂြိုလ်ထားသော ပြာများကို ယူခဲ့မည်ဟု ရွတ်နောက်နောက်ပြောသော မီဂီးတာသည် သီးနှံစိုက်ပျိုးရေး ဘွဲ့တစ်ခုကို ရရှိခဲ့ပါသည်။ သို့သော်သူသည် ပုံဆွဲခြင်းအလုပ်ကိုသာ စိတ်အားထက်သန်သဖြင့် စိုက်ပျိုးရေး အလုပ်ကို မလုပ်တော့ဘဲ ပန်းချီကျောင်းသို့ တက်ရောက်ကာ ဘွဲ့လက်မှတ်ကို ရယူပြီးနောက်၊ ကိုယ်တိုင် ဂရပ်ဖစ်ဒီဇိုင်း ကုမ္ပဏီတစ်ခုကို တည်ထောင်ထားလေသည်။

<u>ရာရိုး-ချန်</u>

တိုင်းပြည်အတွက် စစ်မြေပြင်သို့ သွားရောက်ကာ တာဝန်ထမ်းဆောင်ခဲ့ရသော ကျောင်းစောင့်ကြီး ရာရိုး-ချန်သည် ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသောအခါ ပြန်ရောက်လာပါသည်။ သူသည် နိုဝင်ဘာလ(၃)ရက်နေ့ တွင် ကျင်းပမြဲဖြစ်သည့် တိုမိုကျောင်းသားဟောင်းများ မိတ်ဆုံပွဲသို့ မပျက်မကွက် တက်ရောက်လေ့ရှိပါ သည်။

**ပြီးပါပြီ။**

<u>မြန်မာပြန်သူ - မြသိန်း</u>

⇧ http://www.shwezinu.com ⇩

နောက်ဆုံးအပိုင်းတွင် ပုံလေးများ ထည့်ရန် အကြံပေးခဲ့သော ညီမငယ် မိုမိဂို နှင့် တော့တိုး-ချန် ကလေး အား ချစ်ခင်စွာ အားပေး ဖတ်ရှု ခဲ့သော စာချစ်သူများ အား အထူး ကျေးဇူးတင် လျှက်......

ကမ္ဘာကြီး ကောင်းကျိုးအတွက် အလေးထား လုပ်ဆောင်ခဲ့သော လူသားများအား ထာဝရ လေးစား လျှက်...

ရွှေစင်ဦး

တော့တိုး-ချန် ပြီးရင် ဘာတင်မလည်း ဆိုတဲ့ စာချစ်သူများ အတွက် မြန်မာပြည်၏ဟယ်လင် ဦးမြင့်ဆွေ (ဖြူး) ဘာသာပြန်.. မူရင်း HELLEN OF BURMA BY HELEN RODRIGUEZ အား တင်ပေး ပါမယ်..ဒါလည်း ဖြစ်ရပ်မှန်ပါဘဲ..အားလုံးဘဲ စိတ်ဝင်စားမယ်ထင်ပါတယ်..

⇧ http://www.shwezinu.com ⇩

⇩ http://www.shwezinu.com ⇧

This eBook is not for sale and use of
anyone anywhere at no cost.
Commercial use of this book will be
at your OWN RISK

Tetsuko Kuroyanagi

# TOTTO-CHAN

*la petite fille à la fenêtre*



POCKET